# မြန်မာ့ငြိမ်းချမ်းရေး
# တည်ဆောက်မှုဖြစ်စဉ်တွင်
# အရပ်ဘက်လူ့အဖွဲ့အစည်းများ၏
## အခန်းကဏ္ဍ




EMReF Enlightened Myanmar Research Foundation

Inclusive Peace & Transition Initiative

JOINT PEACE FUND

# မြန်မာ့ငြိမ်းချမ်းရေး တည်ဆောက်မှုဖြစ်စဉ်တွင်

## အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ

ရန်ကုန်၊ ၂၁၊ ဇန်နဝါရီ၊ ၂၀၁၉

# မာတိကာ


**ဝေါဟာရများ၏ ဖွင့်ဆိုချက်** ..... ၄

**အတိုကောက်စာလုံးများ** ..... ၆

**အစီရင်ခံစာအနှစ်ချုပ်** ..... ၈

**နိဒါန်း** ..... ၁၇

**အခန်း ၁ - မြန်မာနိုင်ငံရှိ ပဋိပက္ခများ၏ နောက်ခံအခြေအနေ (၂၀၁၁-၂၀၁၈)** ..... ၁၉

မြန်မာနိုင်ငံတွင်ရှိသော ပဋိပက္ခကိုဖြစ်ပွားစေသည့် အကြောင်းအရာများ ..... ၂၄

**အခန်း ၂ - မြန်မာနိုင်ငံရှိ အရပ်ဘက်လူ့အဖွဲ့အစည်း** ..... ၃၁

မြန်မာနိုင်ငံရှိ အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ လုပ်ငန်းများကို
အထောက်အကူပြုစေသောအချက်များနှင့် ကန့်သတ်လျက်ရှိသောအချက်များ ..... ၃၅

**အခန်း ၃ - အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု** ..... ၄၃

လမ်းကြောင်း ၁ - ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးမှုများ ..... ၄၅

လမ်းကြောင်း ၂ - ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးမှုများကို တပြိုင်တည်း
လုပ်ဆောင်နေသော သို့မဟုတ် ထောက်ကူပေးနေသော အဖွဲ့အစည်းများ ..... ၄၉

လမ်းကြောင်း ၃ -ငြိမ်းချမ်းရေးတည်ဆောက်ခြင်း ..... ၅၇

**အခန်း ၄ - ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုသော အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များဆိုင်ရာ အကျိုးထိရောက်မှုနှင့် ဆက်နွယ်ပတ်သက်မှု** ..... ၇၉

**အခန်း ၅ - အကြံပြုတိုက်တွန်းချက်များ** ..... ၈၉

ပြည်ထောင်စုအစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း၊ နိုင်ငံရေးပါတီများ ..... ၉၀

အရပ်ဘက်လူ့အဖွဲ့အစည်းများ ..... ၉၁

လှူဒါန်းသူများ ..... ၉၂

**နိဂုံး** ..... ၉၃

**နောက်ဆက်တွဲ ၁ - သုတေသနနည်းလမ်း** ... ၉၄

သုတေသနမေးခွန်းများ ... ၉၄

အချက်အလက်များ ကောက်ယူခြင်း ... ၉၅

အချက်အလက်များကို လေ့လာဆန်းစစ်ချက် ... ၉၇

တွေ့ဆုံမေးမြန်းမှုဆိုင်ရာ ကျင့်ဝတ်များ ... ၉၇

**နောက်ဆက်တွဲ ၂ - အရပ်ဘက်လူ့အဖွဲ့အစည်းများ/တစ်ဦးချင်း တွေ့ဆုံမေးမြန်းရာတွင် အသုံးပြုခဲ့သည့် မေးခွန်းလွှာ** ... ၉၈

**နောက်ဆက်တွဲ ၃ - နိုင်ငံရေးပါတီများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များကို တစ်ဦးချင်းတွေ့ဆုံမေးမြန်းသည့် မေးခွန်းလွှာ** ... ၁၀၀

**နောက်ဆက်တွဲ ၄ - တွေ့ဆုံမေးမြန်းရာတွင် အသုံးပြုသည့် အဓိကမေးခွန်းများ** ... ၁၀၁

**နောက်ဆက်တွဲ ၅ - ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးပွဲတွင် CSOs များ ချဉ်းကပ်ဆောင်ရွက်မှုလုပ်ငန်းစဉ် ပေါ်ပေါက်လာပုံအဆင့်ဆင့်** ... ၁၀၂

**နောက်ဆက်တွဲ ၆- အရပ်ဘက်လူ့အဖွဲ့အစည်းများမှ ပြင်ဆင်ရေးဆွဲထားသော အရပ်ဘက်လူ့အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ် လုပ်ငန်းလမ်းညွှန်** ... ၁၀၃

**နောက်ဆက်တွဲ ၇ - UPDJC မှ ပြင်ဆင်ရေးဆွဲအတည်ပြုထားသည့် အရပ်ဘက်လူ့အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ် လုပ်ငန်းလမ်းညွှန်** ... ၁၀၉

**နောက်ဆက်တွဲ ၈ - ကယား (ကရင်နီ) အရပ်ဘက်အဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်** ... ၁၁၂

**နောက်ဆက်တွဲ ၉ - UCCPF ကော်မတီအဖွဲ့ဝင်များနှင့် ၎င်းတို့၏အဖွဲ့အစည်းများ** ... ၁၁၃

**နောက်ဆက်တွဲ ၁၀ - အရပ်ဘက်လူ့အဖွဲ့အစည်းများ CSOs ငြိမ်းချမ်းရေးဆွေးနွေးပွဲဆိုင်ရာ ပြည်ထောင်စုအဆင့်ကော်မတီနှင့် ဆပ်ကော်မတီများ (UCCPF)** ... ၁၁၄

**နောက်ဆက်တွဲ ၁၁ - ၂၀၁၈ ခုနှစ် ဧပြီလ ၆ ရက်နေ့ (သောကြာနေ့တွင်) တင်သွင်းခဲ့သော CSFoP ၏ အိတ်ဖွင့်ပေးစာ အနှစ်ချုပ်ဖော်ပြချက်** ... ၁၁၅

**နောက်ဆက်တွဲ ၁၂ - ရည်ညွှန်းကိုးကားစာတမ်းများ** ... ၁၁၇

# ဝေါဟာရများ၏ ဖွင့်ဆိုချက်

| | |
|---|---|
| **နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ** | နယ်ခြားစောင့်တပ်ဖွဲ့ဝင်များသည် မြန်မာ့တပ်မတော်၏ ပြည်သူ့စစ်အဖွဲ့များဖြစ်ပြီး စစ်ဌာနချုပ်များအောက်ရှိ ယခင်သောင်းကျန်းသူတပ်ဖွဲ့ဝင်များ ပါဝင်သည်။ ၂၀၀၉ ခုနှစ် ဧပြီလတွင် အစိုးရသည် နယ်ခြားစောင့်တပ်ဖွဲ့များကို ထူထောင်ရန် ကြေညာခဲ့သည်။ |
| **အရက်ဘက်အဖွဲ့အစည်း** | အရပ်ဘက်အဖွဲ့အစည်းဆိုသည်မှာ စိတ်ဝင်စားမှုများ၊ ရည်ရွယ်ချက်များနှင့် တန်ဖိုးများကို မျှဝေလျက် ပေါင်းစည်း လှုပ်ရှားမှုများ တည်ရှိနေသည့် အဝိုင်းအဝန်းတစ်ရပ်ကို ခေါ်ဆိုပါသည်။ |
| **တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ** | မြောက်မြားစွာသော မြန်မာ့တိုင်းရင်းသားအုပ်စုများထဲမှ တစ်ဖွဲ့ဖွဲ့အတွက် ကိုယ်ပိုင်စီရင်ခွင့်ရှိရေးဟူသော လုပ်ငန်းစဉ်အကြောင်းချင်းရာဖြင့် ဖွဲ့စည်းထားသော လက်နက်ကိုင် အဖွဲ့အစည်း အမျိုးမျိုး။ |
| **တိုင်းရင်းသား/လူမျိုးစု** | မြန်မာနိုင်ငံတွင် တိုင်းရင်းသားဆိုသည်မှာ ဗမာမဟုတ်သော လူဦးရေကို ဆိုလိုခြင်းဖြစ်ပြီး ဤအစီရင်ခံစာတွင် ၎င်းအတိုင်း မှတ်ယူရေးသားထားသည်။ လူနည်းစုတိုင်းရင်းသားဟူသော ဝေါဟာရကို တိုင်းရင်းသားခေါင်းဆောင် အများအပြားမှ ဆန့်ကျင်ကြပြီး ၎င်းတို့မှ တိုင်းရင်းသားလူမျိုးများဟုသာ ခေါ်ဆိုခံလိုကြသည်။ |
| **ဆောင်ရွက်ပုံများ (Functions)** | အရပ်ဖက်အဖွဲ့အစည်း၏ ငြိမ်းချမ်းရေးတည်ဆောက်မှု ဆောင်ရွက်ပုံများဆိုသည်မှာ အရပ်ဖက်အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များကို အမျိုးအစားခွဲပြားသည့် နည်းလမ်းတစ်ရပ်ကို ဆိုလိုခြင်းဖြစ်သည်။ ထိုလုပ်ဆောင်ပုံများကို Paffenholz နှင့် Spurk ၏ ၂၀၁၀ တွင် ပြုလုပ်ခဲ့သော အရပ်ဖက်အဖွဲ့အစည်းနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုလေ့လာချက်မှ[၁] ဖော်ထုတ်ထားသော တစ်ကမ္ဘာလုံးရှိ အရပ်ဖက်အဖွဲ့အစည်း၏ အခန်းကဏ္ဍ လေ့လာဆန်းစစ်ချက်အပေါ်တွင် အခြေခံထားသည်။ |
| **အစိုးရနှင့် တပ်မတော်နှင့် နိုင်ငံတော်** | တပ်မတော်ဆိုသည်မှာ မြန်မာနိုင်ငံရှိ တရားဝင် လက်နက်ကိုင်အဖွဲ့အစည်းများကို ခေါ်ဆိုခြင်းဖြစ်သည်။ ၁၉၆၂ ဦးနေဝင်းခေါင်းဆောင်သော စစ်အာဏာသိမ်းမှုနောက်ပိုင်းမှစပြီး မြန်မာနိုင်ငံကို စစ်ဘက်ခေါင်းဆောင်များမှ အဆက်ဆက်အုပ်စိုးလာခဲ့သည် (သို့) မြန်မာနိုင်ငံသည် အရပ်သားအစိုးရ မပီပြင်သော တစ်ပါတီစနစ်ဖြင့် တပ်မတော်၏ လွှမ်းမိုးမှုအောက်တွင် ရှိနေခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ရွေးကောက်ပွဲ တွင် အနိုင်ရလိုက်သော်လည်း ပါလီမန်၏ လွှတ်တော် ၂ ရပ်စလုံးတွင် ၂၅%သော နေရာများကို တပ်မတပ်မှ တိုက်ရိုက်ခန့်အပ်ထားပြီး အရေးကြီးသော ရုံးများကို တပ်မတော်အဖွဲ့ဝင်များမှသာ ဆက်လက်ထိန်းချုပ်ထားဆဲ ဖြစ်သည်။ အစိုးရသည် အရပ်သားထိန်းချုပ်မှုအောက်တွင် ရှိသော်လည်း တပ်မတော်သည် စစ်ဘက်ဆိုင်ရာ ကိစ္စရပ်များအတွက် လွတ်လွတ်လပ်လပ် ဆောင်ရွက်ခွင့်ရှိနေဆဲဖြစ်သည်။<br><br>၎င်းသည် မည်သည့် "အစိုးရ" မူဝါဒများဖြင့် တပ်မတော်အပေါ် ချမှတ်သင့်သည်ဆိုသည်ကို ဆုံးဖြတ်ရခက်ခဲစေသည်။ ဤအစီရင်ခံစာတွင် ကျင့်သုံးထားသော သဘောတူညီနိုင်းမှုများသည် "နိုင်ငံတော်" မူဝါဒများအဖြစ် ဒွိဟဖြစ်စေသော ကိစ္စရပ်များကို ရည်ညွှန်းထားသည်။ အဆိုပါ "နိုင်ငံတော်" ဟူသော ဝေါဟာရအသုံးအနှုန်းသည် "ပြည်နယ်နှင့် တိုင်း" အသုံးအနှုန်းများအတွင်းရှိ "ပြည်နယ်" ဟူသော ဝေါဟာရနှင့် ကွဲပြားသည်။<br><br>၎င်းသည် မည်သည့် "အစိုးရ" မူဝါဒများဖြင့် တပ်မတော်အပေါ် ချမှတ်သင့်သည်ဆိုသည်ကို ဆုံးဖြတ်ရခက်ခဲစေသည်။ ဤအစီရင်ခံစာတွင် ကျင့်သုံးထားသော သဘောတူညီနိုင်းမှုများသည် "နိုင်ငံတော်" မူဝါဒများအဖြစ် ဒွိဟဖြစ်စေ သော ကိစ္စရပ်များကို ရည်ညွှန်းထားသည်။ အဆိုပါ "နိုင်ငံတော်" ဟူသော ဝေါဟာရအသုံးအနှုန်းသည် "ပြည်နယ်နှင့် တိုင်း" အသုံးအနှုန်းများအတွင်းရှိ "ပြည်နယ်" ဟူသော ဝေါဟာရနှင့် ကွဲပြားသည်။ |
| **ငြိမ်းချမ်းရေးတည်ဆောက်မှု** | ပြင်မဟုတ်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုသည်မှာ ပင်မလုပ်ငန်းစဉ်၏ အပြင်ဘက်တွင် ပြုလုပ်နေသော ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအားလုံးကို ခေါ်ဆိုခြင်း ဖြစ်သည်။ အရပ်ဖက်အဖွဲ့အစည်း၊ အစိုးရနှင့် စစ်တပ်၊ တိုင်းရင်း သားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ ပြည်သူ အစရှိသူတို့အားလုံးသည် ပင်မမဟုတ်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်နိုင်သည်။ |

[၁] Tnia Paffenholz, Civil Society and Peacebuilding: A Critical Assessment (Boulder, CO: Lynne Rienner Publishers, 2010).

| | |
|---|---|
| **ငြိမ်းချမ်းရေး ဖော်ဆောင်ရေး** | တရားဝင်ငြိမ်းချမ်းရေး တည်ဆောက်မှုဆိုသည်မှာ တရားဝင်ညှိနှိုင်းမှုလုပ်ငန်းစဉ်ကို ဆိုလိုခြင်းဖြစ်သည်။ ၂၀၁၅ ခုနှစ်မတိုင်မီတွင် အစိုးရ/တပ်မတော်မှ ကိုယ်စားလှယ်များသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံပြီး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ညှိနှိုင်းခဲ့ သည်။ |
| **ပြည်သူ့စစ်** | ပြည်သူ့စစ်ဟူသော ဝေါဟာရသည် "ပြည်သူတို့၏ စစ်" ဟု အဓိပ္ပာယ်ရပြီး တပ်မတော်မှ ပံ့ပိုးထားသောဒေသတွင်း ပြည်သူ့စစ်တပ်ဖွဲ့များဟုလည်း ညွှန်းဆိုသည်။ ၎င်းတို့ကို ပြည်သူ့စစ်တပ်ဖွဲ့အမျိုးမျိုးနှင့် ဒေသတွင်းလက်နက်ကိုင် တပ်ဖွဲ့များအဖြစ်လည်း ညွှန်းဆိုကြသည်။[၂] |
| **နိုင်ငံတော်လုံခြုံရေးတပ်ဖွဲ့ဝင်များ** | အဓိကအားဖြင့် တပ်မတော်ကိုခေါ်ဆိုခြင်းဖြစ်သော်လည်း ရဲတပ်ဖွဲ့ဝင်များလည်း ပါဝင်သည်။ |
| **ပြည်နယ်နှင့် တိုင်းဒေသကြီးများ** | မြန်မာနိုင်ငံကို ပြည်နယ်နှင့် တိုင်းဒေသကြီး ၇ ခုဖြင့် ပိုင်းခြားထားသည်။ တိုင်းဒေသကြီးများတွင် ဗမာလူမျိုးများ အဓိကနေထိုင်ကြသည်။ ပြည်နယ်များတွင် ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးများ အများစု နေထိုင်ကြပြီး ၎င်းအများစုတိုင်းရင်းသားကို ပြည်နယ်အမည် ပေးထားတတ်သည်။ ဥပမာ - မွန်ပြည်နယ်တွင် မွန်တိုင်းရင်းသားများ အများစု နေထိုင်ကြသည်။ |
| **တပ်မတော်** | မြန်မာ့တပ်မတော်ကိုခေါ်ဆိုခြင်းဖြစ်သည်။ တပ်မတော်ကို ၁၉၆၂ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း မြန်မာနိုင်ငံအစိုးရ၏ ထိန်းချုပ်မှုအောက်တွင် အဆင့်ဆင့်ဖွဲ့စည်းထားသည်။ တပ်မတော်သည် ၎င်း၏ လုပ်ပိုင်ခွင့်များနှင့် လုပ်ငန်းစဉ်များအတွက် လွတ်လပ်စွာ အပြည့်အဝ စီရင်နိုင်သည်။ |

[၂] John Buchanan,"Militias in Myanmar," (The Asia Foundation, 2016), iii.

# အတိုကောက်စာလုံးများ

| | | | |
|---|---|---|---|
| AA | ရခိုင်ပြည်တပ်မတော် | ABSDF | မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး |
| ACLED | လက်နက်ကိုင် ပဋိပက္ခများဖြစ်ပွားရာနေရာနှင့် ဖြစ်စဉ်အချက်အလက် စီမံကိန်း | AGIPP | ငြိမ်းချမ်းရေးအတွက် ကျား/မတန်းတူရေး မဟာမိတ်အဖွဲ့ |
| ALP | ရခိုင်ပြည်လွတ်မြောက်ရေးပါတီ | ASEAN | အရှေ့တောင်အာရှနိုင်ငံများအစည်းအရုံး |
| CBO | ရပ်ရွာအခြေပြုအဖွဲ့အစည်းများ | CCM | အရပ်သား အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်လေ့လာခြင်း |
| CDNH | ကွဲပြားခြားနားမှုနှင့် အမျိုးသားရေး သဟဇာတ ဖြစ်မှုဆိုင်ရာ လေ့လာရေးအဖွဲ့ | CNF | ချင်းအမျိုးသားတပ်ဦး |
| CPD | ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ | CPM | အရပ်သားငြိမ်းချမ်းရေးစောင့်ကြည့်မှု |
| | | CSFoP | အရပ်ဘက်လူ့အဖွဲ့အစည်း ငြိမ်းချမ်းရေးဖိုရမ် |
| CSO | အရပ်ဘက်လူ့အဖွဲ့အစည်းများ | CSSU | သျှမ်းပြည်ညီညွတ်ရေးကော်မတီ |
| DAC | ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီ | DAI | Development Alternatives Inc. |
| DKBA | ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်/ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်တပ်မတော် | DPN | နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ |
| | | EAO | တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း |
| EITI | တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး | EWER | ကြိုတင်သတိပေး အကြောင်းကြားခြင်း/ ကြိုတင်တုံ့ပြန်ခြင်း |
| FPNCC | ပြည်ထောင်စုနိုင်ငံရေး ဆွေးနွေးရေးကော်မတီ | IDPs | စစ်ဘေးရှောင်ပြည်သူများ/ နေရပ်စွန့်ခွာရသူများ |
| JICM | တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး | JMC | ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေးကော်မတီ |
| JMC- L | ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေးကော်မတီ - ဒေသတွင်း | JMC-S | ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေးကော်မတီ- ပြည်နယ်ကော်မတီများ |
| KBC | ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် | KIA | ကချင်ပြည်လွတ်လပ်ရေး တပ်မတော် |
| KIO | ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ | KMSS | ကရုဏာလူမှုစည်းလုံးညီညွတ်ရေးအဖွဲ့ |
| KNLA | ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် | KNPP | ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ |
| KNU | ကရင်အမျိုးသားအစည်းအရုံး | KPC | ကရင်အမျိုးသားအစည်းအရုံးနှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် ငြိမ်းချမ်း ရေးကောင်စီ |
| KWEG | ကရင်အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ | LCM | ဒေသခံအရပ်သားစောင့်ကြည့်သူ |
| LDU | လားဟူဒီမိုကရက်တစ်အစည်းအရုံး | MIDO | ဖွံ့ဖြိုးမှုအတွက် မြန်မာ ICTအဖွဲ့ |

| | | | |
|---|---|---|---|
| MIPS | ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ မြန်မာအင်စတီကျူ | MIPSS | မြန်မာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးသိပ္ပံ |
| NCA | တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် | NDAA- ESS | အမျိုးသားဒီမိုကရေစီ သွေးစည်းညီညွတ်ရေး တပ်မတော် |
| NGO | အစိုးရမဟုတ်သော အဖွဲ့အစည်းများ | NLD | အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် |
| NMSP | မွန်ပြည်သစ်ပါတီ | NP | Nonviolent Peaceforce |
| NRPC | အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန | NSCN-K | နာဂအမျိုးသား ဆိုရှယ်လစ်ကောင်စီ (ကပ်ပလန်) |
| OECD | စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့ | PCG | ငြိမ်းချမ်းရေးဆွေးနွေးရေး အကျိုးဆောင် အဖွဲ့ |
| PMI | ငြိမ်းချမ်းမြန်မာ | PNLO | ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ |
| PO | ငြိမ်းချမ်းရေး လေ့လာစောင့်ကြည့်သူ | PPST | ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ |
| PSF | ပေါင်းစည်းအလုပ်အဖွဲ့ | RCSS | သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ |
| REP | ရင်ကြားစေ့ရေးကို ဦးတည်သော ဖလှယ်ရေးအစီအစဉ် | SLORC | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ |
| SNDP | ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ | SNLD | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် |
| SPDC | နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ | SPPRPG | လူမှုရေးဆိုင်ရာ သုတေသနလုပ်ဆောင်မှု အဖွဲ့ |
| SSA | သျှမ်းပြည်တပ်မတော် | SSJAC | ရှမ်းပြည်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ |
| SSPP | သျှမ်းပြည်တိုးတက်ရေးပါတီ | TOR | လုပ်ငန်းလမ်းညွှန် |
| UCCPF | ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ် ကော်မတီ | UNDP | ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် |
| UPC | ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ | UPDJC | ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ |
| USAID | အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးရေး အေဂျင်စီ | USDA | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း |
| USDP | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | UWSA | ဝပြည် သွေးစည်းညီညွတ်ရေးတပ်မတော် |
| WON | အမျိုးသမီးအဖွဲ့များ ကွန်ယက် (မြန်မာ) | | |

# အစီရင်ခံစာအနှစ်ချုပ်

ဤအစီရင်ခံစာသည် လက်ရှိလုပ်ဆောင်နေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ဆောင်ရွက်များအပေါ် တစ်နှစ်တာကာလ သုတေသနပြုလေ့လာထားသည့်စီမံကိန်း၏ အဆုံးသတ်အစီရင်ခံစာဖြစ်သည်။ အရပ်ဘက် လူ့အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေး တည်ဆောက်ဆောင်ရွက်ချက်များဟုဆိုလျှင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံညီလာခံ ဟုလည်းခေါ်ကြသော) (UPC/21st CPC)၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UP-DJC) နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) စသည့်ဆွေးနွေးလမ်းကြောင်း၌ ပါဝင်ခြင်းနှင့် ဆွေးနွေးပွဲယန္တရားပြင်ပ ငြိမ်းချမ်းရေးတည်ဆောက်ခြင်း နှစ်မျိုးလုံးကို လေ့လာထားခြင်းဖြစ်သည်။

အောက်ပါတို့ကို ဖော်ထုတ်နိုင်ရန် ရည်ရွယ်၍ ယခုသုတေသနစီမံကိန်းကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

- မြန်မာနိုင်ငံရှိ ပဋိပက္ခများကိုဖြစ်စေသော တွန်းအား/အကြောင်းတရားများ။
- ငြိမ်းချမ်းရေးတည်ဆောက်မှုတွင် ပါဝင်သည့် အရပ်ဘက်လူ့အဖွဲ့အစည်း အင်အားစုများ။
- အဆိုပါ CSOs များဆောင်ရွက်ကြသော ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းများနှင့် ၎င်းလုပ်ငန်းများကို အမျိုးအစား သတ်မှတ် နိုင်ရန်။
- တရားဝင်နှင့်အလွတ်သဘော ငြိမ်းချမ်းရေးတည်ဆောက်မှုများအပေါ် အဆိုပါလုပ်ငန်းများ၏ အထောက်အကူပြု။
- အရပ်ဘက်အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးတည်ဆောက်မှုများအပေါ်အထောက်အကူပြုသည့် အချက်နှင့် အဟန့်အတား ဖြစ်စေသည့် အချက်များ။

အဆိုပါစီမံကိန်းကို ငြိမ်းချမ်းရေးပူးပေါင်းရန်ပုံငွေအဖွဲ့ - မြန်မာ (JPF) မှ ရန်ပုံငွေထောက်ပံ့ကာ ပညာအလင်းပွင့်မြန်မာသုတေသန ဖောင်ဒေးရှင်း(EMReF) နှင့် Inclusive Peace and Transition Initiative (IPTI)[၃] အဖွဲ့တို့က ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ သုတေသနအဖွဲ့သည် အရပ်ဘက်လူ့အဖွဲ့အစည်းများ(အရပ်ဘက်လူ့အဖွဲ့အစည်းများ ကွန်ယက်များနှင့် ဒေသတွင်းသာမက နိုင်ငံတကာ အရပ်ဘက်အဖွဲ့အစည်းများ အပါအဝင်)၊ အလှူရှင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသား လက်နက်ကိုင်ကိုယ်စားလှယ်များ၊ UPDJC မှအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ အဖွဲ့ဝင်များနှင့် အစိုးရကိုယ်စားလှယ်များစသည် အဖွဲ့အစည်းပေါင်း(၁၂၃)ခုမှ လူပေါင်း(၁၆၀)နှင့် တွေ့ဆုံမေးမြန်းများကို လုပ်ဆောင်ခဲ့ပါသည်။[၄] သုတေသနပြုရာတွင် တွေ့ဆုံဆွေးနွေး အင်တာဗျူးမည့် CSO များကို ရွေးချယ်သည့်အခါ CSOs များ ကိုယ်တိုင် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းများကို ဆောင်ရွက်နေသောCSOsများကိုအဆိုပြုဖော်ထုတ်သည့်နည်းနာကိုအသုံးပြုခဲ့သောကြောင့်မြန်မာနိုင်ငံရှိငြိမ်းချမ်းရေးလုပ်ငန်း များအပေါ် တစ်ဦးတစ်ယောက်ချင်းစီ၏ နားလည် သိရှိအပေါ် မူတည်၍ သုတေသနပြုရန် နမူနာကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ယခုသုတေသနသည် Paffenholz နှင့် အဖွဲ့မှ ရေးဆွဲဖော်ထုတ်ထားသော အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုဘောင် (CS&PB) ၏ လမ်းညွှန်ချက်များကို အသုံးပြုထားပါသည်။ [၅]

---

[၃] ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းသည် အထောက်အထားအခြေပြုမူဝါဒပေါ်ထွန်းလာရေးနှင့် လွတ်လပ်သောသုတေသနယဉ်ကျေးမှု ပြန်လည်ရှင်သန်လာရေးအတွက် ဦးတည်ဆောင်ရွက်နေသည့် အကျိုးအမြတ်မယူသော လွတ်လပ်သည့် သုတေသနအဖွဲ့အစည်းဖြစ်သည်။

[၄] အဆင့် ၁ တွင် လူပုဂ္ဂိုလ်ပေါင်း ၉၄ ဦးကို တစ်ဦးချင်း တွေ့ဆုံမေးမြန်းခဲ့ပြီး အဆင့် ၂ တွင် ၉၄ ဦးကို တွေ့ဆုံမေးမြန်းခဲ့သည်။ အဆင့် ၁ တွင် အဖွဲ့အစည်းပေါင်း ၃၃ ခုကို မေးမြန်းခဲ့ပြီး အဆင့် ၂ တွင် ၈၇ ဖွဲ့ကို တွေ့ဆုံခဲ့သည်။

[၅] This methodology has been used to inform major civil society project evaluations in at least 17 countries, including an evaluation of the German Federal Ministry for Economic Cooperation and Development's Civil Peace Service programs beginning in 2007. The methodology developed for this evaluation was also fed into the Development Assistance Committee (DAC) of the OECD's guidance for evaluations in conflict and fragile contexts.

Thania Paffenholz, "Civil Society Functions in Peacebuilding and Options for Coordination with Track 1 Conflict Management during Negotiations: Theoretical Considerations and a Short Analysis of Civil Society Involvement during Negotiations in Guatemala and Afghanistan," 2006. Thania Paffenholz, Civil Society and Peacebuilding: A Critical Assessment (Boulder, CO: Lynne Reinner Publishers, 2010).

မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ဆိုသော အသုံးအနှုန်းကို တစ်ဆက်တည်းကျင်းပလာခဲ့သော အဆင့်မြင့် ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးပွဲများ၊ ၎င်းနှင့်ဆက်စပ်သည့် ဆွေးနွေးတိုင်ပင်မှုများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ အထောက်အကူပြုအဖွဲ့အစည်းများကို ရည်ရွယ်၍ ယေဘုယျအားဖြင့် သုံးနှုန်းကြသည်။ ဦးသိန်းစိန်အစိုးရလက်ထက် ၂၀၁၁ ခုနှစ်တွင် ထိုလုပ်ငန်းစဉ် စတင်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို ချုပ်ဆိုနိုင်ခဲ့သည်။ လက်ရှိ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ၏ ဖွဲ့စည်းပုံနှင့် ကျင်းပပုံအဆင့်ဆင့်တို့ကို NCA နှင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ မူဘောင် (၂၀၁၅ ခုနှစ်တွင် ရေးဆွဲလက်မှတ်ထိုးခဲ့သော) တွင်ဖော်ပြထားပါသည်။ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို ထာဝရအပစ်အခတ် ရပ်ဆဲရေး၊ နိုင်ငံတော်မဟုတ်သောလက်နက်ကိုင်တပ်ဖွဲ့များ၏လက်နက်ဖြုတ်သိမ်းရေး၊အစိုးရနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲရေး စသည်တို့ကို ဖော်ဆောင်နိုင်ရန် မျှော်မှန်းပါသည်။ ၂၀၁၅ ခုနှစ်မှစတင်၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစု ပင်လုံညီလာခံ)သည် ဖော်ပြပါဆွေးနွေးပွဲများ ကျင်းပပြုလုပ်ရာ ပင်မဖိုရမ် ဖြစ်လာပါသည်။ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) သည် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကျင်းပနိုင်ရေးအတွက် အတွင်းရေးမှူးအဖွဲ့အဖြစ် လုပ်ဆောင်ပြီး ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံသို့ တင်သွင်းမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အကြိုဆွေးနွေးညှိနှိုင်းခြင်းနှင့် အများသဘောတူညီချက်များ တည်ဆောက်ခြင်းစသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အရေးပါသောလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ ဆိုလိုသည်မှာ အခြေခံအားဖြင့် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)က များစွာသော ကိစ္စရပ်များကိုဆုံးဖြတ်ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် အတည်ပြုမှုကိုသာ လုပ်ဆောင်လေသည်။ ပူးတွဲအကောင်အထည်ဖော်ဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM)သည် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွက် သဘောတူညီမှုရရှိရန် လုပ်ဆောင်သောကော်မတီဖြစ်ပါသည်။ ထိုကော်မတီသည် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီက မဖြေရှင်းနိုင်သောကိစ္စရပ်များကို တာဝန်ယူ ကိုင်တွယ်ပါသည်။ ထိုအဖွဲ့အစည်းသုံးခုသည် ပူးတွဲလုပ်ဆောင်ခြင်းဖြင့် **လမ်းကြောင်း ၁ - တရားဝင် သို့မဟုတ် ပင်မငြိမ်းချမ်းရေးလမ်းကြောင်းလုပ်ငန်းစဉ်**တစ်ခုဖြစ်လာပါသည်။ ယခုသုတေသနမူဘောင်သည် ပင်မငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ငြိမ်းချမ်းရေး တည်ဆောက်ခြင်းဆိုင်ရာ အဓိကလုပ်ငန်းရပ်တစ်ခုအဖြစ် သတ်မှတ်ထားသော် လည်း သဘောတရား ရှင်းလင်းမှုဘက်မှကြည့်ပါက များစွာလိုအပ်နေပါသေးသည်။ ဆွေးနွေးပွဲပြင်ပ ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ဆောင်ချက်များသည်လည်း ထပ်တူအရေးပါလေသည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲ လုပ်ငန်းစဉ်များတွင် အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို အောက်ပါအတိုင်း ကန့်သတ်ထားပါသည်။

- ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံများကို စောင့်ကြည့်လေ့လာခြင်း။
- တစ်ခါတရံတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်အဖြစ် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကို ပူးပေါင်းတက်ရောက်ခွင့်ရခြင်း။[၆]
- အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲဟုခေါ်ကြသော UPDJC မှကျင်းပသည့် တိုင်ပင်ဆွေးနွေးပွဲများစွာတွင် တက်ရောက်ခွင့် ရရှိခြင်း။ ဒေသအလိုက်၊ လူမျိုးအလိုက်၊ အကြောင်းအရာအလိုက် ဆွေးနွေးပွဲများဟူ၍ အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ ၃ မျိုးရှိရာ အရပ်ဘက်လူ့အဖွဲ့အစည်းများသည် အဆိုပါဆွေးနွေးပွဲ ၃ မျိုးလုံးတွင် ပါဝင်ဆောင်ရွက်နိုင်ပြီး အကြောင်းအရာအလိုက် ဆွေးနွေးပွဲများကို အရပ်ဘက် လူ့အဖွဲ့အစည်းများအတွက်သာ ကျင်းပခြင်းဖြစ်ပြီး အရပ်ဖက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်ဟု ခေါ်ဝေါ်ကြသည်။ အဆိုပါဖိုရမ်သည် **လမ်းကြောင်း ၂- ပင်မ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို အထောက်အကူပြုသော တရားဝင် အဖွဲ့အစည်း ယန္တရားများ** ဖြစ်သည်။

အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကိုပြည်ထောင်စုအဆင့်သာမက မြန်မာပြည်၏ ပြည်နယ်များနှင့် တိုင်းဒေသကြီးများတွင် ကျင်းပရန် စီစဉ်ထားပါသည်။ သို့သော်လည်း အကောင်အထည်ဖော်မှုများမှာ နည်းပါးပြီး ကျင်းပရာတွင်  နိုင်ငံရေးအရ နှောင့်ယှက်များလည်း ကြုံတွေ့ရပါသည်။ ပြည်ထောင်စုအဆင့်ဖိုရမ်ကို အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ကျင်းပရေးဆိုင်ရာ ပြည်ထောင်စုအဆင့်ကော်မတီအဖြစ် သတ်မှတ်ခေါ်ဆိုထားပါသည်။ အရပ်ဘက်လူ့အဖွဲ့အစည်းများ ကျင်းပသော ငြိမ်းချမ်းရေးဆွေးနွေးပွဲများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ပင်မအစီအစဉ်များတွင် လွှမ်းမိုးပါဝင်နိုင်မှု အနည်းငယ်သာရှိပါသည်။ အဘယ်ကြောင့်ဆိုသော် အရပ်ဘက် အဖွဲ့အစည်းများ၏ သဘောထားအမြင်များ/ဆွေးနွေးချက်များကို "ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေး နှင့် လူမှုဘဝတိုးတက်ရေး"၊ "ဖက်ဒရယ်စီးပွားရေး"၊ "သဘာဝပတ်ဝန်းကျင်နှင့်

[၆] None of the respondents reported participating as advisors to political parties, although this is not sufficient information to definitively rule out this practice.

ဘေးအန္တရာယ်ကာကွယ်ရေး"စသော ကဏ္ဍခွဲသုံးခုအတွင်းသာ ထည့်သွင်းစဉ်းစားကြသောကြောင့်ဖြစ်သည်။ ထို့အပြင် အရပ်ဖက် အဖွဲ့အစည်းများမှပေးသော အကြံဉာဏ်များကို ထည့်သွင်းစဉ်းစားရန် သို့မဟုတ် ပေါင်းစပ်အကောင်အထည်ဖော်ရန်ဟူသော အချက်ကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (UPC -21CPC) မှ တာဝန်ဝတ္တရားတစ်ရပ်အနေဖြင့် ချမှတ်၍ ဖော်ဆောင်ထားခြင်း မရှိပါ။

ငြိမ်းချမ်းရေးလမ်းကြောင်းလုပ်ငန်းစဉ်တွင် တရားဝင် ပူးပေါင်းပါဝင်ခွင့်မှာ သိသိသာသာ နည်းပါးသော်လည်း အရပ်ဘက် လူ့အဖွဲ့အစည်းများသည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (UPC) ၏ဆွေးနွေးမှုများကို လွှမ်းမိုးပါဝင်နိုင်ရန် အခြားအလွတ်သဘော နည်းလမ်းများကို ရှာဖွေထားကြရသည်။ ဥပမာအားဖြင့် CSOs များသည် ၎င်းတို့၏ မူဝါဒအကြံပြုချက်များကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများသို့ အလွတ်သဘောတင်ပြခဲ့ပြီး UPC အစည်းအဝေးများတွင်လည်း ထိုအဖွဲ့အစည်းများအတွက် အကြံပေးအဖြစ် လုပ်ဆောင်ခဲ့ပြီးဖြစ်ပါသည်။ ထို့အပြင် အရပ်ဘက်အဖွဲ့အစည်းများငြိမ်းချမ်းရေးဖိုရမ် (The Civil Society Forum for Peace - CSFOP) သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် မူဝါဒဆိုင်ရာ အချက်အလက်များ/ရွေးချယ်စရာများ ပေးသည့်အပြင် CSO ခေါင်းဆောင်များအနေဖြင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) အရာရှိများနှင့် ပြည်ထောင်စုအဆင့် တွေ့ဆုံဆွေးနွေးများပြုလုပ်နိုင်ရန် အခြေအနေများ ဖန်တီးရာတွင်လည်း အရေးပါသော အခန်းကဏ္ဍမှ ရပ်တည်လျက်ရှိသည်။[၇]

အရပ်ဘက်လူ့အဖွဲ့အစည်းများသည် ကျယ်ပြန့်ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်း မရှိသေးသော ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ဖက်ဒရယ်ပြည်ထောင်စုစနစ်ကဲ့သို့သော အရေးကြီးကိစ္စများအပေါ် ပြည်သူလူထုအကြား ရေပန်းစားမှု ပိုမိုနားလည်သိရှိလာစေခြင်း၊ ကျားမရေးရာ၊ လူ့အခွင့်အရေးစသော ကိစ္စများနှင့်ပတ်သက်သည့် ကျွမ်းကျင်မှုများမျှဝေခြင်း စသည်တို့ကို အကောင်အထည်ဖော်ခြင်းအားဖြင့် ကူညီပံ့ပိုးပေးပါသည်။ အရပ်ဘက်လူ့အဖွဲ့အစည်းများကျင်းပသော အလုပ်ရုံဆွေးနွေးပွဲများသည် ဖက်ဒရယ်ဝါဒများ၊ လုံခြုံရေးကဏ္ဍ၊ စီမံအုပ်ချုပ်မှုနှင့် ဒီမိုကရေစီစသည့်အကြောင်းအရာများပေါ် ပိုမိုသဘောပေါက် နားလည်လာစေရန် များစွာအထောက်အကူပြုနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသောပဋိပက္ခများသည် တပ်မတော်နှင့် EAOs များအကြားဖြစ်ပွားသော လက်နက်ကိုင်ပဋိပက္ခများထက် ပိုမိုကျယ်ပြန့်သောကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် မတူညီသော အုပ်စုများအကြား ဖြစ်ပွားသော ပဋိပက္ခများကို ဖြစ်စေသည့်အကြောင်းတရား များကိုဖြေရှင်းရုံမျှမက လက်နက်ကိုင် အင်အားအစုများမှ သာမန်အရပ်သားများအပေါ် အနိုင်ကျင့်မှုများကိုလည်း ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်သည်။ ယခုအရပ်ဘက်အဖွဲ့အစည်းများက လုပ်ဆောင်နေသော ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းများသည် ငြိမ်းချမ်းရေးလမ်းကြောင်း လုပ်ငန်းစဉ်ထက် အရင်စော၍ ပေါ်ထွန်းခဲ့ပြီး အရပ်သားများကို ကာကွယ်ပေးခြင်းနှင့် အုပ်စုများအကြား မညီညွတ်မှုတင်းအားများကို လျှော့ချပေးခြင်းအားဖြင့် ကူညီပံ့ပိုးပေးပါသည်။ အဆိုပါဆောင်ရွက်ချက်များကို ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ငြိမ်းချမ်းရေးတည်ဆောက်မှု၌ ပါဝင်ဆောင်ရွက်နေကြသော CSOs များကို တွေ့ဆုံမေးမြန်းခြင်းဖြင့် ဖော်ထုတ်နိုင်ခဲ့ပါသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ငြိမ်းချမ်းရေးတည်ဆောက်မှု၌ ပါဝင်ဆောင်ရွက်နေကြသော CSOs များကို တွေ့ဆုံမေးမြန်းနိုင်ရန် CSO အချင်းချင်းကို အကူအညီတောင်း၍ ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။

လေ့လာဖော်ထုတ်နိုင်ခဲ့သော CSOs များ၏ လမ်းကြောင်း ၃ ဆိုင်ရာ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များမှာ ကြိုတင်အသိပေးအကြောင်းကြားသည့်စနစ်များ၊ ပြစ်မှုနှင့် အလွဲသုံးစား နိုင်ထက်စီးနင်းပြုမှုများကို စောင့်ကြည့်လေ့လာခြင်း၊ အပစ်အခတ်ရပ်ဆဲရေး စောင့်ကြည့်လေ့လာခြင်း၊ သုတေသနအခြေပြုတိုက်တွန်းလှုံ့ဆော်မှုများ၊ တွေ့ဆုံမေးမြန်းမှုများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ လေ့လာရေးအစီအစဉ်များ၊ ငြိမ်းချမ်းရေးထောက်ခံအားပေးသည့် သတင်းရေးသားမှုများနှင့်ဆွေးနွေးပွဲများနှင့် ပြဿနာဖြေရှင်းသည့် အလုပ်ရုံဆွေးနွေးပွဲများ စသည်တို့ဖြစ်ကြပါသည်။ ထိုလုပ်ငန်းများကို CS&PB မူဘောင်တွင် ပါရှိသောလုပ်ဆောင်ချက်များအားအခြေခံ၍ အမျိုးအစား ခွဲခြားသတ်မှတ်ထားပါသည်။

အရပ်ဘက်လူ့အဖွဲ့အစည်းတို့သည် အရေးပေါ်အခြေအနေများတွင် အရပ်သားများ လုံခြုံရေးအတွက် အရေးဆိုခြင်းများပြုလုပ်ပေးပြီး လက်နက်ကိုင်များကြား ပြေလည်မှုရအောင် ဖျန်ဖြေမှုများလည်းပြုလုပ်ပေးသည်။ အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ပူးတွဲအပစ်အခတ်ရပ်စဲရေးဆိုင်ရာ သဘောတူညီချက်ကို အလွတ်သဘော စောင့်ကြည့်လေ့လာမှုများသည် အရေးပါသောသတင်း

[၇] အမျိုးသားရင်ကြားစေ့ရေးနှင့်ငြိမ်းချမ်းရေးစင်တာသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုကူညီပံ့ပိုးလိုသော အစိုးရနှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ လှူဒါန်းမှုများကို ဝန်ဆောင်မှုပေးရာဌာနအဖြစ် လက်ခံဆောင်ရွက်ပြီး ငြိမ်းချမ်းရေးအစီအစဉ်အားလုံးကို ညှိနှိုင်းပေးကာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အတွင်းအရေးမှူးအဖွဲ့ အဖြစ်ပါဝင်သော အစိုးရအေဂျင်စီ တစ်ခုဖြစ်သည်။ ၂၀၁၆ ခုနှစ်မတိုင်မီကာလများတွင် မြန်မာ့ငြိမ်းချမ်းရေးစင်တာဟုခေါ်ပြီး ၂၀၁၈ ခုနှစ်မှစတင်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှ NRPC ဟုပြောင်းလဲ အမည်ပေးခဲ့ကာ ၎င်းစင်တာ၏ ခေါင်းဆောင် ဖြစ်လာပါသည်။

အချက်အလက်များကို ရယူစေရုံမျှမက ပဋိပက္ခဖြစ်ပွားလျက်ရှိသောအဖွဲ့များ၏ အပစ်အခတ်ရပ်စဲရေး စာချုပ်ချိုးဖောက်မှုများအတွက် တာဝန်ယူမှုတာဝန်ခံမှု အစီအမံများကိုလည်း ကူညီချမှတ်ပေးနိုင်မည် ဖြစ်သည်။ ရပ်ရွာဒေသအဆင့်တွင် အကြမ်းဖက်မှုများကို လျှော့ချနိုင်ပြီးငြိမ်းချမ်းရေးဖြစ်စဉ်တစ်ရပ်လုံးကို တည်ငြိမ်အေးချမ်းစွာ ကျင်းပနိုင်စေခြင်းဖြင့် အကျိုးပြုပါသည်။ ထိုလုပ်ငန်းများကို **လမ်းကြောင်း ၃- (ပင်မလမ်းကြောင်းပြင်ပ) ငြိမ်းချမ်းရေးတည်ဆောက်မှု**ဟု သတ်မှတ်ထားပါသည်။[၈]

ယခုသုတေသနစီမံကိန်း၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် မြန်မာနိုင်ငံရှိ ပဋိပက္ခများကို ဖြစ်စေသည့် အကြောင်းတရားများနှင့် ပတ်သက်ပြီး ၎င်းတို့၏ အတွေးအမြင်များကို မေးမြန်းခဲ့ပါသည်။ ဖြေကြားချက်များကို အောက်ပါအတိုင်း အမျိုးအစားသတ်မှတ်နိုင်ပါသည်။

- နိုင်ငံရေးစနစ်အပေါ် သဘောတူညီချက်မရှိခြင်း၊
- ပဋိပက္ခကို သက်ဆိုးရှည်စေမည့် စီးပွားရေးမက်လုံးများ၊
- လူမျိုးရေးနှင့် ဘာသာရေးဖယ်ကြဉ်မှုများ၊
- ပဋိပက္ခ၏ ဆိုးမွေ၊
- လွတ်လပ်မရှိခြင်း၊ တာဝန်ယူမှုတာဝန်ခံမှုနှင့် တရားဥပဒေစိုးမိုးမရှိခြင်းစသည်တို့ ဖြစ်ကြပါသည်။

ယခုသုတေသနသည် အဆိုပါ ပဋိပက္ခဖြစ်စေသော အကြောင်းတရားများကို အရပ်ဖက်လူ့အဖွဲ့အစည်းများက မည်သို့ ပါဝင်ဖြေရှင်းသည်ဆိုသည်ကို ဆန်းစစ်သုံးသပ်ထားပါသည်။ ထို့ပြင် ထိုသို့ဖြေရှင်းရာတွင် ၎င်းတို့ကြုံတွေ့နေရသော အခက်အခဲနှင့် အခွင့်အရေးများကိုလည်း လေ့လာသုံးသပ်ထားပါသည်။ ယေဘုယျအားဖြင့် သတ်မှတ်ထားသော ပဋိပက္ခအကြောင်းအရာများနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ လုပ်ဆောင်မှုသည် နီးစပ်သော ဆက်နွယ်မှု ရှိပါသည်။

ယခုသုတေသနပြုလုပ်သော မြန်မာနိုင်ငံ ဒေသအသီးသီးရှိ CSOs များက ၎င်းတို့ဆောင်ရွက်သော ငြိမ်းချမ်းရေး တည်ဆောက်မှု လုပ်ငန်းစဉ်အချို့ကို မဖော်ထုတ်ခဲ့သောကြောင့် ယခုမူဘောင်ကို အသုံးပြု၍ အခြားနိုင်ငံများတွင် CSOs များ၏ ငြိမ်းချမ်းရေး ဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းစဉ်များကို ဖော်ထုတ်ထားမှုများနှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံရှိ CSOs များက ဆောင်ရွက်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှာ ပိုမိုနည်းပါးသည်ဟု ထင်စရာရှိသည်။ မိုင်းရှင်းလင်းရေးလုပ်ငန်းစဉ်များကိုလည်း ထုတ်ဖော်ထားခြင်း မရှိသည့်အပြင် အမှန်တရားကို ပြန်လည်ဖော်ထုတ်ခြင်းနှင့် ပြန်လည်ရင်ကြားစေ့ရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ သယံဇာတ စီမံခန့်ခွဲမှုအပေါ် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ပတ်သက်လျှင်လည်း အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များ နည်းပါးနေသေးသည်ဟု ထွက်ပေါ်လာသည်။ အလွတ်သဘော ငြိမ်းချမ်းရေး လုပ်ဆောင်မှုအားလုံးလိုလိုသည် ညီမျှစွာ အကျိုးသက်ရောက်မှု(သို့) လွှမ်းမိုးမှုမရှိပါ။ အလုပ်ရုံ ဆွေးနွေးပွဲများကို အတွေ့ရအများဆုံး ငြိမ်းချမ်းရေးတည်ဆောက်ခြင်း ပုံစံခွဲအဖြစ် သတ်မှတ်ထားသော်လည်း တက်ရောက်သူ အရေအတွက်မှာ လွန်စွာနည်းပြီး ထိုသူတို့မှာ ယခင်ကတည်းက ငြိမ်းချမ်းရေးလိုလားမှုအမြင်များ (ငြိမ်းချမ်းရေး ထောက်ခံအားပေးသူများ) ရှိနေပြီးသူများ ဖြစ်နေကြပါသည်။

[၈] Unofficial monitoring teams are known as Civilian Ceasefire Monitoring, Civilian Peace Monitoring and Peace Observer teams.

**ဇယား ၁။ ပဋိပက္ခဖြစ်ပေါ်စေနိုင်သော အကြောင်းအရာများနှင့် ဆက်စပ်ပြဿနာများ၊ အရပ်ဘက် အဖွဲ့အစည်းများ၏ အထောက် အကူပြုမှုများ**

| ပဋိပက္ခဖြစ်ပေါ်စေနိုင်သော အကြောင်းအရာများ | အဓိကကိစ္စရပ်များ | အရပ်ဘက်အဖွဲ့အစည်းများ၏ပံ့ပိုးပေးနိုင်များ |
|---|---|---|
| နိုင်ငံရေးစနစ် (ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အပါအဝင်) | - ငြိမ်းချမ်းရေး သဘောတူညီချက် မရှိခြင်း။<br>- အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များအပေါ် သဘောတူညီမှုမရှိခြင်း။ (ဖက်ဒရယ်စနစ်၊ အရင်းအမြစ်ပိုင်ဆိုင်မှုဆိုင်ရာ ကိစ္စရပ်များအပေါ် သဘောတူညီမှု မရှိခြင်းနှင့် အဆိုပါကိစ္စရပ်များနှင့် ပတ်သက်၍ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြင်ဆင်ရန်လိုမလို စသည့် ကိစ္စရပ်များတွင် သဘောတူညီမှုမရှိ ခြင်း။<br>- လက်ရှိအာဏာရှိသူများက လက်ရှိ နိုင်ငံရေးအခြေအနေကို မပြောင်းလဲလို ခြင်း။ | - EAOs များကို တိုက်ရိုက်ကူညီပံ့ပိုးပေးခြင်းဖြင့် အရပ်ဘက်အဖွဲ့အစည်းများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အပေါ် လွှမ်းမိုးလျက်ရှိသည်။<br>- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမျိုးသမီးပါဝင်မှုကို မြှင့်တင်ရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိသည်။ |
| စီးပွားရေးမက်လုံးများ | - သယံဇာတပိုင်ဆိုင်ခွင့်။<br>- မြေယာသိမ်းဆည်းမှုများ။<br>- တရားမဝင်စီးပွားရေး လုပ်ကိုင်နိုင်ရေးအတွက် ငြိမ်းချမ်းရေးကို အသုံးချခြင်း။ | - အရပ်ဘက်အဖွဲ့အစည်းများသည် NCA လက်မှတ်ထိုးမထားသော ဒေသများတွင် အကြီးစားစီမံကိန်းများလုပ်ဆောင်နေသော တူးဖော်ရေးစက်ရုံများကို (EITI) စမ်းစစ်မှုများလုပ်ဆောင်ရန် အကြံညာဏ်ပေးခြင်း။<br>- မြေယာသိမ်းဆည်းများကို အရပ်ဘက်အဖွဲ့အစည်းများက ဆန့်ကျင်လှုံ့ဆော်ခြင်းနှင့် ဒေသခံလူထုကို လည်း သင်တန်းများပေးခြင်း။<br>- ကူညီပံ့ပိုးပေးပြီး ဥပဒေအရင်းအမြစ်များ ထောက်ပံ့ပေးသော နိုင်ငံသားဆိုင်ရာ အမြင်ဖွင့်သင်တန်းများသည် ထိရောက်မှုရှိပါသည်။ |
| လူမျိုးရေးနှင့် ဘာသာရေးဆိုင်ရာ ဖယ်ကြဉ်ခြင်း | - အမျိုးသားရေးလက္ခဏာ။<br>- ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်။<br>- သီးသန့်အုပ်ချုပ်မှု။<br>- ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများကို ညီမျှစွာ မရရှိမှု။<br>- တရားစီရင်ရေးစနစ်။ | - အရပ်ဘက်အဖွဲ့အစည်းများသည် ဖက်ဒရယ်မှုနှင့် အားလုံးပါဝင်သော နိုင်ငံလုံးဆိုင်ရာလက္ခဏာများနှင့် ပတ်သက်ပြီး အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း။<br>- လူမှုပေါင်းစည်းရေး လုပ်ငန်းများကို ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်မှု မရှိခြင်း။<br>- အနုပညာနှင့်တင်ဆက်မှုများသည် လူထုများစွာထံ ပျံ့နှံ့ရောက်ရှိစေပြီး ပြဿနာကိစ္စရပ်များစွာအတွက် လူထု၏သဘောထားအမြင်ပြောင်းရန် လုပ်ဆောင်ရာ၌ အရပ်ဘက်လူ့အဖွဲ့အစည်းများက အထောက်အကူပြုခြင်း။ |

| | | |
|---|---|---|
| ပဋိပက္ခ၏ ဆိုးမွေ | - လက်နက်ကိုင်တပ်ဖွဲ့များ များပြားလာခြင်း။<br><br>- အမျိုးသားပြန်လည်ရင်ကြားစေ့ရေး။ | - မြေယာပိုင်ဆိုင်မှုဆိုင်ရာ အသိပညာပေးမှုများသည် ပဋိပက္ခဆိုးမွေပြဿနာများကို ဖြေရှင်းဆောင်ရွက်နိုင်သော်လည်း လတ်တလော မြေသိမ်းယူမှုများကိုသာ ပိုမို အလေးထားဆောင်ရွက်ခြင်း။<br><br>- အမျိုးသားပြန်လည်ရင်ကြားစေ့ရေးတွင် လုပ်ဆောင်မှုလွန်စွာအားနည်းခြင်း။ |
| လွတ်လပ်မှု၊ တာဝန်ခံမှုနှင့် တရားဥပဒေစိုးမိုးမှု မရှိခြင်း။ | - အပစ်အခတ် သဘောတူညီချက်ကို ချိုးဖောက်ခြင်း။<br><br>- အရပ်သားများအပေါ် တိုက်ခိုက်ခြင်း။<br><br>- အတိတ်က ပဋိပက္ခများတွင် လူ့အခွင့်အရေး ချိုးဖောက်ခံရခြင်းများကြောင့် နစ်နာဆုံးရှုံးရမှုများအတွက် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု။ | - အရပ်ဘက်အဖွဲ့အစည်းများသည် မြန်မာနိုင်ငံတွင် ထိရောက်သော စောင့်ကြည့်ခြင်းအဖွဲ့တစ်ခုဖြစ်ခြင်း။<br><br>- စိုးရိမ်ဖွယ်ရာရှိသော ခြိမ်းခြောက်မှုတွင် ကျရောက်နေသော အရပ်သားများအတွက် ပြဿနာများ ဖြေလျှော့နိုင်ရန် အားကောင်း၍ ထိရောက်သော ဖိအားများပေးခြင်း။<br><br>- အမှန်တရား၊ တရားမျှတမှုနှင့် တာဝန်ခံမှုတွင် သတ်မှတ်လုပ်ဆောင်မှု လုပ်ငန်းနည်းပါးခြင်း။ |

အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းများ မည်မျှထိရောက်မှုရှိသည်ကို သုံးသပ်ရာတွင် ယခုသုတေသနသည် အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ပင်မငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်ပါဝင်မှုနှင့် အလွတ်သဘောဆိုင်ရာ ငြိမ်းချမ်းရေးတည်ဆောက်မှု နှစ်ရပ်လုံးဆောင်ရွက်ရာ၌ ၎င်းတို့ကြုံတွေ့ရသည့် ကန့်သတ်ချက်များနှင့် အားသာချက်များကို ဖော်ထုတ် လေ့လာခဲ့ပါသည်။ ကန့်သတ်ချက်နှင့် အားသာချက်ကို ဖြစ်ပေါ်စေသည့် အကြောင်းအရာများမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖွဲ့စည်းတည်ဆောက်ပုံ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ လှုပ်ရှားဆောင်ရွက်မှုကို သက်ရောက်မှုရှိစေသည့် နိုင်ငံရေးနှင့် ဥပဒေဆိုင်ရာ အခြေအနေများ၊ CSOs များကို နိုင်ငံရေးအရအသုံးချခြင်း၊ CSOs များ၏ စွမ်းဆောင်ရည်အပေါ် အမြင်များ၊ CSOs များအချင်းချင်း စည်းရုံးမှုနှင့် ပူပေါင်းဆောင်ရွက်မှုအခြေအနေ၊ မီဒီယာ၏အခန်းကဏ္ဍနှင့် အလှူရှင်များ၏ အခန်းကဏ္ဍတို့ ဖြစ်ကြသည်။

**ဇယား ၂။ CSOs များအတွက် ကန့်သတ်ချက်နှင့် အားသာချက်များဖြစ်စေသော အကြောင်းအရာများ။**

| အကြောင်းအရာများ | အားသာချက် | ကန့်သတ်ချက် |
|---|---|---|
| **ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ဖွဲ့စည်းတည်ဆောက်ပုံ** | - အရပ်ဘက်အဖွဲ့အစည်းများသည် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများမှ တစ်ဆင့် တရားဝင် ပါဝင်နိုင်သော ကဏ္ဍရှိခြင်း။ | - CSOs များကို တရားဝင်ဆွေးနွေးပွဲများ၌ ပါဝင်ညှိနှိုင်းဆွေးနွေးခွင့်မှ ဖယ်ကျဉ်ထားခြင်း။<br><br>- နိုင်ငံရေးဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေးခြင်း၌ CSOs များကို အခန်းကဏ္ဍမပေးဘဲ ကန့်သတ်ထားခြင်း။<br><br>- UPDJC မှ အရပ်ဘက်အဖွဲ့အစည်း ငြိမ်းချမ်းရေးဖိုရမ်များတွင် ဆွေးနွေးရန်ခွင့်ပြုထားသော ခေါင်းစဉ်များမှာ ကန့်သတ်မှုများစွာရှိခြင်း။ |

| | | |
|---|---|---|
| **နိုင်ငံရေးဆိုင်ရာနှင့် ဥပဒေဝန်းကျင်** | - အချို့ကန့်သတ်ချက်များကို မကြာသေးမီနှစ်များအတွင်း ဖြေလျှော့ပေးခြင်း။<br>- CSOsများ မှတ်ပုံတင်ရန် ယခင်ကထက်ပို၍ အဆင်သင့်ဖြစ်လာခြင်း။ | - အာဏာပိုင်များသည် ၎င်းတို့ အာဏာလက်လွှတ်ရမည့်အခြေအနေကိုဖြစ်စေမည်ဟုထင်သော မည်သည့်အပြောင်းအလဲကိုမဆို မလိုလားခြင်း။<br>- လုပ်ငန်းများလုပ်ဆောင်ရာတွင် ကြိုတင်ခွင့်ပြုမိန့်တင်ရခြင်း အပါအဝင် ကျယ်ပြန့်သော ထိန်းချုပ်မှုများကို ယခုအချိန်အထိ အရပ်ဘက်လူ့အဖွဲ့အစည်းများ ရင်ဆိုင်နေရခြင်း။<br>- CSOs များ၏ လုပ်ငန်းဆောင်ရွက်မှု အများစုမှာ နိုင်ငံတော်၏ တရားစွဲ အရေးယူခံရမှု အခြေအနေ ရှိနေခြင်း၊ |
| **အရပ်ဘက်အဖွဲ့အစည်း၏ နိုင်ငံရေးသက်ဝင်သော အခန်းကဏ္ဍ** | - အစိုးရနှင့်နှိုင်းယှဉ်လျှင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့် ပိုမိုနီးကပ်သော ဆက်ဆံရေး အခြေအနေရှိခြင်းက ညှိနှိုင်းဆွေးနွေးမှုများအပေါ် လွှမ်းမိုးမှုရှိစေရန် CSOs များအား အခြေအနေပေးခြင်း။ | - နိုင်ငံရေးအရ ပတ်သက်မှုရှိသည်ဟု ထင်မြင်ယူဆချက်များသည် CSOs များက သီးခြားလွတ်လပ်သော အဆိုများကို တင်သွင်းရန် ကြိုးပမ်းမှုအတွက် အဟန့်အတားဖြစ်စေသည်။<br>-အရပ်ဘက်အဖွဲ့အစည်းများ၏ အချို့သော အဓိက လုပ်ငန်းရပ်များသည် အစိုးရ၊ ဘာသာရေးဆိုင်ရာ အစွန်းရောက်များနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအတွက် အငြင်းပွားဖွယ်ရာဖြစ်နေခြင်း။ လူမှုရေးသဟဇာတဖြစ်စေရန် ဆောင်ရွက်သော CSOs များ၏ ဆောင်ရွက်ချက်များကို နိုင်ငံရေးအရ အသုံးချခြင်းများရှိနေကြောင်း ဖြေဆိုသူအများစုက တင်ပြခြင်း။ |
| **အရပ်ဘက်အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်အပေါ် ရှုမြင်မှုများ** | - တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည် အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ လူ့အခွင့်အရေး၊ ကျား/မ ရေးရာ စသော အသိပညာ၊ လုပ်ငန်းရေးရာ ကျွမ်းကျင်မှုနှင့် စည်းမျဉ်းဆိုင်ရာ နားလည်မှုများအပေါ် တန်ဖိုးထား ဆက်ဆံခြင်း။ | - ခက်ခဲသော လုံခြုံရေးကိစ္စရပ်များတွင် CSO များက ဖြေရှင်းရန် သင့်တော်သည်မဟုတ်ဟု ယူဆထားခြင်း။ |
| **အရပ်ဘက်အဖွဲ့အစည်း အချင်းချင်းအကြား စည်းလုံးမှု** | - အသိပညာပေးခြင်း၊ အကြံပေးခြင်း၊ စီမံကိန်း အကောင်အထည်ဖော်မှုတွင် CSOs များ အချင်းချင်း အပြန်အလှန်ဆက်သွယ်၍ ပိုမိုပူးပေါင်းဆောင်ရွက်လာနိုင်ခြင်း။ | - ပဋိပက္ခများကြောင့် CSOs အချင်းချင်း သဘောထားကွဲလွဲမှုများဖြစ်ပေါ်ပြီး ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် အချို့သော CSOs များ၏လုပ်ရပ်များက ဆိုးကျိုးသက် ရောက်စေခြင်း။<br>- ပြည်နယ် (သို့) တိုင်းဒေသကြီး အတွင်းရှိ CSOs အချင်းချင်းသော်လည်းကောင်း၊ မျိုးနွယ်ချင်းတူသော CSOs အဖွဲ့အချင်းချင်းသော်လည်းကောင်းသာ ပူးပေါင်းဆောင်ရွက်ကြပြီး နိုင်ငံတဝန်းလုံးရှိ CSOs အချင်းချင်း ကျယ်ပြန့်စွာပူးပေါင်းဆောင်ရွက်နိုင်မှု အားနည်းနေခြင်း။<br>- ထောက်ပံ့ငွေရရှိမှု ပိုမိုလက်လှမ်းမီသော ရန်ကုန်အခြေစိုက် CSOs များက ပြည်နယ်နှင့် တိုင်းဒေသကြီးရှိ စီမံကိန်းများအပေါ် လွှမ်းမိုးနိုင်မှုများရှိနေခြင်းကြောင့် ပြည်မ၊ ပြည်နယ် ကွဲပြားမှုပုံစံများဖြစ်ပေါ်လာပြီး CSOs အချင်းချင်း ပဋိပက္ခဖြစ်စေခြင်း။<br>- ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အခြေစိုက်သော CSOs အချင်းချင်းစုစည်း၍ နိုင်ငံတော်အဆင့်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ အားနည်းနေသေးခြင်း။ |

| | | |
|---|---|---|
| **မီဒီယာနှင့်ဆက်သွယ်ရေး နည်းပညာများ၏ အခန်းကဏ္ဍ** | - လူမှုကွန်ရက်နှင့် သတင်းအချက်အလက်ဆက်သွယ်ရေး နည်းပညာများသည် CSOs များအတွက် ထောက်ခံသူများကို စည်းရုံးလှုံ့ဆော်ရန်နှင့် ပူးပေါင်းလုပ်ကိုင်ရန် လွယ်ကူစေခြင်း။ | - လူမှုကွန်ရက်ပေါ်တွင် မမှန်ကန်သောသတင်းများ ပျံ့နှံ့နေပြီး အမုန်းစကားများ လှုံ့ဆော်လာခြင်း။ |
| **အလှူရှင်များ၏ အခန်းကဏ္ဍ** | - နိုင်ငံတကာ လှူဒါန်းမှုများမှာ CSOs များ၏ စုစုပေါင်း လုပ်ငန်းအားလုံး၏ ၇၀ ရာခိုင်နှုန်းခန့် ရှိသည်။ (ထောက်ပံ့ငွေဆိုင်ရာ သတင်းရရှိမှုအချက်အလက်အပေါ်မူတည်၍ ထုတ်ပြန်ထားသောကိန်းဂဏန်းဖြစ်သည်။) ခန့်မှန်းခြေအားဖြင့် ၂၀ ရာခိုင်နှုန်းသော လုပ်ငန်းရပ်များမှာ ပြည်တွင်းရှိ အလှူရှင်များမှ ထောက်ပံ့ခြင်းဖြစ်ပြီး အခြား ၂၀ ရာခိုင်နှုန်းမှာ မိမိတို့ကိုယ်ပိုင် ရန်ပုံငွေမှ ဆောင်ရွက်ကြခြင်း ဖြစ်သည်။[၉]<br><br>- အလှူရှင်များသည် Micro Level မှ အလားအလာကောင်းသော Macro Level လုပ်ဆောင်အဆင့်သို့ ရောက်ရှိနိုင်ရန် အခွင့်အလမ်းများ ချိတ်ဆက်ပေးနိုင်ခြင်း။ (ဆိုလိုသည်မှာ ရပ်ရွာအဆင့် လုပ်ငန်းများ ဆောင်ရွက်ခြင်းအပြင် နိုင်ငံအဆင့်၊ နိုင်ငံတကာအဆင့်နှင့် ပြဿနာများစွာကို ချိတ်ဆက်ဖြေရှင်းနိုင်သော အဆင့်အထိ စီမံကိန်းများဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများ ချိတ်ဆက်ပေးနိုင်ခြင်း။) | - ရန်ကုန်အခြေစိုက် CSOs များနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှသာ ရန်ပုံငွေရရှိနိုင်ခြင်းအပေါ် သဘောမကျခြင်း။<br><br>- CSOs များက အလှူရှင်၏ အချိန်ကာလပေးထားချက်မှာ ချက်ချင်းလက်ငင်း ရလဒ်ထွက်ပေါ်သော စီမံကိန်းများ လုပ်ဆောင်နိုင်ရန် တိုတောင်းလွန်းသည်ဟု ထောက်ပြဝေဖန်ခြင်း။ |

ယခုအနှစ်ချုပ်ဖော်ပြချက်သည် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များတွင် အရပ်ဘက် လူ့အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ရလဒ်ကောင်းများကို အသာပေးဖော်ပြထားသော်လည်း အရပ်ဘက်လူ့အဖွဲ့အစည်းများသည် အခက်အခဲများစွာနှင့်ကြုံတွေ့ရလျက်ရှိသည်။ **အရပ်ဘက်လူ့အဖွဲ့အစည်းများသည် ငြိမ်းချမ်းရေးဆွေးနွေးပွဲ လုပ်ငန်းစဉ်များတွင် ပါသည်ဆိုရုံမျှ ပါဝင်ခွင့်ရလေသည်။** UPDJC သည် အရပ်ဘက်လူ့အဖွဲ့အစည်းများငြိမ်းချမ်းရေးဖိုရမ်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို တင်းကျပ်စွာ ကန့်သတ်ထားခြင်းဖြင့် အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ဆွေးနွေးပွဲများတွင် ပါဝင်ဆောင်ရွက်ခွင့်ကို ချုပ်ချယ်ကန့်သတ်ထားပါသည်။[၁၀] အရပ်ဘက်အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးဖိုရမ်သည် အရပ်ဘက် အဖွဲ့အစည်းများကို ဖယ်ထုတ်ထားမှုကို ဖုံးကွယ်ထားနိုင်ရန် ဟန်ပြသဘောဖြင့် ဆောင်ရွက်စေခြင်းဟု တွေးထင်နိုင်ပါသည်။ အရပ်ဘက်လူ့အဖွဲ့အစည်းများသည် ထိုအချက်ကို သတိပြုမိကြပြီး ပါဝင်ခွင့်နည်းပါးမှုကို ဝေဖန်ထောက်ပြလျက်ရှိသည်။

အချို့သော CSOs များက **အရပ်ဘက်အဖွဲ့အစည်းများအား အစိုးရမှ အသုံးချနေသည်** ဟု ၎င်းတို့သံသယရှိကြောင်း ပြောကြားကြပါသည်။ UCCPF ခေါင်းဆောင်တစ်ဦးကလည်း မူဝါဒစာတမ်းများ ရေးသားရန်စေခိုင်းခြင်းနှင့် အစည်းအဝေးတက်ရောက်ရန် ပြောဆိုခြင်းတို့သည် **"မိဘများက ၎င်းတို့အလုပ်ရှုပ်ချိန်တွင် ကလေးများအား ကစားစရာပေး၍ မအားမလပ်အောင် ဆော့ခိုင်းနေသကဲ့သို့ ဖြစ်နေသည်"**ဟု ဥပမာပေး နှိုင်းယှဉ်ပြောဆိုခဲ့ပါသည်။ ထိုအကြောင်းကိုလည်း ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အလုပ်အမှုဆောင်ကော်မတီမှ အဖွဲ့ဝင်တစ်ဦးက**"CSO တွေက ငြိမ်းချမ်းရေးဖြစ်စဉ်မှာ အပြိုင်သွားနေတာ မဟုတ်ဘူးဗျ၊ သူတို့က အကြောင်းအရာအခြေပြု ဆွေးနွေးပွဲတွေမှာ ချောင်ပိတ်မိနေတာ"** ဟု ပြောဆိုသွားပါသေးသည်။

[၉] These figures add up to greater than 100% because appox. 10% of programs have both national and international funding sources.

[၁၀] Michael Lidauer et al., "Unlocking Civil Society and Peace in Myanmar: Opportunities, Obstacles and Undercurrents," (Yangon: Paung Sie Facility, 2018); Michael Lidauer Irena Grizelj, Seint Seint Tun, "Civil Society Strengthening in Myanmar: Good Practice and Lessons Learned," (Christian Aid, 2018).

ထိုသို့အကန့်အသတ်များကို ရင်ဆိုင်ကြုံတွေ့နေရသော်လည်း အရပ်ဘက်လူ့အဖွဲ့အစည်းများသည် အကြောင်းအရာ အားလုံးကို ဖိုရမ်တွင် ဆွေးနွေးခြင်းနှင့် အားလုံးစုစည်းထုတ်ပြန်ထားသည့် အကြံပေးအဆိုပြုချက်များကို ထုတ်ပြန်နိုင်အောင် ကြိုးပမ်းခြင်းများဖြင့် UPDJC ၏ အကန့်အသတ်ဖြင့်ပေးသော အခန်းကဏ္ဍထက် ပင်မငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်နိုင်ရန် ကြိုးစားကြသည်။ အလွတ်သဘောလမ်းကြောင်းများဖြင့် လွှမ်းမိုးနိုင်ရန်လည်း CSOs များက လမ်းကြောင်းရှာကြသည်။ အချို့သော ဖြေဆိုသူများက ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ရပ်လုံး၏ အလားအလာအပေါ် အားမရကြပါ။ အဆိုပါအချက်က ၂၁ ရာစုပင်လုံလမ်းကြောင်း၏ အခြေအနေအပေါ်မူတည်၍ လှုပ်ရှားစရာမလိုသော ပင်မငြိမ်းချမ်းရေးဖြစ်စဉ်အပြင် အခြားသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၏ အရေးပါမှုကို မီးမောင်းထိုးပြလျက်ရှိသည်။

**ဇယား ၃။ စီမံကိန်းတွေ့ရှိချက်များမှ ကောက်နုတ်ထားသော အကြံပြုချက်များ**

| အကြံပြုတိုက်တွန်းရန် ရည်ရွယ်သော ပုဂ္ဂိုလ်၊ အဖွဲ့အစည်း | အကြံပြုတိုက်တွန်းချက်များ |
|---|---|
| **ပြည်ထောင်စုအစိုးရ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း၊ နိုင်ငံရေးပါတီများ** | - အရပ်ဘက်လူ့အဖွဲ့အစည်းများကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ဆွေးနွေးပွဲများ၊ ယင်းနှင့်စပ်လျဉ်းသည့် ကြီးကြပ်လမ်းညွှန်မှုအဖွဲ့နှင့် UPDJC တွင် တရားဝင် ပူးပေါင်း ပါဝင်ခွင့်ကို သတ်မှတ်ပေးသင့်ပါသည်။<br><br>- ပြည်ထောင်စုအစိုးရသည် CSOs များ၏ ဆွေးနွေးအကြံပြုချက်များကို ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံများတွင် မည်သည့်နည်းလမ်းများကို ထည့်သွင်းဖော်ပြသင့်ကြောင်း ရှင်းလင်းစွာ ချမှတ်ထားရမည်။<br><br>- ပြည်ထောင်စုအစိုးရသည် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းအပေါ် ထားရှိသည့် ကန့်သတ်ချက်များကို ဖြေလျှော့ပယ်ဖျက်သင့်ပါသည်။<br><br>- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ EAOs ၊ နိုင်ငံရေးပါတီများနှင့် အရပ်ဘက် လူ့အဖွဲ့အစည်းများသည် ပိုမိုပူးပေါင်း ဆောင်ရွက်ရန် လိုသည်။ |
| **အရပ်ဘက်လူ့အဖွဲ့အစည်း** | - CSOs လုပ်ငန်းအားလုံးတွင်ပိုမိုပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရမည် ဖြစ်သည်။<br><br>- လူမှုပေါင်းစည်းရေး၊ ပညာရေး၊ တရားမျှတရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အခွန်ကောက်ယူရေး စသည့်ကိစ္စတစ်ခုချင်းစီနှင့်စပ်လျဉ်းသည့် အထူးဆွေးနွေးပွဲများကို ကျင်းပသင့်ပါသည်။<br><br>- လူမှုပေါင်းစည်းရေးလုပ်ငန်းများကို အမျိုးအစားစုံလင်သော ပြည်သူများ ကျယ်ပြန့်စွာ ပူးပေါင်းပါဝင်လာအောင် လုပ်ဆောင်ရမည်ဖြစ်သည်။ |
| **လှူဒါန်းသူများ** | - လူမှုပေါင်းစည်းရေးနှင့် ဘာသာကွဲ/လူမျိုးကွဲများအကြား ဆက်ဆံရေးတည်ဆောက်မှုဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များကို တိုးမြှင့်သင့်ပါသည်။<br><br>- CSOs များက ပိုမိုကျယ်ပြန့်ထိရောက်သော အသိပညာအကြံပေးမှုများ ဆောင်ရွက်နိုင်ရန်နှင့် အချင်းချင်း ပိုမိုချိတ်ဆက် လုပ်ဆောင်နိုင်ရန် ပံ့ပိုးမှုများပေးရန် လိုအပ်သည်။<br><br>- ပြည်နယ်များရှိ CSOs များသည် လှူဒါန်းထောက်ပံ့မှုများ လျှောက်ထားရယူရာတွင် အကူအညီများ လိုအပ်သည်။ |

# နိဒါန်း

(၁၉၄၈)ခုနှစ်တွင် ဗြိတိန်နိုင်ငံ၏လက်အောက်မှ လွတ်လပ်ရေးရခဲ့သော မြန်မာနိုင်ငံသည် ခေတ်မီနိုင်ငံတော်တစ်ရပ်နှင့် မတန်အောင်ပင် ပြည်တွင်းစစ်များသည် နိုင်ငံ၌ သက်ဆိုးကြာရှည်နေခဲ့သည်။

လွတ်လပ်ရေးမရမီ မြန်မာနိုင်ငံရှိ တိုင်းရင်းသားအုပ်စုများသည် (၁၉၄၇) ခုနှစ်တွင်ကျင်းပသော ပင်လုံညီလာခံတွင် တွေ့ဆုံခဲ့ကြပြီး ပြည်ထောင်စုနိုင်ငံတစ်ခုထူထောင်ရန် သဘောတူခဲ့ကြသည်။ (သဘောမတူပါက နောက်ပိုင်းတွင် ပြည်ထောင်စုမှ ခွဲထွက်ပြီး ကိုယ်ပိုင်လူမျိုးစု နိုင်ငံငယ် ထူထောင်နိုင်ကြောင်း ထည့်သွင်းခဲ့သည်။) အဆိုပါ သဘောတူညီချက်သည် တစ်နှစ်အတွင်း ပြိုကွဲသွားပြီး ရန်ကုန်မြို့ရှိ ဗဟိုအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အုပ်စုများအကြား ပြည်တွင်းစစ်များဖြစ်ပွားခဲ့သည်။ ထိုအုပ်စုအဖွဲ့များ၏ စုစည်းတည်ရှိမှု ပြောင်းလဲပြိုကွဲသွားပြီး ဗဟိုအစိုးရ၏ လက်နက်ကိုင်အင်အားစုများနှင့် လက်နက်ကိုင်စွဲထားသောတိုင်းရင်းသားအုပ်စုများ (တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းဟု သိကြသော) အကြား ပြောင်းလဲဖြစ်ပွားလျက်ရှိသော ပဋိပက္ခများသည် မြန်မာနိုင်ငံတွင် ဆက်လက်ဖြစ်ပွားလျက်ရှိသော လက်နက်ကိုင်ပဋိပက္ခများပင် ဖြစ်သည်။

(၂၀၁၁) ခုနှစ်၊ ဩဂုတ်လမှစတင်၍ ဦးသိန်းစိန်အစိုးရသည် ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့် သဘောတူညီချက်ကို ဖော်ဆောင်ရယူပြီး နိုင်ငံတွင်းရှိ ပင်မလက်နက်ကိုင်အုပ်စုများနှင့် ဘက်စုံလွှမ်းခြုံသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံအဝှမ်း ကောင်းမွန်ထိရောက်သည့် စီမံအုပ်ချုပ်မှုစနစ်ကို ကျင့်သုံးနိုင်ရန် ကြိုးပမ်းခဲ့သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ပထမအဆင့်မှာ နှစ်ဖက်အပစ်အခတ်ရပ်ဆဲရေး အစီအမံများစွာကို ပေါင်းစည်း၍ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ရယူရန်ဖြစ်ပြီး(၂၀၁၅)ခုနှစ်တွင် လက်မှတ်ရေးထိုး အတည်ပြုနိုင်ခဲ့ပါသည်။

(၂၀၁၅) ခုနှစ် အထွေထွေ ရွေးကောက်ပွဲ၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)သည် မဲဆန္ဒနယ် အားလုံးလိုလိုတွင် ယှဉ်ပြိုင်အနိုင်ရရှိခဲ့ပြီး နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ခေါင်းဆောင်မှုအောက်တွင် အရပ်သားအစိုးရ တစ်ရပ်ကို အတိုင်းအတာတစ်ခုအထိ ထူထောင်နိုင်ခဲ့သည်။ ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစု ပင်လုံညီလာခံ)ကို ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုထူထောင်ကာ အားလုံးပါဝင်သော ငြိမ်းချမ်းရေးသဘောတူညီချက်ကို ရယူနိုင်ရန်အလို့ငှာလွှတ်တော်ကိုယ်စားလှယ်၊အစိုးရကိုယ်စားလှယ်များအပါအဝင်နိုင်ငံရေးပါတီများ၊တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ကိုယ်စားလှယ်များကို ဖိတ်ခေါ်၍ ကျင်းပခဲ့သည်။

အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ၂၁ ရာစုပင်လုံ (သို့) ပြည်တောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲညီလာခံတွင် ပါဝင်သော အခန်းကဏ္ဍကို စောင့်ကြည့်လေ့လာသူအဖြစ်သာ ပါဝင်စေခြင်းနှင့် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲဟု အမည်တပ်ထားသော ဖိုရမ်များ ကျင်းပဆွေးနွေးခြင်း၌ ပါဝင်စေခြင်းဖြင့်သာ ကန့်သတ်ထားသည်။ အရပ်ဘက်လူ့အဖွဲ့အစည်း ကိုယ်စားလှယ်များသည် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံကို EAOs ကိုယ်စားလှယ်အဖွဲ့အနေဖြင့် ပါဝင်ခြင်းဖြင့် တက်ရောက်ဆွေးနွေးနိုင်ရန် ကြိုးပမ်းခဲ့ကြသည်။

ထို့ပြင် အရပ်ဘက်လူ့အဖွဲ့အစည်းများသည် အရပ်ဘက်အဖွဲ့အစည်းငြိမ်းချမ်းရေး ဖိုရမ်များကို ကျင်းပခြင်း၊ ငြိမ်းချမ်းရေးအတွက် ငြိမ်းချမ်းစွာဆန္ဒပြခြင်း၊ သီချင်းဆိုခြင်းနှင့် အနုပညာဖျော်ဖြေမှုများကို ပြုလုပ်ခြင်းစသည်တို့ကို ဆောင်ရွက်ခြင်းအားဖြင့် ဆွေးနွေးပွဲပြင်ပ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစု ငြိမ်းချမ်းရေး ညီလာခံ)ကို NLD အစိုးရဦးဆောင်၍ ၃ ကြိမ်မက ကျင်းပခဲ့ပြီးဖြစ်သည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို နှစ်ကာလရှည်လျားစွာ ဖြစ်ပွားလျက်ရှိသော ပဋိပက္ခများကို ချုပ်ငြိမ်းဖြေရှင်းနိုင်ရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော ပဋိပက္ခများတွင် စစ်တပ်နှင့် သောင်းကျန်သူ အုပ်စုများကြောင့် ဖြစ်ပွားသော မတူညီသော အုပ်စုများအကြား ရန်းရင်းဆန်ခတ်ဖြစ်မှုများသာမက ဆန္ဒပြမှုများကို ထိန်းချုပ်ရန် (သို့) ပြောင်းရွှေ့နေရာချထားမှုများကို ဆောင်ရွက်ရန် အရပ်သားပြည်သူများအပေါ်လက်နက်ကိုင်အင်အားစုများမှ တစ်ဖက်သတ်ကျူးလွန်သော အကြမ်းဖက်နှိပ်ကွပ်မှုများလည်း ပါဝင်လေသည်။ **မြန်မာနိုင်ငံတွင်ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခအမျိုးမျိုးနှင့် ပတ်သက်ပြီး ရေရှည်တည်တံ့သည့်ဖြေရှင်းဆောင်ရွက်ချက်များကို ဖော်ထုတ်ရာတွင် စကားဝိုင်းဆွေးနွေးပွဲများနှင့် အမျိုးသား ရင်ကြားစေ့ရေးလုပ်ငန်းစဉ်များကို ကျယ်ပြန့်စွာ ဆောင်ရွက်ရန် လိုသည်။**အရပ်ဘက်လူ့အဖွဲ့အစည်းများသည် ပဋိပက္ခများကို ဖြစ်စေသည့် အကြောင်းတရားများကို စီမံခန့်ခွဲခြင်း၊ လျော့ပါးပျောက်ကွယ်စေခြင်းနှင့် ပြောင်းလဲစေခြင်း စသည်တို့ကို ဆောင်ရွက်နိုင်သောကြောင့် အထက်ပါလုပ်ငန်းစဉ်တွင် အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသည်။

ဤအစီရင်ခံစာသည် လက်ရှိလုပ်ဆောင်နေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ လုပ်ဆောင်မှုများ၊ ဆွေးနွေးပွဲပြင်ပ အရပ်ဘက် လူ့အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေး တည်ဆောက်မှုများအပေါ် တစ်နှစ်တာကာလ သုတေသနပြုလေ့လာထားသည့် စီမံကိန်း၏ အဆုံးသတ် အစီရင်ခံစာဖြစ်ပြီး သုတေသနစီမံကိန်းတွင် အောက်ပါတို့ကို ဖော်ထုတ်နိုင်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

- ငြိမ်းချမ်းရေးတည်ဆောက်မှုတွင် ပါဝင်သည့် အရပ်ဘက်လူ့အဖွဲ့အစည်း အင်အားစုများ၊
- အဆိုပါ CSOs များဆောင်ရွက်ကြသော ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းများနှင့် ၎င်းလုပ်ငန်းများကို အမျိုးအစား သတ်မှတ်နိုင်ရန်၊
- တရားဝင်နှင့် အလွတ်သဘော ငြိမ်းချမ်းရေး တည်ဆောက်မှုများအပေါ် အဆိုပါလုပ်ငန်းများ၏ အထောက်အကူပြုမှု၊
- အရပ်ဘက်အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးတည်ဆောက်မှုများအပေါ်အထောက်အကူပြုသည့် အချက်နှင့် အဟန့်အတား ဖြစ်စေသည့် အချက်များ

အဆိုပါစီမံကိန်းကို The Joint Peace Fund Myanmar အဖွဲ့မှ ရန်ပုံငွေထောက်ပံ့ကာ ပညာအလင်းပွင့်မြန်မာသုတေသန ဖောင်ဒေးရှင်း (EMReF) နှင့် Inclusive Peace and Transition Initiative (IPTI) တို့က ပေါင်းဖက်လုပ်ကိုင် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ သုတေသနအဖွဲ့သည် အရပ်ဘက်လူ့အဖွဲ့အစည်းများ(အရပ်ဘက်လူ့အဖွဲ့အစည်းကွန်ရက်များနှင့် ဒေသတွင်းသာမက နိုင်ငံတကာ အရပ်ဘက်အဖွဲ့အစည်းများ အပါအဝင်)၊ အလှူရှင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင် ကိုယ်စားလှယ်များ၊ UPDJC မှ အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ အဖွဲ့ဝင်များနှင့် အစိုးရ ကိုယ်စားလှယ်များစသည့် အဖွဲ့အစည်း ပေါင်း၁၂၃ခုမှ လူပေါင်း ၁၆၀ နှင့် တွေ့ဆုံမေးမြန်းမှုများကို လုပ်ဆောင်ခဲ့ပါသည်။ သုတေသနပြုရာတွင် တွေ့ဆုံဆွေးနွေးအင်တာဗျူး မည့် CSO များကို ရွေးချယ်ရာတွင် CSOs များကိုယ်တိုင် ငြိမ်းချမ်းရေး တည်ဆောက်လုပ်ငန်းများကို ဆောင်ရွက်နေသော CSOs များကို အဆိုပြုဖော်ထုတ်သည့် နည်းနာကို အသုံးပြုခဲ့သောကြောင့် မြန်မာနိုင်ငံရှိ ငြိမ်းချမ်းရေးလုပ်ငန်းများအပေါ် တစ်ဦးတစ်ယောက်ချင်းစီ၏ နားလည်သိရှိအပေါ် မူတည်၍ သုတေသနပြုရန် နမူနာကိုရွေးချယ်ခဲ့ခြင်း ဖြစ်သည်။

**အစီရင်ခံစာကို အောက်ပါအတိုင်း ရေးသားပြုစုပါသည်။**

- အခန်း ၁ တွင် မြန်မာနိုင်ငံ၏ ပဋိပက္ခဖြစ်ပေါ်စေသော အကြောင်းအရာနှင့် အခြေအနေ အရပ်ရပ်ကို သုံးသပ်စီစစ်ထားပြီး နောက်ခံသမိုင်းကြောင်း သုတေသနများအပြင် ပြန်လည်ဖြေဆိုသူတို့ကလည်း ပဋိပက္ခဖြစ်ပေါ်စေရန်အတွက် ထင်မြင် ယူဆပုံကိုပါ အခြေခံပြီး ပဋိပက္ခ ဆန်းစစ်ခြင်းကို တင်ပြထားပါသည်။
- အခန်း ၂ တွင် အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များကို အထောက်အကူပြုသောအချက်များနှင့် အခက်အခဲဖြစ် စေသောအရာများကို တင်ပြထားပြီး မြန်မာနိုင်ငံရှိ အရပ်ဘက်အဖွဲ့အစည်းများ၏ နောက်ခံသမိုင်းကြောင်းကို ဖော်ပြထားပါသည်။
- အခန်း ၃ တွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် အရပ်ဘက် လူ့အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှု၊ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို အထောက်အကူပြုသော အဖွဲ့အစည်းများနှင့် ဆွေးနွေးပွဲပြင်ပ ငြိမ်းချမ်းရေးတည်ဆောက်မှု ဆောင်ရွက် ချက်များ အပါအဝင် အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းဆောင်ရွက်ချက်များကို သုံးသပ်တင်ပြထားပါသည်။
- အခန်း ၄ တွင် အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းများသည် ဖြေကြားသူများ ဖော်ထုတ် ထားသော(အရပ်ဘက်လူ့အဖွဲ့အစည်း၊ EAOs၊ နိုင်ငံရေးပါတီ၊ အစိုးရ စသည်တို့မှ ဖော်ထုတ်ထားသော)ပဋိပက္ခဖြစ်စေ သည့် အကြောင်းတရားများကို တိုက်ဆိုင်ဖြေရှင်းနိုင်ခြင်း ရှိ မရှိကို လေ့လာဆွေးနွေးထားပါသည်။
- အခန်း ၅ တွင် သုတေသန အချက်အလက်များကို အခြေခံဆန်းစစ်ပြီး အကြံပြုတိုက်တွန်းချက်များကို ရေးဆွဲထားပါသည်။

# အခန်း ၁

## မြန်မာနိုင်ငံရှိ ပဋိပက္ခများ၏ နောက်ခံအခြေအနေ (၂၀၁၁ - ၂၀၁၈)



မြန်မာနိုင်ငံသည် လတ်တလောနှစ်ကာလများအတွင်းတွင် နိုင်ငံအတွင်းနှင့် လူမှုရပ်ရွာများအတွင်းရှိ ပဋိပက္ခပေါင်းများစွာနှင့် လုံးထွေးလျက်ရှိသည်။ ပထမဆုံးပဋိပက္ခတစ်ခုမှာ လက်နက်ကိုင်အဖွဲ့များစွာနှင့် မပြီးဆုံးနိုင်အောင် ကာလရှည်ကြာစွာ ဖြစ်ပွား လျက်ရှိသော ပြည်တွင်းစစ် ဖြစ်သည်။ ဒုတိယတစ်ခုမှာ မြန်မာနိုင်ငံ၏ လူမှုရပ်ရွာများအတွင်း ဘာသာရေးနှင့် လူမျိုးရေးအရ ဖြစ်ပွားနေသည့် ပဋိပက္ခများ ဖြစ်သည်။ တတိယတစ်ခုမှာ နိုင်ငံတော်ပိုင်းမှ အရပ်သားပြည်သူတို့အပေါ် အကြမ်းဖက်နှိပ်ကွပ်မှု ဆန်သော လုပ်ရပ်များရှိခြင်း ဖြစ်သည်။ ပဋိပက္ခတွင်ပါဝင်သော လက်နက်ကိုင်အဖွဲ့များတွင် အရေးအကြီးဆုံး အုပ်စု ၃ စုမှာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ အစိုးရမဟာမိတ် ပြည်သူ့စစ်များနှင့် မြန်မာ့တပ်မတော်တို့ ဖြစ်သည်။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများကို NCA လက်မှတ်ထိုးခြင်း/မထိုးခြင်းအပေါ်တွင် မူတည်ပြီး အပစ်အခတ်ရပ်စဲထားသော အဖွဲ့ များနှင့် လက်မှတ်မထိုးထားသော အဖွဲ့များဟူ၍ နှစ်အုပ်စု ခွဲနိုင်သည်။ အစိုးရမဟာမိတ် ပြည်သူ့စစ်များသည် အမျိုးမျိုးကွဲပြားလျက် ရှိပြီး အဖွဲ့အရွယ်အစား၊ ကျွမ်းကျင်မှု၊ တပ်မတော်ထံမှ သီးခြားလွတ်လပ်မှု စသည့် အနည်းအများအပေါ်မူတည်ပြီး အဖွဲ့အမျိုးမျိုး ကွဲပြားတည်ရှိသည်။ အစိုးရမဟာမိတ်ပြည်သူ့စစ်အဖွဲ့များတွင် အဓိကကွဲပြားခြားနားသည့် အုပ်စုနှစ်စုရှိသည်။ ၎င်းတို့မှာ ပြည်သူ့စစ်အဖွဲ့ငယ် (တစ်ခါတရံ လူထုအခြေပြုပြည်သူ့စစ်ဟုခေါ်သည်) နှင့် တပ်သား ၃၂၆ ဦး ပါသည့် တပ်ရင်းအရွယ်အစားရှိ နယ်ခြားစောင့်တပ်ဟူ၍ ဖြစ်သည်။ ထိုနယ်ခြားစောင့်တပ်ဖွဲ့များကို ၂၀၀၉ နှင့် ၂၀၁၀ ခုနှစ်များတွင် အပစ်အခတ်ရပ်စဲထားသော အဖွဲ့များ (သို့) အစိုးရမဟာမိတ်ပြည်သူ့စစ်အဖွဲ့များနှင့် တပ်မတော်မှ တပ်သားများပေါင်းစည်းပြီး ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ (ဝေါဟာရ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ကြည့်ရန်)[၇]

၂၀၁၁ ခုနှစ်နောက်ပိုင်း ကာလသည် မြန်မာနိုင်ငံ၏ နှစ် ၆၀ ကြာ ပဋိပက္ခများအတွင်း အဆိုးဆုံး လက်နက်ကိုင်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည့် ကာလဖြစ်သည်။ ကရင်၊ ရှမ်းနှင့် ကချင်ပြည်နယ်များတွင် ကာလရှည်ကြာတည်တံ့ခဲ့သော အပစ်အခတ်ရပ်စဲမှု ကျိုးပေါက်သွားမှုနှင့်အတူ (၂၀၁၁ ခုနှစ်တွင် ၄ ခု၊ ၂၀၁၂ ခုနှစ်တွင် ၉ ခု နှင့် ၂၀၁၃ ခုနှစ်တွင် ၁ ခု) အသစ်ရယူခဲ့သော အပစ်အခတ် ရပ်စဲမှု အများအပြား၏နောက်တွင် ၂၀၁၅ ခုနှစ် အောက်တိုဘာလ၌ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို မြန်မာနိုင်ငံအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၈ ခုတို့အကြား ချုပ်ဆိုခဲ့သည်။ နောက်ထပ် EAO နှစ်ဖွဲ့ (လားဟူဒီမိုကရက်တစ်တပ်ပေါင်းစုနှင့် မွန်ပြည်သစ်ပါတီ) တို့သည် ၂၀၁၅ ခုနှစ်ကတည်းက NCA ကို လက်မှတ်ထိုးခဲ့ကြသည်။

**ဇယား ၄။ - ၂၀၁၁ နှင့် ၂၀၁၅ ခုနှစ်အတွင်း လက်မှတ်ရေးထိုးခဲ့သော အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုများ [၈]**

| လက်နက်ကိုင်အဖွဲ့အစည်း | NCA မတိုင်ခင် နောက်ဆုံး အပစ်အခတ်ရပ်စဲမှု | တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) |
|---|---|---|
| ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) | ၀၅/၀၄/၂၀၁၂ | ၁၅ အောက်တိုဘာ ၂၀၁၅ တွင် NCA လက်မှတ်ထိုး |
| ချင်းအမျိုးသားတပ်ဦး (CNF) | ၀၇/၀၅/၂၀၁၂ | ၁၅ အောက်တိုဘာ ၂၀၁၅ တွင် NCA လက်မှတ်ထိုး |
| ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) | ၁၁/၁၂/၂၀၁၁ | ၁၅ အောက်တိုဘာ ၂၀၁၅ တွင် NCA လက်မှတ်ထိုး |
| ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) | ၀၉ /၀၆/ ၂၀၁၂ | လက်မှတ်မထိုးရသေး |
| ကရင်အမျိုးသားအစည်းအရုံးနှင့် ကရင် အမျိုးသားလွတ်မြောက်ရေးတပ်မတော် ငြိမ်းချမ်းရေးကောင်စီ (KNU) | ၀၇/၀၄/၂၀၁၂ | ၁၅ အောက်တိုဘာ ၂၀၁၅ တွင် NCA လက်မှတ်ထိုး |
| ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) | ၂၄/၀၂/၁၉၉၄ | လက်မှတ်မထိုးရသေး |
| ကရင်အမျိုးသားအစည်းအရုံးနှင့် ကရင် အမျိုးသားလွတ်မြောက်ရေးတပ်မတော် ငြိမ်းချမ်းရေးကောင်စီ (KPC) | ၀၇/၀၂/၂၀၁၂ | ၁၅ အောက်တိုဘာ ၂၀၁၅ တွင် NCA လက်မှတ်ထိုး |

[၇] John Buchanan, "Militias in Myanmar", (The Asia Foundation, 2016), iii.

[၈] http://www.mmpeacemonitor.org/peace-process/negotiation-timeline (accessed, 22.12.2018)

| | | |
|---|---|---|
| **လားဟူဒီမိုကရက်တစ် အစည်းအရုံး (LDU)** | - | ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ |
| **အမျိုးသားဒီမိုကရေစီ သွေးစည်းညီညွတ်ရေးတပ်မတော် (NDAA-ESS)** | ၂၇/၁၂/၂၀၁၁ | လက်မှတ်မထိုးရသေး |
| **မွန်ပြည်သစ်ပါတီ (NMSP)** | ၀၁/၀၂/၂၀၁၂ | ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ |
| **နာဂအမျိုးသား ဆိုရှယ်လစ်ကောင်စီ-ကပ်ပလန် (NSCN-K)** | ၀၉ /၀၄/ ၂၀၁၂ | လက်မှတ်မထိုးရသေး |
| **ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ (PNLO)** | ၂၃/၀၃/၂၀၁၃ | ၁၅ အောက်တိုဘာ ၂၀၁၅ တွင် NCA လက်မှတ်ထိုး |
| **သျှမ်းပြည်တပ်မတော် (မြောက်ပိုင်း) / သျှမ်းပြည်တိုးတက်ရေးပါတီ (SSA / SSPP)** | ၂၈/၀၁/၂၀၁၂ | လက်မှတ်မထိုးရသေး |
| **သျှမ်းပြည်တပ်မတော် (တောင်ပိုင်း)/ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (SSA / RCSS)** | ၁၆/၀၁/၂၀၁၂ | ၁၅ အောက်တိုဘာ ၂၀၁၅ တွင် NCA လက်မှတ်ထိုး |
| **ဝပြည် သွေးစည်းညီညွတ်ရေး တပ်မတော်/ ပါတီ (UWSA)** | ၂၅/၁၂/၂၀၁၁ | လက်မှတ်မထိုးရသေး |
| **မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)** | - | ၁၅ အောက်တိုဘာ ၂၀၁၅ တွင် NCA လက်မှတ်ထိုး |

မြန်မာနိုင်ငံတွင်ရှိသော ဒုတိယ ပဋိပက္ခပုံစံမှာ ဘာသာရေးနှင့် လူမျိုးရေးအစုအဖွဲ့ အချင်းချင်းကြားဖြစ်ပွားသော ပဋိပက္ခဖြစ်သည်။ အဆိုပါ ပဋိပက္ခများကို အရပ်သားလက်နက်ကိုင်အဖွဲ့များ (သို့မဟုတ်) ယာယီဖွဲ့စည်းထားသော ကိုယ့်မင်းကိုယ့်ချင်းအဖွဲ့များက ကျူးလွန်ခြင်း ဖြစ်သည်။ အဆိုပါ ပဋိပက္ခများတွင် ရည်ရွယ်ချက်ရှိရှိ ကြံစည်မှုကြောင့် ပိုင်ဆိုင်ပစ္စည်းများ ဖျက်ဆီးခံရခြင်းနှင့် နေရပ်စွန့်ခွာထွက်ပြေးစေမှုများအထိပါဝင်သော အကြီးစား အကြမ်းဖက်မှုများမှသည် ကောလာဟလများနှင့် သတင်းမှားများကြောင့် ဒေသတွင်း ပဋိပက္ခများကို ဖြစ်ပေါ်စေသော အသေးစား အကြမ်းဖက်မှုများအထိ ပါဝင်သည်။

တတိယတစ်ခုမှာ မြန်မာနိုင်ငံတွင်ရှိသော "တစ်ဖက်သတ် အကြမ်းဖက်မှု" ပုံစံဖြစ်ပြီး ၎င်းတွင် အရပ်သားပြည်သူများကို EAO များ၊ ပြည်သူ့စစ်များ၊ နယ်ခြားစောင့်တပ် (BGF) နှင့် တပ်မတော်တို့မှ တိုက်ခိုက်မှုများ ပါဝင်သည်။ ၎င်းတို့တွင် စော်ကားမှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု (သို့) လူသတ်မှု စသည်တို့ကို ပြည်သူတို့အပေါ် ချိုးဖောက်ခြင်း၊ ပြည်သူတို့၏ ငြိမ်းချမ်းစွာနိုင်ငံရေးသဘောထားအမြင်ထုတ်ဖော်မှုကို ပြင်းထန်စွာ တုံ့ပြန်ခြင်းနှင့် စီးပွားရေး (သို့) ဗျူဟာတစ်ခုခုခင်းရန်အတွက် ပြည်သူတို့ကို နေရပ်စွန့်ခွာစေခြင်း စသည်တို့ ပါဝင်သည်။

အရပ်သားပြည်သူများကို အင်အားသုံးကာ နေရပ်စွန့်ခွာသွားစေရန် ပြုလုပ်ခဲ့သည့် အထင်ရှားဆုံးသာဓကမှာ ဘင်္ဂလာဒေ့ရှ်နှင့် ထိစပ်လျက်ရှိသော မြန်မာနိုင်ငံနယ်စပ်ရှိ လူနည်းစု ရိုဟင်ဂျာလူမျိုးများကို အင်အားသုံးရွှေ့ပြောင်းစေကာ တိုက်ခိုက်ခြင်းဖြစ်သည်။ တခြားသောဖြစ်စဉ်တစ်ခုအနေဖြင့် ကချင်ပြည်နယ်ရှိ ထောင်ပေါင်းများစွာသော ကချင်ပြည်သူများအား အင်အားသုံးရွှေ့ပြောင်းစေခြင်း အပါအဝင် အရပ်သားပြည်သူများ အစုလိုက်အပြုံလိုက် နေရပ်စွန့်ခွာထွက်ပြေးနေရခြင်းမျိုးလည်း ဆက်လက်ဖြစ်ပွားနေသည်။

**ဇယား ၅။ မြန်မာနိုင်ငံရှိ ပဋိပက္ခပုံစံ၊ ဖြစ်နေမြဲ ပဋိပက္ခပုံစံနှင့် ပါဝင်ပတ်သက်သူများ**


| ပဋိပက္ခပုံစံ | ပါဝင်ပတ်သက်သူများ | ဖြစ်နေကျ ပဋိပက္ခပုံစံများ |
|---|---|---|
| **အုပ်စုအချင်းချင်းကြား ပဋိပက္ခ** | - ကိုယ့်မင်းကိုယ့်ချင်းအဖွဲ့များ<br>- ဘာသာရေးနှင့် အမျိုးသားရေးဝါဒပိုင်းဆိုင်ရာ အစွန်းရောက်သူများ<br>- အရပ်သား လက်နက်ကိုင်အဖွဲ့များနှင့် ပြည်သူ့စစ်များ | - ရည်ရွယ်ချက်ရှိရှိ စုစည်းကြံစည်ထားသော ပိုင်ဆိုင်ပစ္စည်းများ ဖျက်ဆီးခံရခြင်းနှင့် နေရပ်စွန့်ခွာ ထွက်ပြေးစေမှုများအထိ ပါဝင်သော အကြီးစားအကြမ်းဖက်မှု<br>- ကောလာဟလများနှင့် သတင်းမှားများကြောင့် ဒေသတွင်း ပဋိပက္ခများကို ဖြစ်ပေါ်စေသော အသေးစား အကြမ်းဖက်မှုများ |
| **ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခ** | - နိုင်ငံတော်၏ လုံခြုံရေးတပ်များ (အထူးသဖြင့် တပ်မတော်)<br>- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ<br>- အစိုးရလက်အောက်ခံ ပြည်သူ့စစ်<br>- အစိုးရကိုဆန့်ကျင်သော ပြည်သူ့စစ် | - တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်ကြားရှိ လက်နက်ကိုင် ပဋိပက္ခ<br>- တိုင်းရင်းသား လက်နက်ကိုင် အချင်းချင်းကြားနှင့် လက်နက်ကိုင်အဖွဲ့အတွင်း ဖြစ်ပွားသော ပဋိပက္ခ<br>- တိုင်းရင်းသား လက်နက်ကိုင်များနှင့် ပြည်သူ့စစ် |
| **တစ်ဖက်သတ်အကြမ်းဖက် နှိပ်ကွပ်မှုများ (နိုင်ငံတော်၏ အကြမ်းဖက်နှိပ်ကွပ်မှု အပါအဝင်)** | - လက်နက်ကိုင်များအားလုံး(တိုင်းရင်းသား လက်နက်ကိုင်များ၊ နယ်ခြားစောင့်တပ်ဖွဲ့၊ ပြည်သူ့စစ်၊ တပ်မတော်၊ အခြားနိုင်ငံတော်၏ လုံခြုံရေးအဖွဲ့များ) | - အရပ်သားများအပေါ် လက်နက်ကိုင်အဖွဲ့များက တိုက်ခိုက်ခြင်း။<br>- အရပ်သားနှင့် နိုင်ငံတော်လုံခြုံရေးကြား ဖြစ်ပွားသော လက်နက်ကိုင်တိုက်ပွဲများ<br>- စီးပွားရေးနှင့် မဟာဗျူဟာရည်ရွယ်ချက်ဖြင့် အတင်းအကျပ် အင်အားသုံး၍ နေရာရွှေ့ပြောင်းစေမှုများ။ |

ဤသုတေသနတွင် လေ့လာခဲ့သော ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးတွင် မတူညီသော ပဋိပက္ခအကြောင်းချင်းရာအမျိုးမျိုး ဖြစ်ပေါ်တည်ရှိနေသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ လေ့လာမှုများသည် ပဋိပက္ခသဘောတရားအမျိုးမျိုးကို ထုတ်ဖော်ခဲ့သည်။ ပဋိပက္ခပုံစံအမျိုးမျိုးကို ပုံ ၁ တွင် တွေ့ရှိနိုင်သည်။ အောက်ဖော်ပြပါမြေပုံကို လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားရာ နေရာနှင့် ဖြစ်ပွားမှု ဒေတာရင်းမြစ် Armed Conflict Location and Events Database (ACLED)[၆] မှ ရယူထားသည်။ ၎င်းတွင် အပြာရင့်ရောင်ဖြင့် EAO များနှင့် တပ်မတော်တို့အကြား တိုက်ခိုက်မှုများ၊ အပြာနုရောင်ဖြင့် အရပ်သားပြည်သူများကို တိုက်ခိုက်မှု၊ အဝါရောင်ဖြင့် (အထူးသဖြင့် ကချင်နှင့် ရှမ်းပြည်နယ်တို့တွင် ဖြစ်ပွားခဲ့သည့်) ဗုံးကြဲတိုက်ခိုက်ခြင်းတို့ကို ပြထားသည်။ လေ့လာမှုပြုလုပ်နေသော ကာလအတွင်းတွင် ကရင်ပြည်နယ်တွင် တိုက်ပွဲတချို့ ဖြစ်ပေါ်ခဲ့သည်။ တိုင်းပြည်၏ ကျန်သောနေရာများ တွင်ရပ်ရွာတစ်ခုနှင့်တစ်ခုအကြားဖြစ်ပွားသောအကြမ်းဖက်မှုများ(သို့)အခြားနိုင်ငံရေးနှင့်ဆက်နွယ်သည့်ပြည်သူ့ဆန္ဒထုတ်ဖော်မှုများနှင့် ပတ်သက်သည့် အကြမ်းဖက်မှုများ (လိမ္မော်ရောင်) ကို ပိုမိုတွေ့ရှိရမည် ဖြစ်သည်။

The Armed Conflict Location & Event Data Project (ACLED) သည် ပဋိပက္ခဖြစ်ပွားမှုများကို စုဆောင်းကောက်ယူခြင်း၊ လေ့လာဆန်းစစ်ခြင်း နှင့် အရေးအခင်းများကို မြေပုံ (mapping) ရေးဆွဲသော စီမံကိန်းတစ်ခု ဖြစ်သည်။ ACLED သည် အာဖရိက၊ တောင်အာရှ၊ အရှေ့တောင်အာရှ၊ အရှေ့အလယ်ပိုင်း၊ ဥရောပနှင့် လက်တင်အမေရိကနိုင်ငံများရှိ အစီရင်ခံလာသော နိုင်ငံရေး ဆူပူအုံကြွမှုများနှင့် ဆန္ဒပြမှုများ၏ နေ့စွဲ၊ တည်နေရာ၊ သေဆုံးမှု အချက်အလက်များကို ကောက်ယူပေးသည်။

[၆] https://www.acleddata.com/dashboard/ [accessed 11.11.2018]

**ပုံ ၁။ လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွားရာနေရာနှင့် ဖြစ်စဉ်အချက်အလက်စီမံကိန်း (ACLED) မှ ဖြစ်စဉ်ပြမြေပုံ (၂၀၁၅-၂၀၁၈)**




● စစ်ပွဲများ ● အရပ်သားပြည်သူများအပေါ် အကြမ်းဖက်မှုများ ● ဝေးလံသောဒေသများရှိ အကြမ်းဖက်မှုများ ● အဓိကရုဏ်းများ/ဆန္ဒပြမှုများ ● အခြား

## မြန်မာနိုင်ငံတွင်ရှိသော ပဋိပက္ခကို ဖြစ်ပွားစေသည့် အကြောင်းအရာများ

ပဋိပက္ခများတွင် များစွာဆက်စပ်လျက်ရှိသော အကြောင်းအရာများစွာကို အရပ်ဘက်အဖွဲ့အစည်းများအပြင် EAO များ၊ နိုင်ငံရေးပါတီများ၊ အစိုးရကိုယ်စားလှယ်များစသည့် ကဏ္ဍအသီးသီးမှ ဖြေကြားခဲ့သည်။

- နိုင်ငံရေးစနစ်
- ပဋိပက္ခများကို အခွန့်ရှည်စေသည့် စီးပွားရေးမက်လုံးများ
- လူမျိုး/ဘာသာဆိုင်ရာ ညီမျှစွာပါဝင်ခွင့်မရှိမှုနှင့် အားလုံးသာတူညီမျှစွာ ပါဝင်ခွင့်ရှိသော အမျိုးသားကြွန်အင် လက္ခဏာရပ်တစ်ခု မရှိခြင်း
- ပဋိပက္ခ၏ အမွေ
- လွတ်လပ်မှု၊ ဒီမိုကရေစီနှင့် ဒီမိုကရေစီနည်းလမ်းတကျ တာဝန်ခံမှု မရှိခြင်း

ပဋိပက္ခကို ဖြစ်ပေါ်စေသောအကြောင်းအရာများကို ထုတ်နုတ်ရာတွင် ဖြေဆိုသူမှ ဖြေကြားသည့်အဖြေများကို တူရာတူရာစုပြီး ကုဒ်သတ်မှတ်ခြင်းအားဖြင့် ခြုံငုံသုံးသပ်သောနည်းလမ်းကို အသုံးပြုပြီး ဖော်ထုတ်ထားသည်။ ထို့နောက်တွင်မှ ဖြေဆိုသူတို့၏ အဖြေများကို Desk Research လေ့လာမှုနှင့် ဖြည့်စွက်သုံးသပ်ထားသည်။

## နိုင်ငံရေးစနစ် - ဗဟိုဦးစီးသော/ချန်လှပ်သော အုပ်ချုပ်မှုပုံစံ

EAO များနှင့် တပ်မတော်တို့အကြား လက်နက်ကိုင်ပဋိပက္ခ၏ မူလဇစ်မြစ်မှာ ကိုလိုနီခေတ်အလွန် ဗမာ/မြန်မာနိုင်ငံတော် စတင်စဉ်ကတည်းက အခြေခံခဲ့သည်။ မြန်မာနိုင်ငံရှိ ပဋိပက္ခသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် စီရင်ခွင့်အတွက် အရေးဆိုနေကြသော တိုင်းရင်းသားအဖွဲ့များအကြား အငြင်းပွားမှုများနှင့် ရန်ကုန်တွင် အစိုးရရုံးစိုက်သည့် တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သော ဗဟိုဦးစီးစနစ်ကို အလေးသာသူတို့ထံမှ ခြေရာခံသည်။ ထိုတင်းမာမှုကို ဖြေရှင်းနိုင်ခြင်း မရှိခဲ့သေးဘဲ လက်ရှိအချိန်အထိလည်း ပဋိပက္ခ၏ ပင်မအကြောင်းအရာ ဖြစ်နေသေးသည်။

နိုင်ငံရေးစနစ်သည် အဓိကပြဿနာဖြစ်သည်ဟု အရပ်ဘက်အဖွဲ့အစည်းများနှင့် မီဒီယာများမှ ၃၅% သော ဖြေဆိုသူများမှ ထုတ်ဖော်ခဲ့ကြသည်။ မြန်မာနိုင်ငံရှိ ပဋိပက္ခများကို ဖြစ်ပေါ်စေသော အဓိက နိုင်ငံရေးပြဿနာရပ်များသည် ဖက်ဒရယ်စနစ်အပေါ် သဘောတူညီမှု မရှိခြင်းနှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်မည်လား၊ မည်သို့မည်ပုံ ပြင်ဆင်မည်နည်းဟူသည့် အခြေအနေတို့ အပေါ်တွင် ဖြစ်တည်နေသည်ဟု ထိုဖြေကြားခဲ့သူများအားလုံးမှ နားလည်ထားကြသည်။ (ခန်းမှန်းခြေ ၁၃% သော) ဖြေကြားသူများမှ ၎င်းသည် တပ်မတော်၏ ဖက်ဒရယ်စနစ် (သို့) ဖွဲ့စည်းပုံ အခြေခံဥပဒေပြောင်းလဲမှုအပေါ် ခေါင်းမာနေမှုနှင့် ဆက်စပ်သည်ဟုဆိုသည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် မီဒီယာကိစ္စရပ်များနှင့်ပတ်သက်ပြီး ဆောင်ရွက်လျက်ရှိသော ရန်ကုန်အခြေပြု အရပ်ဘက်အဖွဲ့အစည်းတစ်ခုမှ "ဦးသိန်းစိန်က ဖွဲ့စည်းပုံ အခြေခံဥပဒေကို ငြိမ်းချမ်းရေးရပြီးမှ ပြင်မယ်လို့ ပြောခဲ့တယ်။ အခုလက်ရှိ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ရဲ့ မိန့်ခွန်းမှာကျတော့ ငြိမ်းချမ်းရေးရပြီးရင်တောင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်လို့မရဘူးဆိုပြီးပါတယ်။ ပြင်လို့မရဘူးဆိုရင်တော့ ပြဿနာတွေက ပုံစံအမျိုးမျိုးနဲ့ ပေါ်လာနေဦးမှာပဲ" [၁၀] ဟု ဆိုခဲ့သည်။

၁၉၄၈ ခုနှစ်ကတည်းက မြန်မာနိုင်ငံ၏ အုပ်ချုပ်မှုမှာ ဗဟိုဦးစီးမှုများသော အုပ်ချုပ်မှုပုံစံနှင့် (အထူးသဖြင့် တပ်မတော်မှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များအနေဖြင့် တချို့နေရာဒေသများတွင် အပ်နှင်းပေးထားသော)[၁၁] ကိုယ်ပိုင်စီရင်အုပ်ချုပ်ခွင့်ပုံစံများ ပေါင်းစပ်ထားခြင်းမျိုးဖြစ်သည်။ ယခင် SPDC (၁၉၈၈-၂၀၁၁ ကာလအတွင်း အာဏာရခဲ့သော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (SLORC)/ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(SPDC)) ခေတ်နှင့် နှိုင်းစာလျှင် အုပ်ချုပ်ရေးအာဏာကို ဗဟိုချုပ်ကိုင်မှုမှ ပိုမိုဖြေလျှော့လာခဲ့သော်လည်း မြန်

[၁၀] ဤစာအုပ်အတွင်းရှိ ကိုးကားချက်များသည် မူရင်းဘာသာစကားဖြင့်ဖြေကြားထားသော တွေ့ဆုံမေးမြန်းမှုကို ဘာသာပြန်ထားသော မှတ်စုများမှ ထုတ်နုတ်ယူထားခြင်း ဖြစ်သည်။ မူရင်းမှတ်တမ်းကို ကူးယူထားခြင်းထက် ပိုမိုကျစ်လစ်အောင် ပြင်ဆင်ထားခြင်း ဖြစ်သည်။ ထို့ကြောင့် တိုက်ရိုက် ကိုးကားယူခြင်းမျိုးမဟုတ်ဘဲ အနက်ပြန်ထားခြင်းအဖြစ် မှတ်ယူသင့်သည်။

[၁၁] Richard Batcheler, "State and Region Governments in Myanmar," (Yangon: The Asia Foundation, 2018).

မာနိုင်ငံအုပ်ချုပ်ရေးစနစ်သည် ဗဟိုဦးစီးမှုကဲနေဆဲပင်ဖြစ်သည်။ [၁၂] NLD အစိုးရသည် SLORC/SPDC နှင့် (၂၀၁၄ မတိုင်မီအထိ) SPDC ၏ အရပ်သားအစိုးရပါတီဖြစ်သည့် USDP တည်ထောင်ခဲ့သော ဗဟိုချုပ်ကိုင်သည့် လုပ်ထုံးအများအပြားကို ဆက်လက်ကျင့်သုံးလျက်ရှိသည် (အချို့ကိုသာ အနည်းငယ်ပြောင်းလဲသည်)။ ဥပမာ - သမ္မတသည် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများတွင် ရာထူးကြီးနေရာများကို ဆက်လက်ခန့်အပ်ခြင်း၊ ပူးတွဲခန့်အပ်ခြင်း (သို့) ခွင့်ပြုပေးခြင်း။ [၁၃]

ချန်လှပ်သော (အားလုံးမျှတစွာ ပါဝင်ခွင့်မရှိသော) အုပ်ချုပ်မှုပုံစံတစ်ရပ်သည် တိုင်းရင်းသား လူနည်းစုအုပ်စုများမှ နိုင်ငံရေးရာထူးနေရာများကို လက်လှမ်းမီစေရန် အကန့်အသတ်ဖြစ်စေသည်။ မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးကို ရန်ကုန်နှင့် နေပြည်တော်တွင် အခြေစိုက်သော ဗမာလူမျိုးအုပ်ချုပ်သူများမှ လွှမ်းမိုးထားဆဲဖြစ်သည်။ EAO များနှင့် ၎င်းတို့၏ မိတ်ဖက်နိုင်ငံရေးပါတီများ၏ နိုင်ငံရေးကိုယ်စားပြုမှုကိုလည်း ဖြေဆိုသူများမှ ထုတ်ဖော်ခဲ့ကြသည်။ ဥပမာ - ပြည်နယ်အဆင့် CSO ကွန်ရက်တစ်ခု၏ အဆိုအရ "EAO တွေနဲ့ သူတို့ရဲ့ နိုင်ငံရေးဝိုဏ်းတွေက ပြည်သူရဲ့ လိုအပ်ချက်တွေနဲ့ ဆန္ဒများကို ကိုယ်စားပြုမနေဘူး။ သူတို့ရဲ့ နိုင်ငံရေးနှင့် စီးပွားရေးအကျိုးနောက်ပဲ လိုက်နေကြတယ်။ EAO နဲ့ အစိုးရသာ သဘောတူညီချက်ယူနိုင်ပြီဆိုရင်တော့ ရပ်ရွာတွေရဲ့ အခြေအနေလည်း တိုးတက်လာလိမ့်မယ်။" ဟု ဖြေကြားခဲ့သည်။

## စီးပွားရေးမက်လုံးများ - မူးယစ်ဆေးဝါး၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝအရင်းအမြစ်များ

စီးပွားရေးပြဿနာရပ်များသည် ပဋိပက္ခကို ဖြစ်ပေါ်စေသည်ဟု ဖြေဆိုသူအများအပြားမှ ထုတ်ဖော်ကြသည်။ စီးပွားရေး ကိစ္စရပ်ဟုဆိုရာတွင် ဒေသတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးမှုမညီမျှမှုများနှင့် သဘာဝအရင်းအမြစ် ပိုင်ဆိုင်မှုတို့ ပါဝင်ပြီး ထိုမက်လုံးများသည် ပဋိပက္ခကို အစွန့်ရှည်စေသည်။ ကချင်ပြည်နယ်ရှိ CSO တစ်ခုမှ စီမံကိန်း ဝန်ထမ်းတစ်ဦးမှ "ချင်းပြည်နယ်မှာ ဘာလက်နက်ကိုင် ပဋိပက္ခမှ မရှိဘူး၊ ရခိုင်၊ ကချင်နဲ့ ရှမ်းမြောက်မှာပဲရှိတယ်။ ချင်းမှာက အမြတ်ထုတ်စရာ ဘာသဘာဝအရင်းအမြစ်မှ မရှိဘူးလေ။" ဟု ဆိုခဲ့သည်။

လက်မှတ်မရေးထိုးရသေးသော တိုင်းရင်းသားလက်နက်အဖွဲ့အစည်းများ(ယခင်နှင့် ယခု)မှာ ၎င်းတို့၏ ငွေကြေးအရအဆင်ပြေမှုရှိရန်အတွက် ၎င်းတို့ထိန်းချုပ်ထားသောနယ်မြေများရှိ သဘာဝသယံဇာတများကို မှီခိုအမြတ်ထုတ်အသုံးချကြသလို မူးယစ်ဆေးဝါးအမျိုးအစားများဖြစ်ကြသော ဘိန်းနှင့်စိတ်ကြွဆေးများကို ပြည်ပသို့တင်ပို့ခြင်းလုပ်ငန်းများကို ပြုလုပ်ကြသည်။ [၁၃]

တပ်မတော်နှင့်တပ်မတော်အရာရှိဟောင်းများ၏ မိသားစုဝင်များသည် မြန်မာနိုင်ငံ၏သဘာဝအရင်းအမြစ်များကို မိမိအကျိုးအမြတ်အတွက် အမြတ်ထုတ်အသုံးပြုရန်အတွက် များစွာစိတ်ပါဝင်စားကြသည်။ ထို့ကြောင့် ပဋိပက္ခဖြစ်နေသော နယ်မြေများကို ထိန်းချုပ်ကွပ်ကဲရခြင်းသည် ထိုနယ်မြေရှိ သဘာဝသယံဇာတအရင်းအမြစ်များကို မိမိအကျိုးအမြတ်အတွက် အမြတ်ထုတ် အသုံးပြုနိုင်သည့် အခွင့်အရေးများနှင့် ဆက်စပ်မှုရှိလေသည်။ [၁၄]

အပစ်အခတ်ရပ်စဲရေးဇုန်များတွင်မူ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်အဖွဲ့အစည်းများကြား ဆက်ဆံရေးမှာ သဘာဝသယံဇာတအရင်းအမြစ်များကို အမြတ်ထုတ်သုံးစွဲခြင်းနှင့်ထိန်းချုပ်ထားခြင်းနှင့်ဆက်စပ်သော အကြောင်းအရာများဖြင့်သာ ယနေ့ထိတိုင် တွေ့ရှိရသည်။ စစ်အစိုးရလက်ထက် ၁၉၈၀ ပြည့်နှစ်များအတွင်း SLORC နှင့် နောက်ပိုင်း SPDC တို့သည် ယခင် EAO မှ ထိန်းချုပ်ထားသော နယ်စပ်ဒေသများတွင် အပစ်အခတ်ရပ်စဲရေးကို သဘောတူစေရန်နှင့် အချို့သော တပ်မတော်လုပ်ငန်းစဉ်များတွင် အခါအားလျော်စွာ ပါဝင်စေရန်အတွက် ဖွံ့ဖြိုးရေး၊ စီးပွားရေးအခွင့်အလမ်းများနှင့် တိုင်းပြည်မှဝန်ဆောင်မှုများ ထောက်ပံ့ ပေးခြင်းတို့ကို အပြန်အလှန်လုပ်ဆောင်ပေးခြင်းဖြင့် ထိန်းချုပ်မှုဗျူဟာတစ်ရပ်ကို အခိုင်အမာစတင်ခဲ့သည်။ စီးပွားရေးနှင့်လုပ် ငန်းအခွင့်အလမ်းများမှာ အများအားဖြင့် "သစ်၊ အဖိုးတန်ဓာတ်သတ္တုများ၊ ကျောက်များ၊ ဓာတ်ငွေ့နှင့် ဆီ" ကဲ့သို့သော သဘာဝအရင်းအမြစ်များထုတ်ယူသုံးစွဲခွင့်များဖြစ်ကြသည်။ [၁၅] ထိုအစီအမံများတွင်ထုတ်ဖော်ပြောဆိုထားခြင်းမရှိသော EAO များ၏ ဘိန်းကုန်သွယ်မှုအတွက် အထောက်အပံ့များလည်း ပါဝင်သည်။ [၁၆] လက်ရှိတွင် အပစ်အခတ်ရပ်စဲထားသောဇုန်များတွင်ရှိသည့် စီးပွားရေးလုပ်ဆောင်ချက်များတွင် စိုက်ပျိုးစီးပွားစီမံကိန်းများနှင့် မြစ်ဆုံနှင့်သံလွင် ရေအားလျှပ်စစ်စီမံကိန်းကဲ့သို့သော အရေးပါ သော စီးပွားရေးနှင့် အခြေခံအဆောက်အအုံစီမံကိန်းများပါဝင်သည်။ [၁၇] ဖွံ့ဖြိုးရေးစီမံကိန်းကြီးများသည် ပဋိပက္ခကို ဖြစ်ပွားစေသည့် အကြောင်းအရင်းဖြစ်သည်ဟု တချို့ဖြေဆိုသူများမှ ထုတ်ဖော်ကြသည်။ ရှမ်းပြည်နယ်လွှတ်တော်အမတ်တစ်ဦးမှ

[၁၂] Ibid.

[၁၃] Anshuman Behera, 'Insurgency, Drugs and Small Arms in Myanmar,' Strategic Analysis 41, no. 1 (2017): 41-42; Patrick Meehan, 'Fortifying or Fragmenting the State? The Political Economy of the Opium/Heroin Trade in Shan State, Myanmar, 1988-2013,' Critical Asian Studies 47, no. 2 (2015).

[၁၄] Damien Kingsbury, 'Political Transition in Myanmar: Prospects and Problems,' Asian Politics & Policy 6, no. 3 (2014): 161-62; Lee Jones, 'The Political Economy of Myanmar's Transition,' Journal of Contemporary Asia 44, no. 1 (2014).

[၁၅] Lee Jones,"The Political Economy of Myanmar's Transition," Journal of Contemporary Asia 44, no. 1 (2014). :152

[၁၆] Ibid., 151-52.

"ပဋိပက္ခ အသေးလေးများ" သည် ရှမ်းပြည်နယ်တွင် အကောင်အထည်ဖော်လျက်ရှိသည့် (ဥပမာ - လျှပ်စစ်ဓာတ်အား ထုတ်လုပ်သော ဆည်များ၊ မူဆယ်-နမ့်ခမ်းဒေသများတွင်ရှိသော အထူးစီးပွားရေးဇုန်များ) စသည့်စီမံကိန်းကြီးများကို အာရုံပြောင်းစေရန် လုပ် ဆောင်ခြင်းဟု ယူဆသည်။

မြန်မာနိုင်ငံတွင် ကျင့်သုံးနေသော ဗဟိုချုပ်ကိုင်မှုဖြေလျော့သည့် အုပ်ချုပ်မှုစနစ်ပုံစံသည် EAO ၏ ခေါင်းဆောင်များ (သို့) ၎င်းတို့၏ မိတ်ဖက်နိုင်ငံရေး အဖွဲ့အစည်းများအတွင်း တိုင်းရင်းသား အခွင့်ထူးခံ လူတန်းစားအလွှာတစ်ရပ်ကို ဖြစ်ပေါ်လာစေသည်။ ထိုအခွင့် ထူးခံများ၏ တိုင်းရင်းသားဒေသများအပေါ် ဘက်လိုက်သော စီးပွားရေးအမြတ်ထုတ်မှုများကြောင့် ဒေသခံများမှ ခေါင်းဆောင်များ အပေါ် မကျေမချမ်းဖြစ်လာကြသည်။ အထူးသဖြင့် မြေယာသိမ်းဆည်းမှုများနှင့် အမျိုးမျိုးသော နေရပ်စွန့်ခွာရမှုများကို ဖြစ်ပေါ်စေ သော စီးပွားရေးနှင့်ဖွံ့ဖြိုးရေးလုပ်ဆောင်ချက်များ အရှိန်အဟုန်မြင့်လာခြင်းသည် အဆိုပါအခြေအနေကို ပိုမိုဆိုးရွားသွားစေ သည်။[၁၆]

## တိုင်းရင်းသား/ဘာသာရေးဆိုင်ရာ ဖယ်ကြဉ်မှုနှင့် ဘက်လိုက်မှုမရှိ၊ အားလုံးပါဝင်လက်ခံကျင့်သုံးသော အမျိုးသား ကြန်အင် လက္ခဏာ ရပ်တစ်ခု မရှိခြင်း

မြန်မာနိုင်ငံတွင်ရှိသော ပဋိပက္ခများကို တိုင်းရင်းသားလူမျိုးနှင့် ဘာသာရေးအုပ်စုတို့အကြား တင်းမာမှုများမှ တွန်းပို့နေသည်ဟု ဖြေဆိုသူများမှ နားလည်ထားကြသည်။ ထိုကိစ္စသည် နိုင်ငံရေးစနစ်၏ သဘာဝနှင့် အသေးစိတ် ဆက်စပ်လျက်ရှိသည်။ အကြောင်း မှာ မြန်မာနိုင်ငံ၏ EAO များမှ တောင်းဆိုသော ကိုယ်ပိုင်စီရင်အုပ်ချုပ်ခွင့်သည် တိုင်းရင်းသားများ ဖွင့်ဆိုထားသော အမျိုးသားရေး စိတ်ဓာတ်ဖြစ်သည်ဟု ရှုမြင်ကြသည်။ တိုင်းရင်းသားအချင်းချင်း ဖြစ်ပွားသော ပဋိပက္ခများကို ဖြေဆိုသူများမှ အစီရင်ခံခဲ့ကြသည်။ ၎င်းတို့အထဲတွင် အများဆုံးဖော်ပြခံရသော ကိစ္စရပ်မှာ ဗမာကြီးစိုးရေး (တစ်ခါတရံ အင်အားကြီးသူမှ ကြီးစိုးရေး) ဟူသော အချက် ဖြစ်ပြီး ၎င်းတွင် နိုင်ငံတော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့်ဆင့်ရှိ အုပ်ချုပ်ရေးနေရာများတွင် မြန်မာများ လွှမ်းမိုးထားခြင်းနှင့် တပ်မတော်ကို မြန်မာလူမျိုးများဖြင့်သာ ဖွဲ့စည်းထားခြင်းတို့ ပါဝင်သည်။ ၎င်းတို့မှာ "မြန်မာ" နိုင်ငံသားဟူသော လက္ခဏာရပ်ကို ထူထောင်ရန် ကြိုးပမ်းခြင်းဟု ဆိုသည်။ ၂၀၁၄ လူဦးရေသန်းခေါင်စာရင်းအရ ဗမာလူမျိုးမှာ တစ်နိုင်ငံလုံးတွင် ၈၆% ရှိသည်။ မြန်မာ့နိုင်ငံရေးတွင် ဗမာများ လွှမ်းမိုးထားမှုမှာ ကာလရှည်ကြာစွာ တည်ရှိခဲ့ခြင်းဖြစ်ပြီး ဖြေဆိုသူများသည် လတ်တလောတွေ့ရှိရ သော ဗမာကြီးစိုးရေး သာဓကများကိုသာ ညွှန်းဆိုခဲ့ကြခြင်း ဖြစ်သည်။ ၁၈%သော ဖြေဆိုသူများသည် ဗမာကြီးစိုးရေး (သို့) အင်အားကြီးသူမှ ကြီးစိုးရေးဟူသော အကြောင်းအရာကို ပြဿနာတစ်ရပ်အဖြစ် ထုတ်ဖော်ခဲ့သည်။

၁၉၆၂ ခုနှစ်တွင် တပ်မတော်မှ အာဏာသိမ်းပြီးကတည်းက စစ်ဘက်အရာရှိခေါင်းဆောင်များသည် မဟာဗမာ (သို့) ကြီးမြတ်သော မြန်မာနိုင်ငံတော်ဟူသည့် အမျိုးသားရေးကြန်အင်လက္ခဏာရပ်တစ်ခုကို ဖော်ဆောင်ရန် ကြိုးပမ်းခဲ့ကြသည်။ ၎င်းမှာ တိုင်းရင်းသား အမျိုးသားကြန်အင်လက္ခဏာရပ်များအပေါ်တွင် အခြေတည်ပေါ်ပေါက်လာနိုင်သည့် နိုင်ငံရေးပေါင်းစည်းမှုဆိုင်ရာ သဘောထား ကွဲလွဲမှုများကို ဆန့်ကျင်ရန်အတွက် ဖြစ်သည်။[၁၇] မြန်မာကြီးစိုးရေးသည် တစ်ခုတည်းသော စီမံကိန်းမဟုတ်ဘဲ အမျိုးမျိုးသော ဇာတ်ကောင်များ၏ ဦးစားပေးမှုများဖြင့် ဗမာကြီးစိုးရေးကို လွှန်ခဲ့သော ဆယ်စုနှစ် ထက်ဝက်ကျော်အတွင်း အထူးအလေးပေး ဆောင်ရွက်ခဲ့ကြသည်။ ဥပမာ - ဗိုလ်ချုပ်နေဝင်းလက်ထပ်တွင် "ဗမာ့နည်း ဗမာ့ဟန် ဆိုရှယ်လစ်ဝါဒ" အား အစိုးရစနစ်ကို အထောက်အပံ့ပေးသော မျိုးချစ်စိတ်တစ်ရပ်အဖြစ် ဖော်ဆောင်ရန် ကြိုးပမ်းခဲ့သည်။[၁၈] တိုင်းရင်းသားများနှင့် ပေါင်းစည်းမှုအပေါ် အခြေတည်လျက် ဗမာကြီးစိုးရေးစီမံကိန်းများကို နိုင်ငံသားဖြစ်ရေး နည်းလမ်းတစ်ရပ်အဖြစ်ဖြင့် အကောင်အထည်ဖော်ခဲ့သည်။ တစ်ဆက်တည်းတွင် မြန်မာဘာသာစကားနှင့် နိုင်ငံရေးထုံးတမ်းများသည် မြန်မာ/ဗမာ အမျိုးသားရေးစိတ်ဓာတ် ကျယ်ပြန့်စေခြင်း အတွက် အဓိကကျသည်ဟူသော သမိုင်းစဉ်ဆက် ယူဆခဲ့သော အမြင်များသည် တိုင်းရင်းသားလူမျိုးများအား စိုးရိမ်ကြောင့်ကြမှုများ ကို ဖြစ်ပေါ်စေခဲ့သည်။[၁၉] အရပ်ဘက်အဖွဲ့အစည်း အယောင်ဆောင် ဝိသေသလက္ခဏာရပ်များရှိသော အစိုးရလက်အောက်ခံ အဖွဲ့အစည်းကြီးတစ်ခုဖြစ်သည့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (SLORC) ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကြီး (USDA) ကို ဖန်တီးခဲ့ခြင်းဖြင့် ဗမာကြီးစိုးရေးလုပ်ငန်းစဉ်တွင် အရပ်ဘက်အဖွဲ့အစည်းကို လက်နက်တစ်ရပ် အဖြစ် အသုံးပြုခဲ့သည်။ SLORC ၏ USDA သည် "အခြားသော ဖြစ်လာနိုင်ခြေများကို ဖိနှိပ်ရန်အတွက် ကိုယ်ပိုင်အရပ်ဘက် အဖွဲ့အစည်းတစ်ရပ်ကို ပြန်လည်ဖန်တီးထားခြင်း" ဖြစ်သည်ဟု Steinberg မှ ခေါ်ဆိုခဲ့သည်။[၂၀] USDA ၏ လုပ်ငန်းစဉ်မှာ SLORC မှ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော

[၁၇] Ashley South and Marie Lall, eds., Citizenship in Myanmar: Ways of Being in and from Burma (Singapore: ISEAS-Yusof Ishak Institute, 2017).

[၁၈] Ibid.

[၁၉] Ibid.

[၂၀] David Steinberg, Burma, the State of Myanmar (Washington, D.C.: Georgetown University Press, 2001), 110.

[၂၁] Charles Petrie and Ashley South, 'Mapping of Myanmar Peacebuilding Civil Society,' in Supporting Myanmar's Evolving Peace Processes: What Roles for Civil Society and the EU? (Brussels on 7 March 2013: Civil Society Dialogue Network (CSDN) 2013), 9.

"အမျိုးသားရေးတာဝန် ၃ ရပ်" ကို ထိန်းသိမ်းထားရန် ဖြစ်သည်။[၂၁] USDA ကို စစ်အစိုးရ၏ မဟာမိတ်ပါတီတစ်ခုဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ဖြေဆိုသူများသည် မြန်မာအမျိုးသားကြွန်အင်လက္ခဏာတစ်ရပ် တည်ဆောက်မှုအဖြစ် မရှုမြင်ကြဘဲ ဗမာကြီးစိုးရေးလုပ်ငန်းစဉ်တစ်ရပ်ကို အမည်ပြောင်းလုပ်ဆောင်ခြင်းအဖြစ်သာ ရှုမြင်ကြသည်။ မွန်ပြည်နယ်မှ အရပ်ဘက်အဖွဲ့အစည်းတစ်ခုမှ "မြန်မာဆိုတဲ့ ဝေါဟာရက နိုင်ငံအတွင်းမှာရှိတဲ့ တိုင်းရင်းသားအားလုံးကို ကိုယ်စားမပြုဘူး။ တိုင်းရင်းသားတွေက ဗမာကို မြန်မာနဲ့ အတူတူပဲလို့ပဲ ထင်ကြတယ်" ဟု ဆိုခဲ့သည်။

ဗမာကြီးစိုးရေးနှင့် ပတ်သက်သော ကိစ္စရပ်များနှင့် ဆက်စပ်ပြီး တိုင်းရင်းသားတစ်မျိုးနှင့် တစ်မျိုးအကြားနှင့် ဘာသာတစ်ခုနှင့် တစ်ခုအကြား အမုန်းပွားမှုများသည် ပဋိပက္ခ၏ အကြောင်းအရင်းတစ်ရပ်ဖြစ်သည်ဟု ဖြေကြားခဲ့ကြသည်။ ၎င်းကို တချို့မှ ဗမာနှင့် တခြားတိုင်းရင်းသားများအကြားရှိ ပဋိပက္ခအဖြစ် ဖွင့်ဆိုကြပြီး တချို့ တိုင်းရင်းသားများ အချင်းချင်းအကြားရှိ ပဋိပက္ခအဖြစ် ဖွင့်ဆိုခဲ့ကြသည်။ ထိုအရေးကိစ္စကို အချို့ဖြေဆိုခဲ့သူများမှ မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုးများ ကွဲပြားစွာတည်ရှိခြင်းကြောင့် ဖြစ်သည့် ပြဿနာဟု ထုတ်ဖော်ကြပြီး အချို့မှ ထိုကွဲပြားစွာတည်ရှိမှုကို မည်သို့စီမံသည်ဆိုသည်ကသာ ပြဿနာရပ်ဖြစ်သည်ဟု ဆိုခဲ့ကြသည်။ ရန်ကုန်အခြေစိုက် CSO တစ်ခုမှ ဖြေဆိုသူတစ်ယောက်မှ "တိုင်းရင်းသားပဋိပက္ခ" ဟူသော အသုံးအနှုန်းမှာ ဆီလျော်သော သုံးနှုန်းမှုတစ်ခုမဟုတ်ဘဲ စင်စစ်အားဖြင့် ထိုပဋိပက္ခများသည် နိုင်ငံရေးအကျိုးစီးပွားများ၏ အကျိုးဆက်များကို တိုင်းရင်းသားအဖွဲ့များနှင့် ကြွန်အင်လက္ခဏာများအဖြစ် လမ်းကြောင်းလွှဲထားခြင်းဖြစ်သည်ဟု ဆိုခဲ့သည်။

*"တိုင်းရင်းသားတို့သည် ဗမာနှင့် တပ်မတော်ကို ခွဲမမြင်ပေ။ တပ်မတော်နှင့် ပဋိပက္ခတစ်ခုခုဖြစ်တိုင်းတွင် ဗမာများမှတိုက်ခိုက်သည်ဟု ယူဆကြသည်။ ဗမာများဘက်မှလည်း ထိုသဘောအတိုင်းပင်ဖြစ်သည်။ ဥပမာ - ပြည်နယ်များတွင် ဖြစ်ပေါ်သော ပဋိပက္ခများကို သတင်းများတွင် ဥပမာ - ကရင်သောင်းကျန်းသူများ စသည်ဖြင့် ဖော်ပြကြပြီး နိုင်ငံရေးကိစ္စရပ်ထက် တိုင်းရင်းသားရေးရာကိစ္စရပ် အဖြစ် ပေါ်လွင်စေသည်။ "*

ဖြေဆိုသူများသည် ပညာရေးကို မိမိဘာသာစကားဖြင့်သာ သင်ကြားခွင့်ရရေးကဲ့သို့သော ဘာသာစကား၊ ယဉ်ကျေးမှုနှင့် အမျိုးသားရေးကြွန်အင်လက္ခဏာ စသည်တို့အပေါ် ပိတ်ပင်မှုများကိုလည်း အပြစ်တင်ကြသည်။ မွန်ပြည်နယ်ရှိ CSO တစ်ခုမှ ဖြေဆိုခဲ့သူတစ်ဦးမှ "အစိုးရနဲ့ တပ်မတော်က ဗမာဆိုတာကို အများကြီး ဖွဲ့စည်းထားပြီး တခြားတိုင်းရင်းသားတွေကို ကိုယ့်ဘာသာစကားနဲ့ကိုယ် တရားဝင် စာသင်ခွင့်မပေးဘူး။ လူနည်းစုတိုင်းရင်းသားအုပ်စုတွေကို အခွင့်အရေး ပေးမထားဘူး။ ဒါက ပြဿနာကို ပိုဖြစ်စေတယ်" ဟု ဆိုခဲ့သည်။ တချို့ဖြေဆိုသူများမှ ၎င်းတို့သည် ဗမာများကို မုန်းခြင်းမဟုတ်ဘဲ ဗမာကြီးစိုးရေးလမ်းစဉ်အောက်ရှိ တာဝန်ခံမှုမရှိသော ဘက်လိုက်ဖယ်ချန်သည့် အုပ်ချုပ်မှုစနစ်ကိုသာ မုန်းခြင်းဖြစ်သည်ဟု ဆိုခဲ့သည်။ ပြည်နယ်အဆင့် CSO ကွန်ရက်တစ်ခုမှ ဖြေဆိုခဲ့သူတစ်ဦးမှ ဗမာလူမျိုးတို့သည် တပ်မတော်နှင့် အတူတူမဟုတ်သည်ကို သိရှိထားပြီး မည်မျှပင် လူမှုပေါင်းစည်းညီညွတ်မှုနှင့် သက်ဆိုင်သည့်သင်တန်းများ ရထားသော်လည်း ဗမာများအပေါ် အမြင်မကြည်ဆဲပင်ဖြစ်သည်ဟုဆိုခဲ့ သည်။

၁၉၈၈ ခုနှစ် ဒီမိုကရေစီလှုပ်ရှားမှုကိုစစ်တပ်မှဖိနှိပ်ခဲ့ပြီးနောက်တွင် SLORC သည်ဆူပူအုံကြွမှုတွင်အဓိကအခန်းကဏ္ဍမှပါဝင်ခဲ့သော ဗုဒ္ဓဘာသာအဖွဲ့အစည်းများကို သုတ်သင်ခဲ့ပြီး ၎င်းတို့ကို အာဏာပိုင်များအား နောက်တစ်ကြိမ် မဖီဆန်နိုင်စေရန် အမျိုးသားရေးသစ္စာဖောက်များအဖြစ် သွတ်သွင်းခဲ့သည်။[၂၂] ဗုဒ္ဓဘာသာဂိုဏ်းများ၏ တစ်စိတ်တစ်ပိုင်းသည် မြန်မာ့ဒီမိုကရေစီလှုပ်ရှားမှုတွင် ဆက်လက်တည်ရှိနေပြီး SLORC ကို ဆန့်ကျင်နေစဉ်တွင် (၂၀၀၇ ခုနှစ် ဆန္ဒပြမှုကို သက်သေသာဓကတစ်ရပ်တစ်ခုအဖြစ် ရှုမြင်နိုင်သည်) ကျန်အစိတ်အပိုင်းများသည် အမျိုးသားရေးစိတ်ဓာတ်နှင့် အစိုးရထောက်ခံအားပေးမှုများတွင် အစွန်းရောက် ပြောင်းလဲရေးဝါဒီများ ဖြစ်လာကြသည်။[၂၃] ဗုဒ္ဓဘာသာအင်အားစုထဲမှ ထိုအစိတ်အပိုင်း (သို့) သံဃာများသည် မွတ်စလင်ဆန့်ကျင်ရေး ရပ်ရွာဆူပူအကြမ်းဖက်မှုများတွင် ပါဝင်ပတ်သက်ခဲ့ကြသည်။ အမျိုးသားရေးအစွန်းရောက် ဗုဒ္ဓဘာသာလှုပ်ရှားမှု၏ အထင်ရှားဆုံး သာဓက ၂ ခုမှာ မဘသနှင့် ၉၆၉ လှုပ်ရှားမှုများဖြစ်သည်။ (ထိုလှုပ်ရှားမှုများသည် အစိုးရ၏စနက်ဖြစ်သည်ဟု ယူဆကြပြီး ၉၆၉ လှုပ်ရှားမှု၏ ခေါင်းဆောင်ဖြစ်သူ အရှင်ဝီရသူသည် ၂၀၀၃ ခုနှစ်တွင် ထောင်ချခံရဖူးသူတစ်ယောက် ဖြစ်သည်။)[၂၄] မန္တလေးရှိ လူမှုပေါင်းစည်းညီညွတ်မှုအတွက် ဆောင်ရွက်နေသော လူငယ် CSO အဖွဲ့ဝင်တစ်ဦးမှ ဗမာလူမျိုးကြီးစိုးရေးနှင့် ဗုဒ္ဓဝါဒကြီးစိုးရေးတို့အပေါ် ၎င်း၏ အမြင်ကို "ဗမာလူမျိုးကြီးစိုးရေးကို လက်ခံလို့ရသေးတယ်။ ဗုဒ္ဓဝါဒကြီးစိုးရေးဆိုရင်တော့ ပိုဆိုးသွားပြီ"

[၂၂] Juliane Schober, Modern Buddhist Conjunctures in Myanmar: Cultural Narratives, Colonial Legacies, and Civil Society (Hawaii University of Hawaii Press, 2011), 107-08.

[၂၃] Penny Green, Thomas MacManus, and Alicia de la Cour Venning, "Countdown to Annihilation: Genocide in Myanmar," (London: International State Crime Initiative, 2015). p.3

[၂၄] Ibid. p.61

[၂၅] Buchanan, 'Militias in Myanmar,' 33.

ဟု ပြောကြားခဲ့သည်။

အားလုံးတပြေးညီပါဝင်ခွင့်မရှိသော (ဖယ်ချန်ထားသော) အုပ်ချုပ်မှုစနစ်ကို ရန်ကုန်၊ နေပြည်တော်နှင့် တိုင်းဒေသကြီးများမှာသာ ကျင့်သုံးသည်မဟုတ်ပါ။ မြန်မာနိုင်ငံ၏ ပြည်နယ်အများအပြားတွင် တိုင်းရင်းသား အခွင့်ထူးခံများသည် ထိုဒေသရှိ တိုင်းရင်းသား လူနည်းစုအုပ်စုများအပေါ်တွင် ဖယ်ချန်ရေးဝါဒကို ပြန်လည်ကျင့်သုံးကြသည်။ ဥပမာ - ရှမ်းပြည်နယ်တွင် ပလောင်၊ ကချင် တိုင်းရင်းသား လူနည်းစုများအကြား ထိုဆက်ဆံရေးကို တွေ့ရပြီး ကချင်ပြည်နယ်တွင် ရှမ်းနီ(တိုင်းလိုင်)တို့အပေါ်တွင် တွေ့ရသည်။ ထို့အတွက်ကြောင့် ပြည်နယ်များတွင်ရှိသော လူနည်းစုအုပ်စုအချို့မှာ ၎င်းတို့အတွက် ကိုယ်ပိုင်ဒေသများကို တောင်းဆိုခြင်း (သို့) ဒေသရှိ EAO များကို ဆန့်ကျင်ရန်အတွက် တပ်မတော်ကို ကူညီပေးခြင်းတို့ကို ပြုလုပ်လာကြသည်။[၂၅]

## ပဋိပက္ခ၏ အမွေ

မြန်မာနိုင်ငံတွင်ရှိသော ပဋိပက္ခသည် ကမ္ဘာပေါ်ရှိ အရှည်ကြာဆုံး ပဋိပက္ခများအထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ၎င်းသည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို ရယူရာတွင် အခက်အခဲဖြစ်စေသည့် အတွေ့အကြုံများနှင့် ထင်မြင်ချက်များကို ဖြစ်ပေါ်စေသည်။ တွေ့ဆုံမေးမြန်းခဲ့သူများမှ ဖြေကြားခဲ့သည့် ကိစ္စရပ်များအထဲတွင် လူမှုအဖွဲ့အစည်းများ၊ တိုင်းရင်းသားအုပ်စုများ၊ တိုင်းရင်းသားအုပ်စုများနှင့် ဗမာတို့အကြားနှင့် ပြည်သူနှင့် အစိုးရတို့အကြား ယုံကြည်မှုပျောက်ဆုံးနေခြင်းတို့ ပါဝင်သည်။ ထိုပဋိပက္ခသည် ၁၉၄၇ ခုနှစ်တွင် ပထမဆုံးချုပ်ဆိုခဲ့သော ဗိုလ်ချုပ်အောင်ဆန်းနှင့် ရှမ်း၊ ကချင်နှင့် ချင်းတိုင်းရင်းသားတို့ သဘောတူညီမှုယူခဲ့သော ကတိကဝတ်များ ကျိုးပျက်သွားသည့်အချိန်မှစပြီး အခြေခံခဲ့သည်ဟု တချို့ဖြေဆိုသူများမှ ထုတ်ဖော်ခဲ့ကြသည်။ တိုင်းရင်းသားလူမျိုးစုများနှင့် EAO တို့အကြား သမိုင်းစဉ်ဆက် တိုက်ခိုက်လာခဲ့မှုများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ၎င်းတို့မှ ထိထိရောက်ရောက် ပူးပေါင်းပါဝင်နိုင်စေရန် ပိုမိုခဲယဉ်းစေသည်ဟု တချို့မှ ဖြေဆိုခဲ့သည်။

အရပ်ဘက် အဖွဲ့အစည်းများအတွင်းတွင်လည်း ယုံကြည်မှုလျော့ရဲနေခဲ့သည်။ အရပ်ဘက်အဖွဲ့အစည်းများတွင် အစိုးရနှင့်မိတ်ဖက်၊ EAO နှင့်မိတ်ဖက် စသည်ဖြင့် အမျိုးမျိုး ကွဲပြားစွာတည်ရှိပြီး အချင်းချင်း ယုံကြည်မှုမရှိကြဘဲ အရပ်ဘက်အဖွဲ့အစည်းများအကြား တိုင်းရင်းသားများ အကွဲကွဲအပြားပြား တည်ရှိနေကြသည်။ မွန်ပြည်နယ်ရှိ CSO တစ်ဖွဲ့မှ ဖြေဆိုသူတစ်ယောက်မှ "တို့ (မွန်)တွေက ဗမာနဲ့ ရခိုင်နဲ့ မတည့်ကြဘူး။ တို့က တခြားလူတွေရဲ့အသံတွေ၊ ထင်မြင်ချက်တွေ၊ အကြံပြုချက်တွေကိုလည်း နားမထောင်ခဲ့ဘူး။ အဲ့တော့ အကျိုးဆက်က တခြားတိုင်းရင်းသားတွေနဲ့ကြား ယုံကြည်မှုမရှိဘူး ဖြစ်တာပေါ့။"

ပဋိပက္ခကြောင့် တစ်ဖွဲ့နှင့်တစ်ဖွဲ့ လိုလားသော အကျိုးစီးပွားမတူသည့် လက်နက်ကိုင်အဖွဲ့များ များစွာတိုးပွားလာခဲ့သည်။ တပ်မတော်သည် ၎င်းတို့အကျိုးစီးပွားများ အကာအကွယ်ယူရန်အတွက် ပြည်သူ့စစ်နှင့် နယ်ခြားစောင့်တပ်ကဲ့သို့သော အစိုးရတပ် မဟုတ်သည့် လက်နက်ကိုင်အဖွဲ့များကို အင်အားတောင့်အောင် ပြုလုပ်ခဲ့သည်။ လက်နက်ကိုင်တပ်ဖွဲ့များ အမြောက်အမြား ပေါ်ပေါက်လာခြင်းသည် ပဋိပက္ခ၏အကြောင်းအရင်းများထဲမှ တစ်ခုဖြစ်သည်ဟု ၅% သော ဖြေဆိုသူများမှ ဖော်ပြခဲ့သည်။ တပ်မတော်မှာ ပြည်သူ့စစ်များအပေါ်တွင် ထိန်းချုပ်ကွပ်ကဲမှုပြည့်ဝစွာ မပြုလုပ်နိုင်သော်လည်း မဟာဗျူဟာအစီအစဉ်များတွင် ၎င်းတို့ကို အသုံးပြုလေသည်။ ရှမ်းပြည်နယ် ဂျာနယ်တစ်ခုမှ ဖြေဆိုသူတစ်ဦးမှ "ရှမ်းမြောက်မှာဆိုရင် တပ်မတော်က ပြည်သူ့စစ်တွေကိုထိန်းချုပ်ချင်တာမဟုတ်ဘူး။ တခါတလေEAOရဲ့ဘက်တော်သားလို့သံသယရှိတဲ့ပြည်သူတွေကိုပြည်သူ့စစ်တွေနဲ့ပေါင်းပြီး ဖမ်းတာမျိုးတွေလည်းရှိတယ်"ဟု ဆိုခဲ့သည်။

## လွတ်လပ်မှု၊ တာဝန်ခံမှုနှင့် တရားဥပဒေစိုးမိုးမှုမရှိခြင်း

တွေ့ဆုံမေးမြန်းခဲ့သူများမှ အများဆုံးဖော်ပြခဲ့ကြသော အကြောင်းအရင်းများထဲတွင် နိုင်ငံရေးဖိနှိပ်မှု၊ လွတ်လပ်မှု၊ တာဝန်ခံမှုနှင့် တရားဥပဒေစိုးမိုးမှုမရှိခြင်းတို့ပါဝင်ကြသည်။ ရှမ်းပြည်နယ်တောင်ပိုင်းရှိCSOတစ်ဖွဲ့မှအဖွဲ့ဝင်တစ်ဦးမှ "တရားဥပဒေစိုးမိုးမှုဆိုတာ မရှိဘူး။ လူတွေကပဲ ဥပဒေကို စိုးမိုးခြယ်လှယ်နေတာ။"ဟု ဆိုခဲ့သည်။[၂၆]

တပ်မတော်၊ EAO များနှင့် ပြည်သူ့စစ်တပ်ဖွဲ့များ၏ ပြည်သူလူထုထံမှ လုယက်သိမ်းပိုက်မှုများသည်လည်း တရားဥပဒေစိုးမိုးရေးနှင့် သက်ဆိုင်သည့် အဓိကအချက်တစ်ချက်ဖြစ်သည်ဟု ဖြေဆိုခဲ့ကြသည်။ လူပျောက်ဆုံးသွားမှုများနှင့် လူသတ်မှုများကို စုံစမ်း စစ်ဆေးခြင်း၊ အပြစ်ပေးခြင်းမျိုး မပြုလုပ်သည့်အပေါ်တွင် စိုးရိမ်မှုများ ရှိကြသည်။ ရှမ်းပြည်နယ်ရှိ CSO အဖွဲ့တစ်ဖွဲ့မှ ဖြေဆိုသူ တစ်ဦးက "လက်သည်မပေါ်ဘဲ သေသွားကြတဲ့ ပြည်သူတွေ အများကြီးပဲ။ အဲဒီအကျိုးဆက်က ပြည်သူတွေက စစ်ကို မုန်းတီးတယ်

[၂၆] မြန်မာနိုင်ငံရှိ တရားဥပဒေစိုးမိုးရေးကို လတ်တလောလေ့လာခဲ့သော Nick Cheeseman မှ မြန်မာနိုင်ငံသားတို့သည် "တရားဥပဒေစိုးမိုးရေး"တွင် တရားမျှတမှု၊ သာတူညီမျှမှုနှင့် လူ့အခွင့်အရေးများ စံအဖြစ်ပါဝင်ရမည်ကို သိရှိနားလည်ထားကြသည်။ ဥပမာ - "တရားဥပဒေဟူသော စာစုတွင် တရားမျှတမှုနှင့် သဘာဝမျှတမှုဥပဒေဆိုတဲ့ စကားလုံးတွေပါတယ်။ တဖန် ဥပဒေနဲ့ အမိန့်ဆိုတဲ့ ဝေါဟာရနှစ်ခုပေါင်းက ငြိမ်သက်မှုနဲ့ ဖိနှိပ်မှုကို ညွှန်းဆိုနေတယ်။"

ဆိုပေမယ့်လည်း လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုခုအောက်မှာရှိမှ လုံခြုံတယ်လို့ ခံစားရတော့တာပဲ။" ဟု ဖြေကြားခဲ့သည်။

ပြည်သူများထိခိုက်မှုအပေါ်တွင် တပ်မတော်နှင့် EAO နှစ်ဖက်စလုံးတွင် ညီမျှသော တာဝန်ခံမှုရှိရမည်ဟု ဖြေဆိုသူအချို့မှ ထုတ်ဖော်ခဲ့သည်။ မွန်ပြည်နယ်ရှိ မီဒီယာအဖွဲ့အစည်းတစ်ခုမှ ဖြေဆိုခဲ့သူတစ်ဦးမှ မွန်ပြည်နယ်တွင်ရှိသော ပြည်သူများသည် EAO များတွင် ပြည်သူများထိခိုက်နစ်နာမှုအတွက် တူညီသော တာဝန်ရှိသည်ကို သိသော်ငြားလည်း သတင်းအချက်အလက်ရရှိမှု မရှိသည့်အတွက် ပြဿနာရပ်အများစုမှာ တပ်မတော်၏ တာဝန်ဟုသာ ယူဆကြသည်ဟုလည်း ဆိုခဲ့သည်။ တပ်မတော်နှင့် ဆက်လက်တိုက်ခိုက်နေသော NCA အဖွဲ့ဝင်များ၏ အပစ်အခတ်ရပ်စဲရေး ချိုးဖောက်မှုများသည် ဥပဒေကို လေးစားလိုက်နာမှု မရှိသည်ကို ပြသနေသည့် သာဓကတစ်ခုဖြစ်သည်ဟု ရှမ်းပြည်နယ်ရှိ CSO အဖွဲ့တစ်ဖွဲ့မှ ဖြေကြားခဲ့သည်။

**ဇယား ၆။ ပဋိပက္ခဖြစ်စေသော အကြောင်းအရင်းများနှင့် ၎င်းတို့နှင့် ဆက်နွယ်နေသည့် ကိစ္စရပ်များ**


| ပဋိပက္ခကို ဖြစ်ပွားစေသည့်အကြောင်းအရာများ အဓိကပြဿနာရပ်များ | အဓိကပြဿနာရပ်များ |
|---|---|
| နိုင်ငံရေးစနစ် (ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေ အပါအဝင်) | - ငြိမ်းချမ်းရေးသဘောတူညီမှုများ မရှိခြင်း<br>- အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ အပေါ်သဘောတူညီမှုမရှိခြင်း (ဖယ်ဒရယ်စနစ်၊ အရင်းအမြစ်ပိုင်ဆိုင်မှုဆိုင်ရာ ကိစ္စရပ်များအပေါ် သဘောတူညီမှုမရှိခြင်းနှင့် အဆိုပါကိစ္စရပ်များနှင့်ပတ်သက်၍ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြင်ဆင်ရန် လိုမလို ကိစ္စရပ်များ)<br>- လက်ရှိအာဏာရှိသူများက လက်ရှိနိုင်ငံရေးအခြေအနေကို မပြောင်းလဲလိုခြင်း။ |
| စီးပွားရေးမက်လုံးများ | - အရင်းအမြစ်ပိုင်ဆိုင်မှု<br>- မြေယာသိမ်းဆည်းမှု<br>- တရားမဝင်စီးပွားရေးအတွက် ငြိမ်းချမ်းရေးကို သွယ်ဝိုက်ယူထားခြင်း |
| လူမျိုး/ဘာသာ ဖယ်ချန်မှု | - အမျိုးသားရေးကြွန်အင်လက္ခဏာ<br>- ကိုယ်ပိုင်စီရင်အုပ်ချုပ်ခွင့်<br>- ဖယ်ချန်အုပ်ချုပ်သောစနစ်<br>- ပြည်သူ့ဝန်ဆောင်မှုများ မညီမျှခြင်း<br>- တရားရေးစနစ် |
| ပဋိပက္ခ၏ အမွေများ | - လက်နက်ကိုင်တပ်ဖွဲ့များ အများအပြား ပေါ်ပေါက်လာခြင်း<br>- ရင်ကြားစေ့ရေး |
| လွတ်လပ်မှု၊ တာဝန်ခံမှုနှင့် တရားဥပဒေ စိုးမိုးမှု မရှိခြင်း | - အပစ်အခတ်ရပ်စဲမှု ချိုးဖောက်မှုများ<br>- ရာဇဝတ်ကောင်များကို အရေးယူနိုင်ခြင်း မရှိသောထုံးစံ<br>- ပြည်သူများအား တိုက်ခိုက်ခြင်း<br>- ပဋိပက္ခများကြောင့် နစ်နာဆုံးရှုံးမှုများကို တာဝန်ယူခြင်း |

## အခြားအကြောင်းအရင်းများ

ပဋိပက္ခဖြစ်စေသော အခြားအကြောင်းအရင်းများထဲတွင် မူးယစ်ဆေးဝါး အလွန်အကျွံသုံးစွဲမှု ပျံ့နှံ့ဖြစ်ပေါ်နေခြင်း (၎င်းသည် ပဋိပက္ခ စီးပွားရေးစနစ်တစ်ခုတွင် ရှိတတ်သော မူးယစ်ဆေးဝါး၏ အခန်းကဏ္ဍနှင့်တော့ မသက်ဆိုင်ပါ) လည်း ပါဝင်သည်။ ၎င်းကို ၁၀% သော ဖြေဆိုသူများမှ ဖော်ပြခဲ့ကြပြီး ၅% မှ ကျား/မ နှင့် အသက်အရွယ်အခြေပြု ခွဲခြားဆက်ဆံမှုနှင့် ညီမျှမှုမရှိခြင်းကို ထုတ်ဖော်ခဲ့သည်။

၎င်းအပြင် သတင်းမှားများပေးခြင်း၊ ပညာရေးအဆင့်နည်းပါးခြင်းနှင့် မီဒီယာစာတတ်မြောက်မှုတို့သည်လည်း အကြောင်းအရင်းများအထဲတွင် ပါဝင်သည်ဟု ၁၀% သော ဖြေဆိုသူများမှ ပြောခဲ့သည်။ မြန်မာပြည်သူတို့သည် အယုံလွယ်ကြပြီး နိုင်ငံရေးအမြတ်ထုတ်လိုသူများမှ လိမ်လည်လာလျှင် ယုံလိုက်ကြသည်ဟု ဆိုကြသည်။ ကချင်ပြည်နယ်တွင် ကိုယ်စားပြုအရေးဆိုခြင်းနှင့် လူငယ်ကိစ္စရပ်များအတွက် ဆောင်ရွက်လျက်ရှိသော CSO အဖွဲ့တစ်ဖွဲ့မှ ဖြေဆိုခဲ့သူတစ်ဦးမှ "ရပ်ရွာတွေမှာ ပြည်သူ့နီတိ အသိနည်းပါးတာက ဝါဒဖြန့်ဖို့ပိုလွယ်ပြီး အထူးသဖြင့် ဘာသာရေးအဖွဲ့အစည်းတွေရဲ့ လွှမ်းမိုးတာကို အလွယ်တကူ ခံရတာပေါ့" ဟု ဆိုခဲ့သည်။ ပြည်သူ့နီတိပညာရေးမရှိခြင်း (သို့) ငြိမ်းချမ်းသော ပဋိပက္ခဖြေရှင်းရေးနည်းလမ်းများမရှိခြင်းတို့ကို တချို့မှ အကြောင်းအရင်းတစ်ခုအဖြစ် ဖော်ထုတ်ခဲ့သည်။ ရန်ကုန်ရှိ မီဒီယာတစ်ခုတွင် မီဒီယာစာတတ်မြောက်မှုနှင့် လွတ်လပ်ခွင့်အတွက် အလုပ်လုပ်နေသော အရပ်ဘက်အဖွဲ့အစည်းတစ်ခုမှ ဖြေကြားခဲ့သူတစ်ဦးမှ "ဘာသာရေးပဋိပက္ခတွေနဲ့ အမျိုးသားရေးနဲ့ပတ်သက်တဲ့ ပဋိပက္ခတွေက လူ့အဖွဲ့အစည်းထဲမှာ ပျံ့နေတဲ့ အတည်ပြုဖို့လည်းခက်တဲ့ သတင်းအချက်အလက်တွေနဲ့ ပတ်သက်နေတယ်" ဟု ဆိုခဲ့သည်။

**ပုံ ၂။ အရပ်ဘက်အဖွဲ့အစည်း၊ မီဒီယာ၊ နိုင်ငံရေးပါတီများနှင့် EAO များမှ ဖော်ထုတ်ခဲ့သည့် ပဋိပက္ခဖြစ်ပွားစေသည့် အကြောင်းအရင်းများ**[၅၇]




[၅၇] N.B. ဖြေဆိုသူများမှ ပဋိပက္ခဖြစ်ရသည့်အကြောင်းအရင်းများကို တစ်ခုထက်ပိုပြီး ထုတ်ဖော်ခဲ့သောကြောင့် ရာခိုင်နှုန်းသည် ၁၀၀ ကျော်နေခြင်းဖြစ်သည်။

# အခန်း ၂

## မြန်မာနိုင်ငံရှိ အရပ်ဘက်လူ့အဖွဲ့အစည်း



အရပ်ဘက်လူ့အဖွဲ့အစည်းဆိုသည်ကို ဈေးကွက် (စီးပွားရေးလုပ်ငန်းများနှင့် ကုမ္ပဏီများ)၊ နိုင်ငံရေးပါတီများနှင့် အစိုးရတို့ အကြားတွင် တည်ရှိနေပြီး၊ စိတ်ဝင်စားမှု၊ ရည်ရွယ်ချက်နှင့် တန်ဖိုးများ မျှဝေခြင်းတို့ရှိနေသော ပေါင်းစည်းလုပ်ဆောင်မှုတစ်ရပ်၏ အပိုင်းအဝန်းတစ်ခုအဖြစ် နှိုင်းယှဉ်လေ့လာမှုရှုထောင့်အရ အဓိပ္ပာယ် ဖွင့်ဆိုနိုင်သည်။ အရပ်ဘက်အဖွဲ့အစည်း၏ အခန်းကဏ္ဍသည် နိုင်ငံရေးနှင့်ဆိုင်သော အလုပ်များလည်း ဖြစ်နိုင်သလို၊ လူမှုရေးထောက်ပံ့မှု သို့မဟုတ် ရပ်ရွာကောင်းကျိုးကို အလေးပေး ဆောင်ရွက်ခြင်းလည်း ဖြစ်နိုင်သည်။ ဤအဓိပ္ပာယ်ဖွင့်ဆိုချက်ကို သက်ဦးဆံပိုင်ဘုရင်စနစ်မှသည် ဒီမိုကရက်တစ်နှင့် ရီပက်ပလီကန် အစိုးရပုံစံများအဖြစ်သို့ ကူးပြောင်းခဲ့သည့် ဥရောပ/အမေရိကန်တို့၏ အတွေ့အကြုံမှ ထုတ်နှုတ်ထားခြင်းဖြစ်ပြီး၊ ဥရောပ နိုင်ငံများနှင့် မတူညီသည့်အခြေအနေများ၌ ဤအဓိပ္ပာယ်ဖွင့်ဆိုချက်အတိုင်း လက်တွေ့ကျင့်သုံးသည့် အချိန်တွင် ဝေဖန်ခြင်း ခံထားရသည်။ သို့သော် ငြိမ်းချမ်းရေးတည်ဆောက်ရာတွင်ရှိနေသော အရပ်ဘက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍများအကြောင်း ကို မေးမြန်းရာတွင် မြန်မာနိုင်ငံရှိ ဖြေဆိုသူအချို့မှာ ယင်းအဓိပ္ပာယ်ဖွင့်ဆိုချက်ပါ အပိုင်းအချို့ကို ထုတ်နုတ်ဖြေဆိုခဲ့ကြသည်။ ရှမ်းပြည်နယ်အခြေစိုက် လူငယ်ရေးရာကိစ္စရပ်များဆောင်ရွက်နေသော အရပ်ဘက်လူ့အဖွဲ့အစည်းတစ်ခုမှ ပါဝင်ဖြေဆိုသူတစ်ဦး မှာလည်း "CSO တွေဆိုတာ အစိုးရနဲ့ပြည်သူတွေအကြား ပေါင်းကူးပေးတဲ့တံတားပဲ" ဟူ၍ ဆိုခဲ့သည်။

မြန်မာနိုင်ငံရှိ အရပ်ဘက်အဖွဲ့အစည်းများသည် ဗြိတိသျှကိုလိုနီအုပ်ချုပ်မှုစနစ်အား ဆန့်ကျင်လှုပ်ရှားမှုများတွင် အစပြုခဲ့ပြီး နောက်ပိုင်းတွင်မူ အစိုးရပြင်ပ သဘောထားကွဲလွဲသော နိုင်ငံရေးလှုပ်ရှားမှုများကို အခြေခံအားဖြင့် တားမြစ်ပိတ်ပင်ထားသော ကာလများဖြစ်သည့် ၁၉၆၂ ခုနှစ် ဦးနေဝင်း ဦးဆောင်သော နိုင်ငံတော် အာဏာသိမ်းယူမှုမှစတင်၍ အမျိုးမျိုးသော စစ်တပ်နှင့် စစ်တပ်မိတ်ဖက်အစိုးရများ အာဏာအုပ်စိုးသည့်ကာလများတွင် ပုံစံတစ်မျိုးဖြင့် တည်ရှိခဲ့ကြသည်။ မြန်မာနိုင်ငံရှိ အရပ်ဘက် အဖွဲ့အစည်းများကိုဝိသေသလက္ခဏာအချို့ဖြင့် အမျိုးအစားခွဲခြားနိုင်သည်။ (ဤအမျိုးအစားခွဲခြားမှုသည် ယခုသုတေသနအတွက် လေ့လာရန် သတ်မှတ်ထားသော လေ့လာမှုနယ်ပယ်မှ ကောက်နုတ်ထားခြင်းဖြစ်သည်။) နိုင်ငံအတွင်း အခြေစိုက်သော အရပ် ဘက်အဖွဲ့အစည်းများရှိ ဖြေဆိုသူအချို့မှနေ၍ 'ဗမာ' သို့မဟုတ် 'ဗမာမဟုတ်သော' အရပ်ဘက်အဖွဲ့အစည်းများဟူ၍ ခွဲခြားထား သလို၊ ရန်ကုန်အခြေစိုက် အရပ်ဖက်အဖွဲ့အစည်းများနှင့် ပြည်နယ်များရှိ အရပ်ဘက်အဖွဲ့အစည်းများဟူ၍လည်း ခွဲခြားကြသည်။ တုံ့ပြန်ဖြေဆိုသူများကြားရှိ သမရိုးကျဖြစ်သော ရှုထောင့်အမြင်တစ်မျိုးမှာ ရန်ကုန်အခြေစိုက် အရပ်ဘက်အဖွဲ့အစည်းများသည် ဒီမိုကရေစီ၊ ဖွံ့ဖြိုးရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးပေး ဆောင်ရွက်ကြပြီး တိုင်းရင်းသား အရပ်ဘက်အဖွဲ့အစည်းများမှာမူ ငြိမ်းချမ်းရေးနှင့် ဖက်ဒရယ်အရေးကို အလေးပေးဆောင်ရွက်ကြသည်ဟူ၍ ထင်မြင်ယူဆကြခြင်း ဖြစ်သည်။ အမျိုးသမီးအရေး ကိစ္စများကို လုပ်ဆောင်နေသော ကရင်ပြည်နယ်ရှိ အရပ်ဘက်အဖွဲ့အစည်းတစ်ခုမှ တုံ့ပြန်ဖြေဆိုသူတစ်ဦး ပြောကြားသည်မှာ "ဗမာ CSOတွေက ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး သိပ်မပြောကြဘူး။ ကျွန်မတို့ တိုင်းရင်းသားတွေပဲ လုပ်တယ်။ ကျွန်မတွေ့တာကတော့ သူတို့တွေက ဖွံ့ဖြိုးရေး၊ တရားဥပဒေစိုးမိုးရေး၊ အဲ့လိုဟာတွေပဲ လုပ်ကြတာတွေ့တယ်။ ငြိမ်းချမ်းရေးအကြောင်း သိပ်မဆွေးနွေး ကြဘူး"ဟူ၍ ဖြစ်သည်။ ကရင်ပြည်နယ် အရပ်ဘက်အဖွဲ့အစည်းများကွန်ရက်မှ အခြားတုံ့ပြန်ဖြေဆိုသူတစ်ဦးကလည်း "ငြိမ်းချမ်း ရေးနဲ့ ဖက်ဒရယ်အရေးကိုတော့ ပြည်နယ်နဲ့တိုင်းတွေမှာ တော်တော်လှုပ်ရှားကြတယ်။"ဟူ၍ ပြောကြားခဲ့သည်။ တိုင်းရင်းသား အရပ်ဘက်အဖွဲ့အစည်းများမှ ရန်ကုန်အခြေစိုက် အရပ်ဘက်အဖွဲ့အစည်းများအား ၎င်းတို့၏ တင်စီးသောဆက်ဆံမှုများနှင့် အလှူရှင်များ၏ ရန်ပုံငွေများအား လက်ဝါးကြီးအုပ်ခြင်းတို့ကို ဝေဖန်ထားသည်။

နောက်ထပ်ကွဲပြားမှုတစ်ခုမှာ CSO များ၏ အဖွဲ့အစည်း တည်ဆောက်ပုံကွဲပြားမှုဖြစ်ပြီး ၎င်းသည် အဆိုပါ CSO များ ပြုလုပ်သော အလုပ်အမျိုးအစားနှင့် လုပ်ဆောင်သည့် အတိုင်းအတာအနည်းအများနှင့် ဆက်စပ်လျက်ရှိသည်။ ဇယား ၈ တွင် မြန်မာနိုင်ငံရှိ ဆောင်ရွက်လျက်ရှိသော ရပ်ရွာအခြေပြုအဖွဲ့အစည်း (CBO) များအပါအဝင် CSO ပုံစံအမျိုးမျိုးကို အနှစ်ချုပ်ဖော်ပြထားသည်။

**ဇယား ၇။ မြန်မာနိုင်ငံရှိ အရပ်ဘက်လူ့အဖွဲ့အစည်း အမျိုးအစားများ**

| အမျိုးအစား | | ဝိသေသလက္ခဏာရပ်များ | လုပ်ငန်းဆောင်ရွက်သည့် အဆင့် |
|---|---|---|---|
| **ရပ်ရွာအခြေပြု အဖွဲ့အစည်းများ** | သာရေးနာရေး | - ရှေးယခင်ကတည်းက တည်ရှိနေသည့် လူမှုဖူလုံရေးအသင်း အဖွဲ့များ<br>- ရပ်ရွာအတွင်း CBO အဖွဲ့ငယ်များ<br>- ၎င်းတို့ရပ်ရွာအတွင်းရှိ မင်္ဂလာဆောင်များ၊ နာရေးများနှင့် ဆွမ်းလောင်းခြင်းဝေယျာဝိစ္စစသော ထောက်ပံ့ကူညီမှုများကို အဓိက ဆောင်ရွက်သည်။<br>- လက်ရှိတွင် NGO များနှင့် အလားသဏ္ဍာန်တူသော အဖွဲ့အစည်းအသွင်သဏ္ဍာန် ပိုပြီးဆောင်လာပြီ ဖြစ်သည်။ | ကျေးရွာ သို့မဟုတ် ရပ်ကွက် အဆင့် |
| | ပရဟိတ | - ပရဟိတအဖွဲ့အစည်းများသည် သာရေးနာရေးအဖွဲ့များနှင် တူသော်လည်း လုပ်ဆောင်သောလုပ်ငန်းများမှာ သာရေးနာရေးအဖွဲ့များထက် ပိုမိုကျယ်ပြန့်သည်။ ဥပမာအားဖြင့် ၎င်းတို့သည် သွေးလှူခြင်း၊ ကျန်းမာရေး၊ အရေးပေါ်တုံ့ပြန်မှု၊ ဘိုးဘွားရိပ်သာ၊ မိဘမဲ့ကျောင်းများနှင့် ပညာရေးကဲ့သို့သော ကူညီမှုလုပ်ငန်းများ ကို လုပ်ဆောင်ကြသည်။<br>- ၎င်းတို့သည် နိုင်ငံရေးလုပ်ငန်းတစ်ချို့ကိုလည်း လုပ်ဆောင်တတ်ကြသည်။ လက်ရှိတွင် NGO များနှင့် အလားသဏ္ဍာန်တူသော အဖွဲ့အစည်းအသွင်သဏ္ဍာန် ပိုပြီးဆောင်လာပြီ ဖြစ်သည်။<br>- ပရဟိတဟူသော ဝေါဟာရသည် ဗုဒ္ဓဘာသာနယ်ပယ်တွင် သုံးစွဲကြသော စကားလုံးဖြစ်ပြီး အခြားရပ်ရွာများတွင်လည်း ၎င်းနှင့် အလားသဏ္ဍာန်တူသော အဖွဲ့အစည်းများ ရှိကြသည်။ | ကျေးရွာ (သို့) မြို့နယ် |
| **အရပ်ဘက် လူ့အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ** | | - CSO များနှင့် NGO များအကြား ကွာခြားချက်သည် တရားဝင်မှု/ မဝင်မှု အနေအထားထက် အဓိပ္ပာယ်ကောက်ပုံသာ အဓိက ဖြစ်သည်။<br>- CSO များနှင့် NGO များတွင် လစာပေးခန့်အပ်ထားသော ကျွမ်းကျင်ဝန်ထမ်းများ ရှိသည်။<br>- ၎င်းတို့သည် ကိစ္စရပ်တစ်ခု (သို့) ကိစ္စရပ်အနည်းငယ်ကိုသာ ဦးတည်ဆောင်ရွက်ကြသည်။<br>- ရန်ပုံငွေအများစု သို့မဟုတ် အားလုံးကို အလှူရှင်များထံမှ လက်ခံရယူသော အဖွဲ့အစည်းကို အစိုးရမဟုတ်သော အဖွဲ့အစည်း(NGO) တစ်ခုအဖြစ် သတ်မှတ်နိုင်ခြေ ပိုများသည်။<br>- NGO များသည် "နိုင်ငံတကာ လုပ်ငန်းစဉ်များ၏ စံချိန်စံညွှန်း"နှင့်အညီ စာနာထောက်ထားမှုပုံစံ ရှိရမည်။<br>- လုပ်ထုံးလုပ်နည်း အရဆိုလျှင် CSO နှင့် NGO အဖွဲ့အစည်းနှစ်ခုလုံးမှာ အထွေထွေအုပ်ချုပ်ရေးဌာနတွင် မှတ်ပုံတင်ရမည်ဖြစ်သော်လည်း မှတ်ပုံတင်ထားခြင်းမရှိသည့် အချို့သော အဖွဲ့အစည်းများမှာ NGO အသွင်သဏ္ဍာန်ဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ | မြို့နယ်၊ ပြည်နယ်/တိုင်းဒေသကြီး (သို့) အမျိုးသားအဆင့်/ ပြည်ထောင်စုအဆင့် |

| | | |
|---|---|---|
| INGO | - နိုင်ငံတကာ NGO အဖွဲ့အစည်း အများအပြားသည် မြန်မာနိုင်ငံတွင် စီမံကိန်းများ လုပ်ဆောင်လျက်ရှိသည်။<br><br>- ဤသုတေသနလုပ်ငန်းစဉ်တွင်INGO များ၏ အခန်းကဏ္ဍကို ထည့်သွင်းလေ့လာခဲ့ခြင်း မရှိပါ။ | အမျိုးသားအဆင့်/ ပြည်ထောင်စု အဆင့် |
| GONGO | - ၁၉၈၈ ခုနှစ်မှစပြီး SPDC သည် အစိုးရ NGO အများအပြားကို ဖန်တီးခဲ့သည်။ ယနေ့ခေတ်တွင်မူ ၎င်းအဖွဲ့အစည်းများ၏ နီးနွယ်ပတ်သက်မှုအနေအထားသည် NGO များ၏ ခေါင်းဆောင်မှုအပိုင်းနှင့် အစိုးရနှင့်သက်ဆိုင်သော ပုဂ္ဂိုလ်များနှင့် ရင်းနှီးမှုအတိုင်းအတာပေါ်တွင် မူတည်သည်။<br><br>- ထိုအဖွဲ့အစည်းများ၏ သဘောသဘာဝနှင့် နီးနွယ်ပတ်သတ်မှုရေချိန်သည် ခေါင်းဆောင်အပြောင်းအလဲအပေါ် မူတည်ပြီး ပြောင်းလဲမှုရှိသည်။ | တိုင်းဒေသကြီး (သို့) နိုင်ငံအဆင့် |
| **ဘာသာ သက်ဝင်ယုံကြည်မှုကို အခြေပြုသော အဖွဲ့အစည်းများ** (Faith-based organizations) | - ၎င်းတို့သည် CSO/NGO များနှင့် လက္ခဏာရပ်တူညီကြပြီး သင်းအုပ်ဆရာ၏ စောင့်ရှောက်မှုအောက်တွင်ရှိသောအချက် တစ်ခုသာ ပိုသည်။<br><br>- မြန်မာနိုင်ငံတွင် Faith Based Organizations များအဖြစ် ခရစ်ယာန်ဘုရားကျောင်းများကို သတ်မှတ်ထားကြသည်။<br><br>- ဗုဒ္ဓဘာသာ ကိုးကွယ်ယုံကြည်မှုအခြေပြုသည့် Faith Based Organization တစ်ခုမှာ သီတဂူနိုင်ငံတကာ ဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့အစည်းကြီး ဖြစ်သည်။ | မြို့နယ်၊ ပြည်နယ်/တိုင်း (သို့) အမျိုးသားအဆင့်/ ပြည်ထောင်စု အဆင့် |

အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ တိုးတက်မှုနှင့်ပတ်သတ်သော လမ်းကြောင်း ၃ ခုကို မြန်မာနိုင်ငံတွင် လေ့လာတွေ့ရှိရသည်။ ပထမအနေဖြင့် ရန်ကုန်/နေပြည်တော်အစိုးရ၏ ထိန်းချုပ်မှုအောက် နယ်ပယ်များတွင် အရပ်ဘက်အဖွဲ့အစည်းများသည် ၁၉၆၂ ခုနှစ် စစ်တပ်အာဏာသိမ်းသည့်ကာလမှ စတင်၍ ယနေ့အချိန်အထိ ကြားကာလများတလျှောက်တွင် အချို့သော ဥပဒေနှင့် နိုင်ငံရေးအရ ပိတ်ပင်တားဆီးမှုများကို ခံခဲ့ရသည်။ အဆိုပါတားမြစ်ချက်များသည် မကြာသေးမီ နှစ်များအတွင်း လျော့နည်းလာခဲ့ပြီး ထိုနယ်ပယ်တွင် လုပ်ဆောင်နေသော အရပ်ဘက်အဖွဲ့အစည်းအရေအတွက်လည်း သိသိသာသာ တိုးတက်လာခဲ့သည်။ ၁၉၉၀ ခုနှစ်များအတွင်း မေတ္တာဖွံ့ဖြိုးရေး ဖောင်ဒေးရှင်းနှင့် ငြိမ်း (Shalom) ဖောင်ဒေးရှင်းတို့ ပေါ်ပေါက်လာမှုအပါအဝင် ငြိမ်းချမ်းရေးကို အထူးပြု လုပ်ဆောင်သော အရပ်ဘက်အဖွဲ့အစည်းများသည် ထိုနယ်ပယ်တွင် ထပ်မံပေါ်ပေါက်လာသော အဖွဲ့အစည်းများကြားတွင် သိသာထင်ရှား သော အရပ်ဘက်လူ့အဖွဲ့အစည်းများဖြစ်ကြသည်။

ဒုတိယအနေဖြင့် ထိုင်းနိုင်ငံနယ်စပ်အပါအဝင် ရန်ကုန်/နေပြည်တော်အစိုးရ ထိန်းချုပ်မှုအောက်တွင် မရှိသော မြန်မာနိုင်ငံရှိ နယ်မြေဒေသများတွင် လုပ်ဆောင်နေသော တိုင်းရင်းသား အရပ်ဘက်အဖွဲ့အစည်းများသည် ဒုက္ခသည်လူစုတို့အတွက် လူမှုရေး ထောက်ပံ့မှုများနှင့် ၎င်းလူစု၊ အစုအဖွဲ့တို့အတွက် ဒီမိုကရေစီကျင့်သုံးရေးနှင့် တိုင်းရင်းသားမျိုးနွယ်အဖြစ် သတ်မှတ်ရေးတို့ကို အလေးပေးရာရောက်သော နိုင်ငံရေးအရ ကိုယ်စားပြုမှုတို့ကို လုပ်ဆောင်လာကြသည်။

နောက်ဆုံးအချက်အနေဖြင့် ရပ်ရွာအခြေပြု အဖွဲ့အစည်းများ၊ ပရဟိတ အဖွဲ့အစည်းများနှင့် သာရေး နာရေးအဖွဲ့အစည်းများသည် ၎င်းတို့၏လုပ်ငန်းများဖြစ်သော လူမှုရေးနှင့်ဝန်ဆောင်မှုလုပ်ငန်းများကို ရပ်ရွာသို့မဟုတ် မြို့နယ်အဆင့်တွင် ဆက်လက်လုပ်ကိုင်လျက်ရှိကြသည်။ ပရဟိတနှင့် သာရေးနာရေးအဖွဲ့အစည်းများသည် လွတ်လပ်ရေးမရမီနှင့် ပဋိပက္ခများမဖြစ်ပေါ်မီအချိန် ရှေးအရင်ကတည်းကတည်ရှိနေသော လူမှုဖူလုံရေးအသင်းအဖွဲ့များ ဖြစ်သောကြောင့် အခြား CSO များအပြင် မတူညီသော လမ်းကြောင်းအဖြစ် ကိုယ်စားပြုတည်ရှိနေသည်။။ ၂၀၀၃-၂၀၀၄ ခုနှစ် Save the Children UK ၏ လေ့လာမှုတစ်ရပ်က ထိုကဲ့သို့သော အဖွဲ့အစည်းပေါင်း ၂၁၄,၀၀၀ ရှိကြောင်း ဖော်ထုတ်ခဲ့သည်။ South မှ "တောင်သူ လက်တွေ့ကွင်းဆင်းကျောင်းများနှင့် အခြားကျေးလက်ရေးရာအဖွဲ့များ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ၊ ရပ်ရွာငွေစုအဖွဲ့များ၊ ရှေးဦးကလေးသူငယ်ပြုစုရေးစင်တာများနှင့် ဒေသတွင်း မိဘဆရာအသင်း များ (PTAs)"ဟူ၍ ရပ်ရွာအခြေပြု အဖွဲ့အစည်းအမျိုးအစားခွဲများကို ဖော်ထုတ်ပြခဲ့သည်။ ယခုပြုလုပ်သော စီမံကိန်းအတွက် နမူနာကောက်ယူရာတွင် CSO အမျိုးအစား အားလုံးပါဝင်ရန်ရည်ရွယ်၍ ကောက်ယူထားပြီး

နမူနာကောက်ယူခဲ့သော CSO များ၏ ဖြေကြားချက်အရ CSO အမျိုးအစားအားလုံးတို့မှာ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်အဆင့်အားလုံးတွင် ပါဝင်လျက်ရှိကြောင်း တွေ့ရှိရသည်။

## မြန်မာနိုင်ငံရှိ အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ လုပ်ငန်းများကို အထောက်အကူပြုစေသော အချက်များနှင့် ကန့်သတ်လျက်ရှိသော အချက်များ

ယခုသုတေသနတွင် တွေ့ဆုံမေးမြန်းသူများကို ငြိမ်းချမ်းရေးတည်ဆောက်သည့် လုပ်ဆောင်ချက်များကို အကူညီဖြစ်စေသောအရာများနှင့် အခက်အခဲဖြစ်စေသောအရာများကို မေးမြန်းခဲ့ပါသည်။ ဖြေကြားချက်များကို အောက်ပါအတိုင်း အမျိုးအစားသတ်မှတ်နိုင်ပါသည်။ နိုင်ငံရေးနှင့် တရားဥပဒေဝန်းကျင်၊ အရပ်ဘက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို နိုင်ငံရေးတွင် အသုံးချခြင်း သတင်းမီဒီယာများ အရပ်ဘက်အဖွဲ့အစည်းများ၏ ပေါင်းစည်းညှိနှိုင်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှု၊ လှူဒါန်းပံ့ပိုးသူများ၏ အခန်းကဏ္ဍ စသည်တို့ ဖြစ်ကြသည်။ ထိုအမျိုးအစားအများစုသည် CS&PB မူဘောင်တွင် ချမှတ်ထားသော အချက်အများစုနှင့် သက်ဆိုင်ကိုက်ညီလေသည်။ အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို နိုင်ငံရေးတွင် အသိအမှတ်ပြုခြင်းသာလျှင် မြန်မာနိုင်ငံတွင် တွေ့ရသော အချက်သစ်တစ်ခုဖြစ်သည်။

### *အကြောင်းအရင်း - ၁။ နိုင်ငံရေးနှင့် တရားဥပဒေဝန်းကျင်*

အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏လုပ်ဆောင်ချက်များကိုအများအားဖြင့် ကန့်သတ်လျက်ရှိသည့်အချက်မှာ နေပြည်တော်အစိုးရမှ အရပ်ဘက်အဖွဲ့အစည်းများအပေါ် ချမှတ်ထားသော ထိန်းချုပ်ကန့်သတ်ချက်များပင် ဖြစ်သည်။ တိုင်းရင်းသားဒေသများတွင် နေထိုင်သည့် ဖြေကြားသူအချို့က CSO များ၏ တွေ့ဆုံပွဲကို ထိန်းချုပ် တားမြစ်သော အစိုးရအင်အားစုများမှာ ပြည်ထဲရေးဝန်ကြီးဌာန၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် နယ်စပ်ရေးရာဝန်ကြီးဌာနတို့ ဖြစ်သည်ဟု ထောက်ပြလေသည်။

အရပ်ဘက်လူ့အဖွဲ့အစည်းများသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် မှတ်ပုံတင်ရန်လိုပြီး မိမိတို့၏လုပ်ငန်းဆောင်ရွက်ချက်အားလုံးအတွက် ခွင့်ပြုမိန့်များ ကြိုတင်ရယူရန်လိုသည်။ ထိုကဲ့သို့ ကြိုတင်ခွင့်ပြုချက် တောင်းခံရာတွင် CSOs များသည် လုပ်ဆောင်ချက် ကျင်းပမည့်နေရာ၊ ဆွေးနွေးမည့်အကြောင်းနှင့် ပတ်သက်သည့် ယေဘုယျဖော်ပြချက်နှင့် တက်ရောက်မည့်သူစာရင်းနှင့် အရေအတွက်စသည်ဖြင့် တင်ပြထည့်သွင်းရန် လိုလေသည်။ သို့ဖြစ်ပါ၍ တင်ပြအစီအရင်ခံရန် လိုအပ်သည့် အချက်အလက်များပြားမှုမှာ CSOs များ ရင်ဆိုင်နေရသော ကန့်သတ်ချက်တစ်ခုပင် ဖြစ်သည်။ အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ လုပ်ငန်းများတွင် အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များပါဝင်ခဲ့ပါက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် အတည်ပြုချက်ရရှိရန်တင်သွင်းလာသော လျှောက်လွှာများကို လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာနသို့လည်း တင်ပြရမည်ဖြစ်ပြီး ထိုဝန်ကြီးဌာနမှ လျှောက်လွှာများကို ပယ်ချကောင်း ပယ်ချနိုင်လေသည်။ သို့သော်မွန်ပြည်နယ်ရှိ အရပ်ဘက်လူ့အဖွဲ့အစည်း များသည် ထိုသို့သော လိုအပ်ချက်များကို ဂရုမထားဘဲ မိမိတို့၏လုပ်ငန်းများကို ပုံမှန်အတိုင်းသာ ဆောင်ရွက်လုပ်ကိုင်လျက်ရှိသောကြောင့် နောက်ဆုံးတွင်မူ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာ ၎င်းတို့ဘက်မှ တောင်းဆိုသော ခွင့်ပြုမိန့်နှင့်သက်ဆိုင်သည့် အချက်အလက်များ တောင်းဆိုခြင်းအလုပ်ကို မပြုလုပ်ကြတော့ပေ။

အထူးသတင်းရဲတပ်ဖွဲ့ (SB) မှ အရာရှိများသည် CSOs များ ဖွင့်လှစ်ပို့ချလျက်ရှိသော သင်တန်းများနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများကို မနားတမ်း ပြုလုပ်လျက်ရှိသည်။ သို့သော်လည်း အချို့သောအဖွဲ့များသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်များကို အသုံးပြုညွှန်းဆို၍ ခုခံချေပကာ ထိုသို့စုံစမ်းမှုများကို ဂရုမပြုကြပေ။ (အခန်း ၈ နိုင်ငံသားတို့၏ အခြေခံရပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများ၊ ပုဒ်မ ၃၅၀) အမျိုးသမီးအရပ်ဘက် လူ့အဖွဲ့အစည်းကွန်ရက်၏ အဖွဲ့ဝင်တစ်ဦးမှ "ခင်ဗျားတို့ (အထူးသတင်းရဲတပ်ဖွဲ့) ကျွန်မတို့ကို ခွင့်ပြုချက်တောင်းဖို့ လာမပြောပါနဲ့။ ကျွန်မတို့က ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၀ အရ အစိုးရကို အကူညီပေးနေတာ။ ခင်ဗျားတို့ဆီလည်း ပွဲလုပ်တဲ့ ဖိတ်စာ ပို့ထားပြီးပြီ။ ဒီတော့ လာပြီးစောင့်ကြည့်တာတွေ၊ စုံစမ်းတာတွေ လုပ်စရာမလိုဘူး။" ဟူ၍ ၎င်းတပ်ဖွဲ့များကို မည်သို့မည်ပုံ ပြန်လည်ပြောဆိုသည်ကို ပြောကြားခဲ့သည်။

အရပ်ဘက်လူ့အဖွဲ့အစည်းများအပေါ် အဓိက ထိန်းချုပ်တားဆီးမှုများကို ဖြစ်စေသည့်အရာတစ်ခုမှာ တားဆီးပိတ်ပင်ခံထားရသော အသင်းအဖွဲ့များ သို့မဟုတ် ဆူပူသောင်းကြမ်းမှုများကို အားပေးအားမြှောက်ဖြစ်စေသော အသင်းအဖွဲ့များနှင့်ပတ်သက်ဆက်နွယ်မိပါက ထိုသွားရောက် ပတ်သက်ဆက်နွယ်သူကို ပြစ်မှုပြစ်ဒဏ်မြောက်စေရန် ပြဋ္ဌာန်းထားသော ကိုလိုနီခေတ်ဥပဒေ တစ်ခုဖြစ်သည့် တရားမဝင် စုရုံးမှုအက်ဥပဒေ (Unlawful Associations Act [India Act XIV, 1908.]) ကို အသုံးပြု၍ တားဆီးပိတ်ပင်ခြင်းပင် ဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီမှ ထုတ်ပြန်သော ဆုံးဖြတ်ချက်များအနက်မှ မြန်မာနိုင်ငံအတွက် အသုံးပြုထားသော ဆုံးဖြတ်ချက်ဖြစ်သည့် ၃၄/၂၂ တွင် တရားမဝင် စုရုံးမှုအက်ဥပဒေနှင့် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေများကို မိမိတို့ခံယူထားသော တိုင်းရင်းသားလူမျိုးနှင့် နိုင်ငံရေး

ယုံကြည်ချက်ကို အခြေခံသော လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးစီတန်းလှည့်လည်ခွင့်စသော အခွင့်အရေးတို့ကို လက်တွေ့အသုံးချ ကျင့်သုံးလျက်ရှိသော လူပုဂ္ဂိုလ်များကို စည်းဘောင်မဲ့ ဖမ်းဆီးထိန်းသိမ်း အချုပ်ချမှုများပြုနိုင်ရန် အသုံးပြုလျက်ရှိသည်ဟု ဖော်ပြပါရှိလေသည်။"[၂၆] အပစ်အခတ်ရပ်စဲထားသော ဒေသများတွင် အရပ်ဘက်လူ့အဖွဲ့အစည်းများသည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပိုပိုလွယ်ကူစွာ ချိတ်ဆက်ဆောင်ရွက်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် ထိုဒေသများရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှာ အပစ်အခတ်ရပ်စဲမှု သဘောတူညီချက်စာချုပ် လက်မှတ်ရေးထိုးထားပြီးသော အဖွဲ့အစည်းများဖြစ်ကြ၍ ၎င်းတို့နှင့်ချိတ်ဆက်ဆောင်ရွက်မိပါက တရားမဝင်စုရုံးမှုအက်ဥပဒေဖြင့် တရားစွဲဆိုမည်ကို စိုးရိမ်ရန် မလိုချေ။

အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် ၎င်းတို့၏ လုပ်ဆောင်ချက်များကြောင့် တစ်ခါတစ်ရံ တရားစွဲဆို အရေးယူခြင်း ခံကြရလေသည်။ ကချင်ပြည်နယ်ရှိ ဝိတ်မိပြည်သူများနှင့် ပတ်သက်ပြီး ဆန္ဒပြမှုများကို တုန့်ပြန်သည့်အနေဖြင့် ဆန္ဒပြသူများထဲမှ ပြည်သူ ၃ ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ထိုသုံးဦးထဲမှ နှစ်ဦးမှာ ယခုသုတေသနအတွက် လိုအပ်သော လေ့လာချက်များ ရေးသားပြုစုနိုင်ရန် တွေ့ဆုံမေးမြန်းနိုင်ခဲ့သည်။ (သာဓက ၇ ကို ကြည့်ရန်) ၎င်းဆန္ဒပြမှုများအပြီး စစ်ပွဲများ ရပ်တန့်ရေး ဆန္ဒပြမှုများ ပြုလုပ်ခဲ့ကြသည်။ နောက်ဆက်တွဲအနေဖြင့် အရက်ဘက်လူ့အဖွဲ့အစည်းထဲမှ ပြည်သူ ၂၀ခန့်ကို ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေ ပုဒ်မ ၂၀ ဖြင့် ဖမ်းဆီး ချုပ်နှောင်ခဲ့ပါသည်။ ယခုသုတေသနတွင် မေးမြန်းခဲ့ သည့် အရပ်ဘက်အဖွဲ့ဝင်တစ်ဦးသည်လည်း ပြစ်မှုစွဲဆိုခြင်း ခံခဲ့ရသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ EAOs များသည် အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များကို သဘောတူ ကြည်ဖြူလေ့ရှိပြီး ဗျူရိုကရေစီ ကြိုးနီစနစ်ကို ကျင့်သုံးခြင်းလည်း နည်းပါးသည်။ EAOs များနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသော CSO အချို့သည် ပြည်ထောင်စုအစိုးရထံတွင် မှတ်ပုံတင်ခြင်း မပြုပေ။ သို့သော် ထိုသို့သော အရပ်ဘက်လူ့အဖွဲ့အစည်းများသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ထိန်းချုပ်လျက်ရှိသော နယ်မြေများတွင်သာ လုပ်ကိုင်ခွင့်ရှိကြမည်ဖြစ်သည်။ ထို့အပြင် EAOs များသည် အရပ်ဘက်လူ့အဖွဲ့အစည်းများ လုပ်ဆောင်ချက်အားလုံးကို အမြဲတစေ ထောက်ခံအားပေးခြင်း မရှိပေ။ ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတစ်ခုသည် အရပ်ဘက်လူ့အဖွဲ့အစည်းများ လုပ်ဆောင်ချက်အချို့ကို နှစ်သက်ခြင်း မရှိချေ။ အထူးသဖြင့် ၎င်းတို့ စီမံအုပ်ချုပ်လျက်ရှိသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် အမျိုးသမီးနှင့်ကျားမရေးရာ၊ လူ့အခွင့်အရေး စသည်ကိစ္စရပ်များနှင့်ပတ်သက်သည့် လုပ်ဆောင်ချက်များကို ကြိုဆိုလက်ခံခြင်း မရှိပေ။ ကရင်ပြည်နယ်တွင်လည်း အလားတူ ကျားမအခြေပြု အကြမ်းဖက်မှု အသိအမြင်ဖွင့်သင်တန်း အစီအစဉ်များကို ကရင်အရပ်ဘက်လူ့အဖွဲ့အစည်းကွန်ရက်တစ်ခုမှ IRC ၏ ငွေကြေးထောက်ပံ့မှုဖြင့် ပြုလုပ်လျက်ရှိသည်။ ထိုအစီအစဉ်မျိုးကို ကော့ကရိတ်မြို့နယ်ရှိ ကျေးရွာတစ်ခုတွင် ပြုလုပ်ရန် ကရင်အမျိုးသားအစည်းအရုံး (KNU)ထံ ခွင့်ပြုချက် တောင်းခံသောအခါ လျှောက်ထားမှုပယ်ချခြင်း ခံခဲ့ရသည်။ ထိုသို့ဖြစ်ရခြင်းမှာ KNU နှင့်နီးကပ်သော အရပ်ဘက်လူ့အဖွဲ့အစည်းတစ်ခုသည် KNU ထိန်းချုပ်သော နယ်မြေတွင် အမျိုးသမီးအရေးနှင့်ပတ်သက်သော လုပ်ဆောင်ချက်များကို ၎င်းတို့အဖွဲ့တစ်ခုတည်းသာ လက်ဝါးကြီးအုပ် လုပ်ကိုင်လိုခြင်းကြောင့် ဖြစ်သည် ဟူ၍ မိမိတို့၏ ထင်မြင်ချက်ကို ထုတ်ဖော်ပြောကြားခဲ့သည်။

## *အကြောင်းအရင်း - ၂။ အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို နိုင်ငံရေးအရ အသုံးချခြင်း*

မြန်မာနိုင်ငံရှိ အရပ်ဘက်လူ့အဖွဲ့အစည်းအများစုသည် အစိုးရ သို့မဟုတ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ရင်းနီးကျွမ်းဝင်မှု(နီးစပ်မှု) ရှိကြသည်။ ဆက်စပ်ပတ်သက်မှုများမှာ ကိစ္စတစ်ခုအပေါ်တွင် အတွေးအခေါ် အယူအဆခြင်း တူညီ၍ ထောက်ခံခြင်း၊ လုပ်ဖော်ကိုင်ဖက်ဆက်ဆံရေး၊ အကြီးတန်းအရာရှိများနှင့် ပုဂ္ဂိုလ်ရေးအရ ခင်မင်မှုရှိခြင်း စသည်တို့ ဖြစ်ကြသည်။ (ဥပမာ- ယခုဆက်လက်ဖော်ပြမည့် နိုင်ငံရေးအရ ထောက်ပံ့ပေးမှု) အချို့သော CSOs များကို အစိုးရဌာနများ (သို့) EAOs က ဖွဲ့စည်းတည်ထောင်ထားခြင်း ဖြစ်သည်။ သို့သော်လည်း ထိုကဲ့သို့သော CSO များသည် ၎င်းတို့အား ဖွဲ့စည်းတည်ထောင်ပေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အမြဲထာဝရ မိတ်ဖက်များ မဖြစ်နိုင်ပေ။ (CSOအရေးအတွက် အများအပြား များသည် တည်ထောင်သူ EAOs များနှင့် အငြင်းပွားလျက်ရှိသည်ဟု သိရသည်) ပြည်နယ်တစ်ခုရှိ အရပ်ဘက် အဖွဲ့အစည်း ခေါင်းဆောင်တစ်ဦးသည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် နည်းပညာအကြံပေးအဖြစ် တက်ရောက်ရန် ဖိတ်ကြားသည်ကိုပင် လက်မခံဘဲ ထို EAO ကို ဆက်လက်ကူညီမှုမပြုရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ အဘယ်ကြောင့်ဆိုသော် ထို EAO ၏ အမျိုးသမီးအခွင့်အရေးဆိုင်ရာ မူဝါဒများသည် အဆိုပါခေါင်းဆောင်အနေဖြင့် ကျေနပ်ဖွယ်ရာမရှိဟု ထင်မြင်သောကြောင့် ဖြစ်သည်ဟု ပြောကြားလေသည်။.

[၂၆] Human Rights Council, 'Situation of Human Rights in Myanmar ' (United Nations General Assembly, 2017).

ပြည်နယ်များတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ/ နီးနွယ်ဆက်စပ်သော နိုင်ငံရေးပါတီများနှင့် လုပ်ငန်းသဘောအရ အပြန်အလှန်ဆက်ဆံမှုများ ရှိခြင်းသည် ထိုနယ်မြေဒေသများတွင် အရပ်ဘက်လူ့အဖွဲ့အစည်းဆိုင်ရာလုပ်ငန်းများက ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်လိုအပ်ချက်တစ်ခု ဖြစ်သည်။သို့သော်လည်း CSOs အများစု၏ EAOs နှင့်ဆက်ဆံရေးမှာ ရှိသင့်ရှိထိုက်သည့် သာမန်ရင်းနှီးမှုအဆင့်ထက် မကပေ။ ဆိုလိုသည်မှာ EAOs နှင့် ချိတ်ဆက်လုပ်ကိုင်သော CSOs များသည် EAOs များကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်နိုင်ရန် နည်းပညာဆိုင်ရာ ကူညီပံ့ပိုးမှုများ ပေးအပ်သည့်အပြင် အခြားနိုင်ငံရေးနယ်ပယ်များတွင်လည်း ကူညီပံ့ပိုးမှုများ ပြုလုပ်လေသည်။ ထိုသို့သော အခြေအနေများကို EAOsများ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အခြားသော နိုင်ငံရေးနယ်ပယ်များတွင် အထောက်အကူရစေရန် ညှိနှိုင်းပေါင်းစည်းပွဲနှင် တိုင်ပင်ဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်ပေးလျက်ရှိသော အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ လုပ်ငန်းအစီအစဉ်များတွင် တွေ့ရှိရသည်။

ထိုကဲ့သို ရင်နှီးခင်မင်သည့် နီးစပ်မှုမျိုးရှိပါက CSOs များသည် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် ထိထိရောက်ရောက် ပါဝင်လုပ်ဆောင်နိုင်မည် ဖြစ်သည်။ ဥပမာ-CSOs များသည် EAOs များကို ၎င်းတို့၏ မူဝါဒများထဲတွင် အမျိုးသမီးဦးဆောင်မှုကို ပိုမိုထည့်သွင်းစဉ်းရန် စည်းရုံးပြောဆိုလျက်ရှိသည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်အဖွဲ့တွင် CSO များကို နည်းပညာအကြံပေးအဖြစ်ပါဝင်ရန် ဖိတ်ကြားခြင်းခံရသော CSO များသည် ဆွေးနွေးသည့်အကြောင်းအရာများကို မိုပိုထိရောက်စွာ ဆွေးနွေးနိုင်သည့်အပြင် ပင်မငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုလည်း ပိုမိုအောင်မြင်စွာ ချိတ်ဆက်ဝင်ရောက်လာနိုင်မည် ဖြစ်သည်။ EAO တစ်ခု၏ နည်းပညာဆိုင်ရာ အကြံပေးပုဂ္ဂိုလ်တစ်ဦးဖြစ်သော အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ်တစ်ဦးမှလည်း သူမအနေဖြင့် မိမိအကြံပေးအဖြစ် ဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်း၏ လူအခွင့်အရေးဆိုင်ရာ မူဝါဒ များကို အားပေးလက်ခံခြင်း မရှိပေ။ ၎င်းအဖွဲ့အစည်းသည် လူအခွင့်အရေး တန်ဖိုးများအစား ငြိမ်းချမ်းရေးညှိနှိုင်းမိတ်ဖက်များနှင့် သဟဇာတဖြစ်မှုကို ဦးစားပေးလုပ်ကိုင်လျက်ရှိသည်ဟု ပြောဆိုလေသည်။ CSOs များသည် EAOs များကို ၎င်းတို့၏မူဝါဒများထဲတွင် အမျိုးသမီးဦးဆောင်မှုကို ပိုမိုထည့်သွင်း စဉ်းရန် စည်းရုံးပြောဆိုလျက်ရှိသည်။

တစ်ဖက်တွင်လည်း CSOs များသည် နိုင်ငံရေးအရ အသုံးချခြင်းခံရသည် ဟူသော အချက်မှာလည်း ရှောင်လွှဲ၍မရသော အဟန့်အတားတစ်ခုပင် ဖြစ်သည်။ တိုင်းရင်းသားနိုင်ငံရေးပါတီဝင်တစ်ဦးက "CSO တွေက EAO တွေ နိုင်ငံရေးပါတီတွေနဲ့ ပိုပြီးဆက်ဆံသင့်တယ်။ EAO တွေက နိုင်ငံရေးမှာပိုနပ်တယ်" ဟု ထောက်ပြပြောဆိုခဲ့သည်။ မွန်ပြည်နယ်ရှိ CSO တစ်ခုမှ ဖြေဆိုသူတစ်ဦးကလည်း "ကျွန်တော်တို့ မြန်မာနိုင်ငံမှာတော့ CSO ဆိုရင် အစိုးရဘက်ကလား၊ EAO ဘက်ကလားဆိုပြီး တွေးနေကြတာပဲ။" ဟု ဝေဖန်လေသည်။ အလားတူပင် CSO အချင်းချင်း တွင်လည်း မိမိCSO မဟုတ်သော အခြားသော CSOများမှာ အစိုးရ သို့မဟုတ် EAO နှင့် ပတ်သက်ဆက်နွယ်မှု ရှိ မရှိကို မကြာ ခဏ ချင့်ချိန်မှန်းဆကြသည်။

အထက်ဖော်ပြပါအချက်များသည် မြန်မာနိုင်ငံရှိ အရပ်ဘက်အဖွဲ့များကို နိုင်ငံရေးအရ အသုံးချခြင်းဆိုင်ရာ ကိစ္စတစ်ခုဖြစ်သည်။ ကျန်တစ်ခုမှာ အချို့သော ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာ ကြားဝင်စေ့စပ်ညှိနှိုင်းမှုများအပေါ် အလွန်အမင်း ပိတ်ပင်တားဆီးခြင်းပင် ဖြစ်သည်။ အစီရင်ခံစာ၏ အရှေ့ပိုင်းတွင် ဖော်ပြထားသကဲ့သို့ပင် ဘာသာပေါင်းစုံငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမြှင့်တင်မှုကို ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံအားပေးသော်လည်း လက်တလောနှစ်များတွင် အဆိုပါ အစီအစဉ်များသည် အစွန်းရောက် ဗုဒ္ဓဘာသာ အုပ်စုများ၏ တိုက်ခိုက်မှုကို ခံရလျက်ရှိသည်။ ထိုကြောင့်ပင် အချို့သော အဖွဲ့အစည်းများသည် မိမိတို့၏ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို အပြင်းပွားမှုနည်းသော ခေါင်းစဉ်များဖြင့် အစားထိုးကျင်းပလျက်ရှိသည်။ (လူမှုပေါင်းစည်းရေး လုပ်ငန်းများ အခန်းတွင် ကြည့်ရန်) အချို့သော အရပ်ဘက်အဖွဲ့များပြောသည်မှာ နိုင်ငံရေးဆိုင်ရာ အမြင်ဖွင့်သင်တန်းများသည် နိုင်ငံသားတို့၏ ရပိုင်ခွင့်ကိုမည်သို့ တောင်းဆိုရမည်ဟု သင်ကြားပေးသောကြောင့် အငြင်းပွားဖွယ် လုပ်ငန်းများအဖြစ် အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ရှုမြင်ကြပါသည်။ (စီးပွားရေးဆိုင်ရာ မက်လုံးများ- မူးယစ်ဆေးဝါးဖွံ့ဖြိုးရေးနှင့် သဘာဝသယံဇာတများ အခန်းတွင်ကြည့်ရန် သို့မဟုတ် တခြားသော မတရားမှု၊ အလွဲသုံးစားပြုလုပ်မှုများ (လွတ်လပ်မှု၊ တာဝန်ခံမှုနှင့် တရားဥပဒေ စိုးမိုးမှုမရှိခြင်းအခန်းကို ကြည့်ပါ)

ငြိမ်းချမ်းရေးလုပ်ငန်းဆောင်ရွက်ခြင်းဟူသည့် ခေါင်းစဉ်တစ်ခုတည်းကိုပင်လျှင် အငြင်းပွားစရာ အဖြစ်ရှုမြင်ကြပြီး အစိုးရမှာလည်း အဆိုပါ အငြင်းပွားဖွယ် ကိစ္စရပ်များကို ဥပဒေပြဌာန်းချက်များစွာထုတ်ပြန်ကာ တားမြစ်ကန့်သတ်မှုများ ပြုလုပ်လျက်ရှိသည်။ မန္တလေးတိုင်းရှိ ဦးတည်အုပ်စုဆွေးနွေးပွဲတွင် ဖြေကြားသူတစ်ဦးမှ "ကျွန်တော်တို့ အဖွဲ့အစည်းကို မှတ်ပုံတင်ဖို့လုပ်တဲ့အခါ အဖွဲ့အစည်းရဲ့ ရည်မှန်းချက်မှာ ငြိမ်းချမ်းရေးဆိုတဲ့ စကားလုံးပါနေလို့ ဝန်ကြီးချုပ်နဲ့တွေ့တော့ သူက ဒီစကားစုက ပဋိပက္ခတွေကို ဖြစ်စေနိုင်တာမို့ အဲဒီစကားလုံးကို လက်မခံနိုင်ဘူးလို့ ပြောတယ်။ ဒါက အစိုးရတင်မကဘူး။ လွှတ်တော်ကပါ ဒီစကားလုံးကို ဖြုတ်လိုက်ဖို့ ပြောတာ။" ဟုဆိုသည်။

### *အကြောင်းအရင်း -၃။ အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးတည်ဆောက်မှုများတွင်ပါရှိသော မီဒီယာများ၏ အခန်းကဏ္ဍ*

သတင်းမီဒီယာများသည် ကျွမ်းကျင်ဝန်ထမ်းများကို ခန့်ထားကာ အကျိုးအမြတ်အတွက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းတစ်ခု ဖြစ်သောကြောင့် သတင်းမီဒီယာကဏ္ဍတစ်ခုလုံးကို နှိုင်းယှဉ်လေ့လာထားသော စာပေအထောက်အထားများအရ အရပ်ဘက်လူ့အဖွဲ့အစည်း၏ အစိတ်အပိုင်းတစ်ခုအဖြစ် ထည့်သွင်းစဉ်းစားခြင်းမျိုး မရှိပေ။ သို့သော်လည်း နှိုင်းယှဉ် လေ့လာချက်များအရ အကျိုးအမြတ်တွက် မဟုတ်ဘဲ အလွတ်သဘော လုပ်ငန်းလည်ပတ်ဆောင်ရွက်လျက်ရှိသော သတင်းစာတိုက်များသည် အရပ်ဘက်လူ့အဖွဲ့များ၏ လုပ်ဆောင်ချက်များ ထိရောက်မှုကို ဖော်ဆောင်ရာတွင် များစွာအရေးပါလှသည်။[၂၉] ထို့အပြင် အရပ်ဘက်အဖွဲ့အစည်းများ၏ အစိတ်အပိုင်းတစ်ခုအဖြစ် သတ်မှတ်သင့်သော မီဒီယာအဖွဲ့အစည်းများလည်း ရှိပါသည်။ ထိုအဖွဲ့များသည် အကျိုးအမြတ်အတွက် လည်ပတ်နေကြသော အဖွဲ့အစည်းများမဟုတ်ဘဲ ငြိမ်းချမ်းရေးတည်ဆောက်မှု အပါအဝင် အခြားသောကဏ္ဍများတွင် မူဝါဒဆိုင်ရာ အပြောင်းအလဲများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်လုပ်ဆောင်နေကြခြင်း ဖြစ်သည်။ မြန်မာနိုင်ငံရှိ ပြည်နယ်များတွင် တိုင်းရင်းသားမီဒီယာဟုသာ ခေါ်ဆိုနိုင်သော မီဒီယာများရှိသည်။

မြန်မာဘာသာဖြင့် ထုတ်ဝေသော မီဒီယာများသည် နှစ်ပေါင်းများစွာ အစိုးရ၏ တင်းကျပ်စွာ ထိန်းချုပ်မှုများကြောင့် ပြိုလဲခဲ့ရသည်။ ဤနည်းအားဖြင့် အစိုးရ၏ မိတ်ဖက်ဖြစ်သော ရန်ကုန်အခြေစိုက် သတင်းမီဒီယာအဖွဲ့များ (အဓိကအားဖြင့်) နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ပိုမိုနီးကပ်သည်ဟု ယူဆနိုင်ကာ ဗဟိုအစိုးရနှင့် ပတ်သက်သော သတင်းအချက်အလက်များကို ပိုမိုထုတ်ဖော်ပြောဆိုခွင့်ရှိသော ပြည်နယ်များရှိ သတင်းမီဒီယာများဟူ၍ မြန်မာ့မီဒီယာကဏ္ဍသည် အုပ်စုနှစ်စု ကွဲခဲ့လေသည်။[၃၀] သတင်းမီဒီယာများအပေါ် ပိတ်ပင်တားဆီးမှုများ တဖြည်းဖြည်း ဖြေလျှော့ပေးလာခြင်း၊ အကျဉ်းကျဂျာနယ်လစ်များကို ပြန်လည်လွှတ်ပေးခြင်း စသည်တို့ဖြင့် အစပြုကာ ၂၀၁၀ မှ စတင်၍ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်များ သိသိသာသာ ပိုမိုရရှိလာခဲ့သည်။ မီဒီယာများအပေါ် သတ်မှတ်ပြဋ္ဌာန်းထားသော ပုံနှိပ်ထုတ်ဝေမှုမပြုမီ စီစစ်သော ဆင်ဆာစနစ် (တင်၊ထုတ် ဆင်ဆာ) ကိုလည်း ၂၀၁၂ ခုနှစ်တွင် ဖျက်သိမ်းခဲ့သည်။[၃၁] ထိုသို့ဖြေလျှော့ပေးမှုများမှာ တစ်သတ်မတ်တည်း မရှိပေ။ ပုံနှိပ်ထုတ်ဝေမှုမပြုမီ စီစစ်သော ဆင်ဆာစနစ် (တင်၊ထုတ် ဆင်ဆာ) ကို ပြန်လည်ပြဋ္ဌာန်း သတ်မှတ်ထားခြင်း မရှိသော်လည်း အစိုးရအဖွဲ့ဝင်များနှင့် တပ်မတော်ကို အရှက်ရစေသော သတင်းပို့တင်ပြမှုများ ပြုလုပ်သည့် ဂျာနယ်လစ်များကို အကျဉ်းချထားမှုများစွာ ရှိခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် အလွတ်တန်းဂျာနယ်လစ် ဦးအောင်ကျော်နိုင်ကို စစ်တပ်အကျဉ်းစခန်းတွင် သေနတ်ဖြင့် ပစ်သတ်ခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် အပတ်စဉ်ထုတ် မြန်မာပို့စ်ဂျာနယ်၏ အယ်ဒီတာချုပ်နှင့် အကြီးတန်း သတင်းထောက်တို့ စစ်တပ်အရာရှိနှင့် တွေ့ဆုံမှုကို မှားယွင်းစွာ ဖော်ပြသုံးစွဲခြင်းကြောင့် ထောင်ဒဏ် ၂ လ ချမှတ်ခဲ့သည်။[၃၂] ၂၀၁၈ ခုနှစ်တွင် နိုက်တာသတင်းထောက်နှစ်ဦးဖြစ်သော ကိုဝလုံးနှင့် ကိုကျော်စိုးဦးတို့ နှစ်ဦးကို ၂၀၁၇ ခုနှစ်တွင် ရိုဟင်ဂျာအမျိုးသားနှင့် ကလေး ၁၀ ဦးအား သတ်ဖြတ်မှုကို သတင်းရေးသားခြင်းကြောင့် ထောင်သွင်းအကျဉ်းချခြင်းခံခဲ့ရသည်။

၂၀၁၆ ခုနှစ်အထိ ၅၀ % ခန့်သော မြန်မာနိုင်ငံသားများ မိုဘိုင်းဆင်းကတ်များကို ပိုင်ဆိုင်ကြပြီး ၎င်းအနက် ၈၀ %ကို စမတ်ဖုန်းများတွင် ထည့်သွင်းအသုံးပြုလျက် ရှိသည်။[၃၃] လူမှုကွန်ရက်မီဒီယာများအနက် ဖေ့စ်ဘွတ်သည် ရေပန်းအစားဆုံး လူမှုကွန်ယက်သတင်းမီဒီယာ အရင်းအမြစ်တစ်ခုဖြစ်လာပြီး အွန်လိုင်းသတင်းများ ဖတ်ရှုရာ ပင်မအရင်းအမြစ် ဖြစ်လာပါသည်။ ထိုသို့ဆက်သွယ်ရေးနည်းပညာများ တိုးတက်ကောင်းမွန်လာခြင်းမှာလည်း မြန်မာနိုင်ငံရှိ ငြိမ်းချမ်းရေး တည်ဆောက်လျက်ရှိသည့် အင်းအားစုများအတွက် ကောင်းကျိုး၊ ဆိုးကျိုးနှစ်ထွေ ဖြစ်ပေါ်စေခဲ့သည်။ CSOs နှင့် မီဒီယာကဏ္ဍမှ ဖြေဆိုသူများမှာလည်း လူမှုမီဒီယာ အပါအဝင် သတင်းမီဒီယာများ၏ အရေးပါပုံကို သတင်းအချက်အလက်များ ရယူမှုကို မြန်ဆန်စေခြင်း၊ သတင်းနှင့် အချက်အလက်များကို မျှဝေခြင်းနှင့် အလှမ်းဝေးသော CSOs များအကြား ပူးပေါင်းဆောင်ရွက်မှုများကို အထောက်ကူပြုခြင်း စသည်တို့အားဖြင့် ထောက်ပြပြောဆိုလျက်ရှိသည်။ အခြားတစ်ဘက်တွင်လည်း လူမှုမီဒီယာများသည် ရခိုင်ပြည်နယ်အပါအဝင် မတူညီသော လူအုပ်စုများအကြား ပဋိပက္ခများဖြစ်ပွားမှုကို လှုံ့ဆော်အားပေးသော လမ်းကြောင်းတစ်ခု ဖြစ်လျက်ရှိသည်။ အချို့သော အင်အားစုများက ဖြစ်ရပ်အမှန်များကိုဖြစ်စေ၊ လုပ်ကြံဖန်တီးပြောဆိုထားသော ဖြစ်ရပ်များကိုဖြစ်စေ၊ ထိုကိစ္စရပ်များပေါ်တွင် အမုန်းတရားများ တိုးပွားစေခြင်းဖြင့် လူမှုအသိုင်းဝိုင်းကြား အကြမ်းဖက်မှုဖြစ်အောင် ဖေ့စ်ဘွတ်ကို အသုံးပြု၍ လှုံ့ဆော်ခဲ့သော ဖြစ်ရပ်များ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားခဲ့သည်။

---

[၂၉] 'Media and Peacebuilding - Concepts, Actors and Challenges,' in KOFF Working Paper No.1/2002 (Berne: Swisspeace, 2002); 'Understanding Civil Society.'

[၃၀] Lisa Brooten, 'Political Violence and Journalism in a Multiethnic State: A Case Study of Burma (Myanmar),' Journal of Communication Inquiry 30, no. 4 (2006).

[၃၁] 'Burmese Media in Transition,' International Journal of Communication; Vol 10 (2016) (2016). p.184

[၃၂] Ibid. p.185

[၃၃] Telenor "Realising Digital Myanmar: Leapfrogging to an inclusive digital economy" (2016) https://www.telenor.com/wp-content/uploads/2018/02 Telenor-Realising-Digital-Myanmar-Report-06-February.pdf

လွတ်လပ်သော မီဒီယာများ ဖွံ့ဖြိုးလာမှုကို လွန်ခဲ့သောနှစ်ပေါင်း ၂၀ တစ်လျှောက် ကျယ်ပြန့်စွာ လက်ခံလာကြပြီးဖြစ်ကာ တရားဝင် အသိမှတ်ပြုရေးအတွက် နိုင်ငံရေးနီးစပ်မှုအပေါ် မှီခိုခြင်းထက် သတင်းရေးသား တင်ပြရာတွင် ဘက်မလိုက်ဘဲမျှတမှုကို ထောက်ခံအတည်ပြု အားပေးသည့်ပုံစံသို့ ပြောင်းလဲလာခဲ့ပါသည်။[၃၄] အချို့သောသတင်းမီဒီယာ အဖွဲ့အစည်းများနှင့် ဂျာနယ်လစ်များသည် ငြိမ်းချမ်းရေး ထောက်ခံအားပေးသည့် ချည်းကပ်ဆောင်ရွက်မှုနည်းလမ်းကို ကိုယ်ပိုင်အသိတရားဖြင့် ကျင့်သုံးကြပါသည်။[၃၅] အချို့သော ဂျာနယ်လစ်များသည် အားကစားပွဲများ၊ ရိုးရာယဉ်ကျေးမှုပွဲတော်များနှင့် နာမည်ကျော်ကြားသူများအကြောင်း စသော သတင်းကောင်းများကို အသားပေး ရေးသားဖော်ပြခြင်းအားဖြင့် အပြင်းပွားဖွယ် နိုင်ငံရေးဝန်းကျင်ကို ပြောင်းလဲထိန်းညှိပါသည်။ ထိုသို့သော အခြေအနေကို Brooten မှ ငြိမ်းချမ်းရေး အထောက်အကူပြုစာနယ်ဇင်း တင်ပြမှုဟု ပြောဆိုလေသည်။[၃၆] ယခုစာတမ်းအတွက် ပါဝင်ဖြေဆိုကြသော မီဒီယာဌာနများအနက် ငြိမ်းချမ်းရေးလိုလားပြီး လွတ်လပ်သည့် မီဒီယာအဖွဲ့အစည်း အများစုမှာ ပုံနှိပ်ထုတ်ဝေသည့် ဂျာနယ်များပင် ဖြစ်သည်။ မီဒီယာအသစ် အသုံးပြုမှု မြင့်တက်လာခြင်းသည် မိမိတို့၏ စီးပွားရေး လုပ်ငန်းကို ထိခိုက်လျက်ရှိသည်ဟု ပုံနှိပ်မီဒီယာအချို့က ဆိုကြသည်။

## *အကြောင်းအရင်း-၄။ အရပ်ဘက်လူ့အဖွဲ့အစည်းများ စည်းလုံးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု*

အရပ်ဘက်လူ့အဖွဲ့အစည်းများ မိမိတို့ လုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်ရန် အဟန့်အတားဖြစ်စေသည့် အကြောင်းအရင်းများမှာ အုပ်စုတွင်း အစုအဖွဲ့ကွဲမှုနှင့် အချင်းချင်း ညှိနှိုင်းဆောင်ရွက်မှု မရှိခြင်း စသည်တို့ကြောင့် ဖြစ်သည်။[၃၇] ကိစ္စတစ်ခုချင်းစီအလိုက်လည်း ညှိနှိုင်းလုပ်ဆောင်ခြင်းများ ဖြစ်ပေါ်လာအောင် တိုက်တွန်းလှုံ့ဆော်မှု မရှိခြင်းကိုလည်း ဒေသအများစုတွင် တွေ့ရသည်။ အရပ်ဘက်လူ့အဖွဲ့အစည်းများမှာ တိုင်းရင်းသားလူမျိုးအလိုက်၊ စိတ်ဝင်စားသော လုပ်ငန်းအကြောင်းအရာများပေါ်မူတည်၍ အတိုင်းအတာတစ်ခုထိ သိသာစွာ ကွဲပြားခြားနားမှုများ ရှိနေသည်။ ဥပမာအားဖြင့် မွန်ပြည်နယ်တွင် မွန်အမျိုးသား အရပ်ဘက်လူ့အဖွဲ့အစည်းများကွန်ယက်နှင့် မွန်ပြည်နယ် အရပ်ဘက်လူ့အဖွဲ့အစည်းများကွန်ရက်ဟူ၍ ပင်မ အရပ်ဘက် လူ့အဖွဲ့အစည်းကွန်ရက်နှစ်ခု ရှိလေသည်။ အဆိုပါကွန်ယက်နှစ်ခု အကြားကွာခြားချက်မှာ ပထမကွန်ရက်သည် မွန်တိုင်းရင်းသား အရပ်ဘက်လူ့အဖွဲ့အစည်းများကိုသာ ကွန်ရက်၏ အဖွဲ့ဝင်/ကွန်ရက်ဝင်အဖြစ် လက်ခံသော်လည်း ကျန်ကွန်ရက်မှာမူ မွန်တိုင်းရင်းသားများ အပါအဝင် မွန်ပြည်နယ်ရှိ ဗမာ၊ ကရင်၊ မွန်စသော အခြားသော တိုင်းရင်းသားပေါင်းစုံတို့က ဖွဲ့စည်းထားသော အရပ်ဘက် လူ့အဖွဲ့အစည်း ကွန်ရက်တစ်ခု ဖြစ်သည်။ ပြည်နယ်အခြေပြု CSOs များသည် ပြည်နယ်အတွင်း CSOs များနှင့် ရန်ကုန်အခြေပြု (ဗမာကြီးစိုးသော) CSOs များအကြား တည်ရှိနေသော မညီမျှမှုများနှင့် ပတ်သက်ပြီး စိတ်ကျေနပ်မှု မရှိကြပါ။ ရန်ကုန်အခြေပြု CSO များမှာ ကျွမ်းကျင် ဝန်ထမ်းများစွာရှိခြင်းကြောင့် အလှူရှင်များမှ ပေးအပ်သော ရန်ပုံငွေများကို ပိုမိုလက်လှမ်းမီ ရယူနိုင်ကြသော်လည်း အဆိုပါ ရန်ကုန်အခြေပြု CSOs များသည် ပြည်နယ်များတွင် ၎င်းတို့၏ စီမံကိန်းများကို အကောင်အထည်ဖော်ပါက ထိရောက်စွာ မဆောင်ရွက်နိုင်ဟု ပြည်နယ်များရှိ CSO များက ထင်မြင်လျက်ရှိကြသည်။ ပြည်နယ်များရှိ CSO အများစုသည် လှူဒါန်းသူများ ထောက်ပံ့သော စီမံကိန်းများ ဆောင်ရွက်သောအခါ မိမိတို့အနေဖြင့် ရန်ကုန်အခြေစိုက် CSO များ၏ လက်အောက် မိတ်ဖက်အဖွဲ့များအဖြစ် သတ်မှတ်ခံရခြင်းကလည်း လက်မခံချင်ကြပါ။ ကရင် CSO တစ်ခုမှ ပါဝင်ဖြေဆိုသူတစ်ဦးက "ရန်ကုန်က သူတွေက Fund ရလာရင် နယ်ဆင်းပြီး လာလုပ်ကြတယ်။ Local တွေနဲ့လည်း တွဲလုပ်ပါတယ်။ ဒါပေမဲ့ဗျာ ရိုင်းရိုင်းပြောရရင် ကျွန်တော်တို့က အရိုးအရင်းကိုက်ပါပဲ။" ဟု ဆိုသည်။ ရှမ်းပြည်နယ်ရှိ CSO တစ်ခုမှ ဖြေဆိုသူတစ်ဦးမှာလည်း "ရန်ကုန်က ပညာတတ်တွေက ရန်ကုန်မှာ လုပ်ကွက်မရှိတော့ရင် ဒီကိုလာကြတယ်လေ။ ဘူဇွာတွေနဲ့ တွေ့နေရတယ်။"ဟု ဆိုသည်။ တစ်ဆက်တည်းမှာပင် တိုင်းဒေသ/ ပြည်နယ်ရှိ CSOs များက ရန်ကုန်အခြေစိုက် CSOs များသည် တိုင်းပြည်၏အခြားဒေသများတွင်ဖြစ်ပွားလျက်ရှိသော ပဋိပက္ခများ၏အခြေအနေမှန်ကို ရိပ်စားမိသော်လည်း လျစ်လျူထားသည်ဟု ဝေဖန်လျက်ရှိသည်။

အဖွဲ့အစည်းတစ်ခုသည် ကွန်ရက်တစ်ခုခု၏ အဖွဲ့ဝင်တစ်ခုအဖြစ် ရှိနေခြင်းဟူသော လက္ခဏာရပ်မှာ မြန်မာနိုင်ငံရှိ အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ယေဘုယျလက္ခဏာရပ်တစ်ခုပင် ဖြစ်သည်။[၃၈] တွေ့ဆုံမေးမြန်းခဲ့သော CSOs များ၏ ၅၆ ရာခိုင်နှုန်းမှာ ကွန်ရက်တစ်ခု၏ အဖွဲ့ဝင်များ ဖြစ်ကြပါသည်။ တွေ့ဆုံမေးမြန်းခဲ့သော CSOများထဲမှ ငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းကို ဆောင်ရွက်သော CSOs များသည် ငြိမ်းချမ်းရေးဆိုင်ရာ CSOs ကွန်ရက်များ၏ အသင်းဝင်များ ဖြစ်ကြသည့်အပြင် သာမန် CSOs ကွန်ရက်များ၏ အသင်းဝင်များလည်း ဖြစ်ပေသည်။ အချို့သော ကွန်ရက်များကို အင်အားကြီးမားသော CSO ကြီး တစ်ခု၊ များသောအားဖြင့် ရန်ကုန်အခြေစိုက် CSO ကြီးတစ်ခုမှ ညှိနှိုင်းပေါင်းစပ်ပေးလေသည်။ ဥပမာအားဖြင့် အရပ်ဘက်လူ့အဖွဲ့အစည်း ငြိမ်းချမ်းရေးဖိုရမ် (CSFoP)၏ လုပ်ငန်းအဖွဲ့တွင် မြန်မာနိုင်ငံရှိ ငြိမ်းချမ်းရေး အခြေပြု CSOs ကြီးတစ်ခု ဖြစ်သည့် ငြိမ်း(Shalom) ဖောင်ဒေးရှင်းမှ ဝန်ထမ်းများကို ခန့်အပ်ထားပါသည်။

---

[၃၄] Brooten, 'Political Violence and Journalism in a Multiethnic State: A Case Study of Burma (Myanmar).'p.370


[၃၅] Zin Mar Myint, 'Peace Journalism and Framing in the Northern Rakhine State of Myanmar' (Kansas State University, 2017), 29.

[၃၆] Brooten, 'Political Violence and Journalism in a Multiethnic State: A Case Study of Burma (Myanmar).' p.371

[၃၇] IPTI Briefing Note (2016).Civil Society in Peace Processes at a Glance.Institute of Peace and Transition Initiative.Institute of Geneva.

[၃၈] Steven Lanjouw, Choo Phuah, and La Phan, 'The Art of Networking: A Study of Civil Society Networks in Myanmar,' (Yangon: Christian Aid Myanmar, 2016).

## ပုံ ၃။ CSOများ CSO ကွန်ရက်တွင် အဖွဲ့ဝင်အဖြစ် ပါဝင်မှုနှုန်းထားပြဇယား[၃၉]




ကွန်ရက်များကို အမျိုးသားအဆင့် ကွန်ရက်၊ ပြည်နယ်/ပြည်နယ်ခွဲအဆင့်နှင့် ဒေသန္တရအဆင့် စသည်ဖြင့် CSO အဖွဲ့အစည်း အဆင့်ဆင့်တွင် ဖွဲ့စည်းထားရှိပါသည်။ အမျိုးသားအဆင့်တွင် ဖွဲ့စည်းထားရှိသော ကွန်ရက်များသည် ပြည်နယ်အဆင့်ရှိ ကွန်ရက်များထက် ပူးပေါင်းဆောင်ရွက်မှု အားနည်းလေသည်။

မြန်မာနိုင်ငံရှိ ပြည်နယ်အဆင့် CSO ကွန်ရက်အများစုကို ၂၀၁၅ ခုနှစ်တွင် ဆောင်ရွက်ခဲ့သော UNDP၏ အစီအစဉ်အရ မွန္တလေးတိုင်းဒေသကြီး အပါအဝင် (မွန်၊ ကချင်နှင့် ကယားပြည်နယ်ရှိ ကွန်ရက်များသည် ဆက်လက်လည်ပတ်လျက်ရှိသည်) ချင်း၊ ကချင်၊ ကယား၊ ကရင်၊ မွန် နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် ဖွဲ့စည်းခဲ့လေသည်။ အဆိုပါ ပြည်နယ်များရှိ ကွန်ရက်များကို UNDP မှဆက်လက် ကူညီဆဲ ရှိ မရှိကို မတွေ့ရှိခဲ့ရပါ။ ထိုကွန်ရက်များထဲမှ အချို့သော ကွန်ရက်များမှာလည်း ဆက်လက်ရပ်တည်နေသည်ကို မတွေ့ရပါ။ ရှမ်းပြည်နယ်ရှိ UNDP ဖွဲ့စည်းခဲ့သော ကွန်ရက်အားလုံးသည်လည်း ဆက်လက်အလုပ် လုပ်ကိုင်နေခြင်း မရှိတော့ပါ။

ပြည်နယ်များရှိ CSO ကွန်ရက်များသည် ဘုံရည်မှန်းချက် (သို့) ခေါင်းစဉ်တစ်ခုအတွက်ကြောင့် မဟုတ်ဘဲ မိမိတို့ လုပ်ငန်း လုပ်ဆောင်ရာဒေသကို အခြေပြု၍ ဖွဲ့စည်းထားရှိခြင်း ဖြစ်သည်။ သို့အတွက်ကြောင့် ကွန်ရက်များသည် တစ်မျိုးတည်း သတ်မှတ် လုပ်ကိုင်ခြင်းမရှိဘဲ လုပ်ငန်းအားလုံးကို ဆောင်ရွက်သောကြောင့် ညှိနှိုင်းတိုင်ပင်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဖော်ဆောင်ရာတွင် များစွာခက်ခဲလေသည်။ နိုင်ငံသားဆိုင်ရာ အမြင်ဖွင့်သင်တန်းနှင့် ကျားမရေးရာ သင်တန်းများပေးလျက်ရှိသော ရှမ်းပြည်နယ်ရှိ CSO အဖွဲ့ဝင်တစ်ဦးသည် ၎င်းတို့အနေဖြင့် ရှမ်းပြည်တောင်ပိုင်း CSO ကွန်ရက်တွင် ပါဝင်လိုစိတ် မရှိခြင်းမှာ ထိုကွန်ရက်သည် လူမှုကူညီပံ့ပိုးရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်နေခြင်းဖြစ်ပြီး ၎င်းတို့ CSO ၏ လုပ်ငန်းများမှာ နိုင်ငံရေးဆန်သောကြောင့် မပါဝင်ဖြစ်ခြင်း ဖြစ်သည်ဟု ဆိုသည်။ ရှမ်းပြည်နယ် CSO ကွန်ယက်တွင် ပရဟိတအဖွဲ့အစည်းများ ထည့်သွင်းပါဝင်မှုကို ၎င်းအနေဖြင့် လက်မခံပေ။ အဘယ်ကြောင့်ဆိုသော ပရဟိတလုပ်ငန်းသည် CSO လုပ်ငန်းအစစ်ဖြစ်သည်ဟု ၎င်းအနေဖြင့် မထင်မြင်သောကြောင့်ဖြစ်သည်ဟု ဆိုသည်။ သီးသန့်ဦးတည်ချက်ထားကာ ဆောင်ရွက်သော CSO ကွန်ရက်အချို့လည်း ရှိပါ သည်။ ဥပမာ-ငြိမ်းချမ်းရေးအတွက် ကျားမ တန်းတူရေး မဟာမိတ်အဖွဲ့ (AGIPP) သည် ပင်မငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုကို မြှင့်တင်ရန် ကြိုးပမ်းလျက်ရှိသည်။ တိုင်းဒေသပြည်နယ်များအကြား ပူးပေါင်းဆောင်ရွက်မှု မှာလည်း အနည်းငယ်မျှသာရှိသည်။

CSO များ ပူးပေါင်းဆောင်ရွက်သော လုပ်ငန်းများအနက်မှ ၆၃ ရာခိုင်နှုန်းသည် ပြည်နယ်အဆင့်ချိတ်ဆက်မှုရှိကြသည်။ ပြည်နယ် အဆင့်/တိုင်းဒေသကြီးအဆင့် အချင်းချင်းချိတ်ဆက်မှုမှာမူ ၂၃ရာခိုင်နှုန်းဖြစ်သည်။ ထိုအချက်ကို ကြည့်ခြင်းအားဖြင့် အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု မရှိသည်ကို တွေ့ရှိနိုင်ပါသည်။

[၃၉] Organizations that were not CSOs (media organizations, EAOs, political parties, etc.) were excluded from this figure, as were the CSO networks interviewed. Hence, the total sample for these figures is 41 CSOs.

| ဇယား ၈။ အုပ်ချုပ်မှုအဆင့်ဆင့် CSOများ အချင်းချင်း ပူးပေါင်းဆောင်ရွက် လုပ်ကိုင်လျက်ရှိသည့် လုပ်ငန်းများ | |
|---|---|
| **အဆင့်** | **ရာခိုင်နှုန်း** |
| ပြည်နယ်အဆင့် | ၆၃% |
| ပြည်ထောင်စုအဆင့် သို့မဟုတ် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် | ၆၃% |
| CSOs အားလုံး (လုပ်ငန်းအမျိုးအစား သီးသန့်ဖော်ပြခြင်း မရှိသော) | ၅% |
| တိကျရှင်းလင်းစွာ မသိရပါ။ | ၈% |


နိုင်ငံရေးပါတီများနှင့် EAOs များမှ အင်တာဗျူးဖြေကြားသူများက CSOs များအကြား စည်းလုံးမှု မရှိခြင်းကြောင့် အရပ်ဘက်လူ့အဖွဲ့အစည်းများမှာ လမ်းကြောင်း ၁ ငြိမ်းချမ်းရေး တည်ဆောက်မှုပုံစံမှ ဖယ်ကျဉ်ခံထားရခြင်း ဖြစ်သည် ထောက်ပြပြောဆိုကြလေသည်။ လမ်းကြောင်း ၁ ငြိမ်းချမ်းရေး တည်ဆောက်မှုပုံစံတွင် ပါဝင်သော အရပ်ဘက်လူ့အဖွဲ့အစည်း၏ ဆုံးဖြတ်ချက်များသည် မြန်မာနိုင်ငံ အရပ်ရပ်ရှိ အခြားသော အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ သဘောဆန္ဒကိုပါ ကြေးမုံသဖွယ် ထင်ဟပ်စေသည့်သဘော သက်ရောက်သည်။ ထို့ကြောင့် ယုံကြည်ကိုးကွယ်မှုဘာသာ၊ တိုင်းရင်းသားအမျိုးအစား၊ ပထဝီဝင်အနေအထား စသဖြင့် စုံလင်များပြားစွာရှိသော အရပ်ဘက်လူ့အဖွဲ့အစည်းများကို ထိုလမ်းကြောင်း ၁ ငြိမ်းချမ်းရေး တည်ဆောက်မှုပုံစံတွင် တစ်သံတည်း ညီညွတ်စွာ ထွက်စေချင်သော မျှော်လင့်ချက်မှာမူ လက်တွေ့မဆန်ပါ။ သို့သော်လည်း အခြားသောကဏ္ဍများမှ ဤကဲ့သို့ ဝေဖန်ပြောဆိုမှုများကိုလည်း အလေးအနက်ထည့်သွင်း စဉ်းစားသင့်ပါသည်။

### *အကြောင်းအရင်း - ၅။ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် လှူဒါန်းသူများ*

CSO များသည် ၎င်းတို့၏ လုပ်ငန်းများ လုပ်ဆောင်ရန်အတွက် လိုအပ်သော ရန်ပုံငွေကို နိုင်ငံတကာမှ အလှူရှင်များနှင့် အသေးစား လှူဒါန်းမှုများမှ ရရှိထားသော အဖွဲ့၏ရန်ပုံငွေ သို့မဟုတ် ကိုယ်ထူကိုယ်ထ ရန်ပုံငွေများမှ အများအားဖြင့် ရယူအသုံးပြုကြသည်။ နိုင်ငံတကာ အလှူရှင်များအနက်မှ ငြိမ်းချမ်းရေး ပူးပေါင်းရန်ပုံငွေအဖွဲ့ (JPF) နှင့် ပေါင်းစည်းလုပ်ငန်းအဖွဲ့ (PSF)၊ Development Alternatives Incorporated (DAI) နှင့် ဥရောပသမဂ္ဂတို့ကို အများအားဖြင့် ပြောဆိုကြသည်။

ကိုယ်ထူကိုယ်ထ ရန်ပုံငွေ (သို့) ဒေသခံများ၏ အသေးစားလှူဒါန်းများဖြင့် ရပ်တည်လည်ပတ်ဆောင်ရွက်သော အစီအစဉ်အများစုကို လူငယ်များအသင်းအဖွဲ့များက အကောင်အထည် ဖော်ကြပါသည်။ကချင် CSO တစ်ခုမှ ဖြေကြားသူတစ်ဦးသည် ၎င်းတို့အဖွဲ့သည် ကိုယ်ပိုင်လွတ်လပ်စွာ ရပ်တည်နိုင်ရန်အလို့ငှာ ၎င်းတို့၏ လူငယ်စင်တာကို အဖွဲ့ဝင်များ၏ အသေးစားလှူဒါန်းမှုများဖြင့် ရပ်တည် လည်ပတ်ရန် ဆုံးဖြတ်ခဲ့သည်ဟု ပြောဆိုလေသည်။


**ပုံ ၄။ CSO လုပ်ငန်းများ၏ ရန်ပုံငွေအရင်းအမြစ်များ**



CSO များအချင်းချင်းကြား ပူးပေါင်းဆောင်ရွက်မှု၊ စည်းလုံးမှုနည်းပါးခြင်းကို ပိုမိုဆိုးရွားအောင်ပြုလုပ်ခြင်းနှင့် ဒေသဆိုင်ရာ မညီမျှမှုများကို ဆက်လက်ဖြစ်ပေါ်စေသော အကြောင်းအရာများထဲတွင် အလှူရှင်များ၏အခန်းကဏ္ဍကို ဖြေဆိုသူများက မီးမောင်းထိုးပြောကြားခဲ့သည်။ ရန်ကုန်အခြေစိုက် CSOs များသည် ရန်ပုံငွေများကိုရယူရန် လိုအပ်သောအချက်အလက်များကို ပိုမိုလက်လှမ်းမီဖြည့်ဆည်းနိုင်သောကြောင့် တိုင်းဒေသကြီး/ပြည်နယ်များရှိCSOs များသည် ၎င်းအဖွဲ့များ၏မိတ်ဖက်အဖွဲ့များအဖြစ် အဆင့်ချခံရသည်ကို တွေ့ကြုံခံစားလာကြရသည်။ ပြည်နယ်များရှိ CSOs များသည် ရန်ပုံငွေထောက်ပံ့ကြေး လျှောက်ထားရာတွင်လို အပ်ချက်များကို ဖြည့်ဆည်းကျော်ဖြတ်ရန်မှာ ဗမာစကားမတတ်သော ဝန်ထမ်းများသာရှိသော CSOs ငယ်များအတွက် လွန်စွာခက်ခဲလေသည်။ သတင်းအချက်အလက်များကို မြန်မာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့်သာ ရေးသားဖော်ပြကြရသည်။ လျှောက်လွှာများကို အင်တာနက်မှတစ်ဆင့် တင်သွင်းရမည်ဆိုသော လိုအပ်ချက်မှာ အင်တာနက်မရရှိသော ဝေးလံသည့်ဒေသများရှိ CSOs များအတွက် လျှောက်ထားရယူရန် အခက်အခဲဖြစ်စေသည်။ အလားတူပင် CSOs များသည် လှူဒါန်းသူများ၏ တိကျသောငွေကြေးဆိုင်ရာ အထောက်အထားများတောင်းခံသည့်အပေါ် ဝေဖန်လျက်ရှိသည်။ ဥပမာအားဖြင့် ခရီးစရိတ်များ ပြန်လည်တောင်းခံခြင်းကိစ္စတွင် လိုင်စင်ရှိပြီး မှတ်ပုံတင်ထားသောယာဉ်ဖြင့်တင်ပြရမည်ဟု သတ်မှတ်ထားသည်။ သို့ရာတွင် အချို့သော ကျေးလက်ဒေသများတွင် ထိုကဲ့သို့မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်အများအပြားမရှိချေ။

လှူဒါန်းထောက်ပံ့သူများ၏ ဦးစားပေးသတ်မှတ်မှုများနှင့်ပတ်သက်၍လည်း ရန်ပုံငွေထောက်ပံ့ကြေးအများစုသည် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံကျင်းပသည့် လုပ်ငန်းစဉ်များကိုသာ ပေးအပ်ပြီး ကွင်းဆင်း ငြိမ်းချမ်းရေးဖော်ဆောင်သည့်လုပ်ငန်းများ (Bottom-up Peacebuilding)ကို ထောက်ပံ့မှု မပြုဟူ၍ ဝေဖန်ပြောဆိုထားသည်လည်း ရှိသည်။ လှူဒါန်းသူများအနေဖြင့်လည်း ရန်ကုန်အခြေပြု CSOs များမှတစ်ဆင့် မဟုတ်ဘဲ ဒေသတွင်း CSO များနှင့် တိုက်ရိုက်ချိတ်ဆက်ပံ့ပိုးမှုများ ပြုလုပ်ရန် တိုက်တွန်းလျက်ရှိသည်။ မွန်ပြည်နယ်ရှိ CSO တစ်ခု ကလည်း "Donor တွေက ငါတို့ရဲ့ Local Context မသိတဲ့ ရန်ကုန်ကအဖွဲ့တွေကိုပဲ ကြားခံပြီးတော့ လုပ်ခဲ့မယ်ဆိုရင် သူတို့စီမံကိန်းတွေ အကောင်အထည်ဖော်တဲ့နေရာမှာ အကျိုးဖြစ်ထွန်းမှာ မဟုတ်ဘူး။" ဟူ၍ ဝေဖန်ထားပါသည်။

### ပုံ ၅။ လုပ်ငန်းများအတွက် လှူဒါန်းသူများ



# အခန်း ၃

## အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု



**အဓိကတွေ့ရှိချက်များ**

- UPC ၊ UPDJC နှင့် JICM တို့ အပါအဝင် ပင်မငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်များတွင် အရပ်ဘက်အဖွဲ့အစည်းများသည် ဘေးဖယ်ထားခြင်းခံရပြီး ဆွေးနွေးပွဲများတွင် လေ့လာသူအဖြစ်သာ ပါဝင်ကြရသည်။ သို့မဟုတ်လျှင် နိုင်ငံရေးပါတီ (သို့) EAOs များ၏ ကိုယ်စားလှယ်အဖြစ်သာ ပါဝင်ခွင့် ရရှိကြသည်။

- လုံခြုံရေးကဏ္ဍမှလွဲပြီး အခြားကဏ္ဍများတွင် နားလည်တတ်ကျွမ်းမှု လိုအပ်ချက်များရှိနေခြင်းကြောင့် EAOs နှင့် နိုင်ငံရေးပါတီများသည် CSOs များ၏စွမ်းဆောင်ရည်နှင့် မူဝါဒဆိုင်ရာအဆိုပြုချက်များ တင်သွင်းနိုင်မှုအပေါ် အားထားရမှုများ ရှိနေသည်။ ဤအချက်သည် CSOs များအတွက် ပင်မငြိမ်းချမ်းရေး ဖြစ်စဉ်တွင် ပိုမိုကျယ်ပြန့်စွာ ပါဝင်နိုင်ရန် အဓိကလမ်းကြောင်း တစ်ရပ် ဖြစ်လာသည်။

- အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ဖိုရမ်များသည် UPDJC ၏ တင်းကြပ်စွာ ထိန်းချုပ်မှုနှင့် တပ်မတော်၏ ဟန့်တားမှုများကို ခံနေကြရသည်။

မြန်မာနိုင်ငံတွင်းဖြစ်ပွားနေသော ပဋိပက္ခများသည် UPC (21st CPC) တွင် ကိုယ်စားပြုတက်ရောက်ခဲ့သော အဖွဲ့များကြား လက်နက်ကိုင်ပဋိပက္ခများထက် ပိုမိုကျယ်ပြန့်နေပြီး လက်နက်ကိုင်အဖွဲ့များမှ ပြည်သူများကို အကြမ်းဖက်မှုများသာမကဘဲ၊ လူမျိုးရေးပဋိပက္ခများလည်း ပါဝင်ကြောင်း ယခင်အခန်းတွင် ဖော်ထုတ်ခဲ့ပြီးဖြစ်သည်။ အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေး တည်ဆောက်မှုဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများကို အကဲဖြတ်လေ့လာလျှင် အဆိုပါ ပဋိပက္ခပုံစံ ၃ မျိုးလုံးကို ကုစားရန် ဆောင်ရွက်သော ၎င်းတို့၏ ကြိုးပမ်းအားထုတ်မှုများကို လေ့လာရမည်ဖြစ်သည်။

## လူမှုအသိုင်းအဝိုင်းနှင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်း


အရပ်ဘက်လူ့အဖွဲ့အစည်းများကို နှိုင်းယှဉ်လေ့လာမှုများအရ ၎င်းတို့၏ ဆောင်ရွက်ချက်အမျိုးမျိုးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်အမျိုးမျိုးကို ဖော်ထုတ်နိုင်ခဲ့သည်။ သိသိသာသာ ကွဲပြားမှုတစ်ရပ်မှာ တရားဝင် ညှိနှိုင်းဆွေးနွေးမှုလမ်းကြောင်း၌ ပါဝင်ဆောင်ရွက်သော အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုများနှင့် ညှိနှိုင်းဆွေးနွေးမှုလမ်းကြောင်း ပြင်ပမှ လွတ်လပ်စွာ ငြိမ်းချမ်းရေး တည်ဆောက်ခြင်းကို ဆောင်ရွက်သော အရပ်ဘက်အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များပင် ဖြစ်သည်။ အဆိုပါ လုပ်ငန်းရပ်များကို လမ်းကြောင်းပုံစံဖြင့် ရှင်းလင်းဖွင့်ဆိုကြသည်။

**(လမ်းကြောင်း - ၁)** ငြိမ်းချမ်းရေး တည်ဆောက်မှုပုံစံဆိုသည်မှာ လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားသော (သို့) နိုင်ငံရေးလမ်းကြောင်းဖြင့် အဖြေရှာသည့် အဓိကပါဝင်ပတ်သက်သော အဖွဲ့အစည်းများ၏ တရားဝင် ပင်မညှိနှိုင်းဆွေးနွေးမှုဆိုင်ရာဖြစ်စဉ်ကို ဆိုလိုခြင်းဖြစ်သည်။ အဆိုပါဖြစ်စဉ်တွင် အရပ်ဘက်အဖွဲ့အစည်းအပါအဝင် လက်နက်ကိုင်ဆောင်ထားခြင်းမရှိသည့် အုပ်စုများ၏ ကိုယ်စားလှယ်များလည်း ပါကောင်းပါနိုင်သည်။

**(လမ်းကြောင်း - ၂)** ငြိမ်းချမ်းရေးတည်ဆောက်မှုပုံစံ ဆိုသည်မှာ တရားဝင်ညှိနှိုင်းဆွေးနွေးပွဲများကို ပံ့ပိုးမှု ပေးနိုင်ရန် (သို့) အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲများတွင် ထည့်သွင်းဆွေးနွေးနိုင်ရန် အကြောင်းအရာများကို ဆွေးနွေးဖော်ထုတ်သည့် ဖိုရမ်များ၊ အဖွဲ့အစည်းများကိုဆိုလိုခြင်းဖြစ်သည်။ အဆိုပါလမ်းကြောင်းတွင် အစိုးရများ၊ လက်နက်ကိုင်အဖွဲ့များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ စီးပွားရေးဆိုင်ရာ အဖွဲ့များ၊ ပြည်သူလူထု၊ ရိုးရာအစဉ်အလာ ခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများ စသဖြင့် ပါဝင်နိုင်သည်။

**(လမ်းကြောင်း - ၃)** နောက်ဆုံး ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာ ဆိုသည်မှာ ငြိမ်းချမ်းရေးတည်ဆောက်မှုကို ဦးတည်သည့် ဆွေးနွေးပွဲများ ဖြစ်စဉ်အပေါ် မူတည်ခြင်းမရှိပဲ အခြားငြိမ်းချမ်းရေး တည်ဆောက်မှုပုံစံများဖြင့်သွားသော လမ်းကြောင်းကို ဆိုလိုခြင်း ဖြစ်သည်။

## ပုံ ၆။ မြန်မာ့ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်ရှိ ညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာ လမ်းကြောင်းများ




ယခုလေ့လာမှုအရ (လမ်းကြောင်း - ၁) ပုံစံဖြင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများတွင် အရပ်ဘက်အဖွဲ့အစည်းများ၏ ပါဝင်မှုများသည် ငြိမ်းချမ်းရေး သဘောတူညီချက်များအတွက် အကြံဉာဏ်သစ်များနှင့် ထည့်သွင်းစဉ်းစားရမည့် ကိစ္စရပ်များ ပေါ်ထွက်လာစေရန် အထောက်အကူပြုသည်။ ဤနည်းအားဖြင့် ငြိမ်းချမ်းရေး သဘောတူညီချက်များကို ပိုမိုဖြစ်ပေါ်လာစေပြီး အဆိုပါ သဘောတူညီချက်များကို အကောင်အထည်ပေါ်လာစေရန်နှင့်အခွန့်ရှည် တည်တံ့လာစေရန် ဆောင်ရွက်လာနိုင်စေမည်ဖြစ်သည်။


တရားဝင်ပြုလုပ်သော ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးမှုများ၏ ပြင်ပ သို့မဟုတ် ယှဉ်လျက်ပြုလုပ်သော လူမှုအသိုင်းအဝိုင်းများ၏ ငြိမ်းချမ်းရေး တည်ဆောက်မှုများတွင် ပါဝင်ဆောင်ရွက်မှုများ (လမ်းကြောင်း - ၃) သည်လည်း အရေးကြီးကြောင်းကို ပြီးခဲ့သည့် ဆယ်စုနှစ်များတွင်ပြုလုပ်ခဲ့သော လေ့လာမှုများစွာတွင် ဖော်ထုတ်ပြသပြီးဖြစ်သည်။ (လမ်းကြောင်း - ၃) ငြိမ်းချမ်းရေးတည်ဆောက်မှုတွင် လူမှုအသိုင်းအဝိုင်းများ ပါဝင်ဆောင်ရွက်မှုကို နားလည်စေရန်အတွက် Paffenholz မှ မူဘောင်တစ်ခုကို ဖော်ထုတ်ရေးဆွဲခဲ့သည်။ စားပွဲဝိုင်းဆွေးနွေးခြင်းမဟုတ်သော ငြိမ်းချမ်းရေးတည်ဆောက်မှုကို လုပ်ငန်းတာဝန် ခုနစ်ရပ်အဖြစ် အမျိုးအစားခွဲခြားနိုင်ပြီး ကာကွယ်ခြင်း၊ စောင့်ကြည့်ခြင်း၊ ကိုယ်စားပြု အရေးဆိုပေးခြင်း၊ အုပ်စုတွင်း လူမှုနည်းလမ်းဖြင့် အမှုအကျင့်ပြောင်းလဲစေခြင်း၊ လူမှုပေါင်းစည်းရေးလုပ်ငန်းများ၊ ပံ့ပိုးမှုနှင့် ဝန်ဆောင်မှုပေးခြင်းတို့ ဖြစ်ကြသည်။ swisspeace ၏ (၂၀၁၄) လေ့လာမှုနှင့် ပေါင်းစည်းအဖွဲ့၏ (၂၀၁၈) လေ့လာမှုအရ Paffenholz ၏ လုပ်ငန်းတာဝန်မူဘောင်ကို မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အသုံးပြုထားကြောင်း သိရသည်။ ယခုလေ့လာမှုသည် ယခင်လေ့လာမှုများနှင့် ကွဲလွဲသည့်အချက်မှာ (လမ်းကြောင်း - ၁) ကိုလည်း ထည့်သွင်းလေ့လာထားခြင်း ဖြစ်သည်။

## လမ်းကြောင်း ၁ - ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးမှုများ

(၂၀၁၅) ခုနှစ် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်ဆဲရေး သဘောတူညီချက်တွင် သဘောတူညီချက်၏ အစိတ်အပိုင်းများကို အကောင်အထည်ဖော်ရန်နှင့် ညှိနှိုင်းဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်ရန် ဖိုရမ်အချို့ကျင်းပရန် ပါဝင်သည်။ မြန်မာနိုင်ငံ၏ အနာဂါတ်နိုင်ငံရေး နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုများကို UPC (21st CPC), UPDJC,နှင့် JICM တို့တွင် ပြုလုပ်သည်။ UPC ကို သုံးပွင့်ဆိုင်ပုံစံဖြင့် ဖွဲ့စည်းထားပြီး အစိုးရကို ဝန်းရံလျက် EAOsများနှင့် ရွေးကောက်ပွဲတွင် အနိုင်ရသော နိုင်ငံရေးပါတီများ ပါဝင်သည်။ သို့ရာတွင် တိတိကျကျပြောရလျှင် ပဉ္စဂံပုံစံ ဖွဲ့စည်းပုံအဖြစ် ရှုမြင်နိုင်ပြီး အစိုးရအစု အဖွဲ့တွင် တပ်မတော်မှ ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့နှင့် လွှတ်တော်တို့ ပေါင်းစပ်ပါဝင်နေခြင်း ဖြစ်သည်။ သို့သော် ယခုသုတေသနအတွင်း အင်တာဗျူးခဲ့သော UPDJC ၏ အဖွဲ့ဝင်အချို့က တပ်မတော်၏ အမြင်ရှုထောင့်သည် ရံဖန်ရံခါတွင် အခြားအုပ်စုများ (အစိုးရ အဖွဲ့များ၊ လွှတ်တော်၊ နိုင်ငံရေးပါတီများ နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ) နှင့်မတူကြောင်း ထောက်ပြခဲ့သည်။ သမ္မတ ဦးသိန်းစိန်လက်ထက်နှင့် နှိုင်းယှဉ်သော် လက်ရှိ NLD အစိုးရလက်ထက်တွင် တပ်မတော်နှင့် အစိုးရအဖွဲ့၊ လွှတ်တော်နှင့် ပါတီတို့ အကြားရှိ ကွဲလွဲမှုမှာ ပို၍သိသာထင်ရှားလာကြောင်း အဖွဲ့ဝင်တစ်ဦးမှ ပြောကြားခဲ့သည်။ ဖြေဆိုသူမှ

*"ဦးသိန်းစိန် လက်ထက်တုန်းက UPDJC ရဲ့ (အခင်းအကျင်းက) ၄း၁ လို့ ပြောနိုင်တယ်။ ဆိုလိုတာက တပ်မတော်၊ လွှတ်တော်၊ အစိုးရအဖွဲ့နဲ့ ပါတီတွေက တစ်ဖက်၊ ကျန်တဲ့တစ်ဖက်မှာက EAO ပဲရှိတာ။ အခု အခြေအနေက ပြောင်းပြန်ဖြစ်လာပြီ။ ၁း၄ ဖြစ်လာတယ်။ ကိစ္စတော်တော်များများမှာ တပ်မတော်က ကျန်တဲ့အဖွဲ့တွေနဲ့ အမြင်မတူတာတွေ ရှိလာတယ်။ ဒါပေမယ့် ခက်တာက တပ်မတော် လက်မခံလောက်တဲ့ ကိစ္စတွေကို အဆိုမပြုရဲကြဘူး။"*

### ပုံ ၇။ UPC/21st CPC ၏ လက်ရှိ ပဉ္စဂံပုံသဏ္ဍာန် ဖွဲ့စည်းပုံ




အရပ်ဘက်အဖွဲ့အစည်းသည် ပဉ္စဂံပုံသဏ္ဍာန်ဖွဲ့စည်းပုံတွင် ကိုယ်စားပြုပါဝင်နိုင်ခြင်းမရှိပဲ UPC ညှိနှိုင်းဆွေးနွေးရေး ကဏ္ဍများတွင် စောင့်ကြည့်လေ့လာသူများအဖြစ်သာပါဝင်နိုင်သည်။ သို့မဟုတ်ပါကEAOs(သို့) နိုင်ငံရေးပါတီများ၏ကိုယ်စားလှယ်များအဖြစ်သာ ပါဝင်နိုင်သည်။ ထိုသို့ပါဝင်မှုသည် UPC ၏ညှိနှိုင်းဆွေးနွေးမှုများအပေါ် အရပ်ဘက်လူ့အဖွဲ့အစည်းမှ လွှမ်းမိုးမှုအတွက် အရေးကြီးသည့် အခွင့်အရေး တစ်ရပ်ဖြစ်သော်လည်း UPC တွင် အရပ်ဘက် အဖွဲ့အစည်းကိုယ်စားပြု၍ ပါဝင်နိုင်ခြင်း မရှိသည့်အတွက် အားမလိုအားမရဖြစ်ရကြောင်း အင်တာဗျူးခဲ့ရသော CSOs များမှ ပြောကြားခဲ့သည်။ ရှမ်းပြည်နယ်မှ CSO ကိုယ်စားလှယ်တစ်ဦး ပြောကြားသည်မှာ -

*"ကျွန်မက RCSS (ရှမ်းပြည်နယ် ပြန်လည်ထူထောင်ရေးကောင်စီ) ကို ကိုယ်စားပြုပြီးတော့ ၂၁ ရာစု ပင်လုံမှာ လူမှုရေးကဏ္ဍကနေ ပါခဲ့တာ။ ဒါပေမယ့် အစည်းအဝေး မှတ်တမ်းဖြည့်တော့ CSO အနေနဲ့ ကိုယ့်အဖွဲ့အစည်း နာမည်ပဲရေးခဲ့တယ်။ အစည်းအဝေးတက်တာကိုက ပြည်သူ့အသံကို ပါစေချင်လို့ တက်တာ။ PNLO နဲ့ အစိုးရအဖွဲ့ကတော့ အရပ်ဘက်အဖွဲ့အစည်းအနေနဲ့ ဆက်ဆံတယ်။ ကျန်တဲ့အဖွဲ့တွေကတော့ EAO ကို ကိုယ်စားပြုတယ်လို့ပဲ မြင်တယ်။"*

ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) သည် နိုင်ငံရေးဆွေးနွေးမှု လုပ်ငန်းစဉ်အတွက် ပဲ့ကိုင်ကော်မတီဖြစ်ပြီး၊ နိုင်ငံရေးဆွေးနွေးမှု မူဘောင်တစ်ရပ် (FPD) ရေးဆွဲရန် တာဝန်ရှိသည်။ ယင်းသည် UPC ဆိုင်ရာ အတွင်းရေးမှူးရုံးဖြစ်ပြီး၊ UPC မကျင်းပမီ ဆွေးနွေးရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်းသော အကြိုဆွေးနွေးညှိနှိုင်းမှုများနှင့် သဘောတူညီမှု တည်ဆောက်ခြင်းများ ကဲ့သို့သော လုပ်ငန်းစဉ်၏ အရေးကြီးကဏ္ဍများအတွက် တာဝန်ရှိသည်။ UPDJC သည် ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲအမျိုးမျိုးကို ဖြစ်မြောက်အောင်စီမံရန် အတွက်လည်း တာဝန်ရှိသည်။

ဆိုလိုသည်မှာ အကြောင်းအရာအများစုကို UPDJC အတွင်း၌ မဖြစ်မနေ ညှိနှိုင်းဆွေးနွေးကြသည်။ UPDJC ၌ ချမှတ်ထားသော ဆုံးဖြတ်ချက်များကို အတည်ပြုခြင်းကိုသာ UPC ၌ တခါတရံ ပြုလုပ်ကြသည်။ (သို့ရာတွင် ယင်းသည် UPDJC လုပ်ဆောင်ရမည့် ကဏ္ဍစုံ မဟုတ်သေးပေ။) UPDJC အတွင်း ညှိနှိုင်းအဖြေရှာမရသော ကိစ္စရပ်များကို ပူးတွဲအကောင်အထည်ဖော်မှု စောင့်ကြပ်ညှိနှိုင်းရေး အစည်းအဝေး (JICM) တွင် ဆွေးနွေးကြသောကြောင့် ၎င်းသည် "သဘောတူညီမှုရယူရေးကော်မတီ" တစ်ရပ်သာဖြစ်သည်။ သည် UPDJC အတွက် "သဘောတူညီမှုကော်မတီ" တစ်ရပ်သာဖြစ်သည်။၎င်းသည် UPDJC အတွင်း မဖြေရှင်းနိုင်သော ကိစ္စရပ်များကို တာဝန်ယူရသည်။

CSO များသည် UPDJC နှင့် ၎င်း၏လက်ရှိ သုံးပွင့်ဆိုင်/ပဥ္စဂံပုံစံ UPC အုပ်ချုပ်မှုပုံစံနှင့်အညီ ဖွဲ့စည်းထားသော သက်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအဖွဲ့ (Working Group) များ၏ အစိတ်အပိုင်းတစ်ရပ် အနေနှင့် ပါဝင်ခြင်း မရှိပါ။ UPDJC နှင့် သူ၏ working group[၄၀] များကို မူဝါဒစာတမ်းများကို အသေးစိတ် ဆွေးနွေးပြင်ဆင်သည့် အရေးကြီးသော ဆွေးနွေးညှိနှိုင်းမှုများအတွက် ပလတ်ဖောင်းတစ်ခုအဖြစ် ယူဆကြသည်။ ထိုပလတ်ဖောင်းတွင် မူဝါဒစာတမ်းများကို အသေးစိတ်ဆွေးနွေးပြီး UPC (၂၁ ရာစုပင်လုံညီလာခံများ) တွင် တရားဝင် ဆွေးနွေးပွဲများအတွက် မူဝါဒနည်းလမ်းများအဖြစ် ပြင်ဆင်ကြသည်။ CSO များမှ UPDJC ၏အတွင်းရေးမှူးအဖွဲ့(သို့) အနည်းဆုံး သက်ဆိုင်ရာ working group များတွင် တရားဝင်နေရာများရစေရန် ၎င်းတို့၏ စိတ်ဝင်စားမှုကို ဖော်ပြခဲ့သည်။ သို့ရာတွင် သုတေသနအတွင်း အများစုသော ဖြေဆိုသူများ၏ ပြောပြချက်အရ UPDJC ၏ လက်ရှိဖွဲ့စည်းမှုပုံစံကို ပြောင်းလဲရခက်မည်ဖြစ်ပြီး CSOs များအတွက် နေရာဖန်တီးပေးခြင်းမှာ ရရှိရန် ခဲယဉ်းပေမည်။

**ဇယား ၉။ UPC/21st CPC ၏ အစည်းအဝေးပွဲများ နှင့် ဆွေးနွေးသည့် အကြောင်းအရာခေါင်းစဉ်များ။**

| | နေ့စွဲ | အဓိက သဘောတူညီခဲ့သော အကြောင်းအရာများ |
|---|---|---|
| ပထမအစည်းအဝေးပွဲ | ၂၀၁၆ ခုနှစ် ဇန်နဝါရီ (၁၂- ၁၆) ရက် | - အထွေထွေဆွေးနွေးချက်၊ သိသာထင်ရှားသော အကြောင်းအရာများကို ဆွေးနွေးခြင်းမရှိခဲ့ပေ။ |
| ဒုတိယအစည်းအဝေးပွဲ | ၂၀၁၇ ခုနှစ် မေလ (၂၄-၂၉) ရက် | - ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးနှင့်အတူ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စု တည်ထောင်ရန်။<br>- မည်သည့် တိုင်းရင်းသားလူမျိုးကိုမျှ အထူးအခွင့်အရေးများ မပေးရန်။<br>- (၂၀၀၈)ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ၎င်းတို့၏ ကိုယ်ပိုင်ဖွဲ့စည်းပုံအခြေခံဥပဒေများကို ရေးဆွဲရန်။ |

[၄၀] UPDJC သည် NCA အောက်တွင် ဖွဲ့စည်းထားသော အဓိကအဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။ ၎င်းသည် နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းစဉ်များအတွက် Steering Committee တစ်ရပ်ဖြစ်ပြီး နိုင်ငံရေးဆွေးနွေးပွဲမူဘောင် (FPD) ကို ဖော်ထုတ်ရန်နှင့် ပထမဆုံး ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ (UPC) ကို စည်းရုံးလုပ်ဆောင်ရန် ဖြစ်သည်။ Extracted from Oo, Aung Naing (2016). Pathway to Peace: An Insider's Account of the Myanmar Peace Process. Mizzima Media Group.

| | | |
|---|---|---|
| တတိယအစည်းအဝေးပွဲ | ၂၀၁၈ ခုနှစ် ဇူလိုင်(၁၁- ၁၆) ရက် | - ကဏ္ဍတစ်ခုချင်းစီတွင် အမျိုးသမီး (၃၀) ရာခိုင်နှုန်း ကိုယ်စားပြုရေးကို လိုလားခြင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနှင့် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး။<br><br>- တိုင်းဒေသကြီး(သို့) ပြည်နယ်အစိုးရများမှ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒနှင့်စီမံချက်များကို အကောင်အထည်ဖော်ခွင့်။<br><br>- မြန်မာနိုင်ငံသားများသာ မြေပိုင်ဆိုင်ခွင့် ကန့်သတ်ချက်။<br><br>- ဖွံ့ဖြိုးရေးစီမံချက်များကို အကောင်အထည်မဖော်ခင်တွင် ပတ်ဝန်းကျင်ရေးရာ၊ လူမှုရေး၊ ကျန်းမာရေး သက်ရောက်မှုများနှင့် ဒေသခံပြည်သူများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း ကိစ္စရပ်များတွင် အကြိုဆန်းစစ်လေ့လာမှုများကို ပြုလုပ်ရမည်။ |

### *အကြောင်းအရင်း ၆။ အရပ်ဘက်အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်များအပေါ် အမြင်ရှုထောင့်များ*

CSO များသည် စောင့်ကြည့်လေ့လာသူများ/အကြံပေးများအဖြစ် EAOsများနှင့်နိုင်ငံရေးပါတီများအပေါ်လွှမ်းမိုးမှုရှိကြပြီး၊ UPC အတွင်း အဆိုပါ ကဏ္ဍများ၏ ကိုယ်စားလှယ်များအဖြစ် ဆောင်ရွက်ကြသည်။ အချို့သော နိုင်ငံရေးပါတီများ နှင့် EAO ကိုယ်စားလှယ်များသည် လုပ်ငန်းစဉ်တွင် ပါဝင်သော ကိစ္စရပ်နယ်ပယ်များစွာတွင် ကျွမ်းကျင်မှု မရှိကြကြောင်းနှင့် ၎င်းတို့၏စွမ်းဆောင်ရည် တိုးတက်ရေးအတွက် အလှူရှင်များမှ ရန်ပုံငွေပေးမည် မဟုတ်သောကြောင့် ၎င်းတို့၏ ကိုယ်ပိုင်ကျွမ်းကျင်မှုကို တည်ဆောက်ရန်လည်းမဖြစ်နိုင်ဟု ထင်မြင်ကြသည်။ ဤသို့ဖြင့် ၎င်းတို့သည် နည်းပညာကျွမ်းကျင်မှုနှင့် အသိပညာပေးမှုအတွက် အလှူရှင်များ၏ ထောက်ပံ့မှုကို လက်လှမ်းမီရယူနိုင်သော CSOs များအပေါ် မှီခိုအားထားရန်သာ ရှိသည်။

အရပ်ဘက်အဖွဲ့အစည်းများသည် ကျားမရေးရာ၊ မြေယာ၊ လူ့အခွင့်အရေး အစရှိသော နယ်ပယ်များတွင် ကျွမ်းကျင်မှုရှိသည်ဟု ရှုမြင်ကြသောကြောင့် ၎င်းတို့ကို အဆိုပါနယ်ပယ်များနှင့် သက်ဆိုင်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်စေခဲ့သော်လည်း လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များတွင် ၎င်းတို့ ၏ပါဝင်မှုကို ကန့်သတ်ထားကြောင်း တွေ့ရှိရသည်။

CSOs များသည် အထူးသဖြင့် ပြည်သူကို စုစည်းရာတွင် အားသာချက်များရှိကြောင်း EAO ကိုယ်စားလှယ်များထဲမှ တစ်ဦးက ထင်မြင်သည်။ ထိုပုဂ္ဂိုလ်ကပင် CSOsများသည် အစိုးရအား ထိန်းကျောင်းမှု ပြုလုပ်နိုင်စွမ်းရှိကြသောကြောင့် ဒီမိုကရေစီစနစ်ကို ထိန်းသိမ်းရာတွင် မရှိမဖြစ်လိုအပ်သည်ဟု ဖော်ပြခဲ့သည်။

***"CSOs တွေက စည်းရုံးရေး အားကောင်းကြတယ်။ ကတ္တီပါတော်လှန်ရေးလို ကိစ္စတွေမှာလည်း သူတို့တွေပဲ လူစုနိုင်ကြတာ။ သူတို့ကို ထိန်းချုပ်မယ့်အစား သူတို့ရဲ့အားကိုယူဖို့ လိုတယ်။ ဒီမိုကရေစီရဖို့ဆိုတာလည်း သူတို့ကို လိုအပ်တယ်။ CSOs တွေက အစိုးရကို ထိန်းကျောင်းတာပဲ၊ ဒါကြောင့် ဒီမိုကရေစီရဖို့ သူတို့ကို လိုတယ်။"***

တစ်ချိန်တည်းတွင် အဆိုပါပုဂ္ဂိုလ်မှပင် CSOs များ၊ နိုင်ငံရေးပါတီများသည် နိုင်ငံရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ EAOs များနှင့်အတူ လိုက်နာဆောင်ရွက်သင့်ကြောင်း အခိုင်အမာ ပြောကြားခဲ့သည်။

***"ကျွန်တော်တို့က (EAO) ဘယ်နေရာမှာ အားကောင်းသလဲလို့ပြောရင် အခြေခံနိုင်ငံရေးရပ်တည်ချက်မှာ အားကောင်းတယ်။ နိုင်ငံရေးသမားဆိုတော့ နိုင်ငံရေးသမားလို တွေးတယ်။ ပဋိပက္ခဖြစ်တဲ့ အရင်းအမြစ်အကြောင်းကို စဉ်းစားတယ်။ အရပ်ဘက်အဖွဲ့အစည်းတွေကို မေးရင် အဲ့လိုပြောချင်မှ ပြောမယ်။ မြေယာ ကျွမ်းကျင်တဲ့သူက မြေယာအကြောင်း ပြောမယ်၊ လူ့အခွင့်အရေးနဲ့ပတ်သက်ပြီး လုပ်တဲ့သူက လူ့အခွင့်အရေးအကြောင်း ပြောမယ်။ ကျား၊ မ ရေးရာအကြောင်း လုပ်တဲ့သူက ကျား၊ မ ရေးရာအကြောင်း ပြောမယ်။ အခု CSOs တွေ လှုပ်ရှားလို့ရနေတယ်ဆိုတာ (၂၀၀၈) ဖွဲ့စည်းပုံ အခြေခံဥပဒေအောက်ကနေသွားနေတာ။ အခုနေ အဲ့ဒီလမ်းကြောင်းကို ပိတ်လိုက်ရင် CSOs တွေက ဘာလုပ်ကြမှာတုန်း။"***

EAOs များနှင့် အစိုးရတို့သည် နိုင်ငံရေးနှင့် လုံခြုံရေးကိစ္စရပ်များတွင် CSOs များပါဝင်လုပ်ဆောင်ရမည့် အခန်းကဏ္ဍကို ပေးအပ်ထားမှုမရှိကြောင်း CSOs များမှ ထင်မြင်ကြသည်။ အချို့သော EAOs များသည် မြေယာ၊ ကျားမရေးရာ နှင့် ကျန်းမာရေးကဲ့သို့သော ကိစ္စရပ်များတွင် CSOs များကို ဦးဆောင် ဆွေးနွေးခိုင်းသော်လည်း၊ နိုင်ငံရေးနှင့် လုံခြုံရေးတို့နှင့်ဆိုင်သော ကိစ္စရပ်များကိုမူ ၎င်းတို့မှ သီးသန့်ဆွေးနွေးကြသည်။ ထိုသို့စီစဉ်ထားမှုကြောင့် အားမလိုအားမရ ဖြစ်မှုများကို အရပ်ဘက်လူ့အဖွဲ့အစည်းအသီးသီးရှိ ဖြေဆိုသူများစွာမှ အလေးပေးဖော်ပြကြသည်။

CSOs များကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်ပါဝင်သော နည်းပညာဆိုင်ရာ အလုပ်တာဝန်များလည်း အပ်နှင်းကြသည်။ CSOs များသည် အစည်းအဝေးများကို ပံ့ပိုးပေးခြင်းနှင့် အစည်းအဝေးမှတ်တမ်းများကို မှတ်တမ်းတင်ခြင်းတို့ကဲ့သို့သော နည်းပညာဆိုင်ရာ လုပ်ငန်းများတွင် ကျွမ်းကျင်ကြကြောင်း EAOs များမှ သတင်းအချက်အလက် ဖြေဆိုသူအားလုံး ဖော်ပြကြသည်။ EAOs အချို့မှ နိုင်ငံအဆင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် စုစည်းခြင်း၊ ပံ့ပိုးကူညီခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ ဆောင်ရွက်ရာတွင် CSOs များ၏ ကျွမ်းကျင်မှုအတွက် ကျေးဇူးတင်ကြောင်း ဖော်ပြခဲ့သည်။

မွန်ပြည်နယ်ရှိ အမျိုးသမီးပါတီဝင်တစ်ဦးမှနေ၍ နိုင်ငံရေးပါတီများနှင့် EAO များ၏ နည်းပညာလုပ်ငန်းများအတွက်CSOs များအပေါ် မှီခိုအားထားရမှုအကြောင်းကို CSOs များအား အလှူရှင်များမှ ထောက်ပံ့ထားပြီး၊ သင်တန်းကောင်းများ၊ လစာကောင်းများ ရှိထားသော်လည်း နိုင်ငံရေးပါတီများနှင့် EAOs များတွင် ထောက်ပံ့မှုများ မရရှိသောကြောင့် နည်းပညာနယ်ပယ်များတွင် အားနည်းရခြင်းဖြစ်ကြောင်း ဆက်စပ်ဖော်ပြထားသည်။

အရပ်ဘက်လူ့အဖွဲ့အစည်းများသည် အစိုးရခွင့်ပြုထားသော အတိုင်းအတာထိသာ လှုပ်ရှားဆောင်ရွက်ရခြင်းအပေါ် EAOs များကလည်း ထောက်ပြဝေဖန်လိုကြသည်။

UPC လုပ်ငန်းစဉ်အတွင်းပါဝင်သော EAOs များထဲမှ တစ်ဖွဲ့၏ အကြီးတန်းအဖွဲ့ဝင်တစ်ဦးမှပြောကြားသည်မှာ -

> ***"CSOs တွေက အစိုးရခွင့်ပြုထားလို့ လုပ်ကြရတာ။ အဲ့ဒီလမ်းကြောင်းပိတ်သွားရင် သူတို့ဘာလုပ်ကြမှာတုန်း။ အဲ့ဒီလို အခြေအနေမျိုးကို (၁၉၅၈) နဲ့ (၁၉၆၃)မှာ ကြုံခဲ့ပြီးပြီ။ လက်နက်နဲ့ ငြိမ်းချမ်းရေးလဲခဲ့ကြပြီး နိုင်ငံရေးလမ်းကြောင်းကနေသွားဖို့ လုပ်ခဲ့ကြတာ မအောင်မြင်ခဲ့ဘူး။ "***


## လမ်းကြောင်း ၂ - ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးမှုများကို တပြိုင်တည်း လုပ်ဆောင်နေသော သို့မဟုတ် ထောက်ကူပေးနေသော အဖွဲ့အစည်းများ

ညှိနှိုင်းဆွေးနွေးရေးအဖွဲ့များအပြင် NCA သည် သဘောတူညီမှုပါ အပစ်အခတ်ရပ်ဆဲရေးအပိုင်းကို စောင့်ကြည့်ရန် ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC) ကို တည်ထောင်ခဲ့ပြီး၊ UPC(၂၁ရာစု ပင်လုံညီလာခံ)နှင့် UPDJC တွင် မပါသောကဏ္ဍများမှ အကြောင်းအရာများကို စုစည်းရန် ပြည်ထောင်စုအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ (ဒေသအလိုက် ဆွေးနွေးပွဲများ၊ လူမျိုးအလိုက် ဆွေးနွေးပွဲများနှင့် အရပ်ဘက်အဖွဲ့ အစည်း ငြိမ်းချမ်းရေးဖိုရမ်ဟူ၍လည်းခေါ်ဆိုသည့် အကြောင်းအရာ အခြေပြုဆွေးနွေးပွဲများ) ကို တည်ထောင်ထားသည်။ JMC ကို အပစ်အခတ်ရပ်စဲရေးနှင့် ရှေ့ဆက်မည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးပွဲများနှင့် ဆိုင်သော တပ်မတော်ကိစ္စရပ်များ စောင့်ကြည့်လေ့လာရန်အတွက် NCA အပြီး (၂၀၁၅) တွင် တည်ထောင်ထားသော အဖွဲ့အစည်း တစ်ရပ် ဖြစ်သည်။ JMC တွင် လက်မှတ်ထိုးထားသော EAO များနှင့် တပ်မတော်၏ လုပ်ဆောင်မှုကို စောင့်ကြည့်လေ့လာရန်ဖြစ်သော ဒေသခံအရပ်သားစောင့်ကြည့်သူအဖွဲ့များ (LCM) ကို တည်ထောင်ရန် ပြဋ္ဌာန်းချက်တစ်ရပ်ရှိသည်။ LCM အဖွဲ့များကို ကျေးရွာအုပ်စုတစ်ခုမှ ကျေးရွာငါးရွာဖြင့် ဖွဲ့စည်းထားရန် ရည်ရွယ်ထားပြီး၊ ပြည်နယ်/ဒေသတွင်းJMC ရုံးများသို့ အစီရင်ခံရမည်ဖြစ်သည်။ JMC တွင် စောင့်ကြည့်လေ့လာရမည့် အကြောင်းအရာနှင့် သင်ရိုးညွှန်းတမ်းအပါအဝင် LCM အဖွဲ့ များအတွက် လုပ်ငန်းရည်ညွှန်းချက်များကို ဖော်ထုတ်ရေးဆွဲပြီး ဖြစ်သည်။

JMC သည် ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့် နှင့် ဒေသတွင်းအဆင့်ဟူ၍ အဆင့် ၃ ဆင့်တွင် လုပ်ဆောင်သည်။ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်ဟူ၍ ပြည်နယ်အဆင့်ရုံးပေါင်း ၅ ခု ရှိသည်။ ပြည်နယ်အဆင့်ရုံးများသည် လတိုင်း အစည်းအဝေး ကျင်းပနိုင်သည်။ ရှမ်းပြည်နယ်တောင်ပိုင်း ကန်ခိုမြို့နှင့် ကရင်ပြည်နယ် ဖာပွန်မြို့တို့တွင် ဒေသတွင်း JMC ရုံးနှစ်ရုံး ရှိသည်။ JMC-S ရုံးများကို မြို့ကြီးများတွင် ရုံးထိုင်ပြီး JMC-L ရုံးများကို မြို့နယ်အဆင့်တွင် ဖွင့်လှစ်ထားသည်။ ထိုရုံးများသည် JMC ၏ ကျင့်ဝတ်၊ စံလုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းရည်ညွှန်းချက်များကို အကောင်အထည်ဖော်ခြင်းအားဖြင့်ပဋိပက္ခဖြစ်ပွားရာဒေသများတွင် စောင့်ကြည့်လေ့လာရန် ပြဋ္ဌာန်းထားသည်။ ရှမ်းပြည်နယ်၊

တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပူးတွဲအပစ်အခတ် စောင့်ကြည့် လေ့လာရေးကော်မတီ ၄ ခုကို ဖွင့်လှစ်ထားပြီး ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နှစ်ခု ထပ်မံဖွင့်လှစ်ရန် စီစဉ်ထား သည်။ ပြည်ထောင်စုအဆင့် JMC ကို ပြည်ထောင်စုအဆင့်တွင် ဒုတိယဗိုလ်ချုပ်ကြီးတစ်ဦးမှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ဒုတိယ ဥက္ကဋ္ဌများကို EAO များနှင့် အရပ်ဘက်အဖွဲ့အစည်းများမှနေ၍ ခန့်အပ်ထားခြင်း ဖြစ်သည်။ ထို့အပြင် သဘောတူညီမှုကို စောင့်ကြည့် လေ့လာရာတွင် အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် JMC ၌ ပြဋ္ဌာန်းထားရှိသည်။

## ပုံ ၈။ JMC ၏ ပြည်ထောင်စုအဆင့် ဖွဲ့စည်းပုံ [၆၁]





ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် လူထုအမြင်ပါဝင်စေရေး မူလအစီအစဉ်များမှာ ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲများဟူ၍ ခေါ်ဆိုကြ သော တရားဝင်ညှိနှိုင်းဆွေးနွေးရေးဖိုရမ်များ ဖြစ်သည်။ ၎င်းတို့မှာ ဒေသအလိုက် ဆွေးနွေးပွဲများ၊ လူမျိုးအလိုက်ဆွေးနွေးပွဲများနှင့် အကြောင်းအရာအလိုက် ဆွေးနွေးပွဲများဖြစ်ကြသည်။ ၎င်းတို့ကို (JMC နှင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ) ပေါင်းစည်း လိုက်ပါက (လမ်းကြောင်း - ၂) ဖြစ်သော ပင်မငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထောက်ကူပေးနေသော တရားဝင်အဖွဲ့အစည်းများ ဖြစ်စေသည်။

CSO များသည် ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲများဖြစ်သည့် ဒေသအလိုက် ဆွေးနွေးပွဲများ၊ လူမျိုး အလိုက်ဆွေးနွေးပွဲများနှင့် အကြောင်းအရာအလိုက် ဆွေးနွေးပွဲများတွင် ပါဝင်နိုင်သည်။ အကြောင်းအရာ အလိုက်ဆွေးနွေးပွဲများကို အရပ်ဘက်အဖွဲ့အစည်း ငြိမ်းချမ်းရေးဖိုရမ်များဟူ၍လည်း ခေါ်ဆိုကြသည်။ အကြောင်းအရာအလိုက် ဆွေးနွေးပွဲများကို မြန်မာနိုင်ငံအနှံ့ပြည်နယ်များနှင့် တိုင်းဒေသကြီးများတွင်သာမက ပြည်ထောင်စုအဆင့်၌ပါ ကျင်းပရန်ရည်ရွယ်ထားသည်။ ပြည်ထောင်စုအဆင့်ဖိုရမ်ကို ပြည် ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ် ကော်မတီ (UCCPF)ဟူ၍လည်း ခေါ်ဆိုကြသည်။

[၆၁] ပြည်ထောင်စုအဆင့် နှင့် မတူ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်တွင်မူ အရပ်သားကိုယ်စားပြုမှုမှာ အဖွဲ့ဝင်အဆင့်မှလွဲ၍ မရှိပါ။ ထို့အပြင် ပြည်နယ်အဆင့် JMC တွင် တပ်မတော်ကိုယ်စားပြုမှုသာရှိပြီး အစိုးရ ကိုယ်စားပြုမှုမရှိနေပါ။

**ပုံ ၉။ လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပုံဖော်နေမှုအတွင်းရှိ CSO နေရာများ**




## ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ် ကော်မတီ

(၂၀၁၆)ခုနှစ်မေ ၂၇ ရက်နေ့တွင် ကျင်းပခဲ့သော UPDJC အစည်းအဝေးတွင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အရပ်ဘက်လူ့အဖွဲ့အစည်းများကို "ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ အပြိုင်ဆွေးနွေးပွဲများ" မှတဆင့် ပါဝင်စေရန် အကြံပေးခဲ့သည်။ အဆိုပါ အပြိုင်ကျင်းပသော ဖိုရမ်များကို စီစဉ်ရန်တာဝန်မှာ UPDJC ၏ တာဝန်ဖြစ်သည်။

UPDJC သည် အကြောင်းအရာ အခြေပြုဆွေးနွေးပွဲများအတွက် လုပ်ငန်းရည်ညွှန်းချက် (ToR) ကို ပြင်ဆင်ရေးဆွဲရသည်ဖြစ်ရာ ဆွေးနွေးမည့် အကြောင်းအရာများကို ချမှတ်ခြင်းနှင့် အစည်းအဝေးခေါ်ယူနိုင်သည့် အခွင့်အာဏာကို ရရှိသွားခြင်းဖြင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်ကို UPDJC မှ ကောင်းစွာ ထိန်းချုပ်နိုင်သော အနေအထား ရရှိသွားသည်။ အဆိုပါ အခြေအနေအရအရပ်ဘက်အဖွဲ့အစည်းများဆွေးနွေးခွင့်ရှိသောအကြောင်းအရာများကိုခေါင်းစဉ်ခွဲ၃ခုဖြင့်ကန့်သတ်ထားခြင်းခံရသည်။ "ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေး"၊ "ဖယ်ဒရယ်စီးပွားရေး"၊ နှင့် "သဘာဝပတ်ဝန်းကျင်နှင့် ဘေးအန္တရာယ်ကာကွယ်တားဆီးရေး" တို့နှင့်စပ်လျဉ်းသည့် ထင်မြင်ချက်များအထိသာ ဆွေးနွေးမှု ပြုရသေးသည်။

UPDJC ToR သည်လည်း UCCPF အား မူဝါဒဆိုင်ရာ အကြံပြုချက်များပေးခြင်းထက် ထင်မြင်ချက်များကို ဆွေးနွေးခြင်းနှင့် စုစည်းခြင်းကိုသာ လုပ်ပိုင်ခွင့်ပြုထားသည်။ ထို့အပြင် အရပ်ဘက် လူ့အဖွဲ့အစည်းများမှပေးလာသော အကြံပြုချက်များကို ပြန်လည်တုံ့ပြန်ရန် သို့မဟုတ် ထည့်သွင်းရန်တာဝန်လည်း UPC (21st CPC)တွင် မထားရှိပေ။ အရပ်ဘက်အဖွဲ့အစည်းများသည်လည်း ငြိမ်းချမ်းရေးဖြစ်စဉ်၌ ၎င်းတို့အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားရရှိစေသည့် အရပ်ဘက်အဖွဲ့အစည်း ငြိမ်းချမ်းရေးဖိုရမ်ဆိုင်ရာ ToR ကို အပြိုင်ရေးဆွဲခဲ့သည်။ CSOs များသည် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ငြိမ်းချမ်းရေးဖိုရမ်များတွင် ၎င်းတို့ရေးဆွဲထားသော ToR အတိုင်း အကောင်အထည်ဖော်ကြသည်။ ဆိုလိုသည်မှာ CSOs များသည် UPDJC မှ ပြဋ္ဌာန်းထားသော ဆွေးနွေးမှုဆိုင်ရင် ကန့်သတ်ချက်များကို လျစ်လျူရှု၍ သင့်တော်မည့် အကြောင်းအရာအားလုံး အပေါ်ဆွေးနွေးကြပြီး မူဝါဒဆိုင်ရာ အဆိုပြုလွှာများကို ပြင်ဆင်ရေးဆွဲကြသည်။

**ဇယား ၁၀။ UPDJC နှင့် CSO တို့ ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်း ငြိမ်းချမ်းရေးဖိုရမ်အတွက် ရေးဆွဲသော ToR နှစ်ရပ်၏ ခြားနားသည့်အချက်များ**

| ကိစ္စရပ်ဧရိယာ | UPDJC ToR | CSO ToR |
|---|---|---|
| အခွင့်အာဏာပေးထားမှု | - UPDJC မှ ချပေးသော ကိစ္စရပ်များကို ဆွေး နွေးသည်။ အဆိုပါကိစ္စရပ်များအပေါ်တွင် CSO များ၏ ထင်မြင်ချက်များကို ပေါင်းစည်းသည်။ | - ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ဆွေးနွေးပွဲများမှ မူဝါဒအဆိုပြုလွှာများကို ဆွေးနွေးပြီး စုစည်းသည်။<br><br>- ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံသို့ မူဝါဒအဆိုပြုလွှာများ တင်သွင်းသည်။ |
| အမျိုးအစားစုံလင်မှုနှင့် အားလုံးပါဝင်နိုင်မှု | - "အဖွဲ့အစည်းများတွင် နေရာဒေသအသီးသီးရှိ အကြောင်းအရာအမျိုးမျိုးကို ဦးတည်ချက်ထား၍ ဆောင်ရွက်သော စုံလင်သည့် အရပ်ဘက်အဖွဲ့အစည်း အသီးသီး ပါဝင်သင့်သည်။"<br><br>- အမျိုးအစားစုံလင်စွာပါရှိမှုနှင့် အားလုံးပါဝင်နိုင်မှုတို့အတွက် အခြားသော လိုအပ်ချက်များ မပါဝင်ပါ။ | - အမျိုးအစားစုံလင်မှုနှင့် အားလုံးပါဝင်နိုင်မှုတို့ အတွက် ပိုမိုတိကျသော လိုအပ်ချက်များထားရှိသည်။<br><br>- အနည်းဆုံး အမျိုးသမီးကိုယ်စားပြုမှု ၃၀% နှင့် မသန်စွမ်းသူများ ကိုယ်စားပြုမှု ၂%<br><br>- လူငယ်များ၊ ကျွမ်းကျင်ပညာရှင်များနှင့် အမျိုးမျိုးသော စိတ်ဝင်စားမှုနယ်ပယ်အလိုက် အုပ်စုများ ပါဝင်သည်။ |
| ဆွေးနွေးသည့် အကြောင်းအရာ ခေါင်းစဉ်များ | - ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်သည် UPDJC မှ ချမှတ်ထားသော ဆွေးနွေးမည့်အစီအစဉ်များကို လိုက်နာရသည်။<br><br>- CSO များသည် အဓိကခေါင်းစဉ် ၃ ခု ဖြစ်သော လူမှုရေးမူဝါဒ၊ စီးပွားရေးမူဝါဒနှင့် မြေနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဆိုင်ရာမူဝါဒနှင့် သက်ဆိုင်သော အကြောင်းအရာတို့ကိုဆွေးနွေးပြီး မူဝါဒဆိုင်ရာအကြံပြုချက်များ ပြုစုနိုင်သည်။<br><br>- ထိုကဏ္ဍ ၃ ခု၏ ခေါင်းစဉ်ခွဲ ၃ ခုဖြစ်သော "ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေး"၊ "ဖယ်ဒရယ်စီးပွားရေး" နှင့် "သဘာဝပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကာကွယ်တားဆီးရေး" တို့ကိုသာ ဆွေးနွေးနိုင်သည်။ | - CSO ဖိုရမ်သည် UPDJC မှ သတ်မှတ်ထားသော အစီအစဉ်ကို လိုက်နာဆောင်သည်။ လက်တွေ့တွင်မူ CSO ဖိုရမ်တွင် ပါဝင်သူများသည် UPDJC မှ ချမှတ်ထားသော လုပ်ငန်းလမ်းညွှန်တွင် ပါဝင်သော ဆွေးနွေးရန်သတ်မှတ်ထားသည့် ခေါင်းစဉ်များအပြင် အခြားသောခေါင်းစဉ်များကိုလည်း ဆွေးနွေးကြသည်။ အရပ်ဘက်အဖွဲ့အစည်း ငြိမ်းချမ်းရေးဖိုရမ်သည် တီထွင်ကြံဆနိုင်ပြီး ဆွေးနွေးမှုအတွက် ခေါင်းစဉ်အသစ်များကို ယူဆောင်လာနိုင်သည်။ |
| ဆွေးနွေးမှု အကြိမ်အရေအတွက် | - ဖိုရမ်များအားလုံးကို UPDJC ၏ ခွင့်ပြုချက်ဖြင့်သာ ပြုလုပ်နိုင်သည်။ | - ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲများကို တစ်နှစ်နှစ်ကြိမ် ပြုလုပ်သည်။<br><br>- ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ဆွေးနွေးပွဲများကို လိုအပ်လျှင် လိုအပ်သလို ပြုလုပ်သည်။ |

## ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်ကော်မတီ (UCCPF) ၏ ဖွဲ့စည်းပုံ


ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်ကော်မတီ (UCCPF) ကို အစိတ်အပိုင်း ၂ ရပ်ဖြင့် ဖွဲ့စည်းထားသည်။ တစ်ပိုင်းမှာ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်မှ CSO ကိုယ်စားလှယ်များပါဝင်သော အဖွဲ့ဖြစ်ပြီး အဖွဲ့ဝင် ၂၉ ဦး ပါရှိသည်။ ကျန်တစ်ပိုင်းမှာ အဖွဲ့ဝင် ၇ ဦးပါဝင်သော CSO Network ၇ ခုမှ ကိုယ်စားလှယ်များ ပါဝင်သောအဖွဲ့ ဖြစ်သည်။ ထို UCCPF ၏ အဖွဲ့ဝင်များအားလုံးကို ကော်မတီခွဲ ၅ ခု အဖြစ် ပြန်လည်ခွဲခြမ်းသည်။ ၎င်းကော်မတီခွဲများမှာ ရုံးကော်မတီ၊ စောင့်ကြည့်ရေးကော်မတီ၊ ဘဏ္ဍာရေးကော်မတီ၊ နည်းပညာပံ့ပိုးမှုကော်မတီနှင့် ပေါင်းစည်းလုပ်ဆောင်ရေးကော်မတီ (ကော်မတီခွဲများ၏ ဖွဲ့စည်းပုံနှင့် အဖွဲ့ဝင်များကို နောက်ဆက်တွဲ F တွင်ကြည့်ပါ)တို့ဖြစ်သည်။ အဆိုပါ ကော်မတီခွဲများအပြင် ဘဏ္ဍာရေးကိစ္စရပ်များနှင့် စီမံရေးလုပ်ငန်းစဉ်များကို စီမံခန့်ခွဲရန် စီမံခန့်ခွဲမှုအဖွဲ့ကို ဖွဲ့စည်းထားသည်။ စီမံခန့်ခွဲမှုကော်မတီဝင်များကို ကော်မတီခွဲများ၏ အဖွဲ့ဝင်များမှ တင်မြှောက်ထားခြင်းဖြစ်ပြီး ညှိနှိုင်းဆောင်ရွက်ရေးမှူးကိုသာ ခန့်အပ်ထားသည်။

UCCPF ၏ ပင်မကော်မတီဝင်များသည် တိုင်းရင်းသားအခြေပြု၊ စိတ်ဝင်စားမှုအခြေပြုနှင့် ပရဟိတဦးစားပေးသော အဖွဲ့အစည်းများ အပါအဝင် နေရာဒေသနှင့် CSO အမျိုးအစား စုံလင်စွာ ပါဝင်ကြသည်။

၂၀၁၃ ခုနှစ်အစောပိုင်းတွင် စတင်ခဲ့သော နောက်ထပ် CSO ငြိမ်းချမ်းရေး ပလက်ဖောင်းတစ်ခုဖြစ်သည့် ငြိမ်းချမ်းရေးအတွက် အရပ်ဘက်အဖွဲ့အစည်းဖိုရမ် (CSFoP)[၆၂]၏ အဖွဲ့ဝင်များသည် နည်းပညာထောက်ပံ့ရေးကော်မတီခွဲ၊ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီခွဲ နှင့် စောင့်ကြည့်ရေးကော်မတီခွဲများတွင် ဦးဆောင်သည့်နေရာကို ယူထားသည်။ သို့ရာတွင် CSFoP ၏ အဖွဲ့ဝင်အနည်းငယ်သာ UCCPF တွင် ဆက်လက်ပါဝင်ကြပြီး အချို့မှာ ပထမ CSO Peace Forum ပြီးကတည်းက ထွက်သွားကြသည်။ (ပုံ - ၁၀) သည် ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်ကော်မတီ (UCCPF) ၏ ဖွဲ့စည်းပုံနှင့် အကောင်အထည်ဖော်ပုံကို ပြထား ခြင်းဖြစ်သည်။

UCCPF စီမံခန့်ခွဲရေးကော်မတီ၏ အုပ်ချုပ်မှုအောက်တွင် စီမံကိန်းအဖွဲ့တစ်ဖွဲ့ကို စီမံကိန်း ညှိနှိုင်းဆောင်ရွက်ရေးမှူးတစ်ယောက်၊ ဘဏ္ဍာရေးအရာရှိနှင့် စောင့်ကြည့်လေ့လာရေးနှင့် အကဲဖြတ်စစ်ဆေးရေး (M&E) အရာရှိတစ်ယောက်စီတို့ကို ခန့်ထားသည်။ စီမံကိန်းအဖွဲ့ကို နိုင်ငံတကာအလှူရှင်များမှ ပေးအပ်သော ဘဏ္ဍာငွေဖြင့် လည်ပတ်နေသည်။ ထိုဘဏ္ဍာငွေများသည် UCCPF နှင့် ဖိုရမ်များ၊ ပြည်နယ်နှင့် တိုင်းဒေသများရှိ ဆွေးနွေးပွဲများ ပုံမှန်လည်ပတ်ရန်အတွက် ဖြစ်သည်။ UCCPF စီမံခန့်ခွဲမှုကော်မတီ၏ အဖွဲ့ဝင်နှစ်ယောက်သည် စီမံကိန်းအဖွဲ့တွင် ပါဝင်ပြီး စီမံကိန်း ညှိနှိုင်းရေးမှူးနှင့် ဘဏ္ဍာရေးအရာရှိတို့အဖြစ် ဆောင်ရွက်သည်။

## ပုံ ၁၀။ UCCPF ၏ ဖွဲ့စည်းပုံ




[၆၂] CSFoP နှင့် သူ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် ပါဝင်မှုကို အစီရင်ခံစာ၏ နောက်ပိုင်းအခန်းများတွင် UCCPF နှင့် နှိုင်းယှဉ်ဖော်ပြသွားမည် ဖြစ်သည်။

## UCCPF ၏ လုပ်ငန်းလုပ်ဆောင်ပုံအဆင့်ဆင့်

CSO များမှ ၎င်းတို့ကိုယ်တိုင်ရေးဆွဲထားသော TOR များအရ UCCPF ဖိုရမ်များရှိ ဆုံးဖြတ်ချက်ချမှတ်မှုများကို မဲများသူမှ အနိုင်ရသည့်စနစ်ဖြင့် ချမှတ်ရန်ပြုလုပ်ထားသော်လည်း လက်တွေ့တွင် CSO ဖိုရမ်များနှင့် UCCPF နှစ်ခုစလုံးတွင် ဆုံးဖြတ်ချက်ချမှတ်မှုကို အများသဘောတူညီမှုအခြေခံသော စနစ်ဖြင့်သာ ပြုလုပ်သည်။ CSO ငြိမ်းချမ်းရေးဖိုရမ်၏ TOR တွင် ပြည်ထောင်စုအဆင့် CSO ငြိမ်းချမ်းရေးဖိုရမ်များကို တက်ရောက်ကြသော လူအားလုံး(စုစုပေါင်း ၅၀၀)သည် တစ်ယောက်တစ်မဲ ပေးခွင့်ရှိပြီး လိုလားသောအကြောင်းအရာတစ်ခုအပေါ်တွင် ၇၀% မဲရရှိပါက အနိုင်ရမည်ဖြစ်သည်ဟု ဖော်ပြထားသည်။ သို့ရာတွင် ပြည်နယ် (သို့) တိုင်းဒေသကြီး တစ်ခုခုမှ အဆိုပြုလွှာအပေါ်တွင် ဆန့်ကျင်မှု ၃၀% ရှိနေပါက ထိုဆုံးဖြတ်ချက်ကို ပြန်လည်ဆွေးနွေးကြရသည်။ [၆၃]

ပြည်ထောင်စုအဆင့် CSO ငြိမ်းချမ်းရေးဖိုရမ်မှ အဓိကချမှတ်ရသည့် ဆုံးဖြတ်ချက်တွင် TOR ကို ပြန်လည်ပြင်ဆင်ခြင်း၊ စည်းမျဉ်းများနှင့် မူဝါဒ မူဘောင်နှင့် ဖိုရမ်များ၊ မူဝါဒများနှင့် စာတမ်းများ၏ လုပ်ငန်းစဉ်တို့ ပါရှိသည်။ သို့ရာတွင် လက်တွေ့တွင် CSO ငြိမ်းချမ်းရေးဖိုရမ်၏ လုပ်ငန်းစဉ်ဆွေးနွေးမှုများကို UPDJC မှ လွှမ်းမိုးထားသည်။


ပြည်နယ်နှင့်တိုင်းဒေကြီးတွင် ပြုလုပ်သော CSO ဖိုရမ်များနှင့် နေပြည်တော်တွင် ပြုလုပ်သော UCCPF တွင် လုပ်ငန်းစဉ်၊ မူဝါဒ နှင့် စကားလုံးအသုံးအနှုန်းများနှင့်ပတ်သက်သော ဆုံးဖြတ်ချက်များကို ပါဝင်သူများအားလုံး၏ သဘောတူညီချက်ကို ကျယ်ကျယ်ပြန့်ပြန့် ရယူပြီးမှ ချမှတ်နိုင်သည်။[၆၄] သဘောတူညီမှုရယူသည့် ပုံစံအမျိုးမျိုးကို အသုံးပြုကြသည်ကို တွေ့ရသော်လည်း လျှို့ဝှက်ဆန္ဒမဲပေးခြင်းကို အသုံးပြုခြင်းမရှိပါ။[၆၅] ပြီးခဲ့သောဖိုရမ်များတွင် အဆိုပြုတင်သွင်းသော အကြောင်းအရာများကို တက်ရောက်သူများအားလုံး ကြားသိစေရန်ဖတ်ပြပြီး သဘောတူကြောင်း၊ မတူကြောင်းကို မေးမြန်းသည်။ သဘောမတူသူ တစ်ဦးတစ်ယောက် (သို့) တစ်ဖွဲ့ဖွဲ့သည် ၎င်းတို့သဘောမတူမှုကို မတ်တပ်ရပ်ထပြောပြီး ပြင်ဆင်လိုသည်များကိုဖော်ပြရသည်။ အလုပ်ရုံဆွေးနွေးပွဲများကို အုပ်စုများအကြား အသေးစိတ်ဆွေးနွေးသဘောထားရယူရန်အတွက် ညီလာခံနေ့များအတွင်း ကျင်းပကြသည်။

အများစုသော ပါဝင်သူများထံမှ သဘောတူညီမှုများ ရယူရန်ကြိုးပမ်းရာတွင် အရေးကြီးသော သဘောထားကွဲလွဲမှုများရှိသည်။ ဥပမာ- အရပ်ဘက်အဖွဲ့အစည်းများငြိမ်းချမ်းရေးဖိုရမ်၏ ToR နှစ်ရပ်အပေါ်တွင် ကရင်နီနှင့် ရောဝတီ CSO များ သဘောထားကွဲလွဲခြင်း။ UPDJC မှ ပြင်ဆင်ပြီး ခွင့်ပြုထားသော TOR ဖြင့် အရပ်ဘက်အဖွဲ့အစည်းများငြိမ်းချမ်းရေးဖိုရမ်များ၏ လုပ်ငန်းစဉ်များနှင့် မူဘောင်ကို သတ်မှတ်ခြင်းကို ကရင်နီ CSO များမှ လက်ခံနိုင်မှုမရှိပေ။ သို့ရာတွင် ရောဝတီ CSO များမှာ ထို TOR ကိုလက်ခံလိုကြသည်။ အများစုသော UCCPF အဖွဲ့ဝင်များ (ထိုအငြင်းပွားသူနှစ်စုမဟုတ်သည့် ကျန်အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပါဝင်တက်ရောက်သူများ)သည် TOR နှစ်ခုစလုံးကို လက်ခံခဲ့ပြီး ကရင်နီနှင့် ရောဝတီ CSO ကိုယ်စားလှယ်များမှာမူ UCCPF တွင် ၎င်းတို့၏ပါဝင်နေမှုကို ရပ်ဆိုင်းခဲ့သည်။ စီမံခန့်ခွဲမှုအဖွဲ့သည် UCCPF ၏ ပင်မကော်မတီကို ပြန်လည်အစီရင်ခံရသည်။ UCCPF ကော်မတီခွဲများသည် UCCPF ပင်မကော်မတီ၏ ပုံမှန်အစည်းအဝေးချိန်များတွင် တစ်ပါတည်း အလျင်းသင့်သလို တွေ့ဆုံကြသည်။

---

[၆၃] CSO ကိုယ်စားလှယ်များ ပြင်ဆင်ထားသော ပြည်ထောင်စုအဆင့် CSO ငြိမ်းချမ်းရေးဖိုရမ်၏ TOR
[၆၄] UCCPF အုပ်ချုပ်ရေးကော်မတီ၏ ဥက္ကဋ္ဌနှင့် တခြားသော UCCPF အဖွဲ့ဝင်များနှင့် အင်တာဗျူးများ
[၆၅] Ibid.

**ပုံ ၁၁။ ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်း ငြိမ်းချမ်းရေးဖိုရမ်[၅၆] ၏ အကောင်အထည်ဖော်ဆောင်မှု ပုံစံ**




UCCPF ၏ ပင်မကော်မတီတွေ့ဆုံပွဲများကို ၂ လတစ်ကြိမ် ကျင်းပသည်။ ပင်မကော်မတီ အစည်းအဝေးပွဲများတွင် CSO ငြိမ်းချမ်းရေးဖိုရမ်များအတွက် အရေးကြီးသော အကြံပြုပြင်ဆင်မှုများ၊ ဖိုရမ်များ၏ ရလဒ်များနှင့် အနာဂတ်စီမံကိန်းများကို ဆွေးနွေးပြင်ဆင်ကြသည်။ သို့သော်ကော်မတီသည် မူဝါဒကိစ္စရပ်များအတွက် ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်မရှိပါ။ အဆိုပါအစည်းအဝေးပွဲများတွင် ဆုံးဖြတ်ချက်ချမှတ်မှုများကို အများသဘောတူသည့် စနစ်ဖြင့်သာ ပြုလုပ်ကြသည်။ စီမံခန့်ခွဲမှုအဖွဲ့သည် လစဉ်တွေ့ဆုံပြီး UCCPF ရုံးကိစ္စ၊ ဘဏ္ဍာရေးနှင့် ပုံမှန်အလှူရှင်နှင့် ဆက်ဆံရေးကဲ့သို့သော လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ပုံမှန်ဆွေးနွေးကြသည်။

## နိုင်ငံရေးနှင့် တရားဥပဒေရပ်ဝန်း

အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များကိုသာမန်အားဖြင့် ကန့်သတ်လျက်ရှိသည့်အချက်မှာ နေပြည်တော်အစိုးရမှ အရပ်ဘက်အဖွဲ့အစည်းများအပေါ် ချမှတ်ထားထိန်းချုပ်ကန့်သတ်ချက်များပင်ဖြစ်သည်။ နိုင်ငံတော်မှ ဦးဆောင်လျက်ရှိသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်ပါရှိသည့် အာဏာအင်အားစုများ- အထူးသဖြင့် တပ်မတော်နှင့်အစိုးရသည် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ၊ လူမျိုးအလိုက်နှင့် ဒေသလိုက်ဆွေးနွေးပွဲများတွင် CSO များ၏ စုရုံးဆောင်ရွက်မှုနှင့် ပူးပေါင်းပါဝင်မှုများကို တင်းကြပ်စွာ ထိန်းချုပ်တားမြစ်၍ စောင့်ကြည့်လေ့လာလျက်ရှိသည်။ နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာမူဘောင်တွင် အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ EAOs နှင့် CSOs များစသည်တို့သီးခြားစီသော်လည်းကောင်း၊ ပူးပေါင်း၍သော်လည်းကောင်း ကျင်းပနိုင်သည်ဟု ဖော်ပြထားသော်လည်း ယခုလေ့လာချက်တွင် တွေ့ရှိချက်များအရ တပ်မတော်နှင့် အစိုးရသည် CSOs များပူးပေါင်း၍ တရားဝင်တွေ့ဆုံပွဲများ၊ အလွတ်သဘော တွေ့ဆုံပွဲများ ကျင်းပမှုများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများနှင့်ပူးပေါင်း၍ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများကျင်းပရန် ကြိုးပမ်းချက်များကို တားမြစ်ပိတ်ပင်ခဲ့ပါသည်။

[၅၆] CSO ကိုယ်စားလှယ်များ ပြင်ဆင်ထားသော ပြည်ထောင်စုအဆင့် CSO ငြိမ်းချမ်းရေးဖိုရမ်၏ TOR

ရှမ်းပြည်နယ်၊ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် အမျိုးသား အဆင့်နိုင်ငံရေး ဆွေးနွေးပွဲများ ကျင်းပခြင်းကို တားမြစ်ပိတ်ပင်ထားခဲ့သည်။ ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင်တစ်ဦး၏ ဖြေကြားချက်အရ တပ်မတော်သည် တိုင်းဒေသကြီး/ပြည်နယ်တို့တွင်ကျင်းပပြုလုပ်သော နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် ပြည်သူလုထုတို့ နိုင်ငံရေးသိမြင်နိုးကြားမှုရှိလာပါက တည်ငြိမ်စေရန် ပြုလုပ်ရခက်သောကြောင့် စိုးရိမ်ပူပန်လျက်ရှိသည်ဟု သိရသည်။ CSOsသည် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ထိုသူမှတစ်ဆက်တည်း တပ်မတော်သည် ကျင်းပပြီးစီးပြီးဖြစ်သော ဆွေးနွေးပွဲများမှရရှိသည့် အချို့သော အချက်များနှင့်ပတ်သက်ပြီး ပူပန်ထိတ်လန့်လျက်ရှိသည်ဟု ဝေဖန်ပြောဆိုလေသည်။

*"ကယားပြည်နယ်မှာ ကျင်းပခဲ့တဲ့အမျိုးသားအဆင့်ဆွေးနွေးပွဲတွေမှာ ပြည်သူလူထုကပြည်နယ်အဆင့်ကိုယ်ပိုင်စစ်တပ်တွေရဲ့တပ်ဖွဲ့တွေထားရှိမယ်လို့တင်ပြထားကို စစ်တပ်(တပ်မတော်)ကလည်း အတော်လေး စိုးရိမ်သွားပုံရတယ်။ အဲဒီကစပြီး တပ်မတော်က အမျိုးအသားအဆင့်ဆွေးနွေးပွဲကျင်းပမှုကို အတော် လေး သတိထားသွားတော့တာဘဲ။ "*

အလားတူပင် ကရင်ပြည်နယ်ရှိ CSOs များကလည်း လူမျိုးအလိုက် နိုင်ငံရေးဆွေးနွေးပွဲ (ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ) ကို ကျင်းပဆောင်ရွက်နေစဉ် ဆက်လက်ဆွေးနွေးခြင်း မပြုရန် တပ်မတော်မှ ညွှန်ကြားခဲ့သည်ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။ ထို့ကြောင့် နာရီအနည်းငယ်မျှ ဆွေးနွေးပွဲကို ရပ်ဆိုင်းခဲ့ကာ ညတွင်းချင်းပင် ဆွေးနွေးပွဲကို အပြီးသတ်ကျင်းပခဲ့သည်။

*သာဓက ၁။ ။ ရှမ်းပြည်နယ် အမျိုးသားအဆင့် ဆွေးနွေးပွဲကို စီစဉ်ရန် ကြိုးစားမှု မအောင်မြင်ခြင်း*

တပ်မတော်သည် အမျိုးသားဆွေးနွေးပွဲများကိုစီစဉ်ရန် ခွင့်ပြုသည့်လုပ်ငန်းစဉ်အား တင်းကျပ်စွာ ထိန်းချုပ်ထားမှုရှိနေသေးသည်။ ဖြေဆိုသူတစ်ဦးပြောကြားသည်မှာ ရှမ်းပြည်နယ်တွင်ရှိသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) သည် ရှမ်းအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ရှမ်းလူမျိုးကိုယ်စားပြုမှု ပိုမိုရရှိရန်အတွက် အောက်ပါအဖွဲ့များဖြင့် ဖွဲ့စည်းထားသော သျှမ်းပြည်ညီညွတ်ရေးကော်မတီ (CSSU) မှ ဦးဆောင်ကျင်းပနိုင်ရန် စီစဉ်ခဲ့သည်။

၎င်းသျှမ်းပြည်ညီညွတ်ရေးကော်မတီ (CSSU)တွင်

၁။ သျှမ်းပြည်ပြန်လည် ထူထောင်ရေးကောင်စီ RCSS

၂။ ရှမ်းပြည်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (SSJAC)

(က) ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD)

(ခ) သျှမ်းပြည်တိုးတက်ရေးပါတီ (SSPP)

၃။ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (SNDP)

၄။ အရပ်ဘက် လူမှုအဖွဲ့အစည်းနှင့် ရပ်ရွာအခြေပြုအဖွဲ့အစည်း ၁၃ ခု

ရှမ်းပြည်နယ်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ကျင်းပရန်သဘောတူခဲ့သော်လည်း ၎င်းနှင့်ဆက်စပ်သော လူထုတွေ့ဆုံပွဲအချို့ကိုမပြုလုပ်ရန် တပ်မတော်မှ RCSS ကို စာပို့၍ သဘောမတူ၊တားမြစ်ခဲ့သည်။ ထို့အပြင် အချို့သော လူထုဆွေးနွေးပွဲများကိုလည်း စစ်ဝတ်အပြည့်အစုံဝတ်ဆင်ထားသော တပ်မတော်မှ တပ်သားများကိုစေလွှတ်၍ တားဆီး ပိတ်ပင်ခဲ့သည်။ ထိုတွေ့ဆုံပွဲများကို မပြုလုပ်နိုင်သဖြင့် RCSS အနေဖြင့် ရှမ်းအမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲကို ကျင်းပရန် ယခုအချိန်ထိ ဆိုင်းငံ့ထားဆဲဖြစ်သည်။

ဖြေဆိုသူတစ်ဦးပြောကြားချက်အရဆိုလျှင် တပ်မတော်မှ အလားတူ တားမြစ်ချက်များကို ၂၀၁၅တွင် ပြုလုပ်သော ပအိုးဝ်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများအကြို ပြုလုပ်သော လူထုတွေ့ဆုံမှုများကျင်းပခြင်းအပေါ် ပြုလုပ်ခဲ့သည်။ သို့သော်လည်း တပ်မတော်နှင့် ညှိနှိုင်းမှုများ အောင်မြင်ခဲ့ပြီး ပအိုးဝ်အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကို ပအိုးဝ်တိုင်းရင်းသားများ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သော ဟိုပုံးမြို့တွင်ပြုလုပ်ခဲ့သည်။

ဖြေဆိုသူအချို့၏မှန်းဆချက်မှာ တပ်မတော်မှ ထိုကဲ့သို့ မလိုက်ရောမှုများပြုလုပ်ရသည့် အကြောင်းအရင်းမှာ RCSS/CSSU မှ NCA လက်မှတ်မရေးထိုးရသေးသော SSPP ပါဝင်နေခြင်းကြောင့် ဖြစ်နိုင်ချေရှိသည်။ နောက်ထပ်မှန်းဆချက်တစ်ခုမှာ လူထုတွေ့ဆုံပွဲတွင်အသုံးပြုသော ဘာသာစကားကြောင့်လည်းဖြစ်နိုင်သည်။ ဆိုလိုသည်မှာ ရှမ်းအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ရှမ်းတိုင်းရင်းသား ဘာသာစကားဖြင့် ပြုလုပ်ပါက တပ်မတော်မှတက်ရောက်သော ကိုယ်စားလှယ်များမှာ ဆွေးနွေးမှုများကို နားမလည်မည်ဆိုသောကြောင့်ဟူ၍ဖြစ်သည်။ (ပအိုးဝ်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို မြန်မာဘာသာဖြင့် ကျင်းပခဲ့သည်။)

## လမ်းကြောင်း ၃ - ငြိမ်းချမ်းရေးတည်ဆောက်ခြင်း


၈၇ ဖွဲ့သော CSOs များတွင် မတူသော ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာ လုပ်ဆောင်မှုပေါင်း ၁၈၄ ခုရှိကြောင်း သုတေသနမှ ဖော်ထုတ်ခဲ့သည်။ (၂၀၀၆) ခုနှစ် Paffenholz နှင့် Spurk တို့ဖော်ထုတ်ခဲ့ပြီး (၂၀၀၇-၂၀၁၀) ခုနှစ် သုတေသနစီမံချက်တစ်ခုတွင် အတည်ပြုခဲ့သော CS&PB မူဘောင်တို့အရ အဆိုပါ လုပ်ဆောင်မှုများကို နောက်ပိုင်းတွင် (လုပ်ဆောင်မှု) အုပ်စုများနှင့် လုပ်ငန်းတာဝန်များဟူ၍ အမျိုးအစားခွဲခြားခဲ့သည်။

### ပုံ ၁၂။ အရပ်ဘက်အဖွဲ့အစည်း ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းရပ် ၇ ခု

| | |
|---|---|
| ၁ | ကာကွယ်ခြင်း |
| ၂ | စောင့်ကြည့်ခြင်း |
| ၃ | ကိုယ်စားပြုအရေးဆိုပေးခြင်းနှင့် ပြည်သူ့ဆက်ဆံရေး |
| ၄ | အုပ်စုတွင်းလူမှုနည်းလမ်းဖြင့် အမူအကျင့်ပြောင်းလဲစေခြင်း |
| ၅ | လူမှုပေါင်းစည်းရေးလုပ်ငန်းများ |
| ၆ | ကြားဝင်ဆောင်ရွက်ပေးခြင်းနှင့် ပံ့ပိုးကူညီခြင်း |
| ၇. | ဝန်ဆောင်မှုပေးခြင်း |

ဤမူဘောင်၏သည် အရပ်ဘက်အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းဆောင်ရွက်ချက်များကို အမျိုးအစားအုပ်စု ၇ စု ခွဲခြားသည်။ ၎င်းတို့မှာ ကာကွယ်ခြင်း၊ စောင့်ကြည့်ခြင်း၊ ကိုယ်စားပြုအရေးဆိုပေးခြင်းနှင့် ပြည်သူ့ဆက်ဆံရေး၊ အုပ်စုတွင်း လူမှုနည်းလမ်းဖြင့် အမူအကျင့်ပြောင်းလဲစေခြင်း၊ လူမှုပေါင်းစည်းရေးလုပ်ငန်းများ၊ ကြားဝင်ဆောင်ရွက်ပေးခြင်းနှင့် ပံ့ပိုးကူညီခြင်းနှင့် ဝန်ဆောင်မှုပေးခြင်း တို့ဖြစ်သည်။ (ပုံ - ၁၂ တွင်ကြည့်ပါ) လုပ်ငန်းတစ်ခုနှင့်တစ်ခုသည် နီးနီးစပ်စပ် ဆက်စပ်နေသည်။ လုပ်ဆောင်ချက်အနည်းငယ်သာလျှင် မဆက်စပ်ပဲရှိနေသည်ကို တွေ့ရသည်။ စီမံကိန်းသည် ထိုလုပ်ငန်းများထဲမှ အဓိက ၄ ခုဖြစ်သည့် ကိုယ်စားပြုအရေးဆိုပေးခြင်း၊ အုပ်စုတွင်းလူမှုနည်းလမ်းဖြင့် အမူအကျင့်ပြောင်းလဲစေခြင်း၊ လူမှုပေါင်းစည်းရေးလုပ်ငန်းများနှင့် ပံ့ပိုးကူညီမှုတို့ကို အဓိကဦးတည်ခဲ့သည်။

***ကာကွယ်ခြင်း***



**CS & PB မူဘောင် အဓိပ္ပါယ်ဖွင့်ဆိုချက်:**

ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းရပ်အားလုံးသည် လူမှုပဋိပက္ခများကို လျှော့ချခြင်းဖြင့် အကာအကွယ်ပေးခြင်းကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန် ရည်ရွယ်ပါသည်။ အရပ်ဘက်လူ့အဖွဲ့အစည်းများသည် နိုင်ငံတော်၏လက်နက်ကိုင်အဖွဲ့များအပါအဝင် လက်နက်ကိုင်များ၏အန္တရာယ်မှ ပြည်သူလူထုအား ကာကွယ်ရန် ဆောင်ရွက်နိုင်သည်။ အခြားနိုင်ငံများတွင် အကာအကွယ်ပေးရေးလုပ်ငန်းစဉ်၌ အရပ်ဘက် အဖွဲ့အစည်းများနှင့်အတူ နိုင်ငံတကာနှင့်နိုင်ငံအဆင့် အဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်ကြသည်။ (ဥပမာ- ဆန္ဒဖော်ထုတ်ခြင်း၊ ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်ရွှေ့ပြောင်းသူများကို နေရပ်ပြန်ပို့ခြင်းစသည်။) အဆိုပါအကာအကွယ်ပေးရေးလုပ်ငန်းစဉ်များတွင် (ဒေသဆိုင်ရာလက်နက်ဖြုတ်သိမ်းမှုနှင့် အပစ်အခတ်ရပ်စဲမှု စည်းမျဉ်းစည်းကမ်းများအတိုင်း တည်ဆောက်ထားသော) "ငြိမ်းချမ်းရေးဇုံများ"သတ်မှတ်ခြင်း၊ လူသားချင်းစာနာထောက်ထားသည့်အကူအညီများပေးခြင်း၊ မိုင်းရှင်းလင်းခြင်း (သို့) လူသားလုံခြုံရေးအတွက် အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ဦးဆောင်ဆောင်ရွက်မှုများတို့ ပါဝင်သည်။

အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များမှာ အရေးဆိုခြင်း၊ စောင့်ကြည့်ခြင်း၊ အုပ်စုတွင်း လူမှုနည်းလမ်းဖြင့် အမူအကျင့်ပြောင်းလဲစေခြင်း၊ လူမှုပေါင်းစည်းရေး လုပ်ငန်းများနှင့် ကြားဝင်ဆောင်ရွက်ပေးခြင်းနှင့် ပံ့ပိုးကူညီခြင်း စသည်နည်းလမ်းများအားဖြင့် နိုင်ငံသားတို့ကို ကာကွယ်ကြသည်။အထက်ဖော်ပြပါ ကာကွယ်ခြင်းလုပ်ငန်းစဉ် အစစ်အမှန်များကို ယခုသုတေသန စီမံချက်တွင် အနည်းငယ်သာတွေ့ရသည်။ ထိုသို့ဖြစ်ရခြင်းမှာ ရှိနေသောလုပ်ဆောင်မှုများကို လေ့လာနိုင်လောက်ခြင်းမရှိအောင် ကျပမ်းစာရင်းအရွယ်အစားသေးလွန်း၍လည်း ဖြစ်နိုင်သည်။ ကာကွယ်ရေးလုပ်ဆောင်မှုများကို အပြည်ပြည်ဆိုင်ရာ NGOs များမှ ဆောင်ရွက်ခြင်းကြောင့်လည်းဖြစ်နိုင်သည်။ ဥပမာအားဖြင့် ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်များတွင် မိုင်းစစ်တမ်းများကောက်ယူခြင်းနှင့် လုပ်ငန်းသတ်မှတ်ခြင်းကို Halo trust မှ ဆောင်ရွက်ခြင်းဖြစ်သည်။

ယေဘုယျအားဖြင့်ဆိုရလျှင် မြန်မာနိုင်ငံသားတို့မှာ ကာကွယ်ပေးမှု အပြည့်အဝမရနေပါ။ နိုင်ငံသားအမျိုးအစားအရဆိုလျှင် စစ်ဘေးရှောင် ပြည်သူများ၊ ဘာသာရေး နှင့် တိုင်းရင်းသား လူနည်းစုများ နှင့် အမျိုးသမီးများမှာ ကာကွယ်ပေးမှု အလိုအပ်ဆုံးသူများ ဖြစ်ကြသည်။

### *စောင့်ကြည့်ခြင်း*



**CS & PB မူဘောင် အဓိပ္ပာယ်ဖွင့်ဆိုချက်:**

စောင့်ကြည့်ခြင်းဆိုသည်မှာ ကိုယ်စားပြုအရေးဆိုခြင်း၊ တာဝန်ခံလာစေခြင်းတို့ ဆောင်ရွက်ရန် သတင်းအချက်အလက်များကို စုဆောင်းခြင်း (သို့) အဆိုပါသတင်းအချက်အလက်များအပေါ်တွင် တိုက်ရိုက်တုံ့ပြန်ခြင်းတို့ကို ဆိုလိုခြင်းဖြစ်သည်။ အရပ်ဘက်အဖွဲ့အစည်းစောင့်ကြည့်သူများသည် ဒေသခံအသိအမြင်ရှိပြီး ရပ်ရွာကို လက်လှမ်းမီသည့်အပြင် လေ့လာစောင့်ကြည့်မှုတွင် ကျွမ်းကျင်မှုနှင့် စွမ်းရည်ရှိကြသည်။[၇၇] အရပ်ဘက်အဖွဲ့အစည်းသည် မည်သူ့ဘက်တော်သားမှမဖြစ်ခြင်း (သို့) နှစ်ဦးနှစ်ဖက် ဘက်တော်သားဖြစ်ခြင်းစသည့်ရပ်တည်မှုကြောင့် စောင့်ကြည့်လေ့လာမှုနှင့် အတည်ပြုရေး၏တရားဝင်ဖြစ်မှုကို အထောက်အပံ့ပေးသည်။

စောင့်ကြည့်ခြင်းလုပ်ငန်းစဉ်မှာ အရေးဆိုခြင်းလုပ်ငန်းစဉ်များနှင့် ပူးတွဲလုပ်ကိုင်ပါက အထိရောက်ဆုံးဖြစ်ပြီး လက်နက်ကိုင်ဆောင်သူများကို ၎င်းတို့ နိုင်ငံသားများအပေါ် မတရားပြုလုပ်မှုများအပေါ် တာဝန်ယူစေခြင်းဖြင့် ကာကွယ်ခြင်းကိုပါ ပြုလုပ်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင်ရှိသော အရပ်ဘက်အဖွဲ့အစည်းသည် အရေးပေါ်သတိပေးစနစ်နှင့် လူ့အခွင့်အရေးဖောက်ဖျက်မှုများအတွက် စောင့်ကြည့်လေ့လာမှုများကို ပြုလုပ်ပေးသည်။ ၎င်းအပြင် အပစ်အခတ် ရပ်စဲရေးကို ပူးတွဲလေ့လာမှုကော်မတီ၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့်လည်းကောင်း၊ သီးခြားအနေဖြင့်လည်းကောင်း စောင့်ကြည့်ပေးသည်။ မြန်မာနိုင်ငံတွင် ကြိုတင်အသိပေးသည့် စနစ်များကို လူမှုပေါင်းစည်းရေးလုပ်ငန်းစဉ်များဖြင့် ပံ့ပိုးကာ လုပ်ဆောင်လျက်ရှိသည်။

### ၁။ ကြိုတင်သတိပေးစနစ်များ

ဤစနစ်များသည် ပဋိပက္ခဖြစ်ပေါ်မှု အန္တရာယ်များ အရှုန်အဟုန်မြင့်တက်လာမှုရှိမရှိကို လေ့လာခြင်းဖြစ်သည်။ ၎င်းတို့တွင် ပဋိပက္ခဖြစ်နိုင်ခြေ အရှိန်အဟုန်လျော့ကျသွားစေရန် အရေးပေါ်သတိပေး အချက်ပြ မှုများကို တုံ့ပြန်သည့်ပုံစံများပါဝင်သည်။ ယခင်သမ္မတ ဦးသိန်းစိန်၏ အကြံပေးတစ်ဦးမှ ခေါင်းဆောင်လျက်ရှိသော ကွဲပြားခြားနားမှုနှင့် အမျိုးသားရေးသဟဇာတဖြစ်မှုဆိုင်ရာ လေ့လာရေးအဖွဲ့ (CDNH) သည် ရပ်ရွာအတွင်း ပဋိပက္ခများနှင့် တိုင်းရင်းသားပဋိပက္ခများနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို ကြိုတင်သတင်းပေး/ကြိုတင်သတိပေး (EWER) စနစ်တစ်ရပ်အနေဖြင့် စောင့်ကြည့်လျက်ရှိသည်။ CDNH ၏ EWER သည် ရပ်ရွာအချင်းချင်းဖြစ်ပေါ်သည့် အကြမ်းဖက်မှုများကိုလျော့ချရန်နှင့် စောင့်ကြည့်ရန် တည်ဆောက်ထားခြင်းဖြစ်သည်။ CDNH သည် အခင်းဖြစ်ပွားမှု အစီရင်ခံစာများကို ထုတ်လုပ်ပြီး ၎င်းတို့ကို "အခြေအနေအနှစ်ချုပ်" တစ်ခုအနေဖြင့် စုစည်းလျက် တခြားသော CSO လုပ်ဖော်ကိုင်ဖက်များအကြား မျှဝေသည်။ အလားတူပင် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးအဖွဲ့ (MIPS) သည်

[၇၇] Nick Ross, 'Civil Society's Role in Monitoring and Verifying Peace Agreements: Seven Lessons from International Experiences,' (Geneva: Inclusive Peace & Transition Initiative (The Graduate Institute of International and Development Studies), 2017).

မြို့နယ်အဆင့် ပဋိပက္ခစောင့်ကြည့်ရေးစနစ် (TCMS) တစ်ရပ်ကို အရေးပေါ်သတင်းပေးစနစ်တစ်ရပ်အနေဖြင့် အသုံးပြုရန် ဖန်တီးခဲ့သည်။ TCMS တွင် ကုဒ်သွင်းသူ ၃ ဦး၊ သတင်းသမား ၁၂ ဦး၊ မန်နေဂျာများ၊ အကြံပေးများနှင့် စာရင်းအင်းပညာရှင်များ ပါဝင်ပြီး ပဋိပက္ခအရှိန်အဟုန်မြင့်တက်မှု အညွှန်းကိန်း ၇၅ ခုကို လေ့လာစောင့်ကြည့်လျက်ရှိသည်။

*သာဓက ၂။ ။ မန္တလေးမြို့တွင်း CSO မှ အသက်မွေးဝမ်းကျောင်းသင်တန်းဖွင့်လှစ်သင်ကြားခြင်း*

မန္တလေးမြို့တွင်အခြေစိုက်သော အရပ်ဘက်လူ့အဖွဲ့အစည်းတစ်ခုသည် Facebook တွင်တင်သော အစွန်းရောက်အကြောင်းအရာများကို လေ့လာစောင့်ကြည့်လျက်ရှိပြီး အကြောင်းအရာတစ်ခုခုက အကြမ်းဖက်စေသော ဖြစ်ရပ်များဖြစ်နိုင်ခြေရှိလျှင် တုံ့ပြန်ဆောင်ရွက်မှုများပြုလုပ်သည်။

(၂၀၁၅) တွင်ဖြစ်ပေါ်ခဲ့သော အဖြစ်အပျက်တစ်ခုတွင် မန္တလေးရှိ လူသိများသော စီးပွားရေးလုပ်ငန်းရှင် (မွတ်စလင်)တစ်ဦး ဖွင့်လှစ်ထားသော လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် ပုလင်းဖုံးကဲ့သို့ ပေါက်ကွဲစေတတ်သည့်အရာများကို ထုတ်လုပ်ရန်အတွက် ဓာတ်ဆီဂါလံပေါင်းများစွာကို သိုလှောင်ထားပါသည်ဟု ပို့စ်တစ်ခုတွင် ရေးသားဖော်ပြခဲ့သည်။ ထိုအဖွဲ့ဝင်များသည် ပထမဆုံး ရဲဌာနနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးသို့ ဆက်သွယ်ခဲ့ပြီး Facebook တွင်ဖော်ပြထားသော အဆိုပါ လက်ဖက်ရည်ဆိုင်သို့ သွားရောက်ခဲ့သည်။ ဆိုင်ပိုင်ရှင်ကို လာရောက်သည့်အကြောင်းအရင်းကိုရှင်းပြပြီး ခြံဝင်းအတွင်း ရှာဖွေခွင့်ပြုရန် ပြောကြားခဲ့သည်။ Facebook တွင် ဖော်ပြခဲ့သကဲ့သို့ မည်သည့်ဓာတ်ဆီမှ ရှာမတွေ့သည်ကို တွေ့ရှိခဲ့ရပြီး ထိုရလဒ်ကို Facebook တွင် ပြန်လည်ဖော်ပြခဲ့သည်။ လက်ဖက်ရည်ဆိုင်ပိုင်ရှင်မှာ မည်သည့် အကြမ်းဖက်မှုမှ မခံစားခဲ့ရပါ။

ထိုအဖွဲ့အဆိုအရ ယင်းကဲ့သို ပို့စ်များသည် ၂၀၁၄ ခုနှစ်၊ ဇူလိုင်လတွင် မန္တလေးမြို့ရှိ မွတ်စလင် များအား ဗုဒ္ဓဘာသာ အဖွဲ့များမှ (မွတ်စလင်လက်ဖက်ရည်ဆိုင်ပိုင်ရှင်တစ်ဦးသည် ဗုဒ္ဓဘာသာ ဆိုင်အလုပ်သမတစ်ဦးကို မတရားပြုကျင့်ခဲ့သည်ဟုစွပ်စွဲပြီး) အကြမ်းဖက်မှုများပြုလုပ်ခဲ့သည့်နောက်ပိုင်းမှစပြီး Facebook တွင် မကြာခဏပေါ်ထွက်လာခြင်း ဖြစ်သည်။ ထိုစွပ်စွဲချက်များကို ၉၆၉ လှုပ်ရှားမှုကို ဦးဆောင်သူ အရှင်ဝီရသူ၏ ကိုယ်ပိုင် Facebook အကောင့်တွင် ချဲ့ကားရေးသားထားခြင်း ဖြစ်သည်။

## ၂။ လူ့အခွင့်အရေးဖောက်ဖျက်မှုများ၊ ပဋိပက္ခအတွင်း ကျူးလွန်သော ရာဇဝတ်မှုများ (သို့) ပဋိပက္ခဖြစ်နိုင် ခြေများသော နေရာများ ကို စောင့်ကြည့်ခြင်း။

**ကချင်ပြည်နယ်မှ CSO အဖွဲ့တစ်ဖွဲ့**သည် လူပျောက်ဆုံးမှု၊ (EAO များနှင့် တပ်မတော်အကြားဖြစ်ပွားသော) မြေယာကိစ္စရပ်များနှင့် ရှမ်းနှင့်ကချင်ပြည်နယ်တို့တွင် EAO နှင့် တပ်မတော်မှ ပြည်သူပြည်သားများကိုစော်ကားခြင်း (သို့) သတ်ဖြတ်ခြင်း စသည့် လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို စောင့်ကြည့်မှတ်တမ်းတင်လျက်ရှိသည်။ ရှမ်းပြည်နယ်ရှိ ပြည်သူများသည် ရာဇဝတ်မှုနှင့် အနိုင်ကျင့်မှုများအတွက် ရှမ်းပြည်နယ်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) နှင့် မပတ်သက်ဘဲနေလိုကြခြင်းကြောင့် ၎င်းတို့ စောင့်ကြည့်ခြင်းလုပ်ငန်းကို တပ်မတော်မှပြုလုပ်သော ချိုးဖောက်မှုများကို အဓိကထားသည်။

## ၃။ မီဒီယာစောင့်ကြည့်လေ့လာမှု

လတ်တလောနှစ်များအတွင်း ရပ်ရွာတစ်အုပ်စုနှင့်တစ်အုပ်စုအကြားဖြစ်ပွားသော အကြမ်းဖက်မှုများသည် မဟုတ်မမှန် သတင်းများနှင့် အမုန်းစကားထုတ်လွှင့်သော မီဒီယာများကြောင့်ဖြစ်သည်။ မီဒီယာကဏ္ဍတွင် လုပ်ဆောင်နေသော CSO အများအပြားသည် မဟုတ်မမှန်သတင်းများကို စောင့်ကြည့်သည့်အလုပ်ကို လုပ်ကြသည်။ မည်သည့်သတင်းဌာနမှ သတင်းအမှားများကို ထုတ်လွှင့်နေကြောင်းကို ရန်ကုန်ရှိ သုတေသနအဖွဲ့တစ်ဖွဲ့မှ လေ့လာလျက်ရှိသည်။ မီဒီယာစောင့်ကြည့်လေ့လာမှုသည် အထက်တွင်ဖော်ပြခဲ့သော EWER စနစ်၏ အစိတ်အပိုင်းတစ်ခုလည်း ဖြစ်သည်။

## ၄။ အရပ်သားကာကွယ်မှု စောင့်ကြည့်လေ့လာခြင်းနှင့် အပစ်အခတ်ရပ်စဲမှုများကို စောင့်ကြည့်လေ့လာခြင်း

မြန်မာနိုင်ငံအတွင်းရှိ အပစ်အခတ်ရပ်စဲရေး အရပ်ဘက်စောင့်ကြည့်လေ့လာမှုများကို JMC ၏ အခြေအနေမျိုးဖြင့်သာ နားလည်သဘောပေါက်နိုင်သည်။ အရပ်သားများအပစ်အခတ်ရပ်စဲမှု စောင့်ကြည့်ရေး CCM နှင့် အရပ်သားငြိမ်းချမ်းရေး စောင့်ကြည့်ရေး CPM အဖွဲ့များသည် မွန်ပြည်နယ်၊ ရှမ်းမြောက်၊ ရှမ်းတောင်၊ ပဲခူးတိုင်းနှင့် ကရင်ပြည်နယ်တို့တွင် JMC မတည်ထောင်စဉ်ကတည်းက တည်ရှိခဲ့ကြသည်။ ယင်းတို့ကို ၂၀၁၂ မှ ၂၀၁၆ ခုနှစ်ကြား အကြမ်းမဖက်သော ငြိမ်းချမ်းရေးအဖွဲ့ (NP) မှ နည်းပညာကူညီပေးပြီး PSF မှ ရန်ပုံငွေထောက်ပံ့ပေးသော Shalom ၏ အစီအစဉ်တစ်ခုမှတစ်ဆင့် တည်ထောင်ထားခြင်းဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် CCM အစီအစဉ်ကို JPF သို့ လက်လွှဲပေးခဲ့သည်။

CCM အဖွဲ့ဝင်များ၊ ဇုန်ညှိနှိုင်းရေးမှူးများနှင့် စောင့်ကြည့်သူများသည် ငြိမ်းချမ်းရေးနှင့်ပတ်သက်သောသတင်းများကို တစ်ဦးနှင့်တစ်ဦး မျှဝေသည်။ စောင့်ကြည့်သူများကို NCA သိမြင်နိုးကြားမှုသင်တန်းများ လည်း ပေးခဲ့ကြသည်။ ထိုသင်ရိုးညွှန်းတမ်းတွင် NCA ၏စည်းမျဉ်းလုပ်ထုံးများ၊ အရပ်သားစောင့်ကြည့်မှု အသိမြင်နိုးကြားမှုသင်တန်းနှင့် တခြားနိုင်ငံများရှိ အရပ်သားစောင့်ကြည့်မှုဆိုင်ရာ နမူနာများ နှိုင်းယှဉ်ဖော်ပြမှုတို့ကို ထည့်သွင်းထားသည်။ သင်တန်းတွင် အခြေခံစောင့်ကြည့်မှုနှင့် အလတ်တန်းစောင့်ကြည့်မှု သင်ရိုးများဟူ၍ အဆင့် ၂ ဆင့်ပါရှိသည်။ နှစ်ခုလုံးကို Shalom ၏ဘဏ္ဍာငွေအကူအညီ၊ အပြည်ပြည် ဆိုင်ရာ NGO တစ်ဖွဲ့၏ နည်းပညာအကူအညီတို့ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ကရင်ပြည်နယ်တွင် CCM နှင့် CPM ဟူ၍ စောင့်ကြည့်သူနှစ်ဖွဲ့ရှိသည်။

CCM အဖွဲ့များသည် NCA ၏ သဘောတူညီမှုများကို တပ်မတော် (သို့) NCA လက်မှတ်ထိုးထားသူများမှ ချိုးဖောက်ခြင်းရှိ/မရှိကို စောင့်ကြည့်လေ့လာသည်။ အခြားတစ်ဖက်ရှိ CPM တွင် အောက်ပါတို့ ပါဝင်ကြသည်။

က) အချို့နေရာများတွင်ရှိသော ပြည်သူလူထုကို ထိခိုက်နိုင်ခြေရှိသော ကိစ္စရပ်များ (သို့) ပဋိပက္ခများကို စောင့်ကြည့်ခြင်း။

ခ) လိုအပ်ပါက ဒေသခံများကို ဘေးလွတ်ရာသို့ ပို့ဆောင်ပေးခြင်း။

ဂ) CPM (သို့) ဒေသခံအနေဖြင့် ပဋိပက္ခပြုလုပ်သူများကို ကြားဝင်ဆောင်ရွက်ပေးခြင်း။

JMC သည် ၎င်း၏ LCM ယူနစ်များ တည်ထောင်ရန်အတွက် လက်ရှိ CCM နှင့် CPM အဖွဲ့များနှင့် ညှိနှိုင်းရန် တုံ့ဆိုင်းခဲ့သည်။ အကြောင်းမှာ CCM အဖွဲ့များသည် EAO များနှင့် အလွန်နီးကပ်ပြီး တပ်မတော်နှင့် အလွန်လွတ်ကင်းနေသည်ဟု ယူဆခြင်းကြောင့်ဖြစ်သည်။ JMC ၏ သက်တမ်း အတွင်း LCM အချို့ကို တည်ထောင်ခဲ့သည်။


(၂၀၁၇) ခုနှစ်တွင် JMC သည် ရှိရင်းစွဲ CCM အဖွဲ့များကို ပြန်လည်အမည်ပေးသတ်မှတ်ရန်နှင့် ၎င်းတို့ ဦးတည်လုပ်ငန်းများကို ပြောင်းလဲရန် ဖိအားစပေးလာခဲ့သည်။ (၂၀၁၇) ခုနှစ် ဖေဖော်ဝါရီ ၃ ရက်နေ့တွင် JMC-U အဖွဲ့သည် CCM နှင့် အရပ်သားများ ကာကွယ်ရေး စောင့်ကြည့်သူများ (CPM) တို့ကို ဆောင်ရွက်နေသော ခေါင်းဆောင်များနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်နေသောသူများနှင့်တွေ့ဆုံခဲ့ပြီး အဆိုပါအဖွဲ့များအတွက် TOR အသစ်များကို ညှိနှိုင်းခဲ့သည်။ သို့ရာတွင် JMC-U မှ အသိပညာပေးရေးနှင့် သင်တန်းအစီအစဉ်များကို ပြုလုပ်နိုင်သည်ဟု နှုတ်အားဖြင့် ကတိပြုခဲ့သည်။

ကရင်ပြည်နယ်တွင်ရှိသော CCM များနှင့် CPM များသည် ငြိမ်းချမ်းရေးစောင့်ကြည့်သူ (PO) များအဖြစ် ပြန်ကင်ပွန်းတပ်ထားကြသည်။ PO များသည် JMC စောင့်ကြည့်ရေးဖွဲ့စည်းပုံအတွင်းတွင် ဒေသတွင်း မိတ်ဖက်ပြည်သူများ ဖြစ်သည်။ အပစ်အခတ်ရပ်စဲရေးကိစ္စရပ်များကို ပြည်နယ်အဆင့်တွင်ရှိသော JMC အရပ်သားကိုယ်စားလှယ်ထံသို့ ဆက်သွယ်ခြင်းဖြင့် အစီရင်ခံရသည်။ ထိုအခြင်းအရာကို JMC မှ သတိပြုမိမှုသာ တရားဝင်တိုင်ကြားချက်များ (သို့) အစီရင်ခံစာများကိုတင်သွင်းကြောင်း ကရင်ပြည်နယ်ရှိ CSO တစ်ဖွဲ့ ၏ ဒါရိုက်တာမှ သတင်းပေးခဲ့ပြီး ထိုတရားဝင်လုပ်ငန်းစဉ်သည် ထိရောက်မှုမရှိကြောင်း သတိပြုမိခဲ့သည်။ LCM အဖွဲ့များကို အပြည့်အဝတည်ထောင်ထားခြင်း မဟုတ်သောကြောင့် PO များသည် LCM များနှင့် တိုက်ရိုက်ပေါင်းစည်းလုပ်ဆောင်၍ မရပေ။ ကရင်ပြည်နယ် ကော့ကရိတ်ရှိ LCM ကော်မတီကို (၂၀၁၈ ခုနှစ် စက်တင်ဘာလဝန်းကျင်တွင်) လွန်ခဲ့သောနှစ်လကဖွဲ့စည်းခဲ့ပြီး၊ ကရင် CSO တစ်ဖွဲ့ထံမှ အသိပညာပေးသင်တန်းတက်ရောက်ခဲ့သော ရွာသားအချို့ကို အဖွဲ့ဝင်များအဖြစ် ရွေးချယ်ခဲ့သည်။

**သာဓက ၃။ ။ ငြိမ်းချမ်းရေးစောင့်ကြည့်သူ (PO) များမှ ပြည်သူတို့အား ကယ်တင်မှု**

(၂၀၁၅) ခုနှစ် DKBA စစ်သားဟောင်းများနှင့် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ ကော့ကရိတ်မြို့နယ်အနီး ကျေးရွာတစ်ရွာတွင် ဖြစ်ပွားသော တိုက်ပွဲတွင် အနီးအနားကျေးရွာမှ ကျေးရွာသူရွာသားတစ်ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ ထိုသတင်းကို ၎င်းတိုက်ပွဲ ဖြစ်ပွားသည့်ကျေးရွာမှ ငြိမ်းချမ်းရေးစောင့်ကြည့်သူသည် ငြိမ်းချမ်းရေးစောင့်ကြည့်သူများအဖြစ် သင်တန်းပေးသည့် ကရင်ပြည်နယ်မှ CSO တစ်ခုသို့ သတင်းပို့ခဲ့သည်။ ထို့အပြင် KNU သို့လည်း သတင်းပေးခဲ့သည်။ KNU သည် တိုက်ပွဲတွင်ပါဝင်သော လက်နက်ကိုင်အဖွဲ့များနှင့် ညှိနှိုင်းမှုများပြုလုပ်ပြီးနောက် ခဏစစ်ပြေငြိမ်းပေးပြီး PO များမှ ဒဏ်ရာရသူကို တိုက်ပွဲဖြစ်နေသော ဇုန်အတွင်း လာရောက်ကယ်ထုတ်လို့ရကြောင်း ထို CSO အဖွဲ့သို့ အကြောင်းကြားခဲ့သည်။ PO တို့သည် ယာယီစစ်ပြေငြိမ်းပေးထားသော အချိန်အတွင်း တိုက်ပွဲဇုန်အတွင်းဝင်ရောက်လျက် ဒဏ်ရာရသူကို ကယ်ထုတ်ခဲ့သည်။ ထိုကိစ္စတွင် ဆက်သွယ်မှုများအားလုံးကို မိုဘိုင်းဖုန်းများဖြင့်သာ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ သွားကယ်ခဲ့သည့် PO များထဲမှ တစ်ဦးက "အဲဒီအချိန်တုန်းက မိုဘိုင်းဖုန်းတွေ သာမရှိရင် ဘယ်လိုဖြစ်မလဲ မတွေးရဲဘူး" ဟုဆိုခဲ့သည်။


**ပုံ ၁၃။ အရပ်သားများ အပစ်အခတ်ရပ်စဲမှု စောင့်ကြည့်ရေးပုံစံအမျိုးမျိုး**




| *အဖွဲ့အစည်းအကျဉ်းချုပ် ၁- ကရင်အမျိုးသမီးများစွမ်းရည်မြှင့်တင်ရေးအဖွဲ့ ငြိမ်းချမ်းရေးစောင့်ကြည့်လေ့လာသူများ* | |
|---|---|
| ဘဏ္ဍာငွေအရင်းအမြစ် | DAI, Kan Latt, USAID, PSF |
| အလုပ်လုပ်သောဒေသများ | ကရင်ပြည်နယ် (ဘားအံ၊ ကော့ကရိတ်၊ လှိုင်းဘွဲ့နှင့် ကြာအင်းဆိပ်ကြီး) |
| အကဲဖြတ်လေ့လာဆန်းစစ်မှု | PSF လိုအပ်ချက်အရ KWEG ၏ စီမံကိန်းကို ပြင်ပ ဆန်းစစ်လေ့လာ မှုကိုသုံး၍ အကဲဖြတ် လေ့လာခဲ့သည်။ KWEG သည် PO များဆီမှ အစီရင်ခံစာများကို နှစ်လ တစ်ကြိမ် စုစည်းရသည်။ |

K.W.E.G သည် PO များကို (၂၀၁၅)မှစပြီး သင်တန်းများပေးနေခဲ့သည်။ ကရင်ပြည်နယ်တွင် အလုပ်လုပ် နေသော ငြိမ်းချမ်းရေးစောင့်ကြည့်လေ့လာသူ PO များမှာ (၅၆)ဦးရှိသည်။ K.W.E.G သည် အမျိုးသမီးအဖွဲ့အစည်းတစ်ခုဖြစ်သည့်အား လျော်စွာ အမျိုးသမီးငြိမ်းချမ်းရေး စောင့်ကြည့်လေ့လာသူများကို ပိုမိုမြှင့်တင်ပေးသည်။ ရည်ရွယ်ချက်မှာ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်များတွင် အမျိုးသမီးများနှင့် ကလေးများ၏အသံများ ပါဝင်လာနိုင်စေရန်ဖြစ်သည်။ အမျိုးသမီးများ၏လုံခြုံရေး၊ ဝေးလံသောဒေသများသို့ အမျိုးသမီးများအနေဖြင့် ခရီးသွားလာရန်ခက်ခဲမှုနှင့် အိမ်မှုတာဝန်များကြောင့် K.W.E.G သည် အမျိုးသမီးများကို ငြိမ်းချမ်းရေးလေ့လာစောင့်ကြည့်သူများအဖြစ် စုဆောင်းရန်ခက်ခဲသည်။ ထိုအတွက်ကြောင့် အဖွဲ့မှာ အမျိုးသမီးများအပြင် အမျိုးသားများကိုပါ သင်တန်းပေးရတော့သည်။

### *အကြံပြုအရေးဆိုပေးခြင်း (Advocacy)*



**CS & PB ၏မူဘောင်အရ အဓိပ္ပာယ်ဖွင့်ဆိုချက် :**

Advocacy တွင် ကိစ္စရပ်တစ်ခုကိုဖော်ထုတ်ပြီး မူဝါဒပေါ်ထွန်းလာစေရန် တွန်းအားပေးခြင်း (သို့) အပြောင်း အလဲဖြစ်စေရန် ကြံဆောင်ခြင်းတို့ ပါဝင်သည်။ Advocacy ပြုလုပ်သည့် လမ်းကြောင်း ၃ ခုရှိသည်ဟု Slim နှင့် Bonwick က ဖော်ပြခဲ့သည်။ ၎င်းတို့မှာ စွတ်စွဲရှုတ်ချခြင်း၊ စည်းရုံးခြင်းနှင့် ဆွဲဆောင်ခြင်းတို့ ဖြစ်သည်။ စွပ်စွဲရှုတ်ချခြင်း သဘောတရားမှာ ဆုံးဖြတ်ချက်ချမှတ်သူများကို ပြည်သူလူထုဖိအား၊ ကိုယ်ကျင့်တရား လိပ်ပြာ (သို့) ထင်ရှားသောကိုယ်ကျိုး စသည်တို့မှတစ်ဆင့် ၎င်းတို့လုပ်ဆောင်ချက်များအပေါ် အရှက်ရစေရန်ပြုလုပ်ခြင်းကိုဆိုလိုသည်။ စည်းရုံးခြင်းဆိုသည်မှာ တည်ဆောက်ခြင်း၊ အကြောင်းဆက်သွယ်မှုရှိစေခြင်းနှင့် သင့်လျော်ပြီး အစွမ်းထက်သော ဆုံးဖြတ်ချက်ချမှတ်သူများ၏ ကွန်ရက်တစ်ခုအား ပြည်သူလူထုကို အကာအကွယ်ပေးလာစေရန် အတွက် လှုံ့ဆော်ပေးခြင်းဖြစ်သည်။ ဆွဲဆောင်ခြင်းဖြင့် Advocacy လုပ်ခြင်းဆိုသည်မှာ ဆုံးဖြတ်ချက်ချမှတ်သူတစ်ယောက်ကို အကျိုးသင့်အကြောင်းသင့် ဆွေးနွေးတင်ပြခြင်းဖြင့် လက်ခံလာစေရန် ပြုလုပ်ခြင်းဖြစ်သည်။

Advocacy ဆိုသည်မှာ အပြင်ဘက်မှ ထိထိရောက်ရောက် လုပ်ဆောင်နိုင်သော စံပြုလောက်သည့် ဗျူဟာတစ်ရပ်ဖြစ်ပြီး ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်၏ ဖွဲ့စည်းပုံအတွင်း ပါဝင်စရာမလိုသလို ပါဝင်ရန် အထူးခွင့်ပြုချက်လည်း မလိုအပ်ပေ။ မည်သို့ပင်ဆိုစေ လူပုဂ္ဂိုလ်ချင်း ဆက်နွယ်မှုများသည် အရေးကြီးသည့် ကဏ္ဍတွင်ပါဝင်ပြီး ထိရောက်သော Advocacy နည်းလမ်းများကို မြှင့်တင်ရန်အခွင့်အရေးများလည်း လိုအပ်သည်။ ယခင်တည်ရှိနေသောကွန်ရက်များသည် အောင်မြင်သော Advocacy တစ်ရပ်အတွက် ရေခံမြေခံများဖြစ်သည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် လေ့လာမှုများတွင် အောက်ပါ Advocacy လုပ်ငန်းရပ်အမျိုးအစားများကို တွေ့ရှိခဲ့သည်။ ၎င်းတို့မှာ ဆန္ဒထုတ်ဖော်ခြင်း (သို့) လူထုအင်အားဖြင့် ဆောင်ရွက်ချက်များ၊ သုတေသနအခြေပြု Advocacy၊ အိတ်ဖွင့်ပေးစာ လှုံ့ဆော်ပွဲများ၊ မီဒီယာ Advocacy နှင့် လူကိုယ်တိုင်သွားရောက် တွေ့ဆုံအရေးဆိုခြင်းများ။ (အထူးသဖြင့် အထက်ပိုင်းအဆင့်မှ ပုဂ္ဂိုလ်များကို တွေ့ဆုံခြင်း။) တို့ဖြစ်သည်။

**ပုံ ၁၄။ မြန်မာနိုင်ငံရှိ အကြံပြုအရေးဆိုမှုပုံစံများ**

၁။ ဆန္ဒထုတ်ဖော်ခြင်း (သို့) လူထုအင်အားဖြင့် ဆောင်ရွက်ချက်များ

၂။ သုတေသနအခြေပြု အကြံပြုအရေးဆိုခြင်း

၃။ အိတ်ဖွင့်ပေးစာလှုံ့ဆော်ပွဲများ

၄။ မီဒီယာ Advocacy

၅။ လူကိုယ်တိုင်သွားရောက် တွေ့ဆုံအရေးဆိုခြင်းများ။ (ယေဘုယျအားဖြင့် အထက်ပိုင်းအဆင့်မှ ပုဂ္ဂိုလ်များကို တွေ့ဆုံခြင်း)

### ၁။ ဆန္ဒထုတ်ဖော်ခြင်း (သို့) လူထုအင်အားဖြင့် ဆောင်ရွက်ချက်များ

၎င်းတွင်ကိစ္စရပ်တစ်ခု အကောင်းဘက်ကို ပြောင်းလဲလာစေရန်အတွက် သဘောထားများကို ပြောင်းလဲပေး ခြင်း (သို့) ဖိအားများကို ဖန်တီးပေးခြင်းတို့ကို ရည်ရွယ်လုပ်ဆောင်သည့် လူအများအပြားကိုစည်းရုံးသည့် လုပ်ငန်းမျိုးပါဝင်သည်။ လူထုအင်အားဖြင့် ဆန္ဒထုတ်ဖော်မှုသည် တချို့သောအောင်မြင်မှုများကို ရရှိစေနိုင်သည်။ (ဥပမာ - Kachin Batist Convention ၏ ဆန္ဒထုတ်ဖော်မှု)

*အဖွဲ့အစည်းအကျဉ်းချုပ် ၂- Kachin Baptist Convention*

| | |
|---|---|
| ဘဏ္ဍာငွေအရင်းအမြစ် | သတင်းအချက်အလက်မရ |
| အလုပ်လုပ်သောဒေသ | ကချင်ပြည်နယ် |
| အကဲဖြတ်လေ့လာဆန်းစစ်မှု | အကျိုးသက်ရောက်မှုကို ခြေရာခံခြင်း (ကန့်ကွက်ဆန္ဒပြမှုများသည် အရေးပေါ် ကိစ္စရပ်များကို ဦးတည်ခဲ့ပြီး သက်ရောက်မှုသည် ထင်ရှားသည်) |

**ဖြစ်စဉ်တစ်ခုတွင် တပ်မတော်သည် လူတစ်ဦးကို IDP စခန်းမှနေပြီး စည်းဘောင်မဲ့ ခေါ်ယူထိန်းသိမ်းခဲ့သည်။ KBC သည် သမ္မတ၊ ဝန်ကြီးချုပ်တို့ဖြင့် တွေ့ဆုံခဲ့သော်လည်း ထိုသူကို မကယ်ထုတ်နိုင်ခဲ့ပေ။ KBC နှင့် မြစ်ကြီးနားမြို့နယ်ရှိ IDP စခန်းတစ်ခုမှ လူအချို့သည် ၂၀၁၂ ခုနှစ် ဇွန်လ ၇ ရက်နေ့တွင် ထိုသူကိုပြန်လွှတ်ပေးရန် ဆန္ဒပြခဲ့ရာ နောက်ဆုံးတွင် ပြန်လွှတ်ပေးခဲ့သည်။**

နောက်ကိစ္စရပ်တစ်ခုတွင် IDP စခန်းရှိ အမျိုးသမီးကြီးတစ်ဦးကို တပ်မတော်မှ လိင်ပိုင်းဆိုင်ရာစော်ကားမှုကို ပြုလုပ်ခဲ့သည်။ KBC သည် ကန့်ကွက်ဆန္ဒပြမှုတစ်ရပ်ကို ဦးဆောင်ခဲ့ပြီး ထိုစစ်သားမှာ နောက်ဆုံးတွင် ထိန်းသိမ်းခံခဲ့ရသည်။ နောက်တစ်ခုမှာ အစိုးရမှ UNESCO သို့ ပူတာအိုဒေသအား ကမ္ဘာ့မွေအနှစ်စာရင်းသွင်းရန် ပူးတွဲအဆိုပြုလွှာတင်သည့်ကိစ္စဖြစ်သည်။ ပူတာအိုဒေသခံများမှာ ထိုစီမံကိန်းကြောင့် ငါးဖမ်းခြင်း၊ စိုက်ပျိုးခြင်းနှင့် တောင်ယာလုပ်ငန်းများအပေါ် တားမြစ်ပိတ်ပင်မှုများ ရှိလာမည်ကို စိုးရိမ်ခဲ့ကြသည်။ KBC နှင့် ပူတာအိုမှ ခရစ်ယာန်အဖွဲ့တို့သည် ဆန္ဒပြမှုကိုခေါင်းဆောင်ခဲ့သည်။ စီမံကိန်းကိုလည်း ရွှေ့ဆိုင်းခဲ့ သည်။[၄၈]

နမူနာလေ့လာခဲ့သည့် ဆန္ဒပြမှုများတွင် လူထုအင်အားဖြင့် ဆောင်ရွက်သောပုံစံကို CSOs များမှ အရင်ဆုံး အသုံးပြုလေ့မရှိပေ။ ဥပမာ - ကချင်ပြည်နယ်တွင် တိုက်ပွဲများဖြစ်နေစဉ် စစ်ဘေးရှောင်ပြည်သူများ ပိတ်မိနေစဉ်က CSOs များသည် နိုင်ငံရေးပါတီများနှင့် ဘာသာရေးခေါင်းဆောင်များ၏အကူအညီကိုရယူပြီး ထိုလူများကိုကယ်ထုတ်နိုင်စေရန် ယာယီစစ်ပွဲရပ်နားပေးပါရန် ကချင်ဝန်ကြီးချုပ်နှင့် ဦးစွာညှိနှိုင်းဆွေးနွေးခဲ့သည်။ ထိုကဲ့သို့ ညှိနှိုင်းမရမှသာ လူထုအင်အားဖြင့် ဆန္ဒပြမှုကိုပြုလုပ်ရန် ဆုံးဖြတ်ခဲ့သည်။

*သာဓက ၄။ ။ CSO တာဝန်ခံမှုကြိုးပမ်းချက်*

၂၀၁၆ ခုနှစ် ဇွန်လတွင် ရှမ်းပြည်နယ်မြောက်ပိုင်း ဒေသအတွင်းတွင် အရပ်သား ၇ ယောက် တို့ အသတ်ခံခဲ့ရသည်။ ထိုအထဲမှ နှစ်ယောက်သည် ရှမ်းမြောက်ကျေးလက်တစ်နေရာသို့ ဆိုင်ကယ်ဖြင့် ခရီးသွားစဉ်တွင် ပစ်သတ်ခံခဲ့ရခြင်းဖြစ်သည်။ ကျန်သော လူ ၅ ဦး၏ အလောင်းများကို လူပျောက်ဆုံးမှုသတင်းထွက်ပေါ်ပြီး ရက်အနည်းငယ်အကြာ ဇွန်လ ၂၉ ရက်နေ့တွင် ရွာသား၊ လူငယ်နှင့် မီဒီယာအဖွဲ့မှ တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ထိုလူ ၇ ဦးကို တပ်မတော်မှသတ်ဖြတ်ခဲ့သည်ဟု သံသယရှိခဲ့သည်။ သို့ရာတွင် ရှမ်းပြည်နယ်လွှတ်တော်မှ စုံစမ်းလေ့လာရန်မလိုဟု ဆုံးဖြတ်ခဲ့သည်။ ၎င်းဆုံးဖြတ်ချက်ကြောင့် ဇွန်လ ၁၆ ရက်နေ့တွင် တအောင်းနှင့် ကချင်တိုင်းရင်းသားများ အများစုပါဝင်သော ရှမ်းပြည်နယ်မှ လူငယ် ၅၀၀ ကျော်တို့သည် တရားမျှတမှုကို တောင်းဆိုသည့် ဆန္ဒပြမှုတစ်ခုကို ရှမ်းပြည်မြောက်ပိုင်း လားရှိုးမြို့နယ်တွင် ပြုလုပ်ခဲ့သည်။ ရလဒ်အားဖြင့် ခြေလျင်တပ်ငယ်မှ တပ်မှူး၊ ဗျူဟာမှူး၊ တပ်ရင်းမှူး၊ တပ်ကြပ် ၂ ယောက်၊ ဒုတပ်ကြပ် ၂ ယောက်တို့ပါဝင်သော တပ်မတော်စစ်သား အများအပြားသည် စစ်ခုံရုံးတွင် တရားစွဲဆိုခံခဲ့ရသည်။ စစ်သားများအားလုံးကို အပြစ်ရှိကြောင်းနှင့် အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၅ နှစ်စီ ချမှတ်ခံခဲ့ရသည်။ စုံစမ်းစစ်ဆေး နေစဉ်ကာလအတွင်း ဆန္ဒပြမှုကို ခေါင်းဆောင်သူများသည် စစ်ခုံရုံးတွင် မျက်မြင်ကြားနာခွင့် ရခဲ့သည်။

ယခုဖြစ်ရပ်မှာ တပ်မတော်မှ ၎င်း၏စစ်သားများပြုလုပ်သည့် အပြစ်အပေါ်တွင် တာဝန်ခံသည့် ရှားရှားပါးပါးကိစ္စရပ်ဖြစ်သည်။ ရှမ်းပြည်မြောက်ပိုင်းရှိ CSO တစ်ခု၏ တာဝန်ရှိသူတစ်ယောက်မှ "ခုံရုံးရဲ့အမိန့်ကိုတော့ ကျေနပ်လှတယ်တော့မဟုတ်ဘူး။ ဒါပေမယ့် ပထမဆုံး အရေးယူပေးတဲ့အပေါ်တော့ ကျေနပ်တယ်။" ဟု ဆိုခဲ့သည်။

[၄၈] Stella Naw, 'Is Unesco Overreaching in Myanmar?,' Asia Times, http://www.atimes.com/article/unesco-overreaching-myanmar/.

### ၂။ သုတေသနအခြေပြု အကြံပြုအရေးဆိုမှု

တွေ့ဆုံမေးမြန်းခဲ့သော CSOs အများစုသည် Advocacy လှုံ့ဆော်မှုများတွင် အသုံးပြုရန်အတွက် သုတေသနများကိုပြုလုပ်ကြသည်။ တစ်ချို့ကိစ္စရပ်များတွင် CSOs များသည် နိုင်ငံရေးပါတီ၊ EAOs များနှင့်အနီးကပ်ပူးတွဲပြီး မူဝါဒဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်အတွက် သုတေသနများကိုပြုလုပ်ကြသည်။ သို့သော် အစိုးရနှင့်ပူးတွဲလုပ်ဆောင်ခြင်းတော့ ရှားပါးသည်။ (ထိုကျွမ်းကျင်မှုကို ပံ့ပိုးပေးခြင်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း CSOs များဝင်ရောက်နိုင်ရန် အဓိကလမ်းကြောင်းတစ်ခု ဖြစ်သည်ကို ရှင်းပြခဲ့ပြီးဖြစ်သည်။)

နောက်တစ်ခုမှာ CSOs များသည် တရားမျှတမှုအတွက် အကြံပြုအရေးဆိုပေးရန် သက်သေများစုဆောင်းသည့်အနေဖြင့် သုတေသနများကိုလည်း ပြုလုပ်ကြသည်။ ၎င်းကို ပဋိပက္ခများအတွင်း ကျူးလွန်သော အကြမ်းဖက်မှုများကို ဆက်လက်စောင့်ကြည့်သည့်ပုံစံဖြင့် ပြုလုပ်လေ့ရှိပြီး ထိုသုတေသနမျိုးကို ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် စောင့်ကြည့်ခြင်းနှင့် အကြံပြုအရေးဆိုပေးခြင်း ပုံစံတစ်ရပ်အဖြစ် ရှုမြင်နိုင်သည်။ **ရှမ်းပြည်နယ်တောင်ပိုင်း CSOs များထဲမှ တစ်ဖွဲ့သည်ဒေသတွင်း ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သုတေသနကို ပြုလုပ်ခဲ့သည်။** ဥပမာ - မြေယာသိမ်းဆည်းမှုများ ပြုလုပ်ခံရသည့်နေရာများတွင် မြေယာသိမ်းဆည်းသည့်အမှုများကို မှတ်တမ်းယူထားပြီး မြေယာပိုင်ဆိုင်ခွင့်သမိုင်းကို ပြန်လည်ဆက်စပ်ဖော်ထုတ်ပေးခြင်းဖြင့် ပြည်သူတို့ကို ၎င်းတို့မြေများ ပြန်ပေးရေးကို အရေးဆိုလာတတ်စေရန် စွမ်းရည်မြှင့်တင်ပေးသည်။

| *အဖွဲ့အစည်းအကျဉ်းချုပ် ၃ - မွန် CSO တစ်ခု၏ သုတေသနအခြေပြု အကြံပြုအရေးဆိုမှု* | |
|---|---|
| ဘဏ္ဍာငွေအရင်းအမြစ် | Trocaire |
| အလုပ်လုပ်သည့်ဒေသ | မွန်ပြည်နယ် |
| အကဲဖြတ်လေ့လာဆန်းစစ်ချက် | ဆန်းစစ်မှုပုံစံမရှိ |
| မွန်CSOတစ်ခုသည် ရပ်ရွာများအတွင်း သုတေသနများကို ပြုလုပ်ပြီး ထိုမှရလဒ်များကို Advocacy ၏ လက်နက် တစ်ခုအနေဖြင့် ပြန်လည်အသုံးချသည်။ MWO မှပြုလုပ်သော သုတေသနတစ်ခုတွင် အမျိုးသမီးများမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တွင် ပါဝင်မှုနည်းသည်ကို တွေ့ရှိခဲ့သည်။ ထို့နောက် မွန်ပြည်သစ်ပါတီ (NMSP) ကို အမျိုးသမီးများမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်သင့်သည်ဟု အရေးဆိုခဲ့သည်။ ထို့နောက် NMSP သည် အမျိုးသမီးတချို့ကို ၎င်းတို့ဝန်ထမ်းအဖြစ် ခန့်အပ်ခဲ့သည်။ | |

### ၃။ အိတ်ဖွင့်ပေးစာအကြံပြုအရေးဆိုမှုများ

အရပ်ဘက်အဖွဲ့အစည်းငြိမ်းချမ်းရေးဖိုရမ် (CSFoP) သည် နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်၊ ကာကွယ်ရေးဦးစီးချုပ်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် လုပ်ငန်းလုပ်ဆောင်ရေးအဖွဲ့ခေါင်းဆောင်စသည့် အရေးပါသည့်လူကြီးများထံသို့ အိတ်ဖွင့်ပေးစာများကို ပုံမှန်ပေးပို့လျက်ရှိသည်။ ထိုစာများသည် ဖိုရမ်များ ဆီမှ ထွက်ပေါ်လာသော အဓိကရလဒ်များ ဖြစ်ကြသည်။ အဆိုပါပေးစာများကို အကျိုးဝင်ပတ်သက်သူအားလုံးတို့မှ အထူးစိတ်ဝင်စားကြသည်။ CSFoP ဖိုရမ် အကြိမ် ၂၀ ပြီးသည့်တိုင် ထိုအိတ်ဖွင့်ပေးစာများ၏ ရလာဒ်မှာမသဲကွဲဘဲ ရှိနေသေးသည်။ ထို့ကြောင့် ဤနည်းလမ်းသည် CSFoP အတွက် ထိရောက်သောနည်းလမ်းမှ ဟုတ်ပါရဲ့လားဟု အချို့ကမေးခွန်းထုတ်လာကြပြီး အချိန်နှင့်အရင်းအမြစ်များလည်း အလဟဿဖြစ်ရသည်။ မွန်ပြည်နယ်ရှိ ငြိမ်းချမ်းရေးအတွက် အဓိကထားအလုပ်လုပ်နေသော Common Peace အဖွဲ့မှ ညှိနှိုင်းရေးမှူးမှ ၈ ကြိမ်မြောက် CFSoP ကို တက်ရောက်ခဲ့ပြီး အိတ်ဖွင့်ပေးစာများမှာ မထိရောက်ကြောင်းနှင့် CFSoP အနေဖြင့် ဤနည်းလမ်းကို ပြန်လည်စဉ်းစားသင့်ကြောင်း ပြောကြားခဲ့သည်။ သို့သော်ငြားလည်း CSFoP ၏ Advocacy မှ အချို့ရလဒ်များ ထွက်ပေါ်လာခဲ့သည်။ ဥပမာ - NCA အောက်တွင်ပါရှိသော အရပ်သားပြည်သူများကာကွယ်ရေးဆိုင်ရာ စာပိုဒ်တစ်ခုဖြစ်သည့် တွင်းထွက်သယံဇာတအရင်းအမြစ်များ တူးဖော်ရေး စက်မှုလုပ်ငန်းများနှင့်ပတ်သက်သည့် အဖွဲ့အစည်းများနှင့် ထိန်းချုပ်ကွပ်ကဲရေးဆန်းစစ်ချက် (EITI) များကို NCA လက်မှတ်မထိုးထားသော နေရာများရှိ ရောမစီမံကိန်းကြီးများအတွက် ပြုလုပ်ရန်နှင့် ရပ်ရွာလူထု၏သဘောဆန္ဒကို လေးစားရမည် ဟူသည့် စာပိုဒ်ကို CSFoP အိတ်ဖွင့်ပေးစာတစ်စောင်တွင် ထည့်သွင်းခဲ့သည်။ CSFoP ၏ မူရင်းရည်ရွယ်ချက်မှာ ရောမစီမံကိန်းကြီးများအားလုံးကို ရပ်ဆိုင်းစေရန်ဖြစ်သော်လည်း NCA တွင် ပါဝင်ပတ်သက်သူများသည် ထိုစာပိုဒ် ကို နောက်ပိုင်းတွင် ထည့်သွင်းပေးခဲ့သည်။ အင်တာဗျူးတွင်ဖြေဆိုခဲ့သူအများစုသည် CSFoP ၏ အိတ်ဖွင့်ပေးစာများကို သတိထားမိကြပြီး သူတို့၏အသုံးဝင်မှု အပေါ် ထင်မြင်ချက်များရှိကြသည်။

*သာဓက ၅ ။ ။ အရပ်ဘက်လူ့အဖွဲ့အစည်းများငြိမ်းချမ်းရေးဖိုရမ် (CSFoP)*

CSFoP ကို (၂၀၁၂) ခုနှစ်တွင် Nyein Shalom ဖောင်ဒေးရှင်းမှ တည်ထောင်ခဲ့ခြင်းဖြစ်သည်။ CSFoP ၏ အဓိကလုပ်ငန်းစဉ်မှာ CSOs များ ပင်မငြိမ်းချမ်းရေးဖိုရမ်တွင် ပါဝင်နိုင်စေရန်အပြင် (informal) လမ်းကြောင်းတစ်ခုအနေဖြင့် ဆောင်ရွက်ပေးရေးဖြစ်သည်။ "ဖိုရမ်တွေရဲ့ အဓိကရည်ရွယ်ချက်များမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်လျက်ရှိသော CSOs များအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လာစေရန် မြှင့်တင်ပေးခြင်း၊ CSOs များ၏ အခန်းကဏ္ဍကိုချဲ့ထွင်ပြီး လက်ရှိငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များတွင် ထိထိရောက်ရောက်ပါဝင်ရေးနှင့် အဓိပ္ပာယ်ပြည့်ဝသော (informal) နိုင်ငံရေးဆွေးနွေးပွဲများတွင် အခြေခံပြည်သူများနှင့် အရပ်ဘက်အဖွဲ့အစည်း၏ ပါဝင်မှုတိုးမြှင့်လာစေရန်တို့ဖြစ်သည်။" ယနေ့အချိန်အထိ အစည်းအဝေးပေါင်း (၁၈) ခု ကျင်းပခဲ့ပြီးဖြစ်ပြီး CSFoP ၏ နောက်ဆုံးအစည်းအဝေးပွဲကို (၂၀၁၈) ခုနှစ် ဧပြီ (၄ - ၅) တွင် ပန်ဒါဟိုတယ်တွင် ကျင်းပခဲ့သည်။ ၎င်းတွင် အဖွဲ့အစည်းပေါင်း (၁၁၃) ခုမှ ပါဝင်သူပေါင်း ၁၉၃ ယောက် တက်ရောက်ခဲ့သည်။ လက်ရှိတွင် CSFoP ၏ လုပ်ငန်းဆောင်ရွက်ရေးကော်မတီ (Working Committee)ကို အဖွဲ့အစည်း ၃၀ နှင့် တစ်သီးပုဂ္ဂလတို့ဖြင့်ဖွဲ့စည်းထားပြီး ၎င်းတို့၏တာဝန်မှာ အစည်းအဝေးများတွင် စည်းရုံးရန်နှင့် စုဝေးရန်ဖြစ်သည်။ CSFoP အစည်းအဝေးများ၏ အဓိကရလဒ်များမှာ (က) နိုင်ငံတော်အတိုင်ပင်ခံရုံး- ဒေါ်အောင်ဆန်းစုကြည်၊ (ခ) စစ်တပ် - ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ (ဂ) လက်မှတ်ထိုးထားသော EAO များ - အထူးသဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်လမ်းညွှန်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးထူးစေးဖောနှင့် (ဃ) လက်မှတ်ထိုးမထားသူများ - အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကိုယ်စားလှယ်များအဖွဲ့ (DPN) အဖွဲ့ခေါင်းဆောင် စသူတို့ထံသို့ အစဉ်သဖြင့် လိပ်မူထားသော အိတ်ဖွင့်ပေးစာများဖြစ်ကြသည်။ အိတ်ဖွင့်ပေးစာများတွင် စာပါအကြောင်းအရာအလိုက် တခြားသူများထံ လိပ်မူထားသည်များလည်း ရှိသည်။ ဥပမာ - ၁၇ ကြိမ်မြောက် အိတ်ဖွင့်ပေးစာသည် အဆိုပါ ၃ ဦးနှင့် DPN ခေါင်းဆောင် ခူးဦးယယ်၊ ၁၉ ကြိမ်မြောက်ပေးစာသည် ၎င်း ၄ ဦးနှင့် ပြည်ထောင်စုနိုင်ငံရေး ဆွေးနွေးရေးကော်မတီ (FPNCC) ၏ ဥက္ကဋ္ဌနှင့် ၁၉ ကြိမ်မြောက် ပေးစာ သည် ၎င်း ၅ ဦးနှင့် ကရင်နီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (KNPP) ဥက္ကဋ္ဌတို့ထံသို့ လိပ်မူထားသည်။

CSFoP သည် UCCF ထက် ပို၍ မတူကွဲပြား အမျိုးအစားစုံလင်သည်။ ဥပမာ - အခြေခံပြည်သူများနှင့် အလုပ်လုပ်နေသော CSO များ၊ တိုင်းရင်းသားအရေးကိစ္စရပ်များအတွက် အလုပ်လုပ်နေသော CSO များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် တရားဝင်ဆက်စပ်နေသော ဘာသာပေါင်းစုံဆွေးနွေးပွဲများကို ကူညီပေး နေသော CSO များနှင့် CSFoP အစည်းအဝေးများတွင် ပါဝင်သော တိုင်းရင်းသားလူမျိုးစုံ လူငယ်အဖွဲ့များ။

## ၄။ ငြိမ်းချမ်းရေးဆိုင်ရာပံ့ပိုးမှု မီဒီယာ Advocacy

CSOs များသည် ၎င်းတို့၏ Advocacy လှုံ့ဆော်မှုများတွင် လူမှုမီဒီယာကို တွင်တွင်ကျယ်ကျယ် အသုံးပြုသည်။ သမားရိုးကျမီဒီယာများကို အသုံးပြုမှုနည်းသည်။ ရှမ်းပြည်နယ်ရှိ ဒေသတွင်း CSO တစ်ခုမှ 'သင့် ဘာသာကို ချစ်မြတ်နိုးလျှင် အခြားဘာသာများကိုမမုန်းသင့်ပါ' ဟု ရေးသားထားသော ကားနောက်မှန်စတစ်ကာများကို ထုတ်လုပ်ဖြန့်ချိခဲ့သည်။ အဆိုပါစတစ်ကာများသည် (ဥပမာအားဖြင့်) လက်ကမ်းစာစောင်များထက် ပိုမိုကျယ်ပြန့်သော ပရိသတ်ထံရောက်နိုင်ခြေပိုများသည့် နည်းလမ်းအနေဖြင့် ဘာသာအချင်းချင်း သဟဇာတဖြစ်မှုအပေါ် ၎င်းတို့၏ထောက်ခံမှုကို အများသိကြေငြာပေးခြင်းမျိုးဖြစ်သည်။ ထို CSO ၏ ခေါင်းဆောင်များမှ ဖွံ့ဖြိုးမှုအတွက် မြန်မာအိုင်စီတီအဖွဲ့(MIDO)မှ စီစဉ်သည့် ပန်းစကားလှုပ်ရှားမှုကဲ့သို့ ယခုနည်းဗျူဟာကို စမ်းသပ်လုပ်ဆောင်ရန် ကြိုးစားခြင်းဖြစ်သည်။ ယခုလှုပ်ရှားမှုသည် ရန်ကုန်ရှိ ASEAN ပြည်သူများ၏ ဖိုရမ် (၂၀၁၄) တွင် အမျိုးသားရေး ရှေ့တန်းတင်ဆန္ဒထုတ်ဖော်မှုကို ဆန့်ကျင်ဆန္ဒပြမှုတစ်ခုအဖြစ် စတင်ခဲ့ခြင်းဖြစ်သည်။ ဆန့်ကျင်ဆန္ဒပြသူများမှ အမုန်းများမပြန့်ပွားစေရန်အတွက် လူအများကို တိုက်တွန်းအားပေးသည့် ဆိုင်းဘုတ်များကို ပြသခဲ့သည်။ ထိုလှုပ်ရှားမှု နောက်ဆက်တွဲအနေဖြင့် (၂၀၁၄)ခုနှစ်တွင် MIDO မှ ငြိမ်းချမ်းစွာအတူတကွ ပူးတွဲနေထိုင်မှု သတင်းစကားကို ဖေ့ဘုတ်ပေါ်ထိသယ်ဆောင်လာခဲ့ပြီး ဖေ့ဘုတ် messenger ဖြင့် ပို့နိုင်သော e-စတစ်ကာများကို ရေးဆွဲခြင်းအားဖြင့် ယင်းကို လျင်မြန်စွာ လူသိများလာစေခဲ့သည်။ ယင်းစတစ်ကာများကို (၂၀၁၅) နှင့် (၂၀၁၆) ခုနှစ် ကြားတွင် အကြိမ်ပေါင်း (၃) သန်းခန့် ဒေါင်းလုဒ်ရယူ အသုံးပြုခဲ့ကြသည်။

## ၅။ လူကိုယ်တိုင်သွားရောက်တွေ့ဆုံအရေးဆိုခြင်း

လူကိုယ်တိုင်သွားရောက်တွေ့ဆုံအရေးဆိုမှုများသည် ပဋိပက္ခဖြစ်နေသောအနေအထား (အထူးသဖြင့် အစိုးရ (သို့) တပ်မတော်မှ ပြည်သူတို့အား ခြိမ်းခြောက်အန္တရာယ်ပြုသောအခြေအနေ) တွင် အဓိက သတ်သတ်မှတ်မှတ် မျှော်မှန်းထားသော တောင်းဆိုမှုများရရှိရန် ထိရောက်သောအရေးဆိုမှု ဗျူဟာတစ်ရပ်ဖြစ်သည်။ လတ်တလောတွင် ငြိမ်းချမ်းရေးစကားဖန်တီးရေးအဖွဲ့ Peace Talk Creation Group (PCG) သည် အဖမ်းခံခဲ့ရသော ဆရာမအချို့လွှတ်ပေးရေးကို သေချာစေရန် အမျိုးသားပြန်လည်

သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးစင်တာမှ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံခဲ့သည်။ အောက်တိုဘာလတွင် KBC မှ အမျိုးသမီး (၈) ဦးနှင့် အမျိုးသား (၇) ဦး ဖမ်းဆီးခံခဲ့ရသည်။[၄၉] သူတို့သည် လိုင်ဇာ (KIO ဌာနချုပ်) သို့ ခရီးသွားခဲ့သည်။ တပ်မတော်မှ ထိုသူတို့ကို မတရား အသင်းဆက်သွယ်မှုဥပဒေအောက်တွင် သံသယဖြင့် ဖမ်းဆီးခဲ့သည်။ ၎င်းတို့ကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ခေါ်ဆောင်သွားခြင်း ဖြစ်သည်။ PCG မှ အဖွဲ့ဝင်တစ်ဦးသည် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တာဝန်ခံအရာရှိတစ်ဦးနှင့်တွေ့ဆုံပြီး ပြန်လွှတ်ပေးရန် တောင်းဆိုခဲ့ရာ နောက်ဆုံးတွင် လွှတ်ပေးခဲ့သည်။[၅၀] ဤသည်မှာ PCG မှ ကြားဝင်ဆောင်ရွက်မှု၏ ရလဒ်တစ်ခုဟုဆိုနိုင်သည်။

*သာဓက ၆ ။ ။ ကချင်ပြည်နယ်ရှိ ပိတ်မိနေသော စစ်ရှောင်များ*

(၂၀၁၈) ခုနှစ်အစောပိုင်းတွင် တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တို့အကြား ဖြစ်ပွားသော တိုက်ပွဲများ ကြောင့် စစ်ရှောင်ဒုက္ခသည် (၄၀၀၀) ကျော်သည် ကချင်ပြည်နယ်၏ စစ်ပွဲဇုန်အတွင်း ဧပြီလအတွင်း၌ ပိတ်မိနေခဲ့ကြသည်။ ထိုပိတ်မိနေသောဒေသခံများမှာ လူသားချင်းထောက်ပံ့မှု အကူအညီတစ်ခုမှမရရှိကြပေ။ ထို့အပြင် ပိတ်မိနေသူများသည် တပ်မတော်စည်းအတွင်းကိုလည်း မဖြတ်ရဲကြပေ။ အကြောင်းမှာ KIA ၏လူဟု သံသယရှိပြီး ဖမ်းဆီးနှိပ်စက်ခံရမည်ကို ကြောက်ရွံ့သောကြောင့် ဖြစ်သည်။

ပထမဆုံးလူထုဆန္ဒထုတ်ဖော်မှုကို (၂၀၁၈) ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် စတင်လုပ်ဆောင်ခဲ့သည်။ လူပေါင်း (၈၀၀၀ - ၁၀၀၀၀) တို့သည် မြစ်ကြီးနားမြို့ကို လှည့်လည်ဆန္ဒထုတ်ဖော်ခဲ့သည်။ သို့ရာတွင် ထိုဆန္ဒထုတ်ဖော်မှုကို ဒေသအာဏာပိုင်/အစိုးရမှ အသိအမှတ်မပြုပေ။ အဆိုပါနေ့ ညနေ ၂ နာရီအချိန်တွင် ပထမဆုံးသပိတ်စခန်းချဆန္ဒပြမှုကိုစတင်ခဲ့ပြီး ဒေသအာဏာပိုင် များ၏ မျက်နှာလွှဲမှုကို တုံ့ပြန်ရန်အတွက် ကချင်လူငယ်များက ပါဝင်ဆောင်ရွက်ခဲ့သည်။ သပိတ်စခန်းချဆန္ဒပြမှုကို ပြည်သူ (၁၄၄) ဦးနှင့်စတင်ခဲ့ပြီး ပြည်သူ (၂,၀၀၀) ကျော်မှ ဝန်းရံပါဝင်ခဲ့သည်။

ငြိမ်းချမ်းရေးစကားဖန်တီးရေးအဖွဲ့ (PCG) သည် အစိုးရ၊ တပ်မတော်နှင့် KIA/KIO အပစ်အခတ်ရပ်စဲရေးညှိနှိုင်းမှုများတွင် အဓိကကူညီသောအခန်းကဏ္ဍမှ (KIA/KIO မှ ပင်မငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှ နောက်ဆုတ်သွားချိန်အထိ) စေတနာအစေ လျှာက်ပါဝင်ကူညီခဲ့သောအဖွဲ့တစ်ဖွဲ့ဖြစ်သည်။ PCG သည် ယခုအခါတွင် KIO နှင့် တပ်မတော်၊ KIO နှင့် အစိုးရတို့အတွက် နောက်ကွယ်မှ ဆက်သွယ်ဆောင်ရွက်ပေးသော လမ်းကြောင်းတစ်ခုအဖြစ် ဆောင်ရွက်လျက်ရှိသည်။ PCG သည် ကချင် လူငယ်လှုပ်ရှားမှုခေါင်းဆောင်များနှင့် ကချင်ပြည်နယ်အစိုးရအကြား ကြားခံအဖြစ် ဆောင်ရွက်ပေးသည်။ စခန်းချဆန္ဒပြနေ သည့်နေရာသို့ လာရောက်ပေးပါရန် ကချင်လူငယ်များမှ ကချင်ပြည်နယ်ဝန်ကြီးချုပ်အား ဖိတ်ကြားခဲ့ရာတွင် ထိုဖိတ်ကြားမှုကို ဝန်ကြီးချုပ်မှ လက်မခံခဲ့ခြင်းကြောင့် အစိုးရနှင့်လူငယ်များအကြား တင်းမာမှုများ ဖြစ်ပေါ်ခဲ့သည်။ အစိုးရသည် သပိတ်စခန်း ဖွင့်လှစ်ဆန္ဒပြခြင်းကို သဘောကျဟန်မရှိပေ။ (၂၀၁၈) ခုနှစ် မတ်လ (၃) ရက်နေ့တွင် PCG များ၏ ကြားဝင်ဆောင်ရွက်ပေး မှုကြောင့် ကချင်လူငယ်များလှုပ်ရှားမှု အဖွဲ့မှ လူငယ်များသည် ဝန်ကြီးချုပ်နှင့် တွေ့ဆုံခွင့်ရခဲ့သည်။

(၂၀၁၈) ခုနှစ် မေလ (၄) ရက်နေ့တွင် ကချင်လူငယ်လှုပ်ရှားမှုအဖွဲ့ဝင်များသည် ပိတ်မိနေသော ရွာသူ ရွာသားများကိုကယ်ထုတ် ရန် စီမံကိန်းတစ်ခုကို အကောင်အထည်ဖော်ခဲ့သည်။ ပိတ်မိနေသူများကို သွားကယ်သည့်လမ်းတွင်ရှိသည့် လွိုင်ရီယမ်းဇရိယာ အတွင်း ကားများပိတ်မိသွားသောကြောင့် အစီအစဉ်မှာ မအောင်မြင်ခဲ့ပေ။ တစ်ဖက်တွင်လည်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးမှ လူငယ်များအား ပိတ်မိနေသူများကို အစိုးရမှစောင့်ရှောက်လိုက်ပြီဖြစ်သောကြောင့် ကယ်တင်ရန်မလိုတော့ကြောင်း ပြန်လည်ဆုတ်ခွာပါရန်စေခိုင်းခဲ့သည်။ သို့သော်လည်း မည်သည့်ပြည်သူကိုမှ တပ်မတော်မှ ပြန်မလွှတ်ပေးခဲ့ပေ။

(၂၀၁၈) ခုနှစ် မေလ (၅)ရက်နေ့တွင် ပိတ်မိနေသူများအား ထပ်မံကယ်ထုတ်ရန် ကြိုးပမ်းခဲ့သည်။ ကချင်လူငယ်လှုပ်ရှားမှုအဖွဲ့၏ ခေါင်းဆောင်မှုကော်မတီသည် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဝန်ကြီးဒေါက်တာ ဝင်းမြတ်အေးနှင့် နန်းသီတာဟိုတယ်တွင်တွေ့ဆုံခဲ့သည်။ ဒေါက်တာဝင်းမြတ်အေးသည် လူငယ်အဖွဲ့နှင့် သမ္မတရုံးအကြား ကြားဝင်ဆောင်ရွက်ပေးပြီး ပိတ်မိနေသူများကို အမြန်မလွှတ်ပေးပါက နောက်ထပ် ချီတက်ဆန္ဒပြပွဲတစ်ခုကို ဆောင်ရွက်မည် ဟု လူငယ်များပေးသောသတင်းစကားကို သမ္မတရုံးသို့ ပါးပေးခဲ့သည်။ (ဒေါက်တာဝင်းမြတ်အေး ကချင်ပြည်နယ်သို့ မည်သည့် အကြောင်းကြောင့် ရောက်ရှိနေသည်ကို မသိရပေ။) နောက်တစ်နေ့မနက် မေလ (၆)ရက်နေ့ တွင် တပ်မတော်မှ ပိတ်မိနေသူ အရပ်သား (၁၀၀) ကျော်ကို ဖားကန့်မြို့နယ် မန်ဝိုင်းကျေးရွာ (Lai Nawng Khu) မှ ပြန်လွှတ်ပေးခဲ့သည်။

[၄၉] Lawi Weng, 'Tatmadaw Detains 15 Kachin Aid Workers near Laiza,' The Irrawaddy, https://www.irrawaddy.com/news/burma/tatmadaw-detains-15-kachin-aid-workers-near-laiza.html.

[၅၀] Kachin News Group, 'Myanmar Army Releases All 15 Detainees Including a Kbc Member,' Burma News International, https://www.bnionline.net/en/news/myanmar-army-releases-all-15-detainees-including-kbc-member.

ခေါင်းဆောင်ကော်မတီများမှ လူများဖြစ်သည့် Nang Pu ၊ Lum Zawng နှင့် Zau Jat တို့ကို ဒုဗိုလ်မှူးကြီး မျိုးမင်းဦးမှ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဥပဒေ ပုဒ်မ (၁၉) ကို ချိုးဖောက်မှုဖြင့် တရားစွဲဆိုခဲ့သည်။ ထို့နောက် Lum Zawng နှင့် နောက်ထပ် လူငယ်ခေါင်းဆောင်တစ်ဦးကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၀ ဖြင့် တရားစွဲဆိုခဲ့သည်။ ၎င်းတို့ကို ထောင်ဒဏ်ခြောက်လနှင့် ဒဏ်ငွေ ၅၀၀,၀၀၀ ကျပ်စီကို ချမှတ်ခဲ့သည်။ တရားရုံး၏ စီရင်ဆုံးဖြတ်မှုကို သဘောမတူသည့်အတွက် တစ်နိုင်ငံလုံးတွင်ရှိသော CSO ပေါင်း (၅၀၀) ကျော်တို့သည် ထုတ်ပြန်ကြေငြာချက်တစ်ခုကို ထုတ်ပြန်ခဲ့သည်။ မြစ်ကြီးနားမြို့နယ်တရားရုံး၏ အပြင်ဘက်တွင် လူပေါင်း (၆၀)ကျော်တို့ ဆန္ဒပြခဲ့ပြီး မြစ်ကြီးနားမြို့မနောကွင်းအထိ ချီတက်ဆန္ဒပြခဲ့ကြသည်။ သို့သော်လည်း (၂၀၁၈) အကုန်အထိ မည်သည့်ရလဒ်မှ ထွက်မလာခဲ့ပေ။

***အုပ်စုတွင်း လူမှုနည်းလမ်းဖြင့် အမူအကျင့်ပြောင်းလဲစေခြင်း (In-group socialization)***



**CS&PB မှုဘောင်အဓိပ္ပာယ်ဖွင့်ဆိုချက် -**

လူမှုနည်းလမ်းဖြင့် အမူအကျင့်ပြောင်းလဲစေခြင်း (Socialization) မှာ အဖွဲ့သားများကို ငြိမ်းချမ်းရေး(သို့) ဒီမိုကရေစီစံနှုန်းများကို ထိတွေ့စေခြင်း (သို့) နိုင်ငံရေးလမ်းကြောင်းအရ ဆောင်ရွက်နိုင်ရေးအတွက် အဖွဲ့(သို့) အုပ်စု၏စွမ်းရည်ကို တည်ဆောက်ခြင်းဖြစ်သည်။ ၎င်းသည် အုပ်စုတစ်ခုအတွင်း ဆောင်ရွက်သည့်လုပ်ငန်းဖြစ်သည်။ လူမှုနည်းလမ်းဖြင့် အမူအကျင့်ပြောင်းလဲစေခြင်း (Socialization) နှင့် လူမှုပေါင်းစည်းရေး (Social Cohesion) တို့အကြား အဓိကကွာခြားချက်မှာ လူမှုနည်းလမ်းဖြင့် အမူအကျင့်ပြောင်းလဲစေခြင်း (Socialization)သည် ပဋိပက္ခတစ်ခုအတွင်းရှိ အုပ်စုတစ်စု(ဘက်တစ်ဘက်) အတွင်းကိုသာ ဦးတည်ပြီး လူမှုပေါင်းစည်းရေး (Social Cohesion) သည် အုပ်စုတစ်စုနှင့်တစ်စု အကြား ပေါင်းကူးတည်ဆောက်ပေးခြင်း မျိုးဖြစ်သည်။ ဘယ်အရာက အုပ်စုတစ်ခုအဖြစ် တည်ဆောက်ပေးသည်ဆိုခြင်းနှင့်၊ (In-group Socialization) ကို အုပ်စုအချင်းချင်းအကြား ဆက်စပ်ဆောင်ရွက်သည့် (Inter-group Social Cohesion) နှင့် ကွဲလွဲစေသည့်အချက်မှာ အဆိုပါ လုပ်ဆောင်ချက်များကို ဖော်ဆောင်နေသည့် နောက်ခံအကြောင်းတရား အခြေအနေပေါ်တွင်မူတည်၍ ဆုံးဖြတ်သည်။

အုပ်စုအတွင်း (Socialization) လုပ်ဆောင်ခြင်းကို ကျောင်းများ၊ အသင်းများ၊ အဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့များ၊ လုပ်ငန်းခွင်နှင့် စဉ်ဆက်မပြတ်လုပ်ကိုင်လာခဲ့သော NGO နှင့် CSOs များတွင် တွေ့ရသည်။ ဤသုတေသနစီမံကိန်းသည် CSOs များကို ဦးတည်သည့်အားလျော်စွာ (Socialisation) တွင်ပါဝင်သည့် တခြားအဖွဲ့အစည်းများအပေါ် လေ့လာဆန်းစစ်ခဲ့ခြင်းမရှိပါ။ အုပ်စုအတွင်း Socialisation လုပ်ငန်းစဉ်များမှာ စွမ်းဆောင်ရည်တည်ဆောက်မှု အလုပ်ရုံဆွေးနွေးပွဲများ၊ သဘောထားပြောင်းလဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများနှင့် ငြိမ်းချမ်းရေးမီဒီယာ ထုတ်လုပ်မှုလုပ်ငန်းများ ပါဝင်သည်။ လေ့လာခဲ့သော လုပ်ဆောင်ချက်များ၏ ၂၅% ခန့်သည် အဖွဲ့အတွင်း Socialisation လုပ်ငန်းများအဖြစ် သတ်မှတ်နိုင်သည်။ ၎င်းတွင်စွမ်းဆောင်ရည်တည်ဆောက်မှုအလုပ်ရုံဆွေးနွေးပွဲများ၊ သဘောထားပြောင်းလဲခြင်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲများနှင့် ငြိမ်းချမ်းရေးမီဒီယာကို ထုတ်လုပ်မှုလုပ်ငန်းများ ပါဝင်သည်။

ထိရောက်သော (Socialisation) လုပ်ဆောင်မှုများ၏ မရှိမဖြစ်လိုအပ်ချက်မှာ အကြမ်းဖက်မှုအခြေအနေ မဆိုးရွားမှု (သို့) အကြမ်းဖက်မှု မရှိမှုဖြစ်သည်။ (In-group Socialization) ကိုလုပ်ဆောင်ရာတွင် ကျောင်းများ (သို့) အစည်းအရုံးများကဲ့သို့သော လက်ရှိဩဇာရှိသည့်အဖွဲ့အစည်းများ (၎င်းတို့ကိုယ်တိုင်မှ ခွဲခြားဆက်ဆံမှုများကို လုပ်ဆောင်နေသည့်တိုင်အောင်)နှင့် ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးသည်။ ရေတိုသီးသီးသန့်သန့် လုပ်ဆောင်မှုများကို အကောင်အထည်ဖော်မည့်အစား ရေရှည်လုပ်ငန်းစဉ်များကို လုပ်ဆောင်ခြင်းသည် ပိုမိုထိရောက်မှုရှိသည်။ ထို့အပြင် ဒီမိုကရေစီစံနှုန်းများကို တောင့်တင်းခိုင်မာစေခြင်းသည်လည်း အရေးကြီးပေသည်။ နောက်ဆုံးတွင် လူနည်းစုတိုင်းရင်းသားများ၏ အုပ်စုတွင်း(Socialisation) သည် အစွန်းမရောက်စေသော အင်အားမြှင့်တင်ပေးသည့်နည်းလမ်းများဖြင့် ဆောင်ရွက်လျှင် ပိုမိုထိရောက်ပါသည်။

မြန်မာနိုင်ငံတွင် အုပ်စုအတွင်း (socialization) များသည် တိုင်းရင်းသားလူမျိုးစုတစ်စု (သို့) ဘာသာရေးအုပ်စုတစ်စုကိုဦးတည်ပြီး အုပ်စုအတွင်း လူမှုပေါင်းစည်းမှုရှိစေရန်ဆောင်ရွက်ခြင်းသည် အဆိုပါအဖွဲ့များကို အတူပါဝင်လုပ်ဆောင်စေခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် အုပ်စုအတွင်း(socialization) လုပ်ဆောင်ခြင်း ခေတ်စားရသည့်အကြောင်းမှာ အုပ်စုများအကြားရှိနေသော ဘာသာစကားကန့်သတ်ချက်ကြောင့်ဖြစ်သည်။ ဘာသာစကားအခက်အခဲသည် CSOs များမှ လူမှုပေါင်းစည်းရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် အဟန့်အတား ဖြစ်စေသည်။

သဘောထားပြောင်းလဲမှုများအတွက် ပုံမှန်ဖြစ်ပေါ်နေသည့် (Socialization) များသည် အရေးကြီးသည်ဟု အချို့ဖြေဆိုသူများမှ ပြောကြသည်။ လူငယ်မဟာမိတ်အဖွဲ့ Youth Alliance မှ ဖြေဆိုသူတစ်ဦးမှ ၎င်းတို့ အလုပ်ရုံဆွေးနွေးပွဲများတွင် ပါဝင်သော Facebook ပေါ်တွင် အစွန်းရောက်သည့်ကိစ္စများကို တင်လေ့ရှိသည့် လူငယ်သင်တန်းသားတစ်ဦးအကြောင်း ပြောပြခဲ့သည်။ သင်တန်းအတွင်း တခြားပါဝင်သူများမှ ထိုလူငယ်အားဝေဖန်ကြသည့်အတွက် ထိုလူငယ်သည် ထိုဝေဖန်မှုကိုလက်ခံပြီး Facebook တွင် ထိုကဲ့သို့ သော post များကို ထပ်မတင်တော့ပေ။ ရန်ကုန်အခြေစိုက် CSO အဖွဲ့မှ ဖြေဆိုသူတစ်ဦးမှလည်း ထိုသဘောတရား၏ အရေးကြီးပုံကို အထူးပြုပြောကြားခဲ့သည်။

### ၁။ အုပ်စုတစ်စုအတွင်းမှ လူများသာပါဝင်သော စွမ်းဆောင်ရည်တည်ဆောက်ပေးသည့် အလုပ်ရုံ ဆွေးနွေးပွဲများနှင့် သင်တန်းများ

ထိုအလုပ်ရုံဆွေးနွေးပွဲများသည် ပါဝင်သူများကို နိုင်ငံရေးတွင် ပိုမိုကိုယ်စားပြုလာနိုင်ရန်၊ မိမိအခွင့်အရေးများအတွက် အရေးဆိုလာနိုင်ရန် စွမ်းရည်တည်ဆောက်ပေးခြင်းဖြစ်သည်။ အလုပ်ရုံဆွေးနွေးပွဲသင်တန်းပုံစံမျိုးဖြင့် အများဆုံးပြုလုပ်တတ်ကြသည်။ နမူနာကောက်ယူမှုတွင် အခွင့်အရေးနှင့် နိုင်ငံသားဆိုင်ရာ အမြင်ဖွင့်သင်တန်း ကဲ့သို့သော အလုပ်ရုံဆွေးနွေးပွဲသင်တန်းများ အများအပြားပါဝင်သည်။ ၎င်းအပြင် နိုင်ငံရေးအဆိုပြုလွှာများပြုလုပ်နိုင်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်လာနိုင်စေရန် စွမ်းဆောင်ရည်မြှင့်တင်ပေးသည့် သင်တန်းများလည်း ပါဝင်သည်။

| *အဖွဲ့အစည်းအကျဉ်းချုပ် ၄ - Naushawng Development Institute (NGI)* | |
|---|---|
| ဘဏ္ဍာငွေအရင်းအမြစ် | Joint Peace Fund |
| အကောင်အထည်ဖော်သည့်ဒေသ | ကချင်ပြည်နယ် |
| အကဲဖြတ်လေ့လာဆန်းစစ်မှု | မရှိ |
| Naushawng သည် အသက် (၁၇ - ၄၅) နှစ်အတွင်းရှိသောလူများကို (၄၅) ရက်ကြာသော သင်တန်းများပေးခဲ့သည်။ သင်တန်းသင်ရိုးတွင် အခန်း(၉)ခန်းပါရှိသည်။ ၎င်းတို့မှာ လူ့အခွင့်အရေး၊ အမျိုးသမီး အခွင့်အရေး၊ ကျား/မ ရေးရာ၊ ဒီမိုကရေစီ၊ အစိုးရနှင့် နိုင်ငံရေး၊ ဖက်ဒရယ်ဝါဒ၊ သဘာဝပတ်ဝန်းကျင်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အမျိုးသမီးနှင့် ငြိမ်းချမ်းရေးတို့ဖြစ်ကြသည်။ အင်္ဂလိပ်ဘာသာစကားကိုလည်း အပိုဘာသာရပ်တစ်ခုအနေဖြင့် သင်ကြားပေးသည်။ ပထမသင်တန်းတွင် ပါဝင်ခဲ့သူအချို့သည် ၂၀ ရာစု ပင်လုံညီလာခံကို တက်ရောက်ခဲ့ကြသည်။ | |

သင်တန်းအစီအစဉ်အများစုသည် အမျိုးသမီးများကို အဓိကဦးတည်ထားပြီး အမျိုးသမီးများကို လူ့အခွင့်အရေးနှင့် နိုင်ငံသားဆိုင်အမြင်ဆိုင်ရာ (သို့) နိုင်ငံရေးတွင် ပါဝင်ခြင်းတို့အတွက် ရည်ရွယ်သည်။ ဥပမာ - ကရင်ပြည်နယ်ရှိ အမျိုးသမီးအဖွဲ့အစည်းကွန်ရက် (WON) သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ ပိုမိုပါဝင်နိုင်မှုရှိလာစေရန် KNU နှင့် လွှတ်တော်သို့ မည်သို့ညှိနှိုင်းအရေးဆိုရမည်ကို အရပ်သားအမျိုးသမီးများ အားသင်ကြားပေးသည်။ သင်တန်းများကြောင့် ပန်းနေပြီဟု အချို့ဖြေဆိုသူများမှ ပြောကြားခဲ့သည်။ ကချင်ပြည်နယ်ရှိ CSO တစ်ခုမှ အစီအစဉ်မန်နေဂျာတစ်ဦးက "ဒီမှာတော့ သင်တန်းတွေက အများကြီးပဲ။ စစ်ရှောင်ပြည်သူတွေကို ကြက်ဥ၊ သန့်ရှင်းရေးပစ္စည်းစတဲ့ အခြေခံသုံးစွဲဖို့ တစ်ခုခုမှမပေးဘဲ သင်တန်းလာခိုင်းလို့ မရဘူးလေ။" ဟုဆိုခဲ့သည်။

### ၂။ အခြားအဖွဲ့များအပေါ် အမုန်းတရားများကိုလျှော့ချရန် (ထိုအခြားအဖွဲ့များမပါဝင်စေဘဲ ပြုလုပ်သည့်) သဘောထားပြောင်းလဲမှုအတွက်ပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲများနှင့် သင်တန်းများ

အခြား အလုပ်ရုံဆွေးနွေးပွဲအမျိုးအစားတစ်ခုမှာ စွမ်းရည်တည်ဆောက်ရန်အတွက်မဟုတ်ဘဲ သဘောထားပြောင်းလဲမှုအတွက် ပြုလုပ်ခဲ့သော workshop များ ဖြစ်သည်။ အဓိကအားဖြင့် သင်တန်းများကို ပဋိပက္ခလျှော့ချနိုင်စေရန် ပြုလုပ်ပေးခြင်းဖြစ်သည်။


သင်တန်းသင်ရိုးများတွင် သင်တန်းသားတို့၏ ရင်တွင်းငြိမ်းချမ်းရေးနှင့်ပဋိပက္ခများကို ကိုယ်တိုင်ဖြေရှင်းနိုင်မှုစွမ်းရည်တို့ကို သင်ကြားပေးသော "ငြိမ်းချမ်းရေး ပညာပေး" ဆိုသော ဘာသာရပ်ပါရှိသည်။ မြစ်ကြီးနားနှင့် ဗန်းမော်မြို့တို့ရှိ KMSS မှ ဆောင်ရွက်နေသော တာရှည်ခံ ငြိမ်းချမ်းရေးအစီအစဉ် (Durable Peace Program) သည် သင်တန်းသားများမှ မိမိတို့စိတ်များအား ထိန်းချုပ်နိုင်စေရန် "ရင်တွင်းငြိမ်းချမ်းရေး" ကို သင်ကြားပေးသည်။ ရန်ကုန်မြို့အခြေစိုက် CSO တစ်ဖွဲ့ ဖြစ်သည့် DAWN သည် မြန်မာနိုင်ငံ တစ်ခြားနေရာများတွင်ရှိသော အကြမ်းဖက်မှုပုံစံများ သက်ရောက်ခြင်းရှိမနေသည့် ချင်းပြည်နယ်တွင် "အိမ်ထောင်စု အတွင်းရှိ ငြိမ်းချမ်းရေး"ဟူသော အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ပြုလုပ်ခဲ့သည်။

**၃။ ဂီတ၊ စာပေ၊ ရုပ်မြင်သံကြား၊ ရုပ်ရှင်၊ ပြဇာတ်နှင့် သတင်းများကဲ့သို့သော ငြိမ်းချမ်းရေးမီဒီယာများ ထုတ်လုပ်ဖြန့်ဝေခြင်း။**

တွေ့ဆုံမေးမြန်းခဲ့သူအများအပြားသည် ငြိမ်းချမ်းရေးလိုလားသော မီဒီယာများကိုထုတ်လုပ်မှုတွင် ပါဝင်ဆောင်ရွက်နေသူများဖြစ်ကြသည်။ Internews Myanmar သည် ငြိမ်းချမ်းရေးနှင့် သက်ဆိုင်သောအကြောင်းများကို ရေးသားရန်အတွက် သတင်းသမားများကို ငွေကြေးထောက်ပံ့နေသည်။ ကချင်မီဒီယာတစ်ခုသည် Internews မှ လျှောက်ယူထားသောထောက်ပံ့ငွေဖြင့် နိုင်ငံရေးခိုလှုံသူများ၊ မူးယစ်ဆေး၊ အမျိုးသမီးကိစ္စရပ်များကို ရေးသားမှုတွင်လိုအပ်သော ခရီးစရိတ်၊ နေထိုင်စရိတ်များအား သုံးစွဲလျက်ရှိသည်။ Internew သည် ထိုကဲ့သို့သောသတင်းများကို မည်သို့ရေးသားရမည်ကိုလည်း လမ်းပြပေးသည်။

| *အဖွဲ့အစည်းအကျဉ်းချုပ် ၅ - Burma News International(BNI)* | |
|---|---|
| ဘဏ္ဍာငွေအရင်းအမြစ် | Burma Relief International, Joint Peace Fund |
| အကောင်အထည်ဖော်သည့်ဒေသ | နိုင်ငံတော်အဆင့် |
| အကဲဖြတ်လေ့လာဆန်းစစ်မှု | မီဒီယာပါအကြောင်းအရာများကို လက်လှမ်းမီသူများ၏ မှတ်တမ်း (သို့) လှုပ်ရှားမှုများတွင် ပါဝင်တက်ရောက်မှု။ |
| Burma News International သည် ငြိမ်းချမ်းရေးနှင့်သက်ဆိုင်သော မီဒီယာစောင့်ကြည့်မှု၊ web-page တည်ထောင်မှုနှင့် "Deciphering Myanmar Peace Process" (၂၀၁၃-၂၀၁၆) ဟုခေါ်သော ရည်ညွှန်းစာအုပ်ကိုထုတ်ဝေခဲ့မှုနှင့် Facebook စာမျက်နှာတွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်သော ဇာတ်လမ်းများနှင့် သတင်းများကို ရေးသားနေမှုတို့ကို ပြုလုပ်နေသည်။ ငြိမ်းချမ်းရေးစောင့်ကြည့်မှုအစီအစဉ် Peace Monitoring Program သည် စာဖတ်သူများအား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သတင်းများကို မပြတ်အသိပေးနေပြီး နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပညာရှင်များအတွက် တိုင်းပြည်ကို မည်သို့ကူညီလို့ရသည်ကို စဉ်းစားနိုင်ရန် အရင်းအမြစ်အဖြစ် တည်ရှိနေသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ နိုင်ငံရေးရာကိစ္စရပ်များတွင် အဓိကဆောင်ရွက်နေကြသည့် ပုဂ္ဂိုလ်များကို သတင်းအချက်အလက်ပေးရန်ရည်ရွယ်ပြီး မြန်မာနိုင်ငံသားများကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပဋိပက္ခဖြစ်ပွားမှုများ၏ အကြောင်းရင်းခံများကို နားလည်အောင်လုပ်ဆောင်ပေးသည်။ | |

## *လူမှုပေါင်းစည်းရေးလုပ်ငန်းများ*



**CS&PB မူဘောင်အဓိပ္ပာယ်ဖွင့်ဆိုချက် -**

Paffenholz ၏ မူဘောင်အရ လူမှုပေါင်းစည်းညီညွတ်မှုဆိုသည်မှာ ရပ်ရွာများအကြား ပေါင်းစည်းမှုများ တည်ဆောက်ပေးခြင်း ဖြစ်သည်။ အုပ်စုတွင်း (socialization) နှင့် လူမှုပေါင်းစည်းညီညွတ်မှုအကြား အဓိကကွာခြားချက်မှာ အုပ်စုတွင်း (socialization) သည် ပဋိပက္ခအတွင်းရှိ အုပ်စုတစ်ဘက်ကိုသာဦးတည်ပြီး လူမှုပေါင်းစည်းညီညွတ်မှုသည် အုပ်စုများအကြား ပေါင်းကူးတည်ဆောက်ပေးခြင်းဖြစ်သည်။ လူမှုပေါင်းစည်းညီညွတ်မှုတွင် အပြန်အလှန်ဆွေးနွေးခြင်းစီမံကိန်းများ (သို့) ပူးတွဲစီမံကိန်းများ ပါဝင်ကြသည်။

### ၁။ အုပ်စုတစ်စုနှင့်တစ်စုအကြား အပြန်အလှန်ဆွေးနွေးခြင်းနှင့် ပူးတွဲစီမံကိန်းဖော်ဆောင်ခြင်းများ

အဆိုပါစီမံကိန်းများတွင် မတူညီသော အုပ်စုများကိုစုစည်းပြီး ပြဿနာရပ်များကိုဆွေးနွေးစေ၍ အချင်းချင်းအကြား အမုန်းတရားများကိုလျှော့ချရန် ရည်ရွယ်လုပ်ဆောင်သည်။ ထိုအပြန်အလှန်ဆွေးနွေးမှုများသည် ကိစ္စရပ်များကို ဆွေးနွေးသည့် အထွေထွေဖိုရမ်များ (သို့) ရေစီမံခန့်ခွဲရေးကဲ့သို့ အရင်းအမြစ်တစ်ခုကို စီမံခန့်ခွဲမှုအပေါ် အလေးပေးဆွေးနွေးခြင်းမျိုးလည်း ဖြစ်တတ်သည်။ အုပ်စုတစ်ခုနှင့်တစ်ခုအကြား အပြန်အလှန်ဆွေးနွေးမှုစီမံကိန်းများသည် လူငယ်အဖွဲ့များ၊ ကျွမ်းကျင်သူများ၊ အုပ်စုခေါင်းဆောင်များအစရှိသူတို့ကို ဦးတည်နိုင်သည်။ မြန်မာနိုင်ငံတွင် ထိုကဲ့သို့သောစီမံကိန်းအများစုသည် အုပ်စုအသီးသီး၌ ပါဝင်သူများကို အဓိကဦးတည်ကြသည်။

| ဇယား ၁၁။ အောက်ပါအဖွဲ့အစည်းများပါဝင်သော အပြန်အလှန်ဆွေးနွေးပွဲနှင့် ပြဿနာဖြေရှင်းခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ | |
|---|---|
| နိုင်ငံရေးပါတီများ | ၃ |
| ရပ်ရွာ | ၆ |
| တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း | ၀ |
| စစ်ဘေးရှောင်ပြည်သူများ | ၂ |

| *အဖွဲ့အစည်းအကျဉ်းချုပ် ၆ - လူငယ်ဦးဆောင် ဘာသာပေါင်းစုံပူးပေါင်းဆောင်ရွက်မှုကွန်ယက် (YIN)* | |
|---|---|
| ဘဏ္ဍာငွေအရင်းအမြစ် | အလှူရှင်အငယ်များ |
| အကောင်အထည်ဖော်သည့်ဒေသ | ရှမ်းပြည်မြောက်ပိုင်း (လားရှိုး) |
| အကဲဖြတ်လေ့လာဆန်းစစ်မှု | လူမှုမီဒီယာအဆက်အသွယ်မှုများမှတဆင့် workshop သင်တန်းသားများ၏ သဘောထားနှင့်အပြုအမူများ ပြောင်းလဲလာမှုကို သတိထားမိလာသည်။ |

Youth Interfaith အဖွဲ့သည် CBO ၏ တစ်ဖွဲ့ဖြစ်ပြီး ရှမ်းပြည်မြောက်ပိုင်း လားရှိုးမြို့ရပ်ရွာတစ်ခုအတွင်းရှိ ဗုဒ္ဓဘာသာ၊ မွတ်စလင်၊ ခရစ်ယာန်၊ ဟိန္ဒူနှင့် ဆစ်ခ် စသည့် အမျိုးမျိုးသော ဘာသာရေးအုပ်စုများကို အတူတကွဆင့်ခေါ်လျက် အပြန်အလှန်ဆွေးနွေးမှုစီမံကိန်းများကို ဆောင်ရွက်လျက်ရှိသည်။ Youth Interfaith အဖွဲ့ကို ၂၀၁၃ ခုနှစ် ရှမ်းပြည်မြောက်ပိုင်းတွင် ဘာသာအုပ်စုဝင်များအကြားဖြစ်ပွားသော အကြမ်းဖက်မှုအပြီးတွင် တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ Youth Interfaith အဖွဲ့ကို တည်ထောင်သူတစ်ဦးမှ ၎င်းတို့ ပြုလုပ်ပေးသော workshops များကြောင့် သင်တန်းသားများသည် တစ်ဦးနှင့်တစ်ဦး ရင်းနှီးလာကြပြီး မမှန်သတင်းများနှင့် သတင်းမှန်များကို ပိုမိုခွဲခြားသိရှိလာကြကာ သတင်းမှားများလွှင့်ခြင်းနှင့် အမုန်းပြန့်ပွားစေသော မီဒီယာများကို စောဒကတက်ရန် ပိုမိုယုံကြည်မှုရှိလာကြသည်ဟုဆိုခဲ့သည်။ ၂၀၁၆ ခုနှစ် ဖွန်လတွင် ဗုဒ္ဓရုပ်တု၏မျက်နှာတော်ကို မွတ်စလင်လူငယ်တစ်ဦးမှ ဆေးဖျန်းခဲ့သည့်အပေါ် မည်သည့်အကြမ်းဖက်တုံ့ပြန်မှုမျှ ပေါ်ပေါက်မလာသည်မှာ ၎င်းတို့ပြုလုပ်ပေးသော ဆွေးနွေးပွဲ workshops များ၏ အကျိုးက်ရောက်မှုကြောင့် ဖြစ်နိုင်သည်ဟု Youth Interfaith မှ ဖြေဆိုခဲ့သည်။

| *အဖွဲ့အစည်းအကျဉ်းချုပ် ၇ - တိုင်းရင်းသားလူငယ်သမဂ္ဂနှစ်ခုပေါင်း၍ မြို့နယ်ပူးတွဲကော်မတီဖွဲ့စည်းခြင်း* | |
|---|---|
| ဘဏ္ဍာငွေအရင်းအမြစ် | မသိ |
| အကောင်အထည်ဖော်သည့်ဒေသ | ရှမ်းပြည်နယ် |
| အကဲဖြတ်လေ့လာဆန်းစစ်မှု | ၎င်းတို့သည် ကော်မတီများလုပ်ဆောင်မှုရှိမရှိကို လေ့လာစောင့်ကြည့်သည်။ ရပ်ရွာအတူပေါင်းစည်းရေးအတွက် စည်းဝေးရာနေရာလည်း ဖြစ်သည်။ |

(၂၀၁၆) ခုနှစ်မှစတင်ပြီး တအောင်းကျောင်းသာလူငယ်များသမဂ္ဂ (TSYU) နှင့် တအောင်းလူငယ်များသမဂ္ဂ (TYU) တို့သည် ပူးတွဲကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့ကြသည်။ ၎င်းတို့သည် TSYU/TYU မှ အဓိကပုဂ္ဂိုလ်များ၊ ရပ်ရွာခေါင်းဆောင်များနှင့် နိုင်ငံရေးပါတီများအပါအဝင် လူပေါင်း (၅၀) ကျော်တို့ဖြင့် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကိုကျင်းပခဲ့ပြီး ကော်မတီတစ်ခုကို ဖွဲ့စည်းခဲ့သည်။ အဆိုပါကော်မတီရှိသည့် မြို့နယ်ပေါင်း (၅) ခုရှိသည်။ ကော်မတီတစ်ခုစီတွင် အဖွဲ့ဝင် (၁၁) ဦးဝန်းကျင်ရှိသည်။ အဖွဲ့ဝင်များမှာ လူငယ်များ၊ ရပ်ရွာခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုခေါင်းဆောင်များ ဖြစ်ကြသည်။ ဗဟိုကော်မတီတွင် မြို့နယ်တစ်ခုစီမှ ကိုယ်စားလှယ်များအပါအဝင် အဖွဲ့ဝင် ၃၀ ရှိသည်။ ၎င်းတို့သည် မြို့နယ်ကော်မတီများ ချိတ်ဆက်မှုသင်တန်းကိုပေးခဲ့သည်။ ကော်မတီများသည် ခြောက်လတစ်ကြိမ်တွေ့ဆုံပြီး ရှမ်းနှင့် တအောင်း/ပလောင်တို့အကြား ပဋိပက္ခများကိုဖြေရှင်းပေးရန် ရည်ရွယ်ခြင်းဖြစ်သည်။

## ၂။ ဆက်ဆံရေးတည်ဆောက်ခြင်း (သို့) သဘောထားပြောင်းလဲခြင်းဟူသည့် ဒုတိယပဓာနရည်မှန်းချက်ရှိသည့် ပူးတွဲအလုပ်ရုံဆွေးနွေးပွဲများ (သို့) နည်းပညာအလုပ်ရုံဆွေးနွေးပွဲများ

မတူညီသောအုပ်စုများကို လူမှုပေါင်းစည်းစေရန်ရည်ရွယ်သော workshops များသည် လူမှုပေါင်းစည်းရေးလုပ်ငန်းစဉ်ပုံစံတစ်ရပ်ဖြစ်သည်။ ထိုစီမံကိန်းများသည် အုပ်စုတစ်ခုနှင့်တစ်ခုအကြား အပြန်အလှန်ဆွေးနွေးမှုများနှင့် သဘောတရားအားဖြင့် ဆင်တူသော်လည်း ပုံစံအားဖြင့် ကွဲပြားသည်။ အဘယ်ကြောင့်ဆိုသော် လူမှုပေါင်းစည်းရေး workshops များသည် အပြန်အလှန်ဆွေးနွေးခြင်းထက် သင်တန်းပုံစံ ပိုဆောင်သည်။

ဘာသာပေါင်းစုံအတူတည်ရှိစေမှုကို မြှင့်တင်မှုများသည် လက်ခံနိုင်ဖွယ်ဖြစ်သော်လည်း လတ်တလော နှစ်ကာလများအတွင်းတွင် ထိုကဲ့သို့ အစီအစဉ်များကို ဗုဒ္ဓဘာသာမျိုးချစ်အုပ်စုများမှ တိုက်ခိုက်ခဲ့ကြသည်။ ထို့အတွက်ကြောင့် အချို့သောအဖွဲ့အစည်းများသည် ၎င်းတို့၏ အတူယှဉ်တွဲတည်ရှိစေမှု workshops များကို သိုသိုသိပ်သိပ်သာ လုပ်ကြတော့သည်။ ဥပမာ - ငြိမ်းချမ်းမြန်မာအဖွဲ့ Peaceful Myanmar Initiative (PMI) သည် အသက်မွေးဝမ်းကျောင်းသင်တန်း၊ နည်းပညာသင်တန်းနှင့် သုတေသနသင်တန်းများကို လူမှုပေါင်းစည်းညီညွတ်မှုအမြင်ဖြင့် ပြုလုပ်ပေးလျက်ရှိသည်။ ထိုသင်တန်းများတွင် နောက်ခံအခြေအနေအမျိုးမျိုးရှိကြသော လူများတက်ရောက်ကြသည်။ ထိုသုတေသနသင်တန်းများကို "ကွဲပြားမှုကို ကိုယ်ပိုင်ဟန်ဖြင့် အမျိုးအပြားစုံလင်စေခြင်း (Doing Difference Differently)"ဟု ခေါ်သည်။

| *အဖွဲ့အစည်းအကျဉ်းချုပ် ၈ - Peaceful Myanmar Initiative Campaign ၏ အသက်မွေးဝမ်းကျောင်း သင်တန်းပေးခြင်း* | |
|---|---|
| ဘဏ္ဍာငွေအရင်းအမြစ် | မသိ |
| အကောင်အထည်ဖော်သည့်ဒေသ | မန္တလေး |
| အကဲဖြတ်လေ့လာဆန်းစစ်မှု | မရှိ |

PMI သည် မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းများ၊ ခရစ်ယာန်ဘုရားကျောင်းများ၊ ဟိန္ဒူဘာသာရေးအဖွဲ့အစည်းများ၊ မွတ်စလင်ဘာသာရေးခေါင်းဆောင်များနှင့် အရပ်ဘက်အဖွဲ့အစည်းများ အသီးသီးပါဝင်သော မြန်မာနိုင်ငံတစ်ဝန်းလုံးကို ဦးတည်သည့် လှုပ်ရှားမှုတစ်ရပ်ဖြစ်သည်။ ၎င်းတွင် ဘာသာအချင်းချင်းအကြား လူမှုပေါင်းစည်းညီညွတ်ရေးကို တည်ဆောက်ရန်ရည်ရွယ်သည့် လုပ်ငန်းစဉ်အမျိုးမျိုးပါဝင်သည်။ PMI ကို အာရှအလင်းရောင် (Asia Light) ဘုန်းကြီးကျောင်းမှ အဓိကဆောင်ရွက်နေခြင်း ဖြစ်ပြီး ၎င်းကျောင်းတိုက်သည် မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် အနီးစခန်းတွင် တည်ရှိသည်။

PMI ကို (၂၀၁၆) ခုနှစ်တွင် ဗုဒ္ဓဘာသာနှင့် မွတ်စလင်ဘာသာခေါင်းဆောင်အချို့က စတင်ခဲ့သည်။ ၎င်းတို့အထဲတွင် သီရိလင်္ကာ၌ ပြုလုပ်သော ဘာသာပေါင်းစုံညီလာခံကို တက်ရောက်ခဲ့သည့် အာရှအလင်းဘုန်းကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော်နှင့် ဟာဂျီဦးအေးလွင်တို့လည်း ပါဝင်သည်။ အဆိုပါညီလာခံ၌ သီရိလင်္ကာတွင် ဗုဒ္ဓဘာသာနှင့်မွတ်စလင်များအကြား လူမှုပေါင်းစည်းညီညွတ်မှုကို မည်သို့တည်ဆောက်ခဲ့သည်ကို သင်ယူခွင့်ရခဲ့သည်။ (၂၀၁၇) ခုနှစ် ရန်ကုန်တွင်ပြုလုပ်သော နိုင်ငံတကာ ငြိမ်းချမ်းရေးနေ့တွင် ခရစ်ယာန်နှင့် ဟိန္ဒူခေါင်းဆောင်များနှင့် ချိတ်ဆက်နိုင်ခဲ့သည်။ PMI ၏ နာယက (၄) ဦးတို့မှာ မြဝတီဆရာတော်၊ ခရစ်ယာန်ဘုန်းတော်ကြီး Charles Bo၊ ဦးကိုလေးနှင့် ဒေါက်တာလှထွန်းတို့ ဖြစ်ကြသည်။ PMI ၏ ပင်မ အဖွဲ့ဝင် ၄ ဦးမှာ အာရှအလင်းဆရာတော်၊ ဟာဂျီဦးအေးလွင်၊ ဦးဆန်းမင်းနိုင် (မြန်မာဟိန္ဒူအဖွဲ့အစည်း၏ အထွေထွေအတွင်း ရေးမှူး)နှင့် ဘုန်းတော်ကြီးဂျိုးဆက်မောင်ဝင်းတို့ ဖြစ်ကြသည်။ ၎င်းတို့အပြင် PMI တွင် အလုပ်အမှုဆောင်အဖွဲ့ဝင် (၈) ဦးတို့ ပါဝင်ကြ သည်။

လက်ရှိ PMI တွင် ဘာသာအမျိုးမျိုးအကြား လူမှုပေါင်းစည်းညီညွတ်မှုကို တည်ဆောက်ပေးရန် ရည်ရွယ်လုပ်ဆောင်နေသည့် လုပ်ငန်းများစွာရှိသည်။ ပထမတစ်ခုမှာ PMI သည် ဒေသအသီးသီးမှ လူများနှင့် ဘာသာရေးခေါင်းဆောင်များကို သင်တန်းအမျိုးမျိုးကို ပေးလျက်ရှိသည်။ ပုံမှန်သင်တန်းတစ်ခုမှာ (၁၅) ရက်ကြာပြီး တစ်နှစ်လျှင် (၅) ကြိမ်ပေးသည်။ သင်တန်းများကို ပုံမှန်အားဖြင့် အာရှအလင်းဘုန်းကြီးကျောင်းတွင် ပေးလေ့ရှိသည်။ သင်တန်းများသည် အပြန်အလှန်ဆွေးနွေးမှုစွမ်းရည်၊ ခေါင်းဆောင်မှု၊ လူမှုမီဒီယာများကိုအသုံးချမှုနှင့် ဗျူဟာကျသော စီမံကိန်းရေးဆွဲမှုတို့ကို အဓိကဦးတည်ပေးသည်။ ထို့အပြင် PMI သည် လူမှုရေးဆိုင်ရာသုတေသနလုပ်ဆောင်မှုအဖွဲ့ (SPPRG) နှင့် ပူးပေါင်းလျက် "ကွဲပြားမှုကို ကိုယ်ပိုင်ဟန်ဖြင့် အမျိုးအပြားစုံလင်စေခြင်း (Doing Difference Differently)"ဟူသည့် သုတေသနသင်တန်းတစ်ခုကို ပေးလျက်ရှိသည်။

သင်တန်းများအပြင် PMI သည် မတူညီသော ဘာသာရေးအုပ်စုများအကြား လူမှုပေါင်းစည်းညီညွတ်မှုကို တည်ဆောက်ပေးရန် ရည်ရွယ်သောလုပ်ငန်းများအတွက် ထောက်ပံ့ဘဏ္ဍာငွေများလည်းပေးသည်။ ထောက်ပံ့ငွေယူသောသူများသည် အနည်းဆုံး မတူညီသော ဘာသာအုပ်စုနှစ်စု၏ပါဝင်မှုဖြင့်သာ လုပ်ငန်းများဆောင်ရွက်နိုင်သည်။ ထိုစီမံကိန်းများသည် ကွဲပြားခြားနားမှုနှင့် ပဋိပက္ခစီမံခန့်ခွဲမှုကဲ့သို့သော သင်တန်းများ၊ စိုက်ပျိုးရေးနည်းပညာ၊ ကျား/မ အရေးနှင့် ကလေးသူငယ်အခွင့်အရေးသိရှိမှုဆိုင်ရာ သင်တန်းများ၊ တစ်ကိုယ်ရေသန့်ရှင်းမှု သင်တန်းများ စသည်ဖြင့် အမျိုးမျိုးကွဲပြားသည်။ အချို့သာ ထောက်ပံ့ငွေများကိုပြုလုပ်ပြီးသွားသော ဘာသာပေါင်းစုံဆွေးနွေးပွဲတွင်ပါဝင်ခဲ့သော သင်တန်းသားဟောင်းများက စီမံကိန်းပြုလုပ်ရန် ပေးအပ်ခဲ့သည်လည်းရှိသည်။

### ၃။ ဖလှယ်ရေးအစီအစဉ်များ (Exchange programs)

Exchange programများသည် လူမှုပေါင်းစည်းရေးဆိုင်ရာလုပ်ဆောင်မှုများအနက် မြန်မာနိုင်ငံတွင် လူသိများသော ပုံစံတစ်ရပ် ဖြစ်သည်။ ၎င်းတို့တွင် အများအားဖြင့် ကျောင်းသားများနှင့် လူငယ်များ၊ တစ်ခါတရံ CSO အဖွဲ့ဝင်များကို စေလွှတ်ခြင်းများပါဝင် သည်။ ယခင်ကမူ CSO exchange အစီအစဉ်များကို မြန်မာကြီးစိုးရေးလုပ်ငန်းစဉ်အတွက် အသုံးချခဲ့သည်များရှိသည်။[၅၁]

| *အဖွဲ့အစည်းအကျဉ်းချုပ် ၉ - Wings Institute ၏ ရင်ကြားစေ့ရေးရည်ရွယ်သော exchange program* | |
|---|---|
| ဘဏ္ဍာငွေအရင်းအမြစ် | Norwegian People's Aid, US Embassy, NED |
| အကောင်အထည်ဖော်သည့်ဒေသ | ရန်ကုန်၊ ကချင်၊ ကယား၊ ရှမ်းနှင့် ကရင်ပြည်နယ်များ |
| အကဲဖြတ်လေ့လာဆန်းစစ်မှု | Wings သည် ၎င်းတို့သင်တန်းတွင် ပါဝင်ခဲ့ဖူးသူများ၏ Facebook ပေါ်ရှိ လှုပ်ရှားမှုနှင့် တင်သည့်ပို့စ်များကို စောင့်ကြည့်သည်။ |

The Wings Institute သည် ရင်ကြားစေ့ရေး exchange program (REP) ကို ငြိမ်းချမ်းရေးကို စိတ်ဝင်စားသော (၁၈ - ၃၀ နှစ်အတွင်း) လူငယ်များအတွက် ပြုလုပ်လျက်ရှိသည်။ မြို့မှလူငယ်များကို ငြိမ်းချမ်းရေးနှင့် ရင်ကြားစေ့ရေးသင်တန်းများ ပေးပြီး ပြည်နယ်များရှိ ကျေးလက်ဒေသများသို့ (၁၀) ရက်တာ အလည်အပတ်ခရီး စေလွှတ်သည်။ ထို့နောက် ထိုကျေးလက် ဒေသများမှ လူငယ်များကို ရန်ကုန်သို့စေလွှတ်သည်။ ရန်ကုန်တွင် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ဒီမိုကရက်တစ် မြန်မာ့အသံ (DVB)၊ Equity Myanmar စသည့် အခြားသောမီဒီယာအဖွဲ့များနှင့် သွားရောက်တွေ့ဆုံပေးသည်။ ၎င်းတို့သည် ယဉ်ကျေးမှု လုပ်ငန်းများတွင်လည်း ပါဝင်သည်။ အစီအစဉ်ကို (၂၀၁၇) ခုနှစ် ဧပြီလတွင်စတင်ခဲ့ပြီး ကချင်ပြည်နယ်တွင် ဆက်လက် လုပ်ဆောင်လျက်ရှိသည်။

### ၄။ လူမှုပေါင်းစည်းရေးမီဒီယာ (ယဉ်ကျေးမှုမီဒီယာအပါအဝင်)


လူမှုပေါင်းစည်းရေးမီဒီယာတွင် ပြဇာတ်သရုပ်ဖော်မှုများနှင့် သမားရိုးကျ အသံ၊ ပုံနှိပ်ထုတ်ဝေမှု (သို့) ရုပ်သံထုတ်လွှင့်မှု စသည်တို့ ကဲ့သို့သော ဖျော်ဖြေရေးမီဒီယာများပါဝင်သည်။ ရသပြည်ထောင်စုသစ် (New Aesthetic Union) သည် PEN မြန်မာ၏လုပ်ငန်းစဉ် များထဲမှ တစ်ခုဖြစ်သည်။ PEN မြန်မာသည် လွတ်လပ်စွာဖော်ပြခွင့်နှင့် ယဉ်ကျေးမှုစာတတ်မြောက်မှုတို့အတွက် အဓိကရပ်တည် နေသော စာရေးဆရာများ၊ ကဗျာဆရာများ၊ ဝတ္ထုရေးဆရာများပါဝင်သည့် အဖွဲ့တစ်ဖွဲ့ဖြစ်သည်။ ၎င်းသည် PEN International ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ ရသပြည်ထောင်စုသစ်သည် ပြည်နယ်နှင့်တိုင်းဒေသကြီးများအားလုံးတွင် ငြိမ်းချမ်းရေးလိုလား သည့်အလုပ်ရုံဆွေးနွေးပွဲများကိုဆောင်ရွက်နေသည့်စီမံကိန်းတစ်ခုဖြစ်သည်။ ထို workshops များတွင် စာပေဟောပြောပွဲများနှင့် ကဗျာဖတ်ခြင်း အပြင် UPDJC ၊ UPC တို့မှ ပါဝင်သူများနှင့် စာရေးဆရာများ အကြား ငြိမ်းချမ်းရေးနှင့် ဖက်ဒရယ်ဝါဒကို ဆွေးနွေးခြင်းများပါဝင် သည်။ workshop တွင် ပါဝင်သူများမှာ အများအားဖြင့် ကျောင်းသားများ၊ ကျောင်းသားသမဂ္ဂများမှအဖွဲ့ဝင်များ၊ ပညာရေး အခြေပြုလုပ်အားပေးအဖွဲ့များနှင့် တစ်ခါတရံ ဘုန်းကြီးကျောင်းများမှပါဝင်ကြသည်။ တစ်ခြားပါဝင်သူများမှာ ငြိမ်းချမ်းရေး NGO များနှင့် တစ်ခါတရံ နိုင်ငံရေးပါတီများနှင့် အခြား CSO များဖြစ်ကြသည်။ ရသပြည်ထောင်စုသစ်စီမံကိန်းတွင် ပါဝင်ခဲ့သည့် CSO တစ်ခုမှ တာဝန်ရှိသူတစ်ဦးက ရသပြည်ထောင်စုသစ်၏ ဆွေးနွေးပွဲများသည် အရပ်ဘက်အဖွဲ့အစည်းဘက်ကို ဦးတည်လွန်းရာ ကျပြီး ပိုမိုကျယ်ပြန့်သည့် လူထုထံသို့မရောက်နိုင်ဟု ခံစားရသည်ဟုဆိုခဲ့သည်။

စောဖိုးခွားသည် "ငြိမ်းချမ်းပါစေ ဒေါနမြေ"ဟူသော စီမံကိန်းတစ်ခုကို ဆောင်ရွက်နေပြီး ၎င်း၏ One Love Band မှာ (အထူး သဖြင့် စစ်ရှောင်စခန်းများမှ) ကလေးများအတွက် ဖျော်ဖြေပေးသည်။ ထိုအဖွဲ့သည် မေတ္တာနှင့်ငြိမ်းချမ်းရေးကို မြှင့်တင်သည့် ရက်ဂေး (Reggae Music) သီချင်းများကို သီဆိုကြသည်။ သီချင်းစာသားများသည် လူမှုပေါင်းစည်းညီညွတ်မှုကို မြှင့်တင်ပေးပြီး နားထောင်သူများ၏ စိတ်ကို ပြောင်းလဲစေသည်။ Peaceful Myanmar Initiative သည် မေတ္တာဒေသနာနှင့် အကြမ်းမဖက်ရေးကို ဟောကြားသည်။ ဘာသာသက်ဝင်ယုံကြည်မှုကို အခြေပြုသော အဖွဲ့အစည်းတစ်ခုမှ ဘာသာရေးခေါင်းဆောင်တစ်ဦးက ဤသို့မိန့်ခဲ့သည်။


*" ငြိမ်းချမ်းရေးနေ့မှာ ဘုန်းဘုန်းတို့က မေတ္တာအကြောင်းပဲ ဟောကြားတယ်။ မေတ္တာအခြေခံရှိတဲ့ဒေသတစ်ခုဟာ တခြားဒေသတွေနဲ့လည်း အမုန်းမပွားဘူး။ လူတွေကိုလည်း ဆင်ခြင်တုံတရားရှိအောင် မွေးမြူပေးတယ်။ ဘုန်းဘုန်းတို့ မ.ဘ.သ အကြောင်း မပြောဘူး။ ငြိမ်းချမ်းရေးအကြောင်းပြောတဲ့အခါ ပဋိပက္ခဖြစ်စေတဲ့ကိစ္စတွေကို မပြောဘူး။ "*

[၅၁] Ashley South, Ethnic Politics in Buma: States of Conflict (2008). : 52-52

**ပုံ ၁၅။ လူမှုနည်းလမ်းဖြင့် အမူအကျင့်ပြောင်းလဲစေခြင်း (သို့) လူမှုပေါင်းစည်းရေးလုပ်ငန်းစဉ်ဆိုင်ရာ လုပ်ဆောင်ချက်များကို အမျိုးအစားများအား ခွဲခြားခြင်း။**




## *ကူညီဆောင်ရွက်ပေးခြင်း*



### CS&PB ၏ လေ့လာမှုမှုဘောင်အရဖွင့်ဆိုချက်:

CSO များနှင့် ခေါင်းဆောင်များသည် တစ်ခါတရံတွင် ပဋိပက္ခဖြစ်ပွားနေသောအုပ်စုများအကြား၊ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများအကြား၊ ထောက်ပံ့ရေးအကူအညီများပေးသည့် အဖွဲ့အစည်းများနှင့် ပဋိပက္ခဖြစ်ပွားနေသောအဖွဲ့အစည်းများအကြား၊ ပဋိပက္ခဖြစ်ပွားနိုင်ခြေရှိနေသော ရပ်ရွာများအကြား (သို့) ရပ်ရွာများနှင့် နေရပ်သို့ပြန်လာကြသောနိုင်ငံရေးခိုလှုံသူများအကြားတွင် အပြန်အလှန်ဆွေးနွေးမှုများကို ကူညီဆောင်ရွက်ပေးသည်။ ထိုကဲ့သို့ ကူညီဆောင်ရွက်မှုများကို မိရိုးဖလာ (သို့) ဘာသာရေးခေါင်းဆောင်များကဲ့သို့သော ရပ်ရွာခေါင်းဆောင်များ (သို့) ပြည်တွင်း CSO/NGO များ နှင့် အဖွဲ့အစည်းများအနေဖြင့် ကူညီဆောင်ရွက်ပေးသည်။ ထိုကဲ့သို့သော ကူညီဆောင်ရွက်ပေးခြင်းများသည် ဒေသတွင်း အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုများနှင့် ဘေးကင်းဇုန်များကို ဖြစ်ထွန်းလာနိုင်စေသည်။

ပဋိပက္ခဖြစ်ပွားနေသော အဓိကအုပ်စုများအကြား အမျိုးသားအဆင့် ကူညီဆောင်ရွက်ပေးခြင်းသည် အရပ်ဘက်အဖွဲ့အစည်းများ၏ နည်းပါးသောလုပ်ငန်းတစ်ရပ် ဖြစ်သော်လည်း ထင်ရှားသော အရပ်ဘက်အဖွဲ့အစည်းများမှ ဘာသာရေးနှင့် ရပ်ရွာခေါင်းဆောင် များကဲ့သို့သော ပုဂ္ဂိုလ်များသည် တရားဝင် ငြိမ်းချမ်းရေး ညှိနှိုင်းမှုများအတွက် လမ်းဖောက်ရာတွင်လည်းကောင်း၊ မတိုးသာမဆုတ်သာ အခြေအနေ များတွင် ကြားဝင်ဆောင်ရွက်ပေးသူများကို ကူညီရာတွင်လည်းကောင်း များစွာထိရောက်မှုရှိနိုင်သည်။ ထိုကဲ့သို့သော ကူညီဆောင်ရွက်မှုများသည် ငြိမ်းချမ်းရေးသဘောတူညီမှုများ ရယူရာတွင်လည်းကောင်း၊ တခြားမည်သည့်ဆက်သွယ်ရေးလမ်းကြောင်းမှမရှိသည့်အချိန်တွင် တရားဝင်ညှိနှိုင်းမှုများကိုချိုးဖောက်သောအခါတွင်လည်းကောင်း အရေးပါပါသည်။


ဒေသတွင်းကူညီဆောင်ရွက်မှုများသည် အထူးအလေးပေးခြင်း (သို့) ပံ့ပိုးခြင်းမျိုးများပြုလုပ်ရန် မရှိမဖြစ် မလိုအပ်ပါ။ ထိုအချက်သည် ထင်ရှားသော အရပ်ဘက်အဖွဲ့အစည်းမှသူများ၏ နိုင်ငံတော်အဆင့် ကူညီဆောင်ရွက်မှုများအတွက်လည်း မှန်ပုံရသည်။ မည်သို့ပင်ဆိုစေ လက်ရှိကြိုးပမ်းဆောင်ရွက်နေမှုများကို လိုအပ်သောသင်တန်းများ ဦးတည်ပေးခြင်းဖြင့် ပိုမိုမြှင့်တင်နိုင်သည်။

| *အဖွဲ့အစည်းအကျဉ်းချုပ် ၁၀ - (ငြိမ်းချမ်းရေးစကားဖန်တီးခြင်းအဖွဲ့) Peace-talk Creation Group (PCG)* | |
|---|---|
| ဘဏ္ဍာငွေအရင်းအမြစ် | ကိုယ်ထူကိုယ်ထ |
| အလုပ်လုပ်သောဒေသ | ကချင်ပြည်နယ် |
| အကဲဖြတ်လေ့လာဆန်းစစ်မှု | PCG ၏ လုပ်ဆောင်မှုအများစုသည် မြင်သာသည့် တိုက်ရိုက်ရလာဒ်များကိုသာ ဦးတည်လုပ်ဆောင်သည်။ အောက်ပါဥပမာတွင် ကြည့်ပါ။ |

PCG ကို ကချင်ပြည်နယ်ရှိ အရေးပါသော ပုဂ္ဂိုလ်များဖြစ်သည့် Yup Zaw Hkawng၊ Lamai Gum Ja၊ Nsahang San Awng နှင့် Hka-pra Hkun Awng တို့မှ တည်ထောင်ခဲ့သည်။ အဖွဲ့အစည်းသည် အစိုးရ၊ တပ်မတော်နှင့် KIO တို့အကြား KIO မှ ပင်မငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှ နုတ်ထွက်သွားသည်အထိ ညှိနှိုင်းဆောင်ရွက်မှုများတွင် စေတနာသက်သက်ဖြင့် ကူညီဆောင်ရွက်ပေးသည်။ (၂၀၁၁) နှင့် (၂၀၁၂) ခုနှစ်တွင် KIO၊ တပ်မတော်နှင့် တရုတ်အစိုးရတို့အကြား တရားဝင်ဆွေးနွေးမှု ၃ ခု ဖြစ်မြောက်ရန် လုပ်ဆောင်ပေးခဲ့ သည်။ (၂၀၁၂)ခုနှစ်တွင် PCG သည် အဆိုပါလူများအကြား နောက်ထပ်တရားဝင်အပြန်အလှန်ဆွေးနွေးမှု ၃ ခုကို ကူညီပေးခဲ့သည်။ သို့ရာတွင် အဆိုပါဆွေးနွေးပွဲများသည် စစ်တပ်နှင့်ပတ်သက်သော ကိစ္စရပ်များကို ဆွေးနွေးသည့်အခါ ရှေ့မရောက်ဘဲဖြစ်နေခဲ့သည်။ ထို့နောက် KIO ၊ တပ်မတော်နှင့် အစိုးရတို့အကြား အပြန်အလှန်ဆွေးနွေးမှုတစ်ရပ်ကို ကချင်ပြည်နယ် မနောကွင်းတွင် လူပေါင်း (၁၅၀၀) နှင့် PCG လုပ်အားပေးအဖွဲ့ဝင်များ၏ အကူအညီဖြင့် ဆောင်ရွက်ပေးခဲ့သည်။ PCG သည် ပထမနှင့် ဒုတိယ ၂၁ ရာစု ပင်လုံညီလာခံကို တက်ရောက်ခဲ့ပြီး တတိယအကြိမ် ညီလာခံကိုတော့ ဖိတ်ကြားခြင်းမခံခဲ့ရပေ။ (၂၀၁၈) ခုနှစ် မေလတွင် PCG သည် ကချင်လူငယ်လှုပ်ရှားမှုအဖွဲ့ရှိ လူငယ်များနှင့် ကချင်ပြည်နယ်ဝန်ကြီးချုပ်အကြား ကြားခံလူအဖြစ် ဆောင်ရွက်ပေးခဲ့သည်။

NCA သဘောတူညီချက်များမှ KIO နုတ်ထွက်သွားစဉ်ကတည်းက PCG သည် တပ်မတော်နှင့် KIO တို့အကြား နောက်ကွယ်မှ ဆက်သွယ်ရေးလမ်းကြောင်းတစ်ခုအဖြစ် ဆောင်ရွက်ပေးနေခဲ့သည်။ အကြောင်းမှာ KIO နှင့် တပ်မတော် (သို့) KIO နှင့် အစိုးရအကြား မည်သည့်တရားဝင်ဆက်သွယ်ရေးလမ်းကြောင်းမှ မရှိခြင်းကြောင့်ဖြစ်သည်။ ၎င်းတို့သည် တပ်မတော်နှင့် KIO တို့အကြားတွင် တစ်ဖက်နယ်မြေကို တစ်ဖက် ကျူးကျော်ခြင်းကို ရှောင်ရှားနိုင်ရန် သဘောတူညီချက်များရယူရာတွင် အကျိုးဆောင်ခဲ့သည်။ PCG သည် နိုင်ငံရေး ကြိုးပိုင်းနှင့် ရပ်ရွာများတွင် ကူညီဆောင်ရွက်ပေးသည့် အခန်းကဏ္ဍတွင် ရှေ့တန်းမှ ပါဝင်နေခဲ့သည်။ ၎င်းတို့၏ကြိုးပမ်းမှုကို အများစုသော CSOs များနှင့် မီဒီယာများမှ အသိအမှတ်ပြုကြသည်။

***ဝန်ဆောင်မှုများပေးခြင်း***



**CS&PB ၏ လေ့လာမှုမှုဘောင်အရဖွင့်ဆိုချက်:**

ဝန်ဆောင်မှုပေးခြင်းကို ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်၏ ကနဦးစတင်မှုအဖြစ်သော်လည်းကောင်း ပဋိပက္ခအခြေအနေကြောင့် တင်းမာမှုများဖြင့် အထိခိုက်လွယ်သည့် ကာလများတွင် ဆောင်ရွက်တတ်ကြသည်။ ဝန်ဆောင်မှုပေးခြင်းသည် အခြားငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များ စတင်ရန်အတွက် ပထမဆုံးလုပ်ငန်းစဉ်တစ်ရပ်အနေဖြင့်သာ ထိရောက်မှုရှိသည်။ အကူအညီပေးရေး စီမံကိန်းများသည် စစ်ပွဲအတွင်းနှင့် လက်နက်ကိုင်ပဋိပက္ခဖြစ်နေစဉ်အတွင်း ပဋိပက္ခတက်ရောက်မှုရှိသည့် နေရာများ၌ ဆောင်ရွက်လေ့ရှိကြသည်။ အဆိုပါစီမံကိန်းများကို ပြည်သူလူထုအား အကာကွယ်ပေးရေးရည်ရွယ်ချက်နှင့်ပေါင်းစပ်၍ စနစ်တကျအကောင်အထည်ဖော်လျှင် ငြိမ်းချမ်းရေးတည်ဆောက်ရေးလုပ်ငန်းစဉ်ကို ပိုမိုထိရောက်စေသည်။ အဆိုးဝါးဆုံး အကြမ်းဖက်မှုများပြီးဆုံးသွားချိန် (သို့) အကြမ်းဖက်မှု အနည်းနှင့်အများ ရှိနေစဉ်ကာလအတွင်း ထောက်ပံ့ကူညီပေးရေး စီမံကိန်းများသည် ရန်ဘက်အုပ်စုများအကြား ဘုံသဘောတူညီချက်အတွက် ပူးပေါင်းဆောင်ရွက်မှုကိုဖြစ်စေပြီး ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း ထိရောက်မှုရှိသော လုပ်ငန်းတစ်ရပ်ဖြစ်သည်။

ဝန်ဆောင်မှုပေးခြင်းကို ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် ကနဦးလုပ်ငန်းများအဖြစ် ဆောင်ရွက်သောစီမံကိန်းများကို ဤသုတေသနတွင် အသေးစိတ်ထည့်သွင်းလေ့လာထားခြင်း မရှိပါ။ မည်သို့ပင်ဆိုစေ ရှမ်းပြည်မြောက်ပိုင်းရှိ စစ်ရှောင်စခန်း IDP များနှင့် အလုပ်လုပ်နေသည့် စီမံကိန်းများကဲ့သို့သော စီမံကိန်းများစွာကို ဖြေဆိုသူများမှ ထည့်သွင်းပြောကြားကြသည်။ မြစ်ကြီးနားနှင့် ဗန်းမော်ရှိ KMSS ရုံးများသည် ရေရှည်ငြိမ်းချမ်းရေးအစီအစဉ် (Durable Peace Program) အမည်ရှိ အစီအစဉ်တစ်ရပ်ကို ဆောင်ရွက်လျက်ရှိသည်။ ၎င်း၏လုပ်ငန်းစဉ်တစ်ခုမှာ စစ်ရှောင်စခန်းများတွင် နေထိုင်နေသူများကို လူမှုဖူလုံရေးအကူအညီများ ပေးခြင်း ဖြစ်သည်။

## *အရပ်ဘက်အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးတည်ဆောင်ခြင်းဆိုင်ရာ လုပ်ဆောင်မှုများကို အကဲဖြတ်ခြင်း*

အချို့သော လုပ်ငန်းတာဝန်များကို ပေါင်းစပ်လုပ်ဆောင်ခြင်း၏ အရေးကြီးပုံ CS&PB မူဘောင်ဖြင့် အခြား သော အကောင်အထည်ဖော်ဆောင်ရွက်မှုများက မီးမောင်းထိုးပြခဲ့ပြီးဖြစ်သည်။ ဥပမာအားဖြင့် အကြံပြုအရေးဆိုခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းဆိုင်ရာ အစပျိုးလုပ်ဆောင်မှုများ၏ ထိရောက်မှုသည် ၎င်းတို့နှစ်မျိုးကို ပူးတွဲဆောင်ရွက်သောအခါတွင် တိုးတက်မှုရှိကြောင်း တွေ့ခဲ့ရသည်။ သုတေသနလေ့လာတွေ့ရှိချက်များကို ပေါင်းစပ်အသုံးချသော အကြံပြုအရေးဆိုမှု ဆောင်ရွက်ချက်များကို ယခုသုတေသနတွင် တွေ့ရှိရသည်။ အကြံပြုအရေးဆိုမှုများ ပိုမိုထိရောက်စေရန် သုတေသနကို ပေါင်းစပ်အသုံးပြုကြခြင်းဖြစ်သည်။ အချက်အလက်စာရင်းတွင် 'သုတေသနအခြေပြု အကြံပြုအရေးဆိုခြင်း'ဟူ၍ မှတ်တမ်းသွင်းထားသော ဖြစ်ရပ်ပေါင်း (၈) ခုရှိခဲ့သည်။ အဆိုပါအချက်အလက်အရ အရပ်ဘက်အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးလုပ်ဆောင်မှု အားလုံး၏ ၄ % ဖြစ်ပြီး အကြံပြုအရေးဆိုခြင်းဆိုင်ရာ လုပ်ဆောင်မှုများအားလုံး၏ ၃၆ % ဖြစ်သည်။ အလားတူပင် ယခုအစီရင်ခံစာရှိ စောင့်ကြည့်ခြင်းလုပ်ငန်းအောက်တွင် အမျိုးအစားခွဲထားသည့် အမျိုးမျိုးသော ကြိုတင်သတိပေး၊ ကြိုတင်တုံ့ပြန်ဆောင်ရွက်သည့်စနစ်များသည်လည်း ဖြစ်လာနိုင်ခြေရှိသည့် အကြမ်းဖက်မှုများ အရှိန်မြင့်လာသည့် ပဋိပက္ခကို လျော့ကျစေရန် သက်ဆိုင်သူပုဂ္ဂိုလ်များနှင့်တွေ့ဆုံခြင်း၊ သတင်းအမှားများကို ရှင်းလင်းရန် သတင်းထုတ်ပြန်ခြင်းဖြင့် ကျယ်ပြန့်သော အကြံပြုအရေးဆိုမှုများဖြင့် လျင်မြန်စွာတုံ့ပြန်ကြသည်။ အဆိုပါဆောင်ရွက်ချက်များကို စဉ်ဆက်မပြတ် လေ့လာစောင့်ကြည့်မှုများနှင့်လည်း တွဲ၍လုပ်ဆောင်ကြသည်။ နောက်ဆုံးတွင် အရပ်သား အပစ်အခတ်ရပ်စဲမှုစောင့်ကြည့်ရေး၊ ဒေသတွင်း အပစ်အခတ်ရပ်စဲမှုစောင့်ကြည့်ရေးနှင့် ငြိမ်းချမ်းရေးစောင့်ကြည့်လေ့လာသူအဖွဲ့များသည် မကြာခဏဆိုသလိုပင် ၎င်းတို့၏စောင့်ကြည့်ရေးတာဝန်များကို ကိုယ်စားပြုအရေးဆိုခြင်းနှင့် ပံ့ပိုးခြင်းဆိုင်ရာ လုပ်ဆောင်မှုများနှင့် ပေါင်းစပ်လုပ်ဆောင်ကြသည်။

CS&PB မူဘောင်ကိုသုံး၍ ပြုလုပ်သော အခြားသောသုတေသနများ၏တွေ့ရှိချက်အရ အရပ်ဘက် လူ့အဖွဲ့အစည်းများသာ ပါဝင်သော ရေတို Social Cohesion နှင့် Socialization လုပ်ငန်းများမှာ လူထု၏သဘောထားအပေါ် ရေရှည်ပြောင်းလဲစေနိုင်သော ရလဒ်များ ရရှိရန်မလွယ်ကူပါ။ အဘယ့်ကြောင့်ဆိုသော် အဆိုပါစီမံချက်များသည် အလွန်တိုတောင်း၍သော်လည်းကောင်း၊ လူထုကျယ်ပြန့်စွာပါဝင်နိုင်မှု အားနည်း၍သော်လည်းကောင်း (သို့) ပါဝင်သူများသည် ငြိမ်းချမ်းရေးအသိအမြင်ရှိပြီးသူများဖြစ်၍ ၎င်းတို့ဆန္ဒဖြင့် ပါဝင်မှုပြုခဲ့ကြသောကြောင့်လည်း ဖြစ်နိုင်သည်။ ယခု မြန်မာနိုင်ငံတွင်ပြုလုပ်နေသော Social Cohesion နှင့် In-group Socialization လုပ်ငန်းများသည် ဖော်ပြပါအားနည်းချက်များရှိနေကြောင်း ယခုသုတေသနအရ တွေ့ရှိရသည်။

တချို့သာဓကများကို ဖော်ပြသင့်သည်ဟုယူဆသည်။ ရှမ်းပြည်နယ်တောင်ပိုင်းရှိ CSO တစ်ခုသည် လူ့အခွင့်အရေး၊ အင်္ဂလိပ်ဘာသာစကား၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်၊ သမိုင်းနှင့် အမျိုးသမီး ငြိမ်းချမ်းရေးနှင့် လုံခြုံမှု စသည်တို့ကို အဓိကထားသည့် ၆ လ အချိန်ကြာမြင့်သည့် ခေါင်းဆောင်မှုသင်တန်းကိုပေးနေပြီး ရှမ်းပြည်နယ်တောင်ပိုင်း လူငယ်များဖြင့်ဖွဲ့စည်းထားသည့် CSO တစ်ခုသည် ငြိမ်းချမ်းရေး၊ ပဋိပက္ခဖြေရှင်းခြင်း၊ လူ့အခွင့်ရေး၊ ဒီမိုကရေစီ၊ (သုတေသနနှင့် စောင့်ကြည့်ခြင်း) advocacy နှင့် သင်တန်းနည်းပြခြင်းဆိုင်ရာ အရည်အချင်း စသည်တို့ကို အဓိကထားသည့် ငြိမ်းချမ်းရေးအသိပညာပေး သင်တန်းကို ၄ လကြာအောင် ပေးလျက်ရှိသည်။

သုတေသနအတွင်း လေ့လာခဲ့သော CSOs များသည် အခြား CSOs များနှင့် နှိုင်းယှဉ်ပါက လူမှုရေးကို အခြေခံသော အကြောင်းအရာများကို ပိုမိုထည့်သွင်းဆောင်ရွက်ကြောင်း တွေ့ရသည်။ လူငယ့်ရေးရာ CSOs များသည် အခြားသော CSOs အမျိုးအစားနှင့် နှိုင်းယှဉ်လျှင် ပိုမိုကျယ်ပြန့်သောအကြောင်းအရာများကို ထည့်သွင်းဆောင်ရွက်ကြသည်။ ဤအချက်ကသည်ပင်လျှင် ပိတ်မိပြည်သူများကို လွတ်ပေးရေးကဲ့သို့သော အရေးဆိုမှုများအပါအဝင် ၎င်းတို့သည် အကြံပြုအရေးဆိုမှုလုပ်ငန်းများတွင် အောင်မြင်စွာ ပါဝင်နိုင်ကြခြင်းဖြစ်နိုင်သည်။

၎င်းအပြင် socialization နှင့် Social cohesion လုပ်ဆောင်ချက်အများအပြားဖြင့် တခြားသောလူမှုအဖွဲ့များ၏ သဘောထားများ

ကို ပြောင်းလဲရန် ကြိုးပမ်းကြသည်။ အမူအကျင့်ပြောင်းလဲမှုကို ဖြစ်ပေါ်စေရန် သဘောထားပြောင်းလဲမှုကို မလိုအပ်နိုင်ကြောင်း CS&PB မှုဘောင်ဖြင့် အခြားသော အကောင်အထည် ဖော်ဆောင်ရွက်မှုများတွင် တွေ့ရှိခဲ့ရသည်။ ယခုစီမံကိန်းတွင်ပါရှိသော လူမှုနည်းလမ်းဖြင့် အမူအကျင့်ပြောင်းလဲစေခြင်းနှင့် လူမှုပေါင်းစည်းမှုဆိုင်ရာ လုပ်ဆောင်ချက်များသည် သဘောထားပြောင်းလဲမှုကို အဓိကဦးတည်ထားကြသည်။ စီမံချက်ကျပန်းစာရင်းတွင် ပူးတွဲလုပ်ဆောင်ချက် ၂ ခုကိုသာ တွေ့ရှိခဲ့ သည်။ ၎င်းတို့မှာ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဆောင်ရွက်လျက်ရှိသော မြို့နယ်ပူးတွဲကော်မတီများ (Joint Township Committees) နှင့် မန္တလေးရှိ အမှိုက်ကောက်ခြင်းနှင့် သစ်ပင်စိုက်ပျိုးခြင်းအစီအစဉ်တို့ ဖြစ်သည်။


**ဇယား ၁၂။ မြန်မာနိုင်ငံငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်းရှိ ညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာ လမ်းကြောင်းများနှင့် အရပ်ဘက်အဖွဲ့အစည်း၏ ပါဝင်မှု**

| ညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာ လမ်းကြောင်းများ | အရပ်ဘက်အဖွဲ့အစည်း၏ ပါဝင်မှု |
|---|---|
| **လမ်းကြောင်း ၁: ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးမှုများ** | CSO များသည် လက်နက်ကိုင်တပ်ဖွဲ့များနှင့် နိုင်ငံရေးပါတီများကို အကြံဉာဏ်များပေးခြင်းဖြင့် လွှမ်းမိုးမှုကိုရယူခြင်း ဖြစ်သည်။ |
| **လမ်းကြောင်း ၂: ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးမှုများကို ပံ့ပိုးနေသော သို့မဟုတ် အပြိုင်ဆောင်ရွက်နေသော တရားဝင်အဖွဲ့အစည်းများ** | ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC (ဒေသခံအရပ်သား စောင့်ကြည့်သူ LCM) မှတစ်ဆင့် CSO များ၏တရားဝင်စောင့်ကြည့်လေ့လာရေးတွင် ပါဝင်မှုသည် ဒေသခံပြည်သူနှင့် အရေးကြီးသောဆက်နွယ်မှုကို ပေးလျက် ရှိသည်။<br><br>နိုင်ငံတော်အဆင့် ဆွေးနွေးပွဲများတွင် CSO ၏ ပါဝင်မှုသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အချို့သော အကြံဉာဏ်များကို ပေါ်ထွက်စေသည်။<br><br>UPDJC မှ ချမှတ်ထားသော လုပ်ထုံးလုပ်နည်းများသည် CSO များ တရားဝင်လွှမ်းမိုးရန် နေရာမရှိသောကြောင့် အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့ကိုယ်တိုင် နည်းလမ်းများကိုကြံဆောင်စဉ်းစားကြရသည်။ |
| **လမ်းကြောင်း ၃: အလွတ်သဘော ငြိမ်းချမ်းရေး တည်ဆောက်မှုများ** | CSFoP သည် ပင်မငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အချို့သော အကြံဉာဏ်များကို ပေးသည်။<br><br>ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်စပ်လျဉ်းသောကိစ္စရပ်များကို ဆွေးနွေးသော အရပ်ဘက်အဖွဲ့အစည်း အလုပ်ရုံဆွေးနွေးပွဲများသည် ဖက်ဒရယ်စနစ်၊ လုံခြုံရေးကဏ္ဍအုပ်ချုပ်မှု (security sector governance)၊ ဒီမိုကရေစီ စသည်တို့အပေါ်တွင် ပိုမိုနားလည် သိရှိမှုကို ဖြစ်ပေါ်စေသည်။<br><br>အရပ်ဘက်အဖွဲ့အစည်းသည် ပဋိပက္ခများဖြစ်ပေါ်နေချိန်တွင် ပြည်သူပြည်သားတို့ ကာကွယ်မှုရရှိစေရန် အရေးဆိုညှိနှိုင်းဆွေးနွေး ဆောင်ရွက်ပေးသည်။<br><br>အရပ်ဘက်အဖွဲ့အစည်းသည် အရပ်သားများကို အစိုးရ၊ EAO တို့နှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်လာနိုင်စေရန် သင်တန်းများပေးခြင်းဖြင့် ၎င်းတို့အား ကာကွယ်ပေးသည်။<br><br>အရပ်ဘက်အဖွဲ့အစည်းသည် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်သည့် ယဉ်ကျေးမှုတစ်ရပ်နှင့် အားလုံးပါဝင်ခွင့်ရှိသော အမျိုးသားရေး ကြန်အင်လက္ခဏာတစ်ရပ် တည်ဆောက်ရေးကို အလုပ်ရုံဆွေးနွေးပွဲများနှင့် မီဒီယာများဖန်တီးခြင်းတို့မှတစ်ဆင့် ဆောင်ရွက်ပေးသည်။ |

## အရပ်ဘက်အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးတည်ဆောင်ခြင်းဆိုင်ရာ လုပ်ဆောင်မှုများကို အကဲဖြတ်ခြင်း

ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာ လုပ်ဆောင်ချက်များ၏ အချို့သော ဝိသေသလက္ခဏာများ သို့မဟုတ် ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာ လုပ်ငန်းတာဝန်များကို ပေါင်းစပ်ဆောင်ရွက်ခြင်းတို့၏ ထိရောက်မှုအတွက် နှိုင်းယှဉ်သာဓကများကို ထည့်သွင်းစဉ်းစားခြင်းတို့အပြင် CSOs များကိုယ်တိုင်အသုံးပြုသော အကဲဖြတ်နည်းလမ်းများသည်လည်း အချက်အလက်ပေးကောင်းပေးနိုင်သည်။ သို့သော်လည်း CSOs များ မှ အစီရင်ခံလာသော အကဲဖြတ်နည်းလမ်းများ၏ အရည်အသွေးမှာ သိပ်မကောင်းခဲ့ပေ။ ယခုလေ့လာမှုအရ အရပ်ဘက်အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးလုပ်ဆောင်မှုများအားလုံး၏ ၂၄ % ခန့် တွင် အကဲဖြတ်နည်းနာမျိုး မရှိခဲ့ပေ။ နည်းနာတစ်စုံတစ်ရာဖြင့် စမ်းစစ်အကဲဖြတ်မှုမျိုးရှိခဲ့သော မှန်းခြေအားဖြင့် ၄၀% သော ဆောင်ရွက်ချက်များတွင် သက်ဆိုင်ရာဖြေကြားသူသည် အဆိုပါအကဲဖြတ်နည်းနာများကို သဘောပေါက် နားလည်မှုနည်းကြောင်း တွေ့ရသည်။ အချို့သော အင်တာဗျူးများတွင်မူ သုတေသီမှ အကဲဖြတ်ခြင်းဆိုင်ရာမေးခွန်းကို မေးမြန်းနိုင်ခဲ့ခြင်းမရှိပါ။ စမ်းစစ်အကဲဖြတ်ခြင်းနည်းနာတစ်ခုခုဖြင့် အရပ်ဘက်အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးဆောင်ရွက်ချက်များကို အကဲဖြတ်ဆန်းစစ်မှု မရှိသလောက်နည်းခြင်းကြောင့် ယခုသုတေသနတွင် အဆိုပါဆောင်ရွက်ချက်များ၏ထိရောက်မှုကို နားလည်ရန်ဆောင်ရွက်ရာတွင် အဟန့်အတားဖြစ်ခဲ့သည်။

### ပုံ ၁၆။ လုပ်ဆောင်မှုအားလုံးတွင် ဖော်ထုတ်ခဲ့သော အကဲဖြတ်ခြင်းဆိုင်ရာ နည်းနာဗေဒများ




နည်းနာတစ်ခုခုဖြင့် အကဲဖြတ်မှုကို မဖော်ထုတ်နိုင်သည့် ၅၉% ကို ဖယ်လိုက်လျှင် ကျန် ၄၁% လုပ် ဆောင်မှုများ၏ ၁၃% သော လုပ်ဆောင်ချက်များတွင် CSOs များသည် စီမံချက် ပြီးစီးမှုကိုသာ အကဲဖြတ်ကြသည်။ ဆိုလိုသည်မှာ ဆောင်ရွက်ချက်များ ပြီးစီးသည်၊ မပြီးစီးသည်ကို အကဲဖြတ်ကြခြင်းဖြစ်သည်။ လုပ်ဆောင်ချက်များ၏ ၂၀% တွင် သက်ရောက်မှုများကို အကဲဖြတ်လေ့လာ၍ အစီရင်ခံခဲ့သည်။ သို့သော် အဆိုပါ ၂၀% ၏ ၉% တွင်သာ စနစ်တကျအကဲဖြတ်မှုကို လုပ်ဆောင်ခဲ့ကြောင်း တွေ့ရသည်။

လုပ်ငန်းပြီးစီးမှုခြေရာခံခြင်းဆိုင်ရာ သာဓကအနေဖြင့်ပြောရသော် မြို့နယ်အဆင့်ပူးတွဲကော်မတီများ တည်ရှိနေခြင်းသည်ပင် စီမံကိန်း၏အောင်မြင်သော ရလာဒ်တစ်ခုဖြစ်ကြောင်း ယင်းကော်မတီများကို ဖန်တီးခဲ့သော CSO ရှိ ဖြေဆိုသူတစ်ဦးမှ ပြောကြားခဲ့သည်။ ဖြေဆိုသူမှ ထို မြို့နယ်အဆင့် ပူးတွဲကော်မတီ များ၏ လုပ်ငန်းဆောင်တာများကြောင့်ဖြစ်ပေါ်သော သက်ရောက်မှုများကို ခြေရာကောက်သော မည်သည့် ထပ်မံအကဲဖြတ်ဆောင်ရွက်မှုကိုမျှ အစီရင်ခံပြောကြားခဲ့ခြင်း မရှိပေ။

စနစ်ကျသော သက်ရောက်မှုစောင့်ကြည့်လေ့လာခြင်းဆိုသည်ကို အချို့သော ပြောင်းလဲမှုသဘောတရားအရ ထပ်တိုးအချိန်ကာလတစ်ခုရှိ ပုံသေသတ်မှတ်ထားသော ကြားပိုင်းကာလများ၌ ဆင့်ကဲအကျိုးများ (သို့မဟုတ် သက်ရောက်မှုများ) ကို ခြေရာကောက်ခြင်းအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ဥပမာအားဖြင့် မွန်ပြည်နယ်ရှိ Common Space မှ ဖက်ဒရယ်စနစ်ဆိုင်ရာ ကွဲပြားသော ကိစ္စရပ်အမျိုးမျိုး (တိုင်းရင်းသားများသတ်မှတ်ထားသော ဖက်ဒရယ်နှင့် ဒေသအလိုက် သတ်မှတ်ထားသော ဖက်ဒရယ်) ကို မည်သို့ ပြင်ဆင်သင့်ကြောင်းနှင့်စပ်လျဉ်းသည့် အဆိုပြုလွှာများရေးဆွဲရန် အရပ်ဘက်အဖွဲ့အစည်းများအတွက် တိုင်ပင်အကြံပေးရေးအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ပြီး ထိုအစီရင်ခံစာကို မွန်အမျိုးသားဆွေးနွေးပွဲတွင် တက်ရောက်သူများမှ ဆွေးနွေးခဲ့ခြင်း ရှိမရှိ၊ Common Space အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြခဲ့သော အဆိုပြုလွှာများကို အမျိုးသားဆွေးနွေးပွဲ၏ အဆုံးသတ်အစီရင်ခံစာတွင် ထည့်သွင်းခြင်း ရှိမရှိ၊ Common Space အစီရင်ခံစာကို အမည်တပ်၍ဖော်ပြခဲ့ခြင်း ရှိမရှိ ခြေရာ

ခံခဲ့သည်။ ကရဏာ လူမှုစည်းလုံးညီညွတ်ရေးအဖွဲ့ (KMSS) သည် Durable Peace Program (ရေရှည်ငြိမ်းချမ်းရေးအစီအစဉ်) အောက်ရှိ ၎င်း၏ လူထုနှင့်ငြိမ်းချမ်းရေး သင်တန်းအစီအစဉ်များကို အကဲဖြတ်ရန်အတွက် ပုံမှန်စစ်တမ်းများကို ကောက်ယူလျက်ရှိသည်။

သက်ရောက်မှုများကို ခြေရာခံသည်ဟု ပြောကြားခဲ့သော ဖြေဆိုသူများမှာ ယေဘုယျလက်ခံထားသော အယူအဆများကို အခြေခံ၍ ပြောကြားခဲ့ကြောင်း တွေ့ရသည်။ ဥပမာအားဖြင့် ကချင်ပြည်နယ်မှ အရပ်ဘက်လူ့အဖွဲ့အစည်းတစ်ခု၏ စီမံကိန်းအရာရှိတစ်ဦးက လူထုနှင့်လွှတ်တော်အမတ်များ တွေ့ဆုံခြင်းအစည်းအဝေး၏ ရလဒ်အနေဖြင့် လူထု၏လိုအပ်ချက်ကို ကိုယ်စားလှယ်များ အနေဖြင့် ပိုမိုနားလည်လာသည်ဟု ဖြေကြားခဲ့သည်။ ဤသည်မှာ အဆိုပါတွေ့ဆုံပွဲများ၏ သက်ရောက်မှုအမှန်တကယ်ဖြစ်နိုင်သော်ငြားလည်း ထိုသို့သက်ရောက်မှုရှိပါသည်ဟု ပြောနိုင်စေရန် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များကို မေးမြန်းလေ့လာထားခြင်း အစရှိသည့် စနစ်တကျဆန်းစစ်မှုမျိုး ပြုလုပ်ထားခြင်းမရှိပါ။

# အခန်း ၄

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုသော အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များဆိုင်ရာ အကျိုးထိရောက်မှုနှင့် ဆက်နွှယ်ပတ်သက်မှု



အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ မီဒီယာ၊ နိုင်ငံရေးပါတီများနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ဖော်ထုတ်ထားသော ပဋိပက္ခဖြစ်ပေါ်စေနိုင်သောအကြောင်းအရာများမှာ နိုင်ငံရေးစနစ်၊ ပဋိပက္ခကို အားပေးသည့် သို့မဟုတ် ကြာရှည်စွာ ဖြစ်ပွားစေနိုင်သည့် စီးပွားရေးဆိုင်ရာမက်လုံးများ၊ လူမျိုးရေး၊ဘာသာရေး ခွဲခြားဖယ်ကျဉ်မှုများ၊ သမိုင်းဆက်ဆက်ဖြစ်ပွားခဲ့သော ပြည်တွင်း ပဋိပက္ခများ၏ အမွေဆိုးများ၊ လွတ်လပ်ခွင့်၊ တာဝန်ယူမှု တာဝန်ခံမှုနှင့် တရားဥပဒေစိုးမိုးမှုမရှိခြင်း စသည်တို့ ဖြစ်ကြသည်။ အရပ်ဘက်လူမှု အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးတည်ဆောက်သည့်လုပ်ငန်း ဆောင်ရွက်ချက်များသည် ပဋိပက္ခများကို ဖြေရှင်းနိုင်ခြင်း ရှိ မရှိ ဖော်ထုတ်ခြင်းအားဖြင့် ၎င်းအဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များသည် ထိရောက်မှု ရှိ မရှိသည်ကို ဆက်စပ်စဉ်းစား သိရှိနိုင်မည် ဖြစ်သည်။ ယေဘုယျအားဖြင့်ဆိုရပါလျှင် ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက်လိုအပ်ချက်အားလုံးကို အရက်ဘက် လူ့အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးတည်ဆောက်ရေးလုပ်ငန်းစဉ်များမှာ ဖြည့်ဆည်းဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရသည်။ လက်နက်ကိုင်အဖွဲ့အစည်းအရေအတွက် တိုးတက်လာခြင်း၊ လက်နက်ပါဝင်သော အသေးစားပဋိပက္ခများနှင့် မပေါက်ကွဲသေးသော စစ်လက်နက်ပစ္စည်းများ (ဥပမာ- မြေမြှုပ်မိုင်းများ)၊ လူမှုရေးအရ ယုံကြည်မှု လျော့ကျနေလျက်ရှိနေခြင်း၊ ပဋိပက္ခဖြစ်နေစဉ် အတောအတွင်း ကျူးလွန်မိသောရာဇဝတ်မှုများအတွက် ဒဏ်ခတ်မှုမရှိခြင်း စသည့်ပဋိပက္ခအမွေဆိုးတွင် ပတ်သတ်ပါဝင်သော အကြောင်းအရာများအတွက် လုပ်ဆောင်ချက်များကို အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးတည်ဆောက်ရေးလုပ်စဉ် တွင် ပါဝင်နေမှု အနည်းငယ်သာတွေ့ရသည်။

ပင်မငြိမ်းချမ်းရေးလုပ်ငန်းစဉ်ပြင်ပ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များ အားလုံးတို့၏ တစ်ခုနှင့် တစ်ခုထိရောက်မှုအားခြင်း၊ လွှမ်းမိုးနိုင်မှုအားခြင်း မတူကြပါ။ စီမံချက်၊လုပ်ငန်းစဉ်အရဆောင်ရွက်ရသော အလုပ်ရုံဆွေးနွေးပွဲများမှ အလုပ်များဆုံးသော ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းခွဲဖြစ်သော်လည်း ၎င်းတို့မှာ လူဦးရေအနည်းငယ်ထံသို့သာ ပျံ့နှံ့ပြီး ထိုကဲ့သို့သော အလုပ်ရုံဆွေးနွေးပွဲများနှင့် ထိတွေ့ရသောသူများမှာလည်း ငြိမ်းချမ်းရေးကိုလိုလားသော ခံယူချက်၊ အမြင်ရှိပြီးသားသူများ ဖြစ်လေ့ရှိသည်။

## နိုင်ငံရေးစနစ်။ အုပ်ချုပ်ရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှု/ဖယ်ကျဉ်ထားမှု ပုံစံများ

ပင်မငြိမ်းချမ်းရေးလုပ်ငန်းစဉ် (ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ)သည် ဖက်ဒရယ်အုပ်ချုပ်ရေးစနစ်ကို အကောင်အထည်ဖော်ကာ အခြေခံဥပဒေကို ပြန်လည်ပြင်ဆင်နိုင်ခြင်း အပါအဝင် မြန်မာ့နိုင်ငံရေးစနစ်ကို ပြောင်းလဲရာတွင် အောင်မြင်နိုင်ရန်အတွက် အဓိကအရေးပါသည့် အခင်းအကျင်း ဖြစ်သည်။ထိုကဲ့သို့အရေးပါသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မရှိလျှင် မြန်မာအစိုးရနှင့် အမျိုးမျိုးသော EAOများ အကြားတွင် ဖြစ်ပွားသော ပဋိပက္ခများသည် ပြီးဆုံးနိုင်ဖွယ်ရာ မရှိတော့ပေ။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ၏ နောက်ဆက်တွဲ အရပ်ဘက်လူ့အဖွဲ့အစည်းဆိုင်ရာ ဖိုရမ်တွင် ပါဝင်ခြင်းဖြင့်သော်လည်း ကောင်း၊စောင့်ကြည့်လေ့လာသူများအဖြစ်သော်လည်းကောင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်တိုက်ရိုက်ပတ်သက်ဆောင်ရွက်သော အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များကို ဤစီမံကိန်း ပထမအဆင့်၏ အစီရင်ခံစာတွင် ထည့်သွင်းဆွေးနွေး ဖော်ပြထားပါသည်။ အဆိုပါစီမံကိန်းသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပူးပေါင်းဆောင်ရွက်ခြင်း သို့မဟုတ် ကျရာနည်းဖြင့် (တစ်နည်းတစ်ဖုံဖြင့်) ကူညီပံ့ပိုးပေးသော အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်၊ လုပ်ငန်းများကို စုစည်းလေ့လာ တင်ပြထားပါသည်။ ကောက်ယူရရှိသော ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များ၏ ၁၆ ရာခိုင်နှုန်း)တွင်သာ အရပ်ဘက်အဖွဲ့အစည်းများ ပါဝင်နိုင်ခဲ့သည်။ အချို့သော အရပ်ဘက်လူမှု အဖွဲ့အစည်းများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ EAOs နှင့် နိုင်ငံရေးပါတီများ၏ ထိရောက်မှု၊ စွမ်းဆောင်ရည်တိုးမြှင့်လာစေရန် တိုက်ရိုက်ကူညီပံ့ပိုးပေးခြင်းနှင့် သင်တန်းများပို့ချခြင်းများကိုပြုလုပ်ခဲ့သည်။ ရန်ကုန်အခြေစိုက်အရပ်ဘက်လူ့အဖွဲ့အစည်းတစ်ခုသည် EAOs၊ နိုင်ငံရေးပါတီများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်း များအပါအဝင် UPDJC ကော်မတီဝင်များ တက်ရောက်သော DDR/ SSR နှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ကျင်းပခဲ့သည်။

ကချင်ပြည်နယ်ရှိ ကချင်နှစ်ခြင်းအသင်း (KBC) သည် ၂၁ ရာစုပင်လုံညီလာခံ သဘောတူညီချက် ပေါ်ပေါက်လာစေရန် မျှော်မှန်း၍ ဖွဲ့စည်းထားသော အကောင်ထည်ဖော်ရေး ကော်မတီတစ်ခုဖြစ်သည့် SAMAJA တွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ KBC အသင်းဝင်များနှင့်အတူ KIO အဖွဲ့ဝင်ဟောင်းများလည်း ပူးပေါင်းဆောင်ရွက်ခဲ့သည်။ SAMAJA တွေ့ဆုံပွဲနှစ်ခုကို ကျင်းပခဲ့ပြီးဖြစ်ကာ ပထမတစ်ခုကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင်လည်းကောင်း၊ ကျန်တစ်ခုကို ၂၀၁၇ ခုနှစ်တွင်လည်းကောင်း ကျင်းပခဲ့ပြီး ဖြစ်သည်။ ၂၁ ရာစုပင်လုံညီလာခံ တိုင်ပင်ဆွေးနွေးပွဲများ၏ အစီအစဉ်ကို ထင်ဟပ်စေနိုင်သည့် ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လုံခြုံရေးနှင့် ဘာသာရေးစသော ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

*အဖွဲ့အစည်းအကျဉ်းချုပ် ၁၁ - ရာမညငြိမ်းချမ်းရေးဖောင်ဒေးရှင်း*

| | |
|---|---|
| ရန်ပုံငွေအရင်းအမြစ် | ပေါင်းစည်းအထောက်အပံ့ |
| ဆောင်ရွက်သည့်ဒေသ | မွန်ပြည်နယ် (မွန်ပြည်သစ်ပါတီ၏ပြန်ကြားဆက်သွယ်ရေးရုံးစိုက်ရာဒေသ) |
| အကဲဖြတ်လေ့လာခြင်း | မရှိ |

၂၀၁၂ ခုနှစ်တွင် မွန်ပြည်သစ်နိုင်ငံရေးပါတီမှဖွဲ့စည်းခဲ့သော ရာမညဖောင်ဒေးရှင်းသည် ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်သင်တန်းများပို့ချခြင်းနှင့် ပြန်ကြားဆက်သွယ်မှုစွမ်းရည်မြှင့်တင်ခြင်း အစီအစဉ်များပြုလုပ်ခြင်းအားဖြင့် မွန်ပြည်သစ်ပါတီ၏ နိုင်ငံရေးနှင့် လက်နက်အင်အားတောင့်တင်းလာစေရန် ငြိမ်းချမ်းရေး ကူညီပံ့ပိုးမှုတိုးမြှင့်ရေးအစီအစဉ်ကို အကောင်အထည်ဖော်လျက်ရှိသည်။

အလားတူပင် ဖောင်ဒေးရှင်းသည် မွန်ပြည်သစ်ပါတီ၏ လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးနိုင်ရန်နှင့် အပြန်အလှန်နားလည်မှု၊ လေးစားမှုတို့ တည်ဆောက်နိုင်ရန် ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။

အခြားသော အရပ်ဘက်လူမှုအဖွဲ့အစည်းများလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အရပ်ဘက်အဖွဲ့များ ပူးပေါင်းပါဝင်မှုကို ကူညီပံ့ပိုးနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ကျားမတန်းတူညီမျှမှုဆိုင်ရာ အစီအစဉ်များသည်လည်း အမျိုးသမီးများ၏ နိုင်ငံရေးတွင် ကိုယ်စားပြုဆောင်ရွက်နိုင်ရန် အထူးသဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်နိုင်ရန် အားပြုဆောင်ရွက်လျက်ရှိသည်။ ကရင်ပြည်နယ်ရှိ အမျိုးသမီးများကွန်ယက်အဖွဲ့တစ်ခုသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်နိုင်ရန် ရွေးချယ်ထားသော အမျိုးသမီးအုပ်စု ငယ်၏ စွမ်းဆောင်ရည်ကို တိုးမြှင့်နိုင်ရန် ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ကျင်းပခဲ့ပါသည်။

*သာဓက ၇။ ။ ကျားမတန်းတူညီမျှရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ၏ တတိယမြောက်ဆွေးနွေးပွဲ*

ပြီးခဲ့သောပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံဆွေးနွေးပွဲကို ၂၀၁၈ ခုနှစ် ဇူလိုင် ၁၁ ရက်မှ ၁၆ ရက်နေတွင် ကျင်းပခဲ့ကာ ကျား/မ ကဏ္ဍဆိုင်ရာကိစ္စရပ်များကို အရေးပေးဆွေးနွေးခဲ့ပြီး သဘောထားကွဲလွဲမှုများ ပေါ်ပေါက်ခဲ့သည်။ ကျား/မ အရေး လှုပ်ရှားဆောင်ရွက်လျက်ရှိသော အရပ်ဘက်အဖွဲ့အစည်းများသည် ထိုသို့ကျင်းပသောဆွေးနွေးပွဲကို ကြိုဆိုထောက်ခံခဲ့ကြသည်။ ယေဘုယျအားဖြင့် ဖြေကြားသူများသည် ကျား/မအရေးကိစ္စရပ်များသည် အရေးပါသောကြောင့် ထည့်သွင်းဆွေးနွေးသင့်သည်ဟု ထောက်ပြပြောဆိုကြသည်။ သို့သော်လည်း ကျား/မ ကဏ္ဍကို ပင်မဆွေးနွေးပွဲခေါင်းစဉ်အဖြစ် ရွေးချယ်ရခြင်းမှာ ဆွေးနွေးပွဲခေါင်းစဉ်များအားလုံးအနက် သဘာထားကွဲလွဲမှု အနည်းငယ် ဖြစ်ပေါ်လာနိုင်သည့်အတွက်ကြောင့်ဖြစ်သည်။ ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းရန်လိုသည့် တပ်မတော်ငြင်းဆိုထားသောကိစ္စရပ်များကို ရှောင်ရှားနိုင်ရန် အခြားသောကိစ္စခေါင်းစဉ်များ (ဖက်ဒရယ်စနစ်နှင့် လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲမှု)အစား ယခု ကျား/မအရေးကို ရွေးချယ်ဆွေးနွေးရခြင်း ဖြစ်သည်ဟု အခိုင်အမာလက်ခံထားသူများလည်းရှိလေသည်။ ကျား/မတန်းတူညီမျှမှုဖော်ဆောင်ရေးကွန်ယက်မှ ဖြေကြားသူတစ်ဦးကလည်း "ထိလွယ်ရှလွယ်တဲ့ကိစ္စရပ်တွေကို မဆွေးနွေးနိုင်အောင် ကျား/မအရေး ထည့်သွင်းဆွေးနွေးကြမျိုးဆိုတာတော့ ကျွန်မ မကြိုက်ဘူး၊ ဒါက မှန်ကန်တဲ့နည်းလမ်းလည်း မဟုတ်ဘူးလေ" ဟု ၎င်းသတိထားမိကြောင်းကို ပြောပြသည်။ ဖြေကြားသူတစ်ဦးမှလည်း "ညီလာခံတွင် ကျား/မအရေး အကျယ်တဝင့်ဆွေးနွေးခြင်းသည် ဖြစ်သင့်သောကိစ္စရပ်တစ်ခုမဟုတ်ဟု မြင်ကြောင်း" ပြောလေသည်။ အဘယ်ကြောင့်ဆိုသော် ငြိမ်းချမ်းရေးသဘောတူညီချက်ချမှတ်ပြီးနောက် နိုင်ငံရေးစနစ်အကြောင်းကို ဦးစွာ အသေးစိတ်ဆွေးနွေးပြီးမှသာ ကျား/မကဏ္ဍရေးရာကို ထည့်သွင်းစဉ်းစားသင့်သောကြောင့်ဖြစ်သည်။ တစ်ဖက်တွင်လည်း သဘောတူညီချက်ရရှိပြီးနောက်နိုင်ငံရေးတွင် အမျိုးသမီးကိုယ်စားပြုပါဝင်မှုကို အသေးစိတ်ဆွေးနွေးခြင်းမဟုတ်ဘဲ ကျား/မ ကဏ္ဍ၏အရေးပါမှုကို သာမန်အားဖြင့် ယေဘုယျဆန်စွာ ဆွေးနွေးသွားခြင်းဖြစ်သည်။

ရှမ်းပြည်နယ်အရပ်ဘက်လူ့အဖွဲ့အစည်းတစ်ခု၏ ညွှန်ကြားရေးမှူးမှလည်း ကျား/မရေးရာကိစ္စရပ်များကို သီးသန့်ခေါင်းစဉ်ခွဲ ဆွေးနွေးခြင်းမျိုးထက် ဆွေးနွေးမှုခေါင်းစဉ်တိုင်းတွင် ပူးတွဲကပ်ပါ ထည့်သွင်းစဉ်းစားပါက ပိုမိုသင့်လျော်ကောင်းမွန်သည်ဟု ဝေဖန်လေသည်။

အမျိုးသမီးအခွင့်အရေး လှုပ်ရှားဆောင်ရွက်နေကြသော အရပ်ဘက်လူ့အဖွဲ့အစည်းများသည် ငြိမ်းချမ်းရေးသဘောတူညီချက်များ ရရှိပြီးနောက်ဖော်ဆောင်သော နိုင်ငံရေးစနစ်၏ ကိုယ်စားပြုအဖွဲ့ (လွှတ်တော်)တွင် အမျိုးသမီးများ ၃၀ ရာခိုင်နှုန်း ပါဝင်ခွင့်ရရှိရေးကို ဘုံပန်းတိုင်သတ်မှတ်ထားကြပါသည်။ သို့သော်လည်း ကျား/မတန်းတူညီမျှမှုကွန်ယက်မှ ဖြေကြားသူတစ်ဦးမှလည်း ဦးတည်ချက်တစ်ခုတည်း ချမှတ်ထားပါက အန္တရာယ်ရှိကြောင်းကို ထောက်ပြပြောဆိုထားပါသည်။ "ကျွန်မတို့က ၃၀ % ရရှိရေးကြိုးပမ်းနေကြပေမယ့် ရာခိုင်နှုန်းဆိုတာကြီးနှင့် ပိတ်မိသွားနိုင်တယ်၊ မျှော်မှန်းထားသလိုမရဘူးဆိုရင် တစ်ခုခုစီမံချက်တွေ ဘာတွေ ချထားသင့်တယ်၊ မဟုတ်လို့ကတော့ ၃၀% ဆိုတာကြီးနဲ့ပဲ စခန်းရပ်သွားနိုင်တယ်၊ ဒီလို အခြေအနေတွေကိုလည်း စဉ်းစားထားသင့်တာပေါ့"ဟု ၎င်း၏သဘောထားကို ဖော်ပြခဲ့သည်။

ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (CPD) သည် ပအိုဝ်အမျိုးသားဆွေးနွေးပွဲများတွင် ပြည်သူလူထု၏သဘော ထားအမြင်များ ဖွင့်ဟပြောကြားနိုင်ရန် လူထုတိုင်ပင်ဆွေးနွေးပွဲများ ကျင်းပလျက်ရှိသည်။ ၂၀၁၇ ခုနှစ်မှစတင်ကာ ပအိုဝ်တိုင်းရင်း သားများနေထိုင်သောတိုင်းဒေသကြီး/ ပြည်နယ် ၅ ခုတွင် လူထုတွေ့ဆုံ ဆွေးနွေးပွဲ ၁၃ ခုကို ကျင်းပပြီးဖြစ်ကာ တက်ရောက်သူဦးရေ မှာလည်း ၆၀၀ အထိရှိခဲ့ပြီး ဖြစ်သည်။ ဆွေးနွေးပွဲများတွင် တစ်နိုင်ငံလုံး အတိုင်းအတာ အပစ်အခတ်ရပ်စဲမှု သဘောတူညီစာချုပ်၊ ဖက်ဒရယ်စနစ်တွင် ပအိုဝ်တိုင်းရင်းသားများ ကိုယ်စားပြုပါဝင်နိုင်ပုံနှင့် မြေသိမ်းဆည်းမှုများစသည်တို့ကို ထည့်သွင်းဆွေးနွေးခဲ့ သည်။ CPD သည် လူထုတွေ့ဆုံဆွေးနွေးပွဲ အစီရင်ခံများကို ထုတ်ပြန်ခဲ့ပြီး ပအိုဝ်အမျိုးသား စကားဝိုင်းဆွေးနွေးပွဲတွင် တွေ့ရှိချက် များကို တင်ပြဆွေးနွေးခဲ့သည်။

အချို့သော အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ယေဘုယျအားဖြင့် ထောက်အကူပြုပါသည်။ ရှမ်းပြည်နယ် အရပ်ဘက်လူ့အဖွဲ့အစည်းတစ်ခုမှ ဖြေဆိုသူတစ်ဦးသည် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံအပေါ် သုံးသပ်ဆွေးနွေးပွဲကို လုပ်ငန်းကော်မတီဝင်အဖြစ် တက်ရောက်ခဲ့သည်။ ထိုပွဲကို ၎င်းနှင့်အတူ EAOs၊ အခြားသော CSOsများနှင့် နိုင်ငံရေးပါတီများမှလည်း တက်ရောက်ခဲ့ကြသည်။

လေ့လာခဲ့သော ငြိမ်းချမ်းရေး တည်ဆောက်သည့်လုပ်ငန်းများ (၂၂)ခု၏ ၁၃ % သည် ဖက်ဒရယ်စနစ်နှင့်ပတ်သက်ပြီး နားလည်မှု မြှင့်တင်ရန် ဆောင်ရွက်သော လုပ်ဆောင်ချက်များဖြစ်ပြီး အများစုမှာ ဖက်ဒရယ်စနစ်ဆိုင်ရာ အသိမြင့်ဖွင့် သင်တန်းများဖြစ်သည်။ ထိုလုပ်ငန်း (၂၂)ခုအနက် (၁၆)ခုဖြစ်သော ၇၃ % သော သင်တန်းများသည် လူငယ်များ အပါအဝင် ဒေသခံပြည်သူများကို ပို့ချသော သင်တန်းများဖြစ်ပြီး ၁၀ % မှာ အရပ်ဘက်လူ့အဖွဲ့အစည်းများ အချင်းချင်း ပို့ချခဲ့သောသင်တန်းများဖြစ်သည်။ ရှမ်းပြည်နယ် မြောက်ပိုင်းရှိ လူငယ်အရပ်ဘက်လူ့အဖွဲ့အစည်းတစ်ခုမှ ဖြေဆိုသူတစ်ဦးသည် တိုင်းရင်းသားလူငယ်များ ကွန်ရက်နှင့်ချိတ်ဆက်၍ ဖက်ဒရယ်စနစ်အကြောင်း ဆွေးနွေးနိုင်ရန် အလုပ်ရုံ ဆွေးနွေးပွဲများကို ကျင်းပခဲ့ကြောင်း ဖြေကြားခဲ့သည်။ မွန်ပြည်နယ်အရပ်ဘက် လူ့အဖွဲ့အစည်းများကွန်ယက်သည် ၂၀၁၇ ခုနှစ် ဇူလိုင်လမှ ၂၀၁၈ မေလအထိ ၁၁ လတာကာလအတွင်း ဖက်ဒရယ်စနစ်ဆိုင်ရာ အသိအမြင် ဖွင့်သင်တန်းအမျိုးမျိုးကို ၂၂ ကြိမ်ခန့် ကျင်းပခဲ့ပါသည်။ သင်တန်းကာလမှာ ၂ ရက်ကြာမြင့်ခဲ့ပြီး သင်တန်းသား ၃၀ မှ ၈၀ အထိ တက်ရောက်ခဲ့ကြသည်။ ဖက်ဒရယ်စနစ်အပေါ် စိတ်ပါဝင်စားသူများကို ဖက်ဒရယ်နှင့်ပတ်သက်သည့် ရှင်းလင်းချက်များ /ဖွင့်ဆိုချက်များ၊ ကျင့်သုံးလိုက်နာရန် သင့်လျော်သော အကြောင်းအရင်းများစသည်တို့ကို ဆွေးနွေးပြောကြားခဲ့သည်။ သို့သော် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်ပါရှိသော အခြားကိစ္စရပ်များနှင့် ပတ်သက်သည့်လုပ်ဆောင်ချက်များ၊ ဆွေးနွေးမှုများကို မပြုလုပ်ခဲ့ကြ ပေ။ ဥပမာအားဖြင့် အကူအပြောင်းကာလ တရားမျှတရေး၊ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုကို ထိန်းချုပ်ကန့်သတ်ခြင်း တို့ပါဝင်သော လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး စသည်တို့ကို မဆွေးနွေးခဲ့ကြပေ။ ၎င်းကိစ္စရပ်များသည် ငြိမ်းချမ်းရေးသဘော တူညီချက်များ တည်ဆောက်ရယူရာတွင် အရေးတကြီး ထည့်သွင်းစဉ်းစားရမည့် ကိစ္စရပ်များဖြစ်သော်လည်း အရပ်ဘက်လူ့အဖွဲ့ အစည်းများသည် အဆိုပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးလေ့လာမှုများကို မပြုလုပ်ခဲ့ကြပေ။

အစီအစဉ်အများစုသည် အမျိုးသမီးများ သို့မဟုတ် ရပ်ရွာဒေသခံများ စသော ပြည်သူလူထုများ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ အပေါ် နားလည်သဘောပေါက်မှုကို မြှင့်တင်နိုင်ရန် ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဖြစ်ရခြင်းမှာ လူများသည် မိမိတို့ ကောင်းစွာ နားလည်သဘောပေါက်သော လုပ်ငန်းစဉ်များ/ ဖြစ်စဉ်များကိုသာ ထောက်ခံအားပေးလိုကြသောကြောင့် ဖြစ်သည်။ ၎င်းလုပ်ငန်းစဉ်များအပေါ် လွှမ်းမိုးနိုင်ခွင့် မရှိစေကာမူ ပိုမိုနားလည်သိရှိခဲ့ပါက ထောက်ခံအားပေးလိုကြလေသည်။

## စီးပွားရေးဆိုင်ရာ မက်လုံးပေးမှုများ- မူးယစ်ဆေးဝါးများ၊ ဖွံ့ဖြိုးရေးနှင့် သဘာဝသယံဇာတများ

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံများမှ သဘောတူညီချက်များ ရရှိလာစေရန် ပဋိပက္ခဖြစ်ပွားမှုကို အားပေးသော (သို့မဟုတ်) ကာလကြာရှည်ဖြစ်ပွားစေသော စီးပွားရေးဆိုင်ရာမက်လုံးများကို လျှော့ချနိုင်ရန် ငြိမ်းချမ်းရေး ဆွေးနွေးညှိနှိုင်းမှုတိုင်းတွင် ဖြေရှင်း ဆောင်ရွက်ရမည်ဖြစ်သည်။ ညှိနှိုင်းဆွေးနွေးပွဲများမှရရှိသော သဘောတူညီချက်များတွင် မည်သူက မြန်မာနိုင်ငံ၏ သဘာဝ သယံဇာတများကို ပိုင်ဆိုင်သည်ကို ဖော်ပြထားပြီး မူးယစ်ဆေးဝါး မှောင်ခိုရောင်းချမှု ပြဿနာများကို ဖြေရှင်းဆောင်ရွက်မည့် လုပ်ငန်းများကိုလည်း ထည့်သွင်းထားမည်ဖြစ်သည်။ NCA လက်မှတ်ရေးထိုးထားသောဒေသများတွင် သယံဇာတထုတ်ယူသုံးစွဲမှု ဆိုင်ရာ ပွင့်လင်းမြင်သာမှု တိုးမြှင့်ရေးအစီအစဉ် EITI ကို အတည်ပြုဆောင်ရွက်ရန် NCA တွင် ချမှတ်ထားသော ကတိကဝတ်ကို လိုက်နာရန် CSFoP အိတ်ဖွင့်စာတွင် ထည့်သွင်းထားသည်။ ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် မြေယာအသုံးချခြင်း မပြုမီ ဒေသခံ ပြည်သူများနှင့် တိုင်ပင်ဆွေးနွေး၍ ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေးဆိုင်ရာ ထိခိုက်မှု လေ့လာဆန်းစစ်ချက်များကို ဆောင် ရွက်ရမည်ဟု EITI ၏ ဖော်ပြချက်များကို UPC ကတိကဝတ်များတွင် ထပ်တလဲလဲထည့်သွင်း ဖော်ပြထားပါသည်။

နိုင်ငံသားဆိုင်ရာ အမြင်ဖွင့် သင်တန်းများနှင့် ဆက်စပ်သည့် အစီအစဉ်များသည် ပြည်တွင်း၌ တရားဥပဒေစိုးမိုးမှုကို မြှင့်တက်စေ

ခြင်းအားဖြင့် ပဋိပက္ခများကိုဖြစ်စေသည့် စီးပွားရေးဆိုင်ရာ တွန်းအားများကို ဖြေရှင်းဖော်ထုတ်လာနိုင်ပါသည်။ ဥပမာအားဖြင့် ငြိမ်းချမ်းရေး တည်ဆောက်သည့်လုပ်ငန်း အစီအစဉ်များ၏ ၇ ရာခိုင်နှုန်းသည် မြေပိုင်ဆိုင်မှုကို ပြန်လည်တောင်းဆို ရယူနိုင်သော နည်းလမ်းများကို ပိုမိုနားလည်သိရှိလာခြင်းဖြင့် မြေသိမ်းယူမှုများကို ရင်ဆိုင်ဖြေရှင်းနိုင်စေရန် နိုင်ငံသားများ၏ စွမ်းဆောင်ရည်၊ လုပ်ကိုင်ခွင့်များကို မြှင့်တင်ပေးသည့် အစီအစဉ်များ ဖြစ်သည်။ ထို့အပြင် တပ်မတော်နှင့် နိုင်ငံသားများအကြား စကားဝိုင်း ဆွေးနွေးမှု (သို့မဟုတ်) နိုင်ငံသားများနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအကြား ညှိနှိုင်းတိုင်ပင်မှုများကို လုပ်ဆောင် ရန် အချက်များလည်း ပါဝင်သည်။ ဖြစ်ရပ်တစ်ခုတွင် ကချင်လွတ်မြောက်ရေးအဖွဲ့အစည်း (KIO)သည် ၄က်ပျောခင်း စိုက်ပျိုးတည် ထောင်ရန် မြေသိမ်းယူခဲ့ခြင်းကြောင့် ပြောင်းရွှေ့နေထိုင်ခဲ့ရသော ကျေးရွာသားများကိုယ်စား ကချင်နှစ်ခြင်းအသင်းတော်မှ KIO ထံသို့ တောင်းဆိုမှုများ ပြုခဲ့သည်။ KIO သည်သိမ်းဆည်းရယူခဲ့သော မြေများအတွက် လျော်ကြေးငွေများ ပြန်လည်ပေးအပ်ရန် သဘောတူခဲ့ရသည်။ ကချင်အရပ်ဘက်လူ့အဖွဲ့အစည်းမှ ဖြေဆိုသူတစ်ဦးက KBC ၏ တွေ့ဆုံတောင်းဆိုမှုကြောင့်သာ သဘောတူ ခဲ့ခြင်းဖြစ်ကြောင်း ညွှန်းဆိုခဲ့သည်။

အခြားသောဖြစ်ရပ်တစ်ခုတွင် နိုင်ငံတကာနှင့် ဒေသတွင်းကုမ္ပဏီများသည် ကျိုက်မရောမြို့နယ်အတွင်းရှိ မြေများကို သိမ်းယူခဲ့ ကြသည်။ မွန်လူငယ်အရပ်ဘက်လူ့အဖွဲ့အစည်းတစ်ခုသည် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများစသော အကျိုးဆက်စပ် ပတ်သက်သူများအားလုံးနှင့် တွေ့ဆုံ၍ ညှိနှိုင်းတိုင်ပင်မှုများကို ဆောင်ရွက်ခဲ့သည်။ အဆိုပါညှိနှိုင်းဆွေးနွေးမှုများကြောင့် ဒေသခံအချို့သည် မိမိတို့ပိုင်ဆိုင်သည့်မြေများကို တရားဝင်အသိအမှတ် ပြု မှတ်ပုံတင်နိုင်ခဲ့ကာ အထောက်အထားများ ရရှိခဲ့ကြသည်။

အချို့သော အရပ်ဘက်လူမှုအဖွဲ့အစည်းမှ ဖြေကြားသူများသည် နိုင်ငံသားဆိုင်ရာ အမြင်ဖွင့်သင်တန်းများကို အစိုးရနှင့် တိုင်းရင်း သား လက်နက်ကိုင်အဖွဲ့အစည်းများမှ အပြင်းပွားဖွယ် (သို့) မသင့်လျော်သော လူမှုရေးပညာပေးမှုများအဖြစ် ရှုမြင်ကြသည်ဟု တင်ပြကြသည်။ ကချင်ပြည်နယ်ရှိ အရပ်ဘက်လူ့အဖွဲ့အစည်းတစ်ခုသည် သင်တန်းအစီအစဉ်နှစ်ခုကို ပို့ချပြုလုပ်လျက်ရှိသည်။ နိုင်ငံသားဆိုင်ရာ အမြင်ဖွင့်ပေးသည့် ပညာပေးအစီအစဉ်ဖြစ်ပြီး အခြားသော အစီအစဉ်အနေဖြင့် သင်တန်းတက်ရောက်သူများ၏ ရင်တွင်းငြိမ်းချမ်းရေးကို ကူညီဖော်ဆောင်ပေးသည့် ငြိမ်းချမ်းရေး ပညာပေးအစီအစဉ်ဖြစ်သည်။ အရပ်ဘက်လူ့အဖွဲ့အစည်းမှ ကိုယ်စားလှယ်တစ်ဦးက နိုင်ငံသားဆိုင်ရာအမြင်ဖွင့် သင်တန်းများတွင် မိမိတို့၏ရပိုင်ခွင့်များကို အစိုးရထံမှတောင်းဆိုရယူနိုင်သော နည်းလမ်းများကို သင်ကြားပြသပေးခြင်းကြောင့် ယင်းအစီအစဉ်သည် အဖျက်သဘောဆောင်သည်ဟု ပြောဆိုကြသည်။ ထို့ကြောင့် အရပ်ဘက်လူ့အဖွဲ့အစည်းများသည် နိုင်ငံသားဆိုင်ရာအမြင်ဖွင့် သင်တန်းများထက် ရင်တွင်းငြိမ်းချမ်းရေး ပညာပေး အစီအစဉ်များကို ဆောင်ရွက်ရန် အစိုးရထံမှ အတည်ပြုချက်ကိုရယူရာတွင် လွယ်ကူလေသည်။ သို့သော် တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့တစ်ခုမှ အဖွဲ့ဝင်တစ်ဦးကလည်း "ဘာလို့လဲဆိုတော့ အရပ်ဘက်အဖွဲ့အစည်းဆိုတာလည်း ပြည်သူတွေပဲလေ။ ပြည်သူဆို တော့ သူ့ရပ်ရွာက အုပ်ချုပ်တဲ့သူတွေရဲ့ ခေါင်းဆောင်မှုကို လေးစားသင့်တယ်။ အရပ်ဘက်လူ့အဖွဲ့အစည်းတွေရဲ့ ပညာရပ်ပိုင်း ဆိုင်ရာတွေ ပြီးတော့ ပတ်ဝန်းကျင်ဖွံ့ဖြိုးရေးတွေ လုပ်တာတော့ကောင်းပါတယ်။ ဒါပေမယ့် နိုင်ငံသားဆိုင်ရာ အမြင်ဖွင့်သင်တန်း တွေလုပ်ဖို့ ကြိုးစားတာတော့ အုပ်ချုပ်ရေးပိုင်းကို ပြည်သူတွေ ဝင်စွက်ဖက်အောင် လုပ်ပေးနေသလို ဖြစ်နေတယ်။ အဲ့ဒါတော့ သိပ်အဆင်မပြေဘူး။"ဟု ၎င်း၏အမြင်ကို ဖော်ပြခဲ့သည်။

လူမျိုးရေးနှင့် ဘာသာရေးဆိုင်ရာ ဖယ်ကြဉ်ခြင်း၊ အားလုံးပါဝင်သော နိုင်ငံသားလက္ခဏာ မရှိခြင်းနှင့် မြန်မာနိုင်ငံရှိ လူမျိုးရေးနှင့် ဘာသာရေးဆိုင်ရာ ဖယ်ကြဉ်မှုများသည် စီမံအုပ်ချုပ်သည့်စနစ်များ အပါအဝင် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ နိုင်ငံသားအဓိပ္ပာယ်ဖွင့် ဆိုချက်များကြောင့် ဖြစ်ပွားလျက်ရှိသည်။ မတူကွဲပြားသော အုပ်စုများနှင့် ဒေသခံပြည်သူတစ်ဦးချင်းစီ၏ သိမြင်လက်ခံပုံနှင့် အပြန်အလှန်ဆက်ဆံပုံ စသည်တို့အပေါ်မူတည်၍ အောက်ခြေအဆင့် ခွဲခြားဖယ်ကြဉ်မှုများလည်း ဖြစ်ပွားလျက်ရှိသည်။ အရပ်ဘက်လူ့အဖွဲ့အစည်းအများစု အကောင်အထည်ဖော်လျက်ရှိသော စီမံကိန်းများသည် မတူညီသောအုပ်စုများအကြား လူမှု ပေါင်းစည်းရေးဆိုင်ရာ အမြင်သဘောထားများ ပြောင်းလဲစေခြင်းအားဖြင့် လူမှုရေးပေါင်းစည်းညီညွတ်မှုကို မြှင့်တင်ရန် ရည်ရွယ် ကြခြင်း ဖြစ်သည်။ လုပ်ငန်းအစီအစဉ်များ၏ ၆၁ ရာခိုင်နှုန်းမှာ လူမှုရေးစည်းလုံးညီညွတ်မှုကို မြှင့်တင်နိုင်ရန် ရည်ရွယ်၍ ဆောင် ရွက်ခဲ့ကြသည်။ လက်ရှိအချိန်ထိ အဓိကဆောင်ရွက်ခဲ့သော လုပ်ငန်းလည်း ဖြစ်လေသည်။

အလုပ်ရုံဆွေးနွေးပွဲအားလုံး၏ ခေါင်းစဉ်များ/အကြောင်းအရာကို ပုံ ၁၆ တွင် အနှစ်ချုပ်ဖော်ပြထားပြီး ပုံမှန်ကျင်းပလေ့ရှိသော အလုပ်ရုံဆွေးနွေးပွဲများ၏ ခေါင်းစဉ်ကို စာလုံးကြီးများဖြင့် ဖော်ပြထားပါသည်။ အကြောင်းအရာအများစုမှာ အမျိုးသမီးနှင့် ကျားမ တန်းတူညီမျှရေး၊ နိုင်ငံသားဆိုင်ရာအမြင်ဖွင့်ပညာပေးအစီအစဉ်၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် စသည်တို့ဖြစ်ကြသည်။ ဖက်ဒရယ် စနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများစွာကို ကျင်းပရခြင်းမှာ အားလုံးပါဝင်သော နိုင်ငံသားလက္ခဏာတစ်ရပ်ကို ဖော်ဆောင်နိုင်ရန် ကြိုးပမ်းချက်များ ဖြစ်သည်ဟု ယူဆနိုင်ပါသည်။

## ပုံ ၁၇။ အလုပ်ရုံဆွေးနွေးပွဲ ခေါင်းစဉ်များကို စုစေးဖော်ပြချက်




၂၀၁၂ ခုနှစ်တွင် ဖြစ်ပွားခဲ့သော အုပ်စုအချင်းချင်းအကြား အကြမ်းဖက်မှုများကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံတွင် ပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအကြားတွင်ရှိသော ပဋိပက္ခအပြင် ပိုမိုနက်ရှိုင်းသောလူမှုရေးပဋိပက္ခများရှိနေသည်ကို သိနိုင်ပါသည်။ ထိုကြောင့် ရေရှည်တွင် ထိုသို့သော အမြင်သဘောထားကွဲလွဲမှုများကို လျှော့ချနိုင်ရန် လူမှုပေါင်းစည်းညီညွတ်ရေး လုပ်ငန်းများကို မဖြစ်မနေ ဆောင်ရွက်ရန် လိုသည်။ ဖြေကြားသူအများစုက ၂၀၁၂ ခုနှစ် အုပ်စုအချင်းချင်း အကြားအကြမ်းဖက်မှုများဖြစ်ပွားပြီးနောက် ဝိဝါဒများကွဲလွဲလာကာ လူမှုပေါင်းစည်းရေး လုပ်ငန်းများနှင့်ပတ်သက်ပြီး ကွဲလွဲသော အမြင်သဘောထားများ ဖြစ်ပေါ်လာသည်ဟု ဆိုသည်။ အဆိုပါပေါင်းစည်းရေး လုပ်ငန်းများဆောင်ရွက်မှု မပြုရန် ဖိအားပေးတားဆီးခြင်းများလည်း ဖြစ်ပွားလာပြီး အဆိုပါလုပ်ငန်းများကို ထိခိုက်နစ်နာမှုမရှိနိုင်သည့် နည်းပညာဆိုင်ရာ ခေါင်းစဉ်အသစ်ဖြင့် အစားထိုး၍ ပြောင်းလဲလုပ်ကိုင်လာကြရကြောင်း ဖြေဆိုသူတစ်ချို့မှ ပြောကြားခဲ့ကြသည်။

အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု (CS&PB)မူဘောင်၏ အခြားသော အကောင်အထည်ဖော်မှုအနေဖြင့် အမြင်သဘောထား ပြောင်းလဲနိုင်ရန် ဖော်ဆောင်သည့် လူမှုပေါင်းစည်းရေးလုပ်ငန်းများကို ဆောင်ရွက်သည့်ကာလမှာ တိုတောင်းပြီး လုပ်ငန်းနယ်ပယ်မှာလည်း အကန့်အသတ်ရှိလေသည်။ ယခု လေ့လာချက်အရ အမြင်သဘောထား ဗဟိုပြုသည့် ကိစ္စရပ်များထက် အမှုအကျင့် ဗဟိုပြုသည့်စီမံကိန်းများသည် ရေရှည်ပြောင်းလဲမှုများကို ဖော်ဆောင်ရာတွင် ထိရောက်သောနည်းလမ်းတစ်ခုဖြစ်ကြောင်း တွေ့ရှိရသည်။ အမူအကျင့် ဗဟိုပြုအလုပ်ရုံဆွေးနွေးပွဲများတွင် အများပိုင်သယံဇာတများကို စီမံအုပ်ချုပ်ခြင်း သို့မဟုတ် နယ်မြေကို ပူးတွဲအုပ်ချုပ်ခြင်းစသော စီမံကိန်းများ ပါဝင်လေသည်။ ထိုစီမံကိန်းများဆောင်ရွက်မှုကြောင့် ပူးပေါင်းဆောင်ရွက်မှု တိုးပွားလာခြင်းကဲ့သို့သော ရလဒ်ကောင်းများ ရရှိလာခဲ့ပြီး အမြင်သဘောထား ပြောင်းလဲရန်လိုသည်ဟု လိုလိုလားလားလက်ခံလာကြသည်။

ထိုကဲ့သို့သော စီမံကိန်းကို ရှမ်းပြည်မြောက်ပိုင်းရှိ လူငယ်အရပ်ဘက်အဖွဲ့အစည်းနှစ်ခုဖြစ်သော တအောင်းကျောင်းသား အဖွဲ့နှင့် တိုင်းလူငယ်များအဖွဲ့တို့ ဖွဲ့စည်းထားသော မြို့နယ်ပူးတွဲကော်မတီသည် အမှိုက်ကောက်ခြင်းနှင့် သစ်ပင်စိုက်ခြင်းတို့ကို ဆောင်ရွက်နေသည်။ ထို့ပြင် မန္တလေးရှိ ညီညွတ်သော အမျိုးသမီးများအဖွဲ့မှလည်း လုပ်အားအခြေပြု (သို့) အမူအကျင့် ဗဟိုပြုပြောင်းလဲရေး ဖော်ဆောင်သည့် စီမံကိန်းများကို ဆောင်ရွက်ကြသည်။

ရန်ကုန်ရှိ လူငယ်အရပ်ဘက်လူမှုအဖွဲ့အစည်းများထဲမှတစ်ခုသည် လူမျိုးရေးဘာသာရေးပဋိပက္ခများ မဖြစ်စေရန် တားဆီးကာကွယ်ရေးနှင့် အွန်လိုင်းသတင်းအမှားများကို စီစစ်လက်ခံရေးဆိုင်ရာ ပဋိပက္ခ ကာကွယ်တားဆီးရေး စီမံချက်နှင့် အရေးပေါ်တုံ့ပြန်ရေးစီမံချက်များကို ရေးဆွဲချမှတ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ ရပ်ရွာအဆင့် ပဋိပက္ခတားဆီး ကာကွယ်ရေးညှိနှိုင်းကော်မတီကို မြို့နယ်တစ်ခုတွင် အဖွဲ့ဝင် ၉ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ကျန်မြို့နယ်တွင် အဖွဲ့ဝင်ပေါင်း ၇၀ ကျော်ဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ကော်မတီဝင်များမှာ အစိုးရဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဘာသာရေးခေါင်းဆောင်များ၊ ရပ်ကွက်ကျေးရွာ/မြို့နယ်အဆင့်အာဏာပိုင်

များနှင့် လွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသည်။

## ပဋိပက္ခဖြစ်ပွားမှုတို့၏ အမွေဆိုးများ

မြန်မာနိုင်ငံတွင် ပဋိပက္ခဖြစ်ပွားပြီးနောက်တွင် ကျန်ရစ်သော အမွေးဆိုးများအနေဖြင့် လက်နက်ကိုင်တပ်ဖွဲ့များ လျင်မြန်စွာ တိုးပွားလာခြင်းနှင့် နိုင်ငံတွင်းရှိ အင်အားစုများအကြားတွင် ယုံကြည်မှုပျက်ပြားခြင်းဟူ၍ အဓိကအားဖြင့် နှစ်မျိုးခွဲခြားသတ်မှတ်နိုင်သည်။ ထို့ကြောင့် အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ လူမှုပေါင်းစည်းခြင်းဆိုင်ရာလုပ်ငန်းများ(အများဆုံး တွေ့ရှိရသော လုပ်ငန်းရပ်)မှာ ပဋိပက္ခအမွေဆိုးနှင့် သက်ဆိုင်သောအကြောင်းအရာများအတွက် ကိုက်ညီဆီလျော်မှုရှိသည်။ သို့သော်လည်း ပဋိပက္ခအမွေဆိုးမှာတွေ့ရှိခဲ့ရသော အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များ ပြုလုပ်ရသည့် ပဋိပက္ခဖြစ်စေသော အကြောင်းအရင်းများကြားတွင် အကြိမ်အရေအနည်းဆုံး ထုတ်ဖော်ပြောကြားထားသော ပဋိပက္ခဖြစ်စေသည့် အကြောင်းအရင်းတစ်ခုဖြစ်သည်။ အရပ်ဘက်အဖွဲ့အစည်းများ၏ လုပ်ငန်းအစီအစဉ်များတွင် အရပ်သားပြည်သူများအပေါ်တွင် ထိခိုက်မှုများ လျော့ချနိုင်ရန်အတွက် ပြည်သူ့စစ်အုပ်စုများနှင့် တွဲဖက်လုပ်ဆောင်မှုမရှိကြောင်း သိသာစွာမှတ်သားရသည်။ အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့်လည်း ဒေသတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ တပ်မတော်တို့နှင့် ပူးပေါင်းလုပ်ဆောင်ရသည့်လုပ်ငန်းများအတွက် စိန်ခေါ်မှုများရှိနေကြောင်း တင်ပြဆွေးနွေးကြသည်။ အရပ်ဘက်လူ့အဖွဲ့အစည်းများ အားစိုက်လုပ်ကိုင်လျက်ရှိသော အဖွဲ့အစည်းများထဲတွင် မြေမြှုပ်မိုင်းများနှင့်ပတ်သက်သော လုပ်ဆောင်ချက်များကို များများစားစားမတွေ့ခဲ့ရပါ။ ရှမ်းပြည်နယ်မှ CSO ၂ ခုမှာ မြေမြှုပ်မိုင်းအန္တရာယ်များနှင့်ပတ်သက်သော အမြင်ဖွင့်သင်တန်းများကို ပို့ချလျက်ရှိသည်ကို တွေ့ရသည်။

စစ်တမ်းကောက်ယူခဲ့သော အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ စီမံကိန်းများတွင်တွေ့ရှိရသော လိုအပ်ချက်မှာ ပြန်လည်ရင်ကြားစေ့ရေးဆိုင်ရာ လုပ်ဆောင်ချက်များကို မပြုလုပ်ကြခြင်းပင်ဖြစ်သည်။ ဖြေဆိုသူ ၁၉ % က တိုင်းရင်းသားလူမျိုးစုများအကြားတွင် ယုံကြည်မှုမရှိခြင်းသည် ပဋိပက္ခကိုအဓိကဖြစ်စေသည့် တွန်းအားများထဲမှ တစ်ခုဖြစ်သည်ဖြေဆိုကြသည်။ ဆန့်ကျင်ဘက်အားဖြင့်၂၄% ခန့်သောဖြေကြားသူများမှ ယုံကြည်မှု မရှိခြင်းသည် အခြားသော ပဋိပက္ခများ၏ အမွေဆိုးထဲမှတစ်ခုကြောင့် ဖြစ်သည်ဟု ဝေဖန်ကြသည်။ သို့သော် ယုံကြည်မှုပြန်လည် တည်ဆောက်သည့်လုပ်ငန်း ၄ ခု (လေ့လာခဲ့သော လုပ်ငန်းစဉ်များ အားလုံး၏ ၂%) နှင့် ပြန်လည်ရင်ကြားစေ့ရေးလုပ်ငန်း ၂ ခု (လေ့လာခဲ့သော လုပ်ငန်းစဉ်များ၏ ၁%) ကိုသာ ဆောင်ရွက်ထားသည်ကို တွေ့ရသည်။ ထိုယုံကြည်မှု ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းနှင့် ပြန်လည်ရင်ကြားစေ့ရေး လုပ်ငန်းနှစ်ခုလုံးသည် ထပ်နေသည့်လုပ်ငန်းစဉ်မျိုးမရှိပေ။ အထက်ပါဖော်ပြချက်များအရ လူမှုပေါင်းစည်းရေးလုပ်ငန်းစဉ်များတွင် ယုံကြည်ချက် ပြန်လည်တည်ဆောက်ခြင်းပါဝင်သည်။ မည်သို့ပင်ဆိုစေကာမူ အချို့သော CSO များမှာ လူမှုပေါင်းစည်းရေးလုပ်ငန်းစဉ်များကို ရင်ကြားစေ့ရေးနှင့် ယုံကြည်မှုတည်ဆောက်ရေးလုပ်ငန်းစဉ်များဟူ၍ ထုတ်ဖော်ပြောဆိုကြသည်။

ထိုသို့ဖြစ်ရခြင်းမှာ အရပ်ဘက်လူ့အဖွဲ့အစည်းများသည် မြေသိမ်းယူခြင်း၊ အပစ်အခတ်ရပ်စဲရေးနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများစသော ကိစ္စရပ်များနှင့်ပတ်သက်၍သာ တာဝန်ယူမှု တာဝန်ခံမှု၊ အမှန်တရားနှင့် တရားမျှတမှုတို့ကို ဖော်ဆောင်နိုင်ရန် သုတေသနပြု၊ စာတမ်းထုတ်ဝေနိုင်ရန် ကြိုးပမ်းအားထုတ်လျက်ရှိကြသောကြောင့် ဖြစ်သည်။

## လွှတ်လပ်ခွင့်မရှိခြင်း၊ တာဝန်ယူမှု တာဝန်ခံမှုမရှိခြင်းနှင့် တရားဥပဒေစိုးမိုးမှုမရှိခြင်း

သာမန်အရပ်သားပြည်သူများ တိုက်ခိုက်ခံရခြင်းများသည် မြန်မာနိုင်ငံ၏ ပဋိပက္ခများကိုဖြစ်ပွားစေသည့် အဓိကအကြောင်းရင်းများထဲမှ တစ်ခုပင်ဖြစ်သည်။ ဖြေဆိုသူ အများစု၏ ဖြေကြားချက်များအရ ထိုသို့ဖြစ်ရခြင်းမှာ တရားဥပဒေစိုးမိုးမှုမရှိခြင်းကြောင့် ဖြစ်သည်ဟု သိရသည်။ အမျိုးမျိုးသော လက်နက်ကိုင် အင်အားစုများ၏ အရပ်သားများအပေါ် ကျူးလွန်သော ပြစ်မှုများကို တာဝန်ယူမှု တာဝန်ခံမှုရှိစေရန်အတွက် ရည်ရွယ်၍ ဥပဒေပိုင်းအရစည်းရုံးလှုံ့ဆော် ဆောင်ရွက်လျက်ရှိသော အစီအစဉ်များစွာရှိပါသည်။ အရပ်ဘက် လူ့အဖွဲ့အစည်း ၄ ခုသည် ပြစ်မှုများနှင့် အလွဲသုံးစားပြုမှုများကို စောင့်ကြည့်လေ့လာခြင်းနှင့် ဥပဒေအရ တိုက်တွန်းလှုံ့ဆော်ခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိသည်။ တပ်မတော်အဖွဲ့များမှ ကျူးလွန်သော လူသတ်မှုများကို တာဝန်ယူတာဝန်ခံမှု ရှိလာစေရန်အတွက် ရှမ်းပြည်နယ်မှ အရပ်ဘက်လူ့အဖွဲ့အစည်းတစ်ခု၏ ဥပဒေအရ တိုက်တွန်းလှုံ့ဆော်မှုများသည် တာဝန်ယူမှု တာဝန်ခံမှုရှိလာစေရန် လုပ်ဆောင်နိုင်သော သာဓက နည်းလမ်းတစ်ခုပင် ဖြစ်သည်။

နိုင်ငံသားဆိုင်ရာ အမြင်ဖွင့်သင်တန်းများနှင့် ဥပဒေဆိုင်ရာ အသိအမြင်ဖွင့်သင်တန်းများ ပို့ချသည့် အစီအစဉ်အများစုသည် (စီးပွားရေးဆိုင်ရာ မက်လုံးပေးမှု အခန်းတွင်ပါဝင်သော စီးပွားရေးဆိုင်ရာ စီမံအုပ်ချုပ်မှုနှင့် မြေယာပိုင်ဆိုင်မှုစသော ခေါင်းစဉ်များမှအပ) ပြည်သူလူထုအား တာဝန်ယူမှုတာဝန်ခံမှုကို သိရှိလာစေရန်နှင့် လိုအပ်သော သတင်းအချက်အလက်အရင်းအမြစ်များ

ကို ရယူနိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်သည်။ အစမွကျင့်ခံရမှုနှင့် လိင်မှုဆိုင်ရာ အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့ပါက တာဝန်ယူတာဝန်ခံမှုများကို ရယူတောင်းဆိုနိုင်ရန် အမျိုးသမီးများအား သင်တန်းပို့ချမှုများကို များစွာပြုလုပ်ခဲ့ကြသည်။ အစမွကျင့်ခံရမှု၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် လူကုန်ကူးမှုများ သို့မဟုတ် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုစသည့် အမှုကိစ္စများအတွက် တာဝန်ယူမှု တာဝန်ခံမှုများရှိလာစေရန် လုပ်ဆောင်ရာတွင် လိုအပ်သော အရင်းအမြစ်များ သို့မဟုတ် အမျိုးသမီးများ၏ ယုံကြည်မှု/စွမ်းဆောင်ရည်များ တိုးပွားမြင့်တက်လာစေရန် အလေးထား ဆောင်ရွက်ခဲ့သော အစီအစဉ် ၉ ခု ရှိပါသည်။

| *အဖွဲ့အစည်းအကျဉ်းချုပ် ၁၂ - ရှမ်းပြည်နယ်မြောက်ပိုင်း အမျိုးသမီးများအဖွဲ့အစည်းကွန်ယက် (NSS WON)* | |
|---|---|
| ရန်ပုံငွေအရင်းအမြစ် | Care Myanmar ၊ နိုင်ငံတကာကယ်ဆယ်ရေးကော်မတီ (International Rescue Committee) ။ |
| ဆောင်ရွက်သည့်ဒေသ | ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မြို့နယ် ၉ ခု |
| အကဲဖြတ်သုံးသပ်ချက် | အဖွဲ့၏တာဝန်ခံများနှင့် သုံးလတစ်ကြိမ် အစည်းအဝေးကျင်းပခြင်း |

NSS WON သည် မြို့နယ် ၉ ခုမှ အမျိုးသမီး အဖွဲ့အစည်းအမျိုးမျိုးကို အဖွဲ့ (၂၃)ဖွဲ့ခွဲကာ ကျား/မ အခြေပြုအကြမ်းဖက်မှုဆိုင်ရာ စွမ်းဆောင်ရည်မြင့်တင်သည့် သင်တန်းများကို ပို့ချခဲ့သည်။ သင်တန်း ၂၃ ကြိမ်ပို့ချပြီးနောက် သင်တန်းသားများနေထိုင်သော ဒေသအသီးသီးတွင် အသိအမြင်ဖွင့်ဟောပြောပွဲများ ကျင်းပခဲ့သည်။ ကျား/မအခြေပြု အကြမ်းဖက်မှုဆိုင်ရာဖြစ်ရပ်များ ဖြစ်ပွားခဲ့ပါက NSS WON သည် ထိုဖြစ်ရပ်များကို စီမံခန့်ခွဲနိုင်ရန် ဥပဒေပိုင်းဆိုင်ရာ ကူညီပံ့ပိုးပေးမှု၊ ကျန်းမာရေး အထောက်အပံ့များ၊ လုံခြုံစွာနေထိုင်နိုင်ရန် စီစဉ်ပေးခြင်း၊ လူမှုစိတ်ပိုင်းဆိုင်ရာ အားပေးကူညီခြင်းများကို ရှေ့နေ ၂ ယောက်နှင့် NSS WON အဖွဲ့မှ ကျားမအခြေပြု အကြမ်းဖက်မှုများ တုံ့ပြန်ရေးတာဝန်ခံ ၂ ဦးတို့ဖြင့် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါသည်။

ဖြေကြားသူအများစုသည် အပစ်အခတ်ရပ်စဲမှု သဘောတူညီချက်ကို ဖောက်ဖျက်မှုများသည် တရားဥပဒေစိုးမိုးရေးကိစ္စရပ်ပင် ဖြစ်ကြောင်း သုံးသပ်ကြသည်။ ထိုသုံးသပ်ချက်အရ အပစ်အခတ်ရပ်စဲမှု စောင့်ကြည့်လေ့လာခြင်းနှင့် ဖောက်ဖျက်မှုများရှိခဲ့ပါက သတင်းပေးအစီရင်ခံခြင်းတို့ကို လုပ်ဆောင်ခဲ့ပါက တရားဥပဒေစိုးမိုးမှုကို မြှင့်တင်နိုင်ပေမည်။ သို့သော် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အပစ်အခတ်ရပ်စဲမှု စောင့်ကြည့်လေ့လာမှု စီမံကိန်းများသည် ထိရောက်မှု ရှိ မရှိကို လေ့လာဆုံးဖြတ်နိုင်ခဲ့ခြင်း မရှိပေ။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)၏ အရပ်ဘက်အဖွဲ့များ စောင့်ကြည့်လေ့လာခြင်း လုပ်ငန်းများလုပ်ဆောင်မှုကို ကန့်သတ်ပိတ်ပင်မှုများ ပြုလုပ်ခဲ့သည့် ဆုံးဖြတ်ချက်ကြောင့် အရပ်ဘက်အဖွဲ့အစည်းများ၏ စောင့်ကြည့်ရေးလုပ်ငန်းများကို လုပ်ဆောင်သည့် အခန်းကဏ္ဍ ကျဉ်းမြောင်းလာသည်။ အရပ်ဘက် လူ့အဖွဲ့အစည်းများသည် ၎င်းတို့က စတင်ခဲ့သည့် စောင့်ကြည့်လေ့လာရေးလုပ်ငန်းစဉ်မှ အရပ်သားပြည်သူများကို သင်တန်းများပေးကာ စောင့်ကြည့်သူများ အဖြစ် မွေးထုတ်ခြင်း၊ ထိုစောင့်ကြည့်လေ့လာသူများမှ JMCသို့ သတင်းပေးတိုင်တန်းမှုများလည်း ပြုလုပ်ခဲ့ရာ ယခုကဲ့သို့ တားဆီးကန့်သတ်မှုများမှာ ယခင်ကပင်လုပ်ဆောင်ခဲ့သော စောင့်ကြည့်လေ့လာမှုလုပ်ငန်းစဉ်များ၏ ထိရောက်မှုကို များစွာ လျော့ကျစေခဲ့သည်။ လူမှုနည်းလမ်းဖြင့် အမူအကျင့်ပြောင်းလဲစေခြင်း စီမံကိန်းများသည် ပြည်သူများအနေဖြင့် နိုင်ငံရေးကိုယ်စားပြုမှု လက်လှမ်းမီစေရန်အတွက် ပြည်သူများ၏ စွမ်းဆောင်ရည်မြှင့်တင်ရန် ရည်ရွယ်သည်။ စီမံကိန်းများတွင် နိုင်ငံသားဆိုင်ရာ အမြင်ဖွင့်သင်တန်း (ဥပဒေရေးရာ သိကောင်းစရာသင်တန်း) များပေးခြင်း၊ သို့တည်းမဟုတ် ပြည်သူနှင့် နိုင်ငံရေးပါတီများ (သို့) တိုင်းရင်းသား လက်နက်ကိုင်များအကြား ဆွေးနွေးပွဲ စကားဝိုင်းများ ပြုလုပ်ပေးခြင်းဖြင့် စွမ်းဆောင်ရည်များကို မြင့်တင်ခဲ့သည်။

**ဇယား ၁၃။ ပဋိပက္ခဖြစ်ပေါ်စေနိုင်သော အကြောင်းအရာများနှင့် ဆက်စပ်ပြဿနာများ၊ အရပ်ဘက် အဖွဲ့အစည်းများ၏ အထောက်အကူပြုမှုများ**

| ပဋိပက္ခဖြစ်ပေါ်စေနိုင်သော အကြောင်းအရာများ | ဆက်နွယ်ပတ်သက်သည့် လုပ်ဆောင်ချက်များ | အဓိကတွေ့ရှိချက်များ |
|---|---|---|
| **လွတ်လပ်ခွင့်၊ တာဝန်ခံမှုနှင့် တရားဥပဒေ စိုးမိုးမှုမရှိ ခြင်း** | - နိုင်ငံသားဆိုင်ရာနှင့် ဥပဒေအသိအမြင် ဖွင့် အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ<br><br>- အပစ်အခတ်ရပ်စဲမှု စောင့်ကြည့်လေ့လာခြင်း<br><br>- ဆောလျင်စွာ တုံ့ပြန်ညှိနှိုင်းပံ့ပိုးပေးခြင်းနှင့် စည်းရုံးလှုံ့ဆော်ခြင်း လုပ်ငန်းစဉ်များ | - နိုင်ငံသားဆိုင်ရာ အမြင်ဖွင့်သင်တန်းသည် ဥပဒေဆိုင်ရာ အချက်အလက်များဖြင့် ပံ့ပိုးကူညီပေးခြင်းဖြင့် ထိရောက်စွာ လေ့ကျင့်သင်ကြားပေးသည်။<br><br>- အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ အပစ်အခတ်ရပ်စဲမှု စောင့်ကြည့် လေ့လာသည့်လုပ်ငန်းများသည် JCM မှ အခြား လုပ်ငန်းများဖြင့် အစားထိုးခြင်းနှင့် ပယ်ဖျက်ခဲ့ခြင်း မတိုင်မီက ပိုမိုထိရောက်ခဲ့ပါသည်။ |
| **နိုင်ငံရေးစနစ်နှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်** | - ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်သည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကို တိုက်ရိုက်ကူညီထောက်ပံ့ပေးခြင်း။<br><br>- UCCPF/အကြောင်းအရာ အခြေပြု နိုင်ငံရေး ဆွေးနွေးပွဲများတွင် ပူးပေါင်းဆောင်ရွက်ခြင်း။<br><br>- အသိအမြင်ဖွင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း။<br><br>- စွမ်းဆောင်ရည်မြှင့်ပွဲများ ကျင်းပခြင်း။<br><br>- အပစ်အခတ်ရပ်စဲမှု စောင့်ကြည့်လေ့လာခြင်း။ | - ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် အရပ်ဘက်အဖွဲ့အစည်းများသည် EAOsများကို တိုက်ရိုက်ကူညီပံ့ပိုးပေးခြင်းဖြင့် အဓိကလွှမ်းမိုးပါဝင်လာကြသည်။<br><br>- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမျိုးသမီးများ ပါဝင်နိုင်စေရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းများကို ရည်ရွယ်ဆောင်ရွက်သည့် အစီအစဉ်များစွာ ရှိသည်။<br><br>- CSO တို့၏ ဖယ်ဒရယ်၊ ကျား-မရေးရာ အလုပ်ရုံဆွေးနွေးပွဲများအပြင် မြေယာ၊ သဘာဝပတ်ဝန်းကျင် သို့မဟုတ် တရားမျှတမှုနှင့် ရင်ကြားစေ့ရေးနှင့် သက်ဆိုင်သော အလုပ်ရုံဆွေးနွေးပွဲ အနည်းငယ်တို့ရှိသည်။ |
| **စီးပွားရေးဆိုင်ရာ မက်လုံးများ** | - နိုင်ငံသားဆိုင်ရာနှင့် ဥပဒေ အသိအမြင်ဖွင့် အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ။<br><br>- အရပ်ဘက်လူ့အဖွဲ့အစည်းများသည် မြေယာသိမ်းဆည်းခြင်းဆိုင်ရာ ကိစ္စရပ်များအတွက် ပြည်သူများနှင့် EAOs/တပ်မတော် အ ကြား ညှိနှိုင်းဆွေးနွေးပွဲများ ပြုလုပ်ပေးသည်။<br><br>- CSOs များသည် EAOs/ တပ်မတော်နှင့် ပြည်သူလူထုတို့အကြား မြေယာသိမ်းဆည်းမှုများနှင့်စပ်လျဉ်းသည့် စကားဝိုင်းဆွေးနွေးမှုများကို ပံ့ပိုးကူညီနိုင်သည်။ | - နိုင်ငံသားဆိုင်ရာ အမြင်ဖွင့်သင်တန်းသည် ဥပဒေဆိုင်ရာ အချက်အလက်များဖြင့် ပံ့ပိုးကူညီပေးခြင်းဖြင့် ထိရောက်စွာ လေ့ကျင့်သင်ကြားပေးသည်။ |
| **လူမျိုးရေးနှင့် ဘာသာရေးဆိုင်ရာ ဖယ်ကြဉ်ခြင်းနှင့် အားလုံးပါဝင်သော နိုင်ငံသားလက္ခဏာ မရှိခြင်း** | - လူမှုပေါင်းစည်းရေးလုပ်ငန်းအမျိုးမျိုး<br><br>- အနုပညာဖျော်ဖြေမှုများ၏ အရေးပါမှု အခန်းကဏ္ဍ | - လူမှုပေါင်းစည်းရေး လုပ်ငန်းအများစုသည် ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ခြင်း မရှိပေ။ |

| | | |
|---|---|---|
| **ပဋိပက္ခ၏အမွေဆိုးများ** | - လူမှုပေါင်းစည်းရေးလုပ်ငန်းများ<br><br>- ငြိမ်းချမ်းရေး အသိပညာပေး အလုပ်ရုံ ဆွေးနွေးပွဲများ | - လူမှုပေါင်းစည်းရေးလုပ်ငန်းများသည် လူအချင်းချင်း ယုံကြည်မှုပြန်လည်တည်ဆောက်ရေးအတွက် အရေးကြီးသည်။ သို့သော် အရပ်ဘက်လူ့အဖွဲ့အစည်းများမှ ဖြေဆိုသူများသည် ထိုလုပ်ငန်းများလုပ်ဆောင်ရာတွင် ၎င်းကဲ့သို့ လူအချင်းချင်းယုံကြည်မှု ပြန်လည်တည်ဆောက်ခြင်းဆိုသည့် ပုံစံသဘောမျိုး သုံးစွဲခြင်းမရှိခဲ့ပေ။<br><br>- ပြန်လည်ရင်ကြားစေ့ရေး လုပ်ငန်းများကို စီမံကိန်းအနည်းငယ်သာ လုပ်ဆောင်ကြသည်။ |
| **အခြားကိစ္စရပ်များ** | - မူးယစ်ဆေးဝါးသုံးစွဲမှု ပျံ့နှံ့လာခြင်း<br><br>- သတင်းအချက်အလက် လွဲမှားခြင်း<br><br>- အသက်အရွယ်နှင့် ကျားမဖြစ်တည်မှု အပေါ် ခွဲခြားဆက်ဆံခြင်း | |

# အခန်း ၅

## အကြံပြုတိုက်တွန်းချက်များ



အရပ်ဘက်လူ့အဖွဲ့အစည်းများ ငြိမ်းချမ်းရေးတည်ဆောက်သည့်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့ရသော အခက်အခဲများကိုလျှော့ချရန်နှင့် ထိုအဖွဲ့အစည်းများ၏ လုပ်ဆောင်မှုရလဒ်ကောင်းများကို တိုးမြှင့်နိုင်ရန်အလို့ငှာ ပြည်ထောင်စုအစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း၊ နိုင်ငံရေးပါတီများ၊ CSOs နှင့် လှူဒါန်း ထောက်ပံ့သူများအပါအဝင် မြန်မာနိုင်ငံရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်ပါရှိသည့် အင်အားစုများအားလုံးအတွက် အောက်ပါ အကြံပြုချက်များကို တင်ပြဆွေးနွေးထားပါသည်။

## ပြည်ထောင်စုအစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း၊ နိုင်ငံရေးပါတီများ

၁။ ***အရပ်ဘက်လူ့အဖွဲ့အစည်းများကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံဆွေးနွေးပွဲများ၊ ယင်းနှင့်စပ်လျဉ်းသည့် ကြီးကြပ်လမ်းညွှန်မှုအဖွဲ့နှင့် UPDJC တွင် တရားဝင်ပူးပေါင်းပါဝင်ခွင့်ကို သတ်မှတ်ပေးအပ်သင့်ပါသည်။***

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- ၂၁ ရာစုပင်လုံညီလာခံကို ကျင်းပနေခြင်းသည် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီစာချုပ် ရေးထိုးနိုင်ရေးဖော်ဆောင်လျက်ရှိသည့် လုပ်ငန်းစဉ်ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းပင်ဖြစ်သည်။ သို့သော်လည်း ရေရှည်တည်တံ့ပြီး တိုးတက်မှုဆောင်သည့်ငြိမ်းချမ်းရေးကို ရယူတည်ဆောက်ရာတွင် လိုအပ်ချက်များစွာရှိလေသည်။ သို့ဖြစ်ပါ၍ အပစ်အခတ်ရပ်ဆဲရေး သဘောတူညီစာချုပ်ချုပ်ဆိုနိုင်ရေး ချမှတ်ထားသည့်လုပ်ငန်းစဉ်မှာ စစ်မှန်သော ငြိမ်းချမ်းရေးသဘောတူညီချက်ကို ဖော်ဆောင်ရယူနိုင်ရန် လုံလောက်မှုမရှိနိုင်ပေ။ ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်နိုင်ရေး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာမူစည်းမျဉ်းများ ဖော်ထုတ်ခြင်းနှင့် အဆိုပါမူဘောင်များကိုအခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းတို့တွင် ပူးပေါင်းပါဝင်ခြင်း အားဖြင့် ငြိမ်းချမ်းရေးတည်ဆောက်သည့် လုပ်ငန်းစဉ်ကို အထောက်အကူပြုနိုင်သည့် CSOs များ၏ ပူးပေါင်းကူညီဆောင်ရွက်မှုများသည် လွန်စွာအရေးပါလှလေသည်။

၂။ ***ပြည်ထောင်စုအစိုးရသည် CSOs ၏ ဆွေးနွေးအကြံပြုချက်များကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် မည်သည့်နည်းလမ်းများကို ထည့်သွင်းဖော်ပြသင့်ကြောင်း ရှင်းလင်းစွာ ချမှတ်ထားသင့်သည်။***

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်ပါဝင်သော ဆက်စပ်ပတ်သက်သူများသည် ကဏ္ဍအလိုက်ရှိ လူသားများကိုစုစည်း၍ စည်းရုံးပေါင်းစည်းမှုစွမ်းရည်များနှင့် ပွဲများကိုကျင်းပစီစဉ်ကူညီပံ့ပိုးပေးသော CSOs များ၏ ကျွမ်းကျင်မှုများကို အသိအမှတ်ပြုကြပါသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံရေး ပါတီများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရှိ နယ်ပယ်အသီးသီးတွင် CSOs များ ပူးပေါင်းဆောင်ရွက်ရန်လိုပုံကို သိရှိဖော်ပြကြပါသည်။ ယခုလေ့လာမှုများအရ ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ သည် CSOs များ၏ ဆွေးနွေးညှိနှိုင်းအဆိုပြုမှုများကို ညှိနှိုင်းဆွေးနွေးပွဲများတွင် မည်သို့ပေါင်းစပ်အသုံးချမည်ကို ပြတ်သားစွာဖော်ပြထားခြင်းမရှိသည်ကို တွေ့ရှိရသည်။ လက်ရှိ ၂၁ ရာစုပင်လုံ ညီလာခံ တွင် CSOs များ၏ ညှိနှိုင်းဆွေးနွေးမှုများမှ ရလာသော အဆိုပြုအကြံပေးချက်များကို လက်ရှိညှိနှိုင်းဆွေးနွေးသည့်လုပ်ငန်းစဉ်များတွင် မည်သို့ပေါင်းစပ်အသုံးပြုသွားမည်ကို ရှင်းလင်းစွာဖော်ထုတ်သင့်ပါသည်။

၃။ ***ပြည်ထောင်စုအစိုးရသည် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းအပေါ်ထားရှိသည့် ကန့်သတ်ချက်များကို ဖြေလျှော့ပယ်ဖျက်သင့်ပါသည်။***

အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးတည်ဆောက်သည့်လုပ်ငန်းများသည် မြန်မာနိုင်ငံအတွင်းရှိ ပဋိပက္ခများကို ကူညီဖြေရှင်းရာတွင် များစွာအထောက်အကူပြုလျက်ရှိသည်။ အဆိုပါလုပ်ဆောင်ချက်များအပေါ် နိုင်ငံရေးအရ၊ ဥပဒေလမ်းကြောင်းအရ ပိတ်ပင်တားဆီးမှုများကို အဆုံးသတ်သင့်ပါသည်။ လှူဒါန်းသူများမှလည်း အထက်ပါကိစ္စအတွက် တိုက်တွန်းနှိုးဆော်မှုများကို ပြုလုပ်သင့်ပါသည်။

၄။ ***တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများသည် ပိုမိုပူးပေါင်းဆောင်ရွက်ရန်လိုသည်။***

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် မူဝါဒအခြေပြု CSOs များ၊ အထူးသဖြင့် ပညာရှင်များအပေါ် မှီခိုလေသည်။ သို့သော်လည်း အခြားသော အရပ်ဘက်အဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပူးပေါင်းမှုအား၏ ရလဒ်ကောင်းများရရှိနိုင်ရန်မှု အဆိုပါ

CSOs များ၏ လုပ်ငန်းရပ်များအား ပိုမိုနားလည်မှုရရှိရန် ကြိုးပမ်းရာတွင်မူ အခက်အခဲအကန့်အသတ်များရှိနေသည်။ အမှန်တကယ်အားဖြင့် လူ့အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး တက်ကြွလှုပ်ရှားသောအဖွဲ့များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပိုမိုချိတ်ဆက်လုပ်ဆောင်ခြင်းဖြင့် အခွင့်အရေးကောင်းများ ရရှိနိုင်သည်။

## အရပ်ဘက်လူ့အဖွဲ့အစည်းများ

၅။ ***CSOs လုပ်ငန်းအားလုံးတွင် ပိုမိုပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်သည်။***

CSOs များသည် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ရလဒ်ကောင်းများဖော်ဆောင်ရာတွင် ညှိနှိုင်းမှုမရှိခြင်းကြောင့် များစွာအဟန့်အတားဖြစ်စေပြီး အစီရင်ခံစာတွင်ဖော်ပြထားသော အောင်မြင်မှုများမှာလည်း ပူးပေါင်းဆောင်ရွက်မှုကြောင့် ရရှိခဲ့ခြင်းပင်ဖြစ်သည်။

UCCPF and CSFoP တို့သည် တည်ဆဲအာဏာအင်အားစုများနှင့် ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်နိုင်ရန် မဟာဗျူဟာကျစွာ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည်။ အဆိုပါအစီအစဉ်နှစ်ခုသည် နီးနွယ်ပတ်သက်မှုများနှင့် အပြန်အလှန်ချိတ်ဆက်မှုများရှိသော်လည်း ၎င်းတို့နှစ်ခုအကြားတွင် သိသာထင်ရှားသောပူးပေါင်းဆောင်ရွက်မှုများကိုမူ ယခု စာတမ်းမှ လေ့လာတွေ့ရှိခဲ့ခြင်းမရှိပါ။ အဖွဲ့အစည်းနှစ်ခုလုံးတွင်ပါဝင်သည့် အကြီးတန်းခေါင်းဆောင်များသည် မိမိတို့တာဝန်လုပ်ငန်းများ၏ အပြန်အလှန် ဖြည့်စွက်ပေါင်းစည်းလုပ်ကိုင်ရန်လိုသည့် သဘောသဘာဝကို သိရှိထားကြသည်။

UCCPF တွင်တရားဝင်တာဝန်ယူထားကာ CSFoP တွင် ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့်စပ်လျဉ်းသည့် နည်းပညာဆိုင်ရာကျွမ်းကျင်မှုများ၊ သိတတ်နားလည်မှုများနှင့် အတွေ့အကြုံများရှိလေသည်။ ထို့ကြောင့် အတူတကွပေါင်းစည်းလုပ်ကိုင်ခြင်းဖြင့် လမ်းကြောင်း (၁) တွင် ပါဝင်သည့်အင်အားစုများ၊ အထူးသဖြင့် UPDJC အတွင်းရေးမှူးအဖွဲ့ဝင်များကို လမ်းကြောင်း (၂) နှင့် (၃) ရှိ အင်အားစုများနှင့် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲများကျင်းပ၍ ထိုသူများ၏ အမြင်သဘောထားများသိရှိစေရန် စည်းရုံးသွေးဆောင်နိုင်မည်ဖြစ်သည်။ ဤနည်းအားဖြင့် အရပ်ဘက်လူ့အဖွဲ့အစည်းများအနေဖြင့် နည်းပညာဆိုင်ရာကူညီပံ့ပိုးမှုများကို ထောက်ပံ့ပေးနိုင်ပြီး ဆုံးဖြတ်ချက်ချမှတ်သူများထံ မိမိတို့ဆွေးနွေးတင်ပြလိုသောအကြောင်းများကို ထုတ်ဖော်နိုင်မည်ဖြစ်သည်။

၆။ ***လူမှုပေါင်းစည်းရေး၊ ပညာရေး၊ တရားမျှတရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အခွန်ကောက်ယူရေး စသည့်ကိစ္စရပ်တစ်ခုချင်းစီနှင့်စပ်လျဉ်းသည့် အထူးဆွေးနွေးပွဲများကို ကျင်းပသင့်ပါသည်။***

CSOs များသည် နိုင်ငံတကာစံနှုန်းများ၊ အလေ့ကျင့်ကောင်းများနှင့်ပတ်သက်သည့် မိမိတို့၏သိတတ်နားလည်မှုများဖြင့် ကိစ္စရပ်အမျိုးမျိုးတွင် ကူညီပံ့ပိုးပေးနိုင်သောကြောင့် အရေးပါလေသည်။

မူဝါဒဆိုင်ရာမူဘောင်များကို UPDJC နှင့် UPC များတွင်သာ ချမှတ်ကြသော်လည်း တည်ဆဲဆက်စပ်ပတ်သက်သူများ- အထူးသဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများသည် အရပ်ဘက်လူ့အဖွဲ့အစည်းများ မူဝါဒဆိုင်ရာစာတမ်းများပြုစုခြင်းအပေါ် ကျေးဇူးတင်ရှိကြပြီး အဆိုပါစာတမ်းများသည် အဆိုပါမူဝါဒများအကောင်အထည်ပေါ်လာရေးအတွက် အသုံးဝင်ကြောင်း ပြောဆိုကြသည်။

၇။ ***လူမှုပေါင်းစည်းရေးလုပ်ငန်းများကို အမျိုးအစားစုံလင်သော ပြည်သူများကျယ်ပြန့်စွာ ပူးပေါင်းပါဝင်လာအောင် လုပ်ဆောင်ရမည်ဖြစ်သည်။***

မြန်မာနိုင်ငံရှိ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးတည်ဆောက်ရာတွင်ပါဝင်သော အရပ်ဘက်လူ့အဖွဲ့အစည်းများ၏အခန်းကဏ္ဍကို အသိအမှတ်ပြုလျက် အရပ်ဘက်လူ့အဖွဲ့အစည်းများသည် ပြည်သူလူထုနှင့်ချိတ်ဆက်ဆောင်ရွက်ရာတွင် အနုပညာနှင့်လူသားဆန်မှုတို့ကို အသားပေးစဉ်းစားသင့်သည်။ အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းများကို ပုံမှန်အားဖြင့် စိတ်ဝင်စားမှုနည်းသော ပြည်သူလူထုတို့အတွက် အနုပညာနှင့်လူသားဆန်မှုတို့ကို အသုံးပြု၍ ဖန်တီးထားသော ဂီတ၊ ရုပ်ရှင်နှင့် သရုပ်ဆောင်များသည် ပြည်သူလူထုအား စိတ်ပါဝင်စားအောင် ဆောင်ရွက်ရာ၌ ပိုမိုထိရောက်စေသည်။

## လှူဒါန်းသူများ

၈။ ***လူမှုပေါင်းစည်းရေးနှင့် ဘာသာကွဲလူမျိုးကွဲများအကြား ဆက်ဆံရေးတည်ဆောက်မှုဆိုင်ရာ အရပ်ဘက်လူ့အဖွဲ့အစည်းများ၏လုပ်ဆောင်ချက်များကို တိုးမြှင့်သင့်ပါသည်။***

CSOs များသည် ရပ်ကွက်ကျေးရွာအဆင့်တွင် ပြည်သူလူထုများကို ငြိမ်းချမ်းရေး၏အရေးပါပုံနှင့် ပဋိပက္ခများ ချုပ်ငြိမ်းမှု၏ အရေးပါပုံစသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်သည့် အသိအမြင်များကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပညာပေးနိုင်လေသည်။ ဤနည်းအားဖြင့် ပြည်သူလူထု အကြား စည်းလုံးညီညွတ်မှုကိုလည်း ပိုမိုရှိလာနိုင်မည်ဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခများ တိုးပွားလာသည့်အလျောက် အရပ်ဘက်လူ့အဖွဲ့အစည်းများသည် စုံလင်များပြားသော တိုင်းရင်းသားအုပ်စုများအကြား လွတ်လပ်ပွင့်လင်းသည့်ဆွေးနွေးပွဲများကို ပုံမှန်ကျင်းပခြင်းအားဖြင့် ထိုအုပ်စုများအကြား ယုံကြည်မှုများကို တည်ဆောက်နိုင်က ပဋိပက္ခဖြစ်ပွားမှုကို ကာကွယ်နိုင်မည်ဖြစ်သည်ဟု ထည့်သွင်းစဉ်းစားကြသည်။ အရပ်ဘက်လူ့အဖွဲ့အစည်းများသည် စုံလင်များပြားသော CSOs များနှင့် တိုင်းရင်းသား ခေါင်းဆောင်များအကြား အပြန်လှန်စကားဝိုင်းဆွေးနွေးပွဲများဖြင့် ပေါင်းစည်းညီညွတ်ရေး တည်ဆောက်မှုများကို ဖော်ဆောင်နိုင်ရန် လှူဒါန်းသူများမှ ကူညီထောက်ပံ့မှုများ ပိုမိုပေးရန်လိုအပ်သည်ဟု ထုတ်ဖော်ပြောဆိုကြသည်။

၉။ ***CSOs များက ပိုမိုကျယ်ပြန့်ထိရောက်သော အသိပညာအကြံပေးမှုများ ဆောင်ရွက်နိုင်ရန်နှင့် အချင်းချင်း ပိုမိုချိတ်ဆက်လုပ်ဆောင်နိုင်ရန် ပံ့ပိုးမှုများပေးရန် လိုအပ်သည်။***

အရပ်ဘက်လူ့အဖွဲ့အစည်းများသည် မိမိတို့၏တိုက်တွန်းလှုံ့ဆော်သည့် လူထုလှုပ်ရှားမှုကိုပြုလုပ်ရာတွင် လူမှုမီဒီယာများကို အားထားရလေသည်။ အဆိုပါအချက်သည် မဟာဗျူဟာကျသော်လည်း အခြားနည်းလမ်းဖြင့် တိုက်တွန်းလှုံ့ဆော်မှုများပြုခြင်းကို ပေါင်းစပ်အသုံးချမှု အားနည်းသွားခဲ့သည်။ အရပ်ဘက်လူ့အဖွဲ့အစည်းများသည် ပရိသတ်များစွာသိရှိနိုင်စေရန် ပုံနှိပ်မီဒီယာနှင့် ဒစ်ဂျစ်တယ် (ထုတ်လွှင့်) မီဒီယာများနှင့်မိတ်ဖက်ပြု၍ဆောင်ရွက်ရန် လိုသည်။ လှူဒါန်းထောက်ပံ့သူများသည် အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ အကြံပေးတိုက်တွန်းလှုံ့ဆော်သည့် နည်းလမ်းများ ပိုမိုထိရောက်ရန်အတွက် မီဒီယာကိုကောင်းစွာအသုံးချတတ်စေရန် မီဒီယာသင်တန်းများကို ပို့ချပေးရန်လိုအပ်သည်။

၁၀။ ***ပြည်နယ်များရှိ CSOs များသည် လှူဒါန်းထောက်ပံ့မှုများ လျှောက်ထားရယူရာတွင် အကူအညီများ လိုအပ်သည်***။

လှူဒါန်းထောက်ပံ့မှုများကို ရယူရန်ခက်ခဲလျက်ရှိသော ပြည်နယ်အသီးသီးရှိ CSOs များ၏ လျှောက်လွှာများ အထူးတလည်လက်ခံပေးနိုင်ရန် ဆောင်ရွက်သင့်ပါသည်။ လှူဒါန်းထောက်ပံ့သူများသည် တိုင်းရင်းသားဘာသာစကားပြောဆိုသောလျှောက်ထားသူများ ပိုမိုအဆင်ပြေစေရန်အတွက် ကူညီပံ့ပိုးမှုများ ပေးအပ်သင့်သည်။ ရန်ပုံငွေလျှောက်ထားသည့်ကိစ္စရပ်မှအစပြု၍ အစီရင်ခံစာတင်ပြခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းအဆင့်ထိတိုင်အောင် စီမံကိန်းကာလတစ်လျှောက် ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးရှိ အရပ်ဘက်အဖွဲ့အစည်းများ၏ လုပ်ငန်းစဉ်များကို အလှူရှင်များသည် ထိရောက်စွာပံ့ပိုးသင့်သည်။

လှူဒါန်းသူများသည် CSOs များအား စံသတ်မှတ်ချက်များနှင့် ကိုက်ညီစေရန် စွမ်းဆောင်ရည်တည်ဆောက်ပေးမှုများကိုလည်း ထောက်ပံ့ပေးနိုင်သည်။ ပရဟိတအဖွဲ့အစည်းများနှင့် အရပ်ဘက်အခြေပြုအဖွဲ့အစည်းများ CBOs မှာလည်း စွမ်းဆောင်ရည်တည်ဆောက်မှုများ ပြုလုပ်နိုင်ရန် ကူညီပံ့ပိုးပေးမှုများ လိုအပ်လေသည်။ CSOs များသည် ငွေကြေးစီမံခန့်ခွဲမှုများ၊ အစီရင်ခံရေးသားတင်ပြခြင်းနှင့် အဆိုပြုလွှာလျှောက်ထားခြင်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် မိမိတို့၏စွမ်းဆောင်ရည်များကို ဦးစားပေးတိုးမြှင့်ရမည်ဖြစ်သည်။

# နိဂုံး

အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးတည်ဆောက်သည့် လုပ်ဆောင်ချက်များကို မီဒီယာအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအပါအဝင် နိုင်ငံရေးအင်အားစုများသည် ကျယ်ကျယ်ပြန့်ပြန့်အသိအမှတ်ပြုလျက်ရှိသည်။ တစ်ဖက်တွင်လည်း အရပ်ဘက်လူ့အဖွဲ့အစည်းများသည် ဖိနှိပ်ပြဋ္ဌာန်းထားသော ဥပဒေများ၊ မိမိတို့နှင့်သက်ဆိုင်သည့်အလုပ်ကိုသာ လုပ်ကိုင်သင့်သည်ဟူသော ယူဆချက်များနှင့်ထိန်းချုပ်မှုများ ဆက်လက်ရယူထားလိုသောကိစ္စများနှင့်ပတ်သက်ပြီး နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အစိုးရတို့၏ဆုံးဖြတ်ချက်များကိုသာ လက်ခံသင့်သည်ဟူသော စွဲမြဲစွာယူဆသတ်မှတ်ချက်များ စသည်တို့ကြောင့် ကန့်သတ်ချက်များနှင့် ရင်ဆိုင်ရလျက်ရှိသည်။

ယခုသုတေသနမှတွေ့ရှိချက်များအရ ထပ်မံလေ့လာရန်လိုသည့် နယ်ပယ်အကြောင်းအရာများကို အကြံပြုတင်ပြထားပါသည်။ အမြင်သဘောထားများပြောင်းလဲမှု ဖော်ဆောင်ရေးလုပ်ငန်း စနစ်တစ်ခုအဖြစ် လူမှုပညာပေးရေးနှင့် လူမှုပေါင်းစည်းရေး အရပ်ဘက်အဖွဲ့အစည်းများ၏ ဦးတည်ဆောင်ရွက်ချက်များကို အသိအမှတ်ပြုရန်လိုသည်။ ထို့အပြင် လူမှုပေါင်းစည်းရေး ဆောင်ရွက်လျက်ရှိသည့် အစိုးရစာသင်ကျောင်းများနှင့် ဘုန်းကြီးကျောင်းများ စသောမြန်မာပြည့်အနှံ့တည်ရှိသော အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကိုလည်း နှိုင်းယှဉ်လေ့လာ သိရှိနိုင်ရန်လိုသည်။ အဆိုပါအဖွဲ့အစည်းများရှိ ဖက်ဒရယ်စနစ်၊ အမျိုးသားကိုယ်စားပြုမှု၊ ကျား မ ရေးရာ၊ ငြိမ်းချမ်းရေးစသည်တို့နှင့် ပတ်သက်သည့်ကိစ္စများအပေါ် ဖြန့်ဝေအသိပေးသင်ကြားလျက်ရှိသော မက်ဆေ့/အဓိကအကြောင်းအရာကိုလည်း လေ့လာသင့်ပါသည်။ အပစ်အခတ်ရပ်စဲမှုစောင့်ကြည့်လေ့လာရေးတွင် ပါဝင်သည့်အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုသည် JMC ၏တာဝန်နှင့်ဝတ္တရားများတွင် ပေါင်းစပ်ထည့်သွင်းဖော်ပြထားကာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ လက်ရှိ အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ စောင့်ကြည့်လေ့လာမှုကွန်ရက်များ၏ ထိရောက်အောင်မြင်မှုနှင့် အောင်မြင်မှုကိုဖြစ်စေသည့်အချက်များ စသည်တို့ကို နားလည်သိရှိအောင် ထပ်မံလေ့လာရန် လိုအပ်လေသည်။ JMC တွင်ပါရှိသည့် အရပ်ဘက်အဖွဲ့အစည်းများ၏ စောင့်ကြည့်လေ့လာမှုဆိုင်ရာ တိုးတက်မှုများကိုလည်း လေ့လာရန် လိုသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုငြိမ်းချမ်းရေးညီလာခံ)၏ အနာဂတ်မှာ လက်ရှိအချိန်တွင် ဝေဝါးဆဲပင်ဖြစ်သည်။ ထို့ကြောင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကျင်းပလျက်ရှိသလို တစ်ဖက်တွင်လည်း အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးကြိုးပမ်းချက်များ၏အရေးပါပုံကို အလေးပေးဆောင်ရွက်ရမည်ဖြစ်သည်။ ဖက်ဒရယ်ပြည်ထောင်စုစနစ်ကဲ့သို့သော အရေးကြီးကိစ္စရပ်များကို ပိုမိုနားလည်သိရှိလာခြင်း၊ ကျား မ ရေးရာ၊ လူ့အခွင့်အရေးနှင့် ဥပဒေစသောကိစ္စရပ်များနှင့်ပတ်သက်သည့် ကျွမ်းကျင်မှုများကို ထောက်ပံ့ပေးခြင်းအားဖြင့် ငြိမ်းချမ်းရေးကြိုးပမ်းချက်/တည်ဆောက်ရေးလုပ်ဆောင်ချက်များသည် လက်ရှိငြိမ်းချမ်းရေးဆွေးနွေးပွဲများ အကောင်အထည်ဖော်ရာတွင် များစွာပြင်ဆင်ထောက်ကူပြုနိုင်ခဲ့ပါသည်။ ငြိမ်းချမ်းရေးတည်ဆောက်မှုဆောင်ရွက်ချက်များသည် IDP စခန်းများရှိ ပြည်သူများကိုကူညီထောက်ပံ့ပေးခြင်း၊ စိတ်ဝမ်းကွဲလျက်ရှိသော ရပ်ရွာဒေသများကို ပြန်လည်ပေါင်းစည်းကူညီပေးခြင်း၊ (တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ စစ်တပ်နှင့်တပ်မတော်) လက်နက်ကိုင်အင်အားစုများမှ အရပ်သားပြည်သူများ၏ အသက်အိုးအိမ်ထိပါးမှုနှင့် ပြစ်မှုကျူးလွန်မှုများအတွက် တာဝန်ယူမှု တာဝန်ခံမှုရယူလျက် အရပ်သားပြည်သူများကိုကာကွယ်ခြင်း စသည်တို့ကိုဖော်ဆောင်ခြင်းအားဖြင့် ဖြစ်ပွားဆဲအငြင်းပွားမှုများကို ဖြေလျှော့နည်းပါးစေလေသည်။

# နောက်ဆက်တွဲ ၁

## သုတေသနနည်းလမ်း

### သုတေသနမေးခွန်းများ

ဤစီမံကိန်းကို အောက်ပါသုတေသနမေးခွန်းများဖြေဆိုနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

၁။ မြန်မာနိုင်ငံရှိ အခြားသောမြေယာစီမံခန့်ခွဲရေးတည်ဆောက်သည့် လုပ်ငန်းများတွင်ပါဝင်ခဲ့သော အရပ်ဘက်လူမှုအဖွဲ့အစည်း အင်အားစုများကိုဖော်ပြပါ။

(က) အရပ်ဘက်လူမှုအဖွဲ့အစည်းအင်အားစုကို အမျိုးအစားအလိုက်ဖော်ထုတ်ခြင်း

(ခ) အဆိုပါ CSOs အမျိုးအစားများတွင် တိုင်းဒေသကြီးအလိုက် ခြားနားမှုများရှိပါသလား။

၂။ အဆိုပါ CSOs များဆောင်ရွက်လျက်ရှိသော မြေယာစီမံခန့်ခွဲရေးတည်ဆောက်သည့်လုပ်ငန်းများ/လှုပ်ရှားမှုများက ဘာတွေလဲ။

(က) အဆိုပါလှုပ်ရှားဆောင်ရွက်မှုများကို သတ်မှတ်ထားသည့်လုပ်ငန်းအလိုက် မည်သို့အမျိုးအစားခွဲခြားနိုင်ပါသနည်း။

(ခ) အဆိုပါမြေယာစီမံခန့်ခွဲရေးလုပ်ငန်းအမျိုးအစားများတွင် တိုင်းဒေသ/ပြည်နယ်အလိုက် ခြားနားချက်များက ဘာတွေလဲ။

(ဂ) အဆိုပါလုပ်ငန်းများက အဓိကမြေယာစီမံခန့်ခွဲရေးလုပ်ငန်းစဉ်များနှင့် မည်သို့ဆက်စပ်ပတ်သက်ပါသနည်း။

၃။ ထိုလုပ်ဆောင်ချက်များသည် မြေယာစီမံခန့်ခွဲရေးတည်ဆောက်သည့်လုပ်ငန်းစဉ်များကို မည်သို့အထောက်အကူပြုပါသနည်း (ရလဒ်များနှင့် သက်ရောက်မှုများ)။

(က) CSOs များမျှော်မှန်းဆောင်ရွက်သော ရလဒ်များနှင့် သက်ရောက်မှုများက ဘာတွေလဲ။

(ခ) အဆိုပါသက်ရောက်မှုများနှင့် စပ်လျဉ်းသည့်သက်သေအထောက်အထားများရှိပါသလား။

(ဂ) အဆိုပါလုပ်ဆောင်ချက်များသည် ပင်မမြေယာစီမံခန့်ခွဲရေးလုပ်ငန်းစဉ်များအပေါ် သက်ရောက်မှုရှိပါသလား။

၄။ မြေယာစီမံခန့်ခွဲရေးတည်ဆောက်မှုအပေါ်သက်ရောက်မှုရှိစေသည့် CSOs ၏လုပ်ဆောင်ချက်များအပေါ် ကန့်သတ်လျက်ရှိသည့် အရာများက ဘာတွေလဲ။

(က) လုပ်ဆောင်ချက်အမျိုးမျိုးအလိုက် ကွဲပြားသောအချက်များကိုတွေ့ရှိရပါသလား။

(ခ) အဆိုပါအချက်များနှင့်ပတ်သက်ပြီး တိုင်းဒေသပြည်နယ်အလိုက် ခြားနားမှုရှိပါသလား။

(ဂ) CSOs အမျိုးအမျိုးနှင့်ပတ်သက်သည့် မတူညီကွဲပြားသည့်အချက်များကို တွေ့ရှိရပါသလား။

၅။ အဓိက CSO များ မြေယာစီမံခန့်ခွဲရေးဆွေးနွေးပွဲဆိုင်ရာ တရားဝင်လုပ်ငန်းစဉ်များနှင့် ဖွဲ့စည်းတည်ဆောက်မှုယန္တရားက ဘာတွေလဲ။

၆။ အဓိက CSO များ ငြိမ်းချမ်းရေးဆွေးနွေးပွဲများကျင်းပရာတွင်နှင့် ယင်းဆွေးနွေးပွဲ၌ CSO များ ပူးပေါင်းဆောင်ရွက်ရာတွင် တွေ့ကြုံရသော အတားအဆီးနှင့် အခက်အခဲများက ဘာတွေလဲ။

၇။ အဓိက CSO များ ငြိမ်းချမ်းရေးဆွေးနွေးပွဲများနှင့် ယင်း၏ပြည်ထောင်စုအဆင့် ကူညီပံ့ပိုးပေးသည့်အဖွဲ့ဖြစ်သော UCCPF တို့၏အားသာချက်များနှင့် အကျိုးထိရောက်မှုများက ဘာတွေလဲ။

၈။ လှူဒါန်းထောက်ပံ့သူများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် CSO များပူးပေါင်းပါဝင်မှုကို မြှင့်တင်နိုင်ရန် မည်သို့ကူညီပံ့ပိုးပေးနိုင်မည်နည်း။

## အချက်အလက်များကောက်ယူခြင်း

အချက်အလက်များကောက်ယူရာတွင် မြန်မာနိုင်ငံရှိ ပဋိပက္ခဖြစ်ပွားမှုကို လေ့လာဆန်းစစ်မှုများဖြင့်ဆောင်ရွက်ခဲ့ပြီး အသေးစိတ်ဖြစ်ရပ်ခြေအနေလေ့လာမှုများကို စီမံကိန်းအတွက် ဦးတည်လေ့လာထားသောဒေသ ၅ ခုတွင် ပြုလုပ်ခဲ့ပါသည်။ ဦးတည်လေ့လာခဲ့သည့်ဒေသများမှာ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းတို့ဖြစ်သည်။ အဆိုပါတိုင်းဒေသကြီးပြည်နယ်များကို ရွေးချယ်ရခြင်းမှာ မတူကွဲပြားသောပဋိပက္ခများကို လေ့လာနိုင်ရန်ဖြစ်ပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တွင် တိုင်းရင်းသားပဋိပက္ခများမှာ ဖြစ်ပွားမှုနည်းပါးကာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ပဋိပက္ခများပြင်းထန်စွာဖြစ်ပွားလျက်ရှိပါသည်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နိုင်ငံရေးဆွေးနွေးမှုများကို ပုံမှန်ကျင်းပခြင်း မရှိပေ။

ပဋိပက္ခများနှင့်လိုအပ်ချက်များကို ဆန်းစစ်လေ့လာမှုများပြုလုပ်ရာတွင် တစ်ဆင့်ခံအရင်းအမြစ်များ/စာအုပ်စာတမ်းများကို အခြေခံခဲ့ပြီး အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ မီဒီယာနှင့် တိုင်းရင်းသားအဖွဲ့အစည်းများ စသည်တို့နှင့်တွေ့ဆုံမေးမြန်းမှုများ ဆောင်ရွက်ခဲ့သည်။ ရရှိ သောအချက်အလက်များကို Paffenholz မှ ဖော်ထုတ်ရေးဆွဲထားသည့် အရပ်ဘက်အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးတည် ဆောက်မှုလုပ်ဆောင်ချက်ဆိုင်ရာ မူဘောင်များကိုအခြေခံ၍ အမျိုးအစားခွဲခြားခဲ့ပါသည်။ သုတေသနအဖွဲ့သည် ယခု အစီရင်ခံစာအတွက် အရပ်ဘက်လူ့အဖွဲ့အစည်း (CSO ကွန်ယက်နှင့် ပြည်တွင်းနှင့် နိုင်ငံတကာ CSO များအပါအဝင်)၊ အလှူရှင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းကိုယ်စားပြုသူများ UPDJC အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီမှ အဖွဲ့ဝင်များ နှင့် အစိုးရမှ ကိုယ်စားပြုသူများအပါအဝင် အဖွဲ့အစည်း ၁၂၃ မှ ပုဂ္ဂိုလ် ၁၆၀ ဦးကို မေးမြန်းခဲ့သည်။

EMReF နှင့် IPTI သုတေသီများသည် ငြိမ်းချမ်းရေးတည်ဆောက်သည့် လုပ်ငန်းစဉ်တွင်ပါရှိသော အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏အခန်းကဏ္ဍကိုအားပြု၍ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ မီဒီယာများနှင့် နိုင်ငံရေးပါတီများ စသောအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များပါဝင်သော ဦးတည်အုပ်စုဆွေးနွေးပွဲ ၈ ခုနှင့် အဓိကကျသောသူများကို တွေ့ဆုံမေးမြန်းမှု ၆၁ ခုကို ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါနည်းလမ်းကို အသုံးပြုခြင်းအားဖြင့် သုတေသီများသည် မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အကျိုးဆက်စပ်ပတ်သက်သူအားလုံး သိမြင်လက်ခံထားသော အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏အခန်းကဏ္ဍကို ပိုမိုနားလည်သိရှိခဲ့ပါသည်။

### ပုံ ၁၇။ ဒေသအသီးသီးတွင်ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းမှုများ

တွေ့ဆုံမေးမြန်းမှုများတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးတည်ဆောက်သည့်လုပ်ငန်းများကို ဖော်ထုတ်ခဲ့ပြီး

| | အဓိကကျသူများကိုတွေ့ဆုံမေးမြန်းမှု | ဦးတည်အုပ်စုဆွေးနွေးပွဲများ |
|---|---|---|
| ကရင်ပြည်နယ် | ၇ | ၃ |
| ကချင်ပြည်နယ် | ၁၀ | ၀ |
| ရှမ်းပြည်နယ်တောင်ပိုင်း | ၁၁ | ၁ |
| ရှမ်းပြည်မြောက်ပိုင်း | ၇ | ၁ |
| မွန်ပြည်နယ် | ၁၁ | ၁ |
| ရန်ကုန်တိုင်းဒေသကြီး | ၁၁ | ၁ |
| မန္တလေးတိုင်းဒေသကြီး | ၄ | ၁ |
| စုစုပေါင်း | ၆၁ | ၈ |

မြန်မာနိုင်ငံရှိ ငြိမ်းချမ်းရေးတည်ဆောက်မှုများတွင် ပူးပေါင်းဆောင်ရွက်သည့်နည်းလမ်းများ၊ ပူးပေါင်းပါဝင်ရာတွင် ကြုံတွေ့ရသော အခက်အခဲများနှင့် ယင်းအခက်အခဲများကို ကျော်လွှားနိုင်သည့် နည်းလမ်းများနှင့် ကူညီပံ့ပိုးပေးမှုများအပါအဝင် ပြည်တွင်း ပဋိပက္ခများနှင့်စပ်လျဉ်း၍ ဖြေကြားသူများ၏ နားလည်သဘောပေါက်မှုများကိုလည်း စုစည်းကောက်ယူခဲ့သည်။

### *နမူနာကောက်ယူခြင်း*

**အဆင့် ၁ နမူနာကောက်ယူခြင်း**

အဆင့် ၁ မှ ပါဝင်ဖြေဆိုသူများကို အောက်ပါအဖွဲ့အစည်းများမှ ရွေးချယ်မေးမြန်းထားသည်။

(၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံရှိ CSO ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ပူးပေါင်းဆောင်ရွက်သော CSO များ

(၂) CSFoP တွင် ပူးပေါင်းဆောင်ရွက်သော CSO များ

(၃) အမျိုးအစား ၁ နှင့် ၂ တွင်ဖော်ပြထားသည့် ဆွေးနွေးပွဲများတွင် ပူးပေါင်းပါဝင်ခဲ့သောလည်း လက်ရှိပါဝင်ဆောင်ရွက်မှုမပြု တော့သည့် CSOs များ

(၄) လမ်းကြောင်း ၁ နှင့် လမ်းကြောင်း ၂ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်သူများ ( UPDJC၊ နိုင်ငံရေးပါတီနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ အဖွဲ့ဝင်များ)

ဤလေ့လာချက်တွင် အသေးစိတ်တွေ့ဆုံမေးမြန်းမှုများ ၆၀ နှင့် ဦးတည်အုပ်စုဆွေးနွေးမှု ၃ ခုကိုပါဝင်ခဲ့ပြီး ရန်ကုန်မဟုတ်ဘဲ အခြားသော တိုင်းဒေသ/ပြည်နယ်များမှ ထက်ဝက်ကျော်ခန့်ပါဝင်သောအဖွဲ့အစည်း ၃၃ ခုမှ ကိုယ်စားလှယ်စုစုပေါင်း ၇၅ ဦးကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**အဆင့် ၂ နမူနာကောက်ယူခြင်း**

အဆင့် ၂ တွင် တစ်ဦးချင်းတွေ့ဆုံမေးမြန်းမှုများ ၉၄ ခုနှင့် အဖွဲ့အစည်း ၈၇ ကို တွေ့ဆုံမေးမြန်းမှုများပြုလုပ်ခဲ့ပါသည်။ သုတေသီ များသည် တွေ့ဆုံမေးမြန်းမှုများ ၆၀ ခုနှင့် ဦးတည်အုပ်စုဆွေးနွေးမှုများ ၈ ခု ဆောင်ရွက်ခဲ့သည်။ နမူနာအရွယ်အစားမှာ စီမံကိန်း ဒေသ ၅ ခုကို ကောင်းစွာလွှမ်းခြုံကာမိလေသည်။ အဆိုပါတွေ့ဆုံမေးမြန်းရမည့်သူများကို ရွေးချယ်ခြင်းကိုရည်ရွယ်၍ နမူနာ ကောက်ယူခြင်းနည်းလမ်းကို အသုံးပြုခဲ့ပါသည်။

## အချက်အလက်များကို လေ့လာဆန်းစစ်ချက်

ယခုစီမံကိန်းကို အကဲဖြတ်သုံးသပ်သည့်နည်းလမ်းများတွင် သုံးပိုင်းပါဝင်လေသည်။ ပထမတစ်ခုမှာ အရပ်ဘက်လူမှုအဖွဲ့အစည်း များ ဆောင်ရွက်လျက်ရှိသည့် အကဲဖြတ်သုံးသပ်မှုများကို အစီရင်ခံတင်ပြပြီး အရပ်ဘက်လူမှုအဖွဲ့အစည်းများ ကျင့်သုံးလိုက်နာ လျက်ရှိသော ပြောင်းလဲရေးဆိုင်ရာ သီအိုရီကိုပြင်ဆင်ရေးဆွဲခြင်း ဖြစ်ပါသည်။ ဒုတိယတစ်ခုမှာ အခြားသောကဏ္ဍများ (မီဒီယာ များ၊ နိုင်ငံရေးသမားများ၊ EAOs) မှကိုယ်စားလှယ်များနှင့် တွေ့ဆုံမေးမြန်း၍ သုတေသီများသည် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ၏ ကိုယ်ပိုင်ဆန်းစစ်လေ့လာချက်များကို ဖော်ပြပါအခြားသောကဏ္ဍများ နားလည်လက်ခံထားသော အရပ်ဘက်အဖွဲ့များ၏ အခန်းကဏ္ဍနှင့် ဆောင်ရွက်ချက်များစသည်တို့နှင့် နှိုင်းယှဉ်ကာလေ့လာခြင်းဖြစ်သည်။ နောက်ဆုံးတစ်ခုမှာ လုပ်ဆောင်ချက်များ သည် ဖော်ထုတ်ထားသည့် ပဋိပက္ခဖြေရှင်းမှုလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခြင်းရှိမရှိ အကဲဖြတ်နိုင်ရန် ပဋိပက္ခလေ့လာ ဆန်းစစ်မှုနှင့်စပ်လျဉ်းသည့် အရပ်ဘက်အဖွဲ့အစည်းများ၏လုပ်ငန်းများကို နှိုင်းယှဉ်လေ့လာခြင်းပင်ဖြစ်သည်။ ဖော်ပြပါအချက် များကို ယခုအစီရင်ခံတွင်ဆွေးနွေးထားသော အနှစ်ချုပ်စာရင်းအင်းအချက်အလက်များတွင်လည်း အသုံးပြုထားပါသည်။

**အချက်အလက်များနှင့်ပတ်သက်သည့် အရည်အသွေးလိုအပ်ချက်များနှင့် ကန့်သတ်ချက်များ**

အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏လုပ်ငန်းများကိုသိရှိနိုင်ရန် CSOs ကိုယ်စားလှယ်တစ်ဦးချင်းကို တွေ့ဆုံမေးမြန်းမှုများပြုခဲ့ သည်။ သတင်းအချက်အလက်အားလုံးကို တစ်ဦးတည်းသာမေးမြန်းသည့်အချိန်တွင် မိမိသိသမျှဖြေကြားခဲ့ခြင်းဖြစ်သည်။ ထို ကြောင့် တွေ့ဆုံမေးမြန်းမှုများတွင် ဖြေကြားသူများ အသေးစိတ်ဖော်ပြရန်မေ့ကျန်ခဲ့သော သတင်းအချက်အလက်များရှိနိုင်လေ သည်။ အထူးသဖြင့် လုပ်ငန်းအစီအစဉ်များအတွက်ရယူသော ရန်ပုံငွေအရင်းအမြစ်များနှင့် စီမံကိန်းများအကဲဖြတ်လေ့လာသည့်

နည်းလမ်းများ စသည်တို့နှင့်ပတ်သက်သည့် သတင်း အချက်အလက်များကို မရရှိခဲ့ပေ။

အချို့ဖြစ်ရပ်များတွင် ဖြေကြားသူများသည် အချို့သောလုပ်ငန်းအစီအစဉ်များနှင့်ပတ်သက်သည့် အသေးစိတ်အချက်များကို ပြောကြားလိုခြင်း မရှိသည်ကို တွေ့ရသည်။ အစီရင်ခံစာတစ်ခုလုံးတွင် ဖော်ပြထားသော ပုံနှင့်ဇယားများတွင် အချက်အလက်များ မပြည့်စုံရခြင်းမှာ ထိုအချက်ကြောင့်ပင်ဖြစ်သည်။ အစီရင်ခံတစ်ခုလုံးတွင် ဖော်ပြထားသကဲ့သို့ မြန်မာနိုင်ငံရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများ နိုင်ငံရေးလုပ်ကိုင်ရာတွင် စိုးရိမ်ကြောင့်ကြမှုများရှိကြပြီး အစိုးရမှလည်း စောင့်ကြည့်လေ့လာမှုများနှင့် ထိန်းချုပ်ကန့်သတ်မှုများကိုလည်း အစဉ်တစိုက်ပြုလုပ်လျက်ရှိသည်။ တွေ့ဆုံမေးမြန်းမှုများကို တိုင်းရင်းသားဘာသာစကားများဖြင့်မဟုတ်ဘဲ မြန်မာ (သို့) အင်္ဂလိပ်ဘာသာစကားဖြင့် ပြုလုပ်ခဲ့သောကြောင့် ဖြေကြားသူများသည် မိမိတို့၏လုပ်ငန်းအစီအစဉ်များကို ထိမ်ချန်ဖြေဆိုမှုများကို ပြုလုပ်ခဲ့လေသည်။

## တွေ့ဆုံမေးမြန်းမှုဆိုင်ရာကျင့်ဝတ်များ

အကြီးတန်းသုတေသီများနှင့် သုတေသနပညာရှင်များသည် CSO နှင့် EAO ခေါင်းဆောင်များအနေဖြင့် လေ့လာမှုတွင် ပူးပေါင် ဖြေဆိုခြင်းဖြင့် ရင်ဆိုင်ရနိုင်သော ထိခိုက်ဆုံးရှုံးမှုများကို သိရှိနားလည်ခဲ့သည်။ တွေ့ဆုံမေးမြန်းမှုများသည် ထိလွယ်ရှလွယ်သော သဘောသဘာဝရှိသောကြောင့် သုတေသီများသည် လျှို့ဝှက်ထိမ်ချန်မှုဆိုင်ရာ ကျင့်ဝတ်များကိုလိုက်နာခဲ့ပြီး သတင်းအချက်အလက်များ မဖြေကြားမီ သဘောတူကြည်ဖြူမှုကိုရယူခဲ့ပါသည်။ ထပ်မံ၍ တွေ့ဆုံမေးမြန်းခံရသူများ၏အမည်ကို အဖွဲ့အစည်းအတွင်း အစီရင်ခံစာတွင်သာဖော်ပြထားပြီး ထိုသူများ၏ဆက်သွယ်ရမည့်လိပ်စာကို အခြားသောအဖွဲ့အစည်းများနှင့် ပြည်သူလူထုထံ မျှဝေပေးခြင်းမပြုခဲ့ပေ။

# နောက်ဆက်တွဲ ၂

## အရပ်ဘက်လူ့အဖွဲ့အစည်းများ/တစ်ဦးချင်း တွေ့ဆုံမေးမြန်းရာတွင် အသုံးပြုခဲ့သည့် မေးခွန်းလွှာ

၁။ မြန်မာနိုင်ငံရှိ ပဋိပက္ခများကို ဘယ်လိုထင်မြင်ပါသလဲ။

(က) သင်အနေဖြင့် အစိုးရနှင့် EAOs များအကြား ပဋိပက္ခ၊ EAOs များအကြား ပဋိပက္ခနှင့် အခြားသော လူမှုရေးပဋိပက္ခများကို ခွဲခြားသိရှိပါသလား။

၂။ ငြိမ်းချမ်းရေးနှင့်စပ်လျဉ်းသည့်လုပ်ငန်းများက ဘာတွေလဲ။

(က) အဆိုပါလုပ်ငန်းအစီအစဉ်သည် ငြိမ်းချမ်းရေးတည်ဆောက်မှုများကို ဦးတည်ဆောင်ရွက်ပါသလား။

(ခ) ဒေသအသီးသီးတွင် အစီအစဉ်အမျိုးမျိုးကို ဆောင်ရွက်လျက်ရှိပါသလား။

၃။ မိမိတို့၏လုပ်ငန်းများသည် ငြိမ်းချမ်းရေးဖော်ဆောင်မှုကို မည်သို့အထောက်အကူပြုနိုင်မှာပါလဲ။

(က) ထိုလုပ်ငန်းများအောင်မြင်မှုကိုတိုင်းတာနိုင်သည့် အညွှန်းကိန်းများ (သို့) နည်းလမ်းများ ရှိပါသလား။

(ခ) လက်ရှိအချိန်ထိအဆိုပါလုပ်ငန်းများနှင့်ပတ်သက်သည့် ထင်သာမြင်သာရှိသော ရလဒ်ကောင်းများကို ဖော်ဆောင်ရရှိပြီးပြီလား။ ၎င်းတို့ကဘာတွေလဲ။

(ဂ) ရလဒ်များ (သို့) သက်ရောက်မှုများသည် ငြိမ်းချမ်းရေးတည်ဆောက်မှုများကို မည်ကဲ့သို့အထောက်အကူပြုသည်ဟု ထင်ပါသလဲ။ (လုပ်ငန်းများကိုပြောင်းလဲမှုဖော်ဆောင်ရေးဆိုင်ရာ သီအိုရီနှင့်အညီ ဆောင်ရွက်မှုရှိမရှိ နားလည်စေရန် ပဋိပက္ခဆိုင်ရာသဘောထားအမြင်များကို ထုတ်ဖော်ပြောဆိုရန် ပံ့ပိုးကူညီပေးရမည်ဖြစ်သည်)

(ဃ) မိမိတို့၏လုပ်ငန်းသည် ပင်မငြိမ်းချမ်းရေးလုပ်ငန်းစဉ် (၂၁ ရာစုပင်လုံညီလာခံ)နှင့် ချိတ်ဆက်လျက်ရှိသည်ဟု ထင်ပါသလား။

၄။ ငြိမ်းချမ်းရေးနှင့်စပ်လျဉ်းသည့်လုပ်ငန်းမျာ းဆောင်ရွက်ရာတွင် ကြုံတွေ့ရသော အခက်အခဲများက ဘာတွေလဲ။

(က) အခက်အခဲများသည် ဒေသအသီးသီးအလိုက် ကွဲပြားခြားနားမှု ရှိပါသလား။

(ခ) အဆိုပါအခက်အခဲများကို မည်သို့ကျော်လွှားခဲ့ပါသနည်း။

(ဂ) အဆိုပါအခက်အခဲ၊ အတားအဆီးများကို ကျော်လွှားရာတွင် အရေးပါသည့်ကူညီပံ့ပိုးမှုများကို ရရှိခဲ့ပါသလား။

၅။ ငြိမ်းချမ်းရေးသတင်းများရေးသားဖော်ပြရာတွင် ပါဝင်လျက်ရှိသည့် မီဒီယာများ၏အခန်းကဏ္ဍကို သင်မည်သို့ထင်မြင်မိပါသလဲ။ ငြိမ်းချမ်းရေးနှင့်ဆိုင်သည့်သတင်းများ ရေးသားဖော်ပြမှုနှင့်စပ်လျဉ်းသည့် မီဒီယာ၏လွတ်လပ်ခွင့်များအပေါ် သင်မည်ကဲ့သို့ ထင်မြင်မိပါသလဲ။

၆။ လုပ်ငန်းများဆောင်ရွက်ရန် ရန်ပုံငွေများကိုရယူပါသလဲ။ လှူဒါန်းထောက်ပံ့သူက ဘယ်သူပါလဲ။

၇။ ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာ လှူဒါန်းထောက်ပံ့သူများ၏မူဝါဒကို မည်သို့ထင်မြင်မိပါသလဲ။ လှူဒါန်းထောက်ပံ့သူများသည် ငြိမ်းချမ်းရေးတည်ဆောက်မှုများတွင်ပါရှိသည့် CSOs များ၏ အခန်းကဏ္ဍ၊ ဆောင်ရွက်မှုများကိုမြှင့်တင်ရန် မူဝါဒများချမှတ်သင့်သည်ဟု ထင်မြင်မိပါသလား။

# နောက်ဆက်တွဲ ၃

## နိုင်ငံရေးပါတီများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များကို တစ်ဦးချင်းတွေ့ဆုံမေးမြန်းသည့် မေးခွန်းလွှာ

၁။ မြန်မာနိုင်ငံရှိ ပဋိပက္ခများကို ဘယ်လိုထင်မြင်ပါသလဲ။

(က) သင်အနေဖြင့် အစိုးရနှင့် EAOs များအကြားပဋိပက္ခ၊ EAOs များအကြားပဋိပက္ခနှင့် အခြားသော လူမှုရေးပဋိပက္ခများကို ခွဲခြားသိရှိပါသလား။

၂။ ၂၁ ရာစု ပင်လုံညီလာခံဆွေးနွေးပွဲများတွင် ပူးပေါင်းဆောင်ရွက်သည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏လုပ်ငန်းများကို သိရှိထားပါသလား။

(က) ၂၁ ရာစုပင်လုံညီလာခံတွင်ပါဝင်သည့်အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏အထောက်အကူပြုလုပ်ငန်းများကိုသိရှိပါသလား။

(ခ) ၂၁ ရာစုပင်လုံညီလာခံဆွေးနွေးပွဲများနှင့်စပ်လျဉ်းသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းလုပ်ငန်းများ၏ သက်ရောက်မှုကို သိရှိပါသလား။

(ဂ) အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏အခန်းကဏ္ဍကို အထောက်အကူပြုသည့်အချက်များကို သင်သိပါသလား။ ကန့်သတ်လျက်ရှိသောအချက်များက ဘာတွေလဲ။

၃။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ပြင်ပရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အထောက်အကူပြုလုပ်ငန်းများကို သိရှိပါသလား။

(က) အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ပြင်ပ အထောက်အကူပြုဆောင်ရွက်ချက်များက ဘာတွေလဲ။

(ခ) အရပ်ဘက်လူမှုအဖွဲ့များ၏ အခန်းကဏ္ဍကို အထောက်အကူပြုသည့်အချက်များက ဘာတွေလဲ။ ကန့်သတ်လျက်ရှိသည့်အရာများက ဘာတွေလဲ။

(ဂ) ပင်မငြိမ်းချမ်းရေးလုပ်ငန်းပြင်ပ အရပ်ဘက်လူမှုအဖွဲ့အစည်းလုပ်ငန်းများ၏သက်ရောက်မှုကို သိရှိပါသလား။

(ဃ) အဆိုပါလုပ်ငန်းစဉ်နှစ်ခုတွင်ချိတ်ဆက်လျက်ရှိသော အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏အခန်းကဏ္ဍကို မည်သို့ထင်မြင်ပါသလဲ။

(င) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင်ပါရှိသည့် CSOs များ၏ အခန်းကဏ္ဍ၊ အကျိုးထိရောက်မှုတို့ကိုတိုးမြှင့်ရန် သင်မည်ကဲ့သို့ အကြံပြုချင်ပါသလဲ။

၄။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင်ပါရှိသည့် လှူဒါန်းသူများ၏ အခန်းကဏ္ဍကို မည်ကဲ့သို့ ထင်မြင်မိပါသလဲ။

(က) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင်ပါရှိသည့် CSOs များ၏အခန်းကဏ္ဍ၊ အကျိုးထိရောက်မှုတို့ကို တိုးမြှင့်ရန် သင်မည်ကဲ့သို့ အကြံပြုချင်ပါသလဲ။

(ခ) CSOs များသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ပိုမိုထိရောက်သော အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လှူဒါန်းထောက်ပံ့သူများ မည်သို့ကူညီရမည်နည်း။

# နောက်ဆက်တွဲ ၄

## တွေ့ဆုံမေးမြန်းရာတွင် အသုံးပြုသည့် အဓိကမေးခွန်းများ

၁။ တရားဝင်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်သည့် CSOs များ၏ရပ်တည်မှုကဘာတွေလဲ။

၂။ လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်များရှိ CSOs များ၏ အခန်းကဏ္ဍက မည်သို့လဲ။ ယင်းအဖွဲ့များသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ပင်မလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ခွင့်ရှိပါသလား။

၃။ ကန့်သတ်လျက်ရှိသည့်နှင့် အထောက်အကူပြုသည့်အချက်များ

(က) တရားဝင်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ယန္တရားများနှင့်ပတ်သက်ပြီး မည်သို့ထင်မြင်မိပါသလဲ။

(ခ) CSOs များ လိုအပ်လျက်ရှိသော စွမ်းဆောင်ရည်များက ဘာတွေလဲ။

(ဂ) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင်ပါဝင်သည့် တရားဝင်လုပ်ငန်းဆောင်ရွက်မှုစနစ်များ (ဥပမာ- UPDJC, CSO ငြိမ်းချမ်းရေးဆွေးနွေးပွဲ၊ CSO လုပ်ငန်းအဖွဲ့) ၏ စွမ်းဆောင်ရည်များမှာ မည်သို့ရှိသနည်း။

(ဃ) CSOs များ အချင်းအချင်းနှင့်အကြား မည်သို့ခွဲခြားထားပါသနည်း။

(င) CSOs များကို နိုင်ငံရေးအရ ပွင့်လင်းစွာ ကြိုဆိုလက်ခံထားပါသလား။

(စ) တိုင်းရင်းသားလူမျိုးများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် စုရုံးလုပ်ဆောင်မှုတို့ကို မြင်တွေ့သိရှိခဲ့ပါသလား။

၄။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် စပ်လျဉ်းသည့် CSOs များ၏ လုပ်ငန်းများက ဘာတွေလဲ။

၅။ ၂၁ ရာစုပင်လုံ ငြိမ်းချမ်းရေးညီလာခံကို သင်မည်သို့ထင်မြင်မိပါသလဲ။

၆။ CSOs များသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် မည်ကဲ့သို့ ထိရောက်ပူးပေါင်းပါဝင် ဆောင်ရွက်သင့်ပါသလဲ။

၇။ CSOs များသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို မည်သို့အထောက်အကူပြုနေပါသလဲ။

၈။ လှူဒါန်းသူများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို မည်ကဲ့သို့မြှင့်တင်ဆောင်ရွက်နိုင်ပါသလဲ။

၉။ CSOs များသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို မည်ကဲ့သို့ မြှင့်တင်ဆောင်ရွက်နိုင်ပါသနည်း။

# နောက်ဆက်တွဲ ၅

## ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် CSOs များ ချဉ်းကပ်ဆောင်ရွက်မှုလုပ်ငန်းစဉ် ပေါ်ပေါက်လာပုံအဆင့်အဆင့်

| | |
|---|---|
| မေလ ၂၀၁၆ ခုနှစ် | နိုင်ငံတော်အတိုင်ပင်ခံက CSO အစည်းအဝေးပွဲတွင် CSOs အဖွဲ့ဝင်များနှင့်အတူ မျှဉ်းပြိုင်ငြိမ်းချမ်းရေးဖိုရမ်ကို ထောက်ပြခဲ့သည်။ UPDJC ကိုယ်စားပြု ၄ ယောက်ကို တာဝန်ပေးပြီးသော မျှဉ်းပြိုင်ငြိမ်းချမ်းရေးဖိုရမ်တွင် CSOs များနှင့် တွေ့ဆုံခဲ့သည်။ |
| ဇွန်လ ၂၀၁၆ | CSOs များက ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် ညှိနှိုင်းအကြံပြုအစည်းအဝေးများ ကျင်းပပြီးသော CSOs ဖိုရမ်အတွက် သဘောတူညီချက်အကြမ်းကို ပြင်ဆင်ရေးသားခဲ့သည်။ |
| ဇူလိုင်လ-၂၂ ရက်၊ အောက်တိုဘာလ-၆ရက် | UPGDC က CSO WC နှင့် ယာယီအစည်းအဝေးထိုင်ပြီးသော UPJDC က အတည်ပြုတင်သွင်းထားသော သဘောတူညီချက်အကြမ်းအကြောင်းကို ဆွေးနွေးခဲ့သည်။ |
| နိုဝင်ဘာလ ၆ ရက်၊ ၂၀၁၆ | UPJDC က CSO WC ကို နောက်ဆုံးသဘောတူညီချက်အကြမ်းကို ရှင်းပြခဲ့သည်။ CSO WC ယာယီကိုလည်း ငြိမ်းချမ်ရေးဖိုရမ်အတွက် CSO WC အဖြစ် ပြောင်းလဲခဲ့သည်။ |
| ဇန်နဝါရီလ ၂၀၁၇ ခုနှစ် | CSO WC က တိုင်း/ပြည်နယ် ၁၁ ခုတွင် ညှိနှိုင်းအကြံပြုအစည်းအဝေးများကို စီစဉ်ကျင်းပခဲ့သည်။ |
| ဖေဖော်ဝါရီ ၂၁ ရက်-၂၃ ရက်၊ ၂၀၁၇ ခုနှစ် | CSOs ငြိမ်းချမ်းရေးဖိုရမ်အတွက် ပထမဦးဆုံး အကြိုဖိုရမ်ကို ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင် ကျင်းပခဲ့သည်။ |
| ဖေဖော်ဝါရီလ ၂၄ ရက်-၂၅ ရက်၊ ၂၀၁၇ ခုနှစ် | ပထမဦးဆုံး CSO ငြိမ်းချမ်းရေးဖိုရမ်ကို သဘောတူညီချက်များပြန်လည်သုံးသပ်ခြင်းနှင့် CSO ငြိမ်းချမ်းရေးဖိုရမ်နှင့် နိုင်ငံတော်တည်ဆောက်ရေးတွင် CSOs ၏အခန်းဂဏ္ဍများအတွက် ဗဟိုအဆင့် ကော်မတီတည်ဆောက်ပုံအတွက် နေပြည်တော်တွင် ကျင်းပခဲ့သည်။ |
| ဇွန်လ ၂၆ ရက်-၃၀ ရက်၊ ၂၀၁၇ ခုနှစ် | ပထမဦးဆုံး CSO ငြိမ်းချမ်းရေးဖိုရမ်ကို သဘောတူညီချက်များ ပြန်လည်သုံးသပ်ခြင်းနှင့် CSO ငြိမ်းချမ်းရေးဖိုရမ်နှင့် နိုင်ငံတော်တည်ဆောက်ရေးတွင် CSO ၏အခန်းဂဏ္ဍများအတွက် ဗဟိုအဆင့်ကော်မတီတည်ဆောက်ပုံအတွက် နေပြည်တော်တွင် ကျင်းပခဲ့သည်။ |
| နိုဝင်ဘာလ-ဒီဇင်ဘာလ၊ ၂၀၁၇ ခုနှစ် | ပြည်နယ်/တိုင်း CSO ကိုယ်စားပြုသူများကYMCA တွင် အေစည်းအဝေးကျင်းပပြီးသော ပြဿနာကိုအခြေခံသော စကားဝိုင်းနှင့် မူဝါဒအကြံပြုချက်စာများကို ဆွေးနွေးခဲသည်။ ပထမဖိုရမ်အတွက် CSO WC ကို UCCPE သို့ ပြောင်းလဲခဲ့သည်။ |
| ဒီဇင်ဘာ ၂၇ ရက်-၃၁ ရက်၊ ၂၀၁၇ ခုနှစ် | ဒုတိယအကြိမ် အကြို CSO ငြိမ်းချမ်းရေးဖိုရမ်ကို CSOs မှ တက်ရောက်သူ ၄၉၆ ယောက်နှင့်အတူ မန္တလေးတိုင်းတွင် ကျင်းပခဲ့သည်။ |
| ဇန်နဝါရီ ၂ ရက်-၃ရက်၊ ၂၀၁၈ ခုနှစ် | ဒုတိယအကြိမ် CSO ငြိမ်းချမ်းရေးဖိုရမ်ကို နေပြည်တော်တွင် ကျင်းပခဲ့သည်။ ပထမ CSO ငြိမ်းချမ်းရေး စာတမ်းနှစ်စောင်ကို UPDJC သို့ တင်ပြနိုင်ခဲ့သည်။ |

# နောက်ဆက်တွဲ ၆

## အရပ်ဘက်လူ့အဖွဲ့အစည်းများမှ ပြင်ဆင်ရေးဆွဲထားသော အရပ်ဘက်လူ့အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ် လုပ်ငန်းလမ်းညွှန်

## ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်

## လုပ်ငန်းလမ်းညွှန်

**မာတိကာ**


နိဒါန်း

၁။ အခြေခံမူများ

၂။ ပူပေါင်းပါဝင်ခြင်း

(က) အဓိပ္ပာယ်ဖွင့်ဆိုချက်

(ခ) ပါဝင်မည့်အဖွဲ့အည်းများ

(ဂ) ပါဝင်မည့်နည်းလမ်း

၃။ ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်၏ လုပ်ပိုင်ခွင့်များ

၄။ ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ် ကျင်းပမည့်ပုံစံ

၅။ လုပ်ငန်းစဉ်အဆင့်ဆင့်

၆။ လုပ်ငန်းစဉ်ဆောင်ရွက်မည့်အချိန်ဇယား

၇။ ပြုလုပ်ဆောင်ရွက်မည့်ပုံစံအဆင့်ဆင့်

## နိဒါန်း

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်နေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား လက်မှတ်ရေးထိုးပြီး ပြည်ထောင်စုလွှတ်တော်မှလည်း ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် ကန့်ကွက်သူမရှိ အတည်ပြုထားသော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement- NCA) ၏ အခန်း (၁) အပိုဒ် (၁) အပိုဒ်ခွဲ (ဆ)၊[၅၂] အခန်း(၅) အပိုဒ် (၂၂) အပိုဒ်ခွဲ(ခ) ပါ ပြဋ္ဌာန်းချက်များကို[၅၃] အခြေခံ၍ ထိုစာအချုပ်အရ ရေးဆွဲထားသော နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပါ ပြဋ္ဌာန်းချက် (၄.၁)[၅၄] နှင့် (၄.၂)[၅၅] အရလည်းကောင်း၊ ၂၀၁၆ ခုနှစ် မေလ ၂၇ ရက်နေ့တွင် ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ၌ နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်ပြောကြားသော အမှာစကားကို အခြေပြု၍လည်းကောင်း၊ အရပ်ဘက်အဖွဲ့အစည်းများသည် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ (၂၁) ရာစု ပင်လုံနှင့် တစ်ပြိုင်နက်ကျင်းပမည့် ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်များ ကျင်းပနိုင်ရန်အတွက် ဤလုပ်ငန်းလမ်းညွှန်ကို ပြုစုခြင်းဖြစ်ပါသည်။

### ၁။ အခြေခံမူများ

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစုပင်လုံနှင့်အတူ ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်အား အောက်ပါအခြေခံမူများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရန် သဘောတူသည်-

(၁) လွတ်လပ်မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှုနှင့် ဂုဏ်သိက္ခာတို့ကို အခြေခံရန်။

(၂) မြန်မာနိုင်ငံအတွင်း သမိုင်းကြောင်းရှည်ကြာဖြစ်ပွားခဲ့သော ပဋိပက္ခများအဆုံးသတ်ပြီး နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းမည့်အာလုံးပါဝင်သောနိုင်ငံရေးယဉ်ကျေးမှုအသစ်တစ်ရပ်ထူထောင်ခြင်းကိုပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်မှ အားပေးအသိအမှတ်ပြုရန်။

(၃) ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်တွင် ဒီမိုကရေစီနှင့်လူ့အခွင့်အရေး တရားဥပဒေစိုးမိုးရေး၊ ကောင်းမွန်သည့် စီမံအုပ်ချုပ်မှု၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေး၊ အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေး သဘောတူညီချက်များကိုလည်း လေးစားလိုက်နာရန်။

(၄) ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်အတွင်း ဆွေးနွေးမှုများအတွက် ပါဝင်သူများအားလုံးသည် လွတ်လပ်ပြီး ဘက်လိုက်မှုမရှိရန်။

(၅) ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်တွင် ပါဝင်ဆွေးနွေးသူတိုင်းသည် အတွေးအခေါ် အယူအဆ၊ လူမျိုးရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ လိင်ကွဲပြားများ၊ မသန်စွမ်းမှုနှင့် အခြားမတူကွဲပြားမှုတို့အပေါ် ခွဲခြားဆက်ဆံခြင်း မပြုဘဲ တန်းတူရည်တူ အခွင့်အရေးရရှိစေရန်နှင့် တရားမျှတမှုရှိရန်။

(၆) လူထုလိုလားချက်များ၊ လိုအပ်ချက်များ၊ သဘောထားဆန္ဒများနှင့် တိုင်းရင်းသားတန်းတူညီမျှရေးကို အခြေခံပြီး ဖိုရမ်များကို ဆွေးနွေးရန်။

(၇) ပြည်သူလူထုတစ်ရပ်လုံး၏ အသက်၊ အိုးအိမ်၊ စည်းစိမ် လုံခြုံရေးနှင့်ဘဝမြှင့်တင်ရေး၊ တည်ငြိမ်အေးချမ်း၍ ဂုဏ်သိက္ခာနှင့်အညီ လွတ်လပ်စွာ ရှင်သန်နေထိုင်ရေးကို အလေးထားရန်။

(၈) ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်သည် ဒေသအသီးသီးရှိ ပြည်သူလူထုအကြား ချိတ်ဆက်ဆောင်ရွက်မှုများပေါ်ပေါက်အောင် ကူညီပံ့ပိုးပေးရန်။

---

[၅၂] ၁ (ဆ) ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန် ရည်မှန်း၍ တိုင်းရင်းသားများ၏ လိုလားချက်များနှင့် သဘောထားဆန္ဒများကိုအခြေခံပြီး ပါဝင်သင့်သူအားလုံး ပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲများကို ကျင်းပသွားရန်။

[၅၃] ၂၂ (ခ) တိုင်းရင်းသားကိုယ်စားလှယ်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ စီးပွားရေးအသင်းအဖွဲ့များ၊ ပညာရှင်အစုတို့၏ ကိုယ်စားလှယ်များနှင့် အခြားပါဝင်သင့် ပါဝင်ထိုက်သောကိုယ်စားလှယ်များကို နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲအဆင့်ဆင့်တွင် သက်ဆိုင်ရာကဏ္ဍအလိုက် သင့်တော်သလို ပါဝင်စေရေးကို နိုင်ငံရေးဆွေးနွေးပွဲ မူဘောင်တွင် ဆွေးနွေးသတ်မှတ်ရမည်။

[၅၄] အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ (လက်ရှိနိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ကို အခြေခံသည်။)

[၅၅] ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (လက်ရှိနိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ကို အခြေခံသည်။)

(၉) ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်တွင် ပါဝင်တက်ရောက်သူများသည် မိမိ၏ တင်ပြဆွေးနွေးမှုများကို တာဝန်ယူမှု တာဝန်ခံမှုရှိရန်။

(၁၀) ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်တွင် ပါဝင်တက်ရောက်သူများ၏ စုံလင်ကွဲပြားသော တန်ဖိုးထားမှုများနှင့် ဆွေးနွေးမှုများကို လေးစားမှုရှိရန်။

(၁၁) ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်တွင် လူထုအတွက် အရေးတကြီးလိုအပ်သော အခန်းကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်မည့်ကိစ္စရပ်များကို အားလုံးပါဝင်ပြီးtဆွေးနွေးနိုင်ရန်အတွက် အလေးထား လုပ်ဆောင်ရန်။

## ၂။ ပူးပေါင်းပါဝင်ခြင်း

(က) အဓိပ္ပာယ်ဖွင့်ဆိုချက်

ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်တွင် ပါဝင်ကြမည့် အရပ်ဘက်အဖွဲ့အစည်းဆိုသည်မှာ "နိုင်ငံတော်အစိုးရ၊ လက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများ၏ ထိန်းချုပ်မှုအောက်၌ ရှိမနေဘဲ မိမိတို့၏ သဘောဆန္ဒနှင့် ရည်မှန်းချက်အရ လာရောက်စုစည်းထားကြသည့် လွတ်လပ်သောအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ သမဂ္ဂများ၊ အစုအဖွဲ့များ၊ ကွန်ရက်များ၊ လှုပ်ရှားဆောင်ရွက်မှုများမျိုးစုံကိုဆိုလိုပြီး ထိုအစုအဖွဲ့များသည် ၎င်းတို့၏စိတ်ပါဝင်စားမှုများနှင့် ရည်မှန်းချက်အတွက်ဖြစ်စေ၊ အများ၏ကောင်းကျိုးနှင့် ရည်မှန်းချက်အတွက်ဖြစ်စေ အတူတကွ တိုင်ပင်ဆွေးနွေး၍ လုပ်ဆောင်ကြသော အဖွဲ့အစည်းများ"ကို ဆိုလိုပါသည်။

(ခ) ပါဝင်မည့်အဖွဲ့အစည်းများ

ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ၊ ငြိမ်းချမ်းရေးဖိုရမ်တွင် ပါဝင်ဆွေးနွေးရန် "အရပ်သားအခြေပြုအဖွဲ့အစည်းများ ဖြစ်ကြခြင်း၊ အကြမ်းဖက်မှုမပြုခြင်း (သို့မဟုတ်) အကြမ်းဖက်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လှုံ့ဆော်မှုမပြုခြင်း၊ မိမိ တို့အစုအဖွဲ့၏ အယူအဆ၊ သဘောတရားများကိုသာ လွှမ်းမိုးပျံ့နှံ့စေရန် ဆောင်ရွက်ခြင်းမဟုတ်ဘဲ ဗဟုဝါဒ (pluralism) နှင့် စုံလင်ကွဲပြားမှုများ (diversity) ကို လက်ခံနိုင်ကြသည့် အဖွဲ့အစည်းများဖြစ်ကြခြင်း" စသော လက္ခဏာရပ်များကိုဆောင်သည့် အဖွဲ့အစည်းများ ဖြစ်ကြရပါမည်။ ယင်းအဖွဲ့အစည်းများတွင် ပထဝီဝင် နေရာဒေသကို အခြေပြုသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ စသောလူမှုအသိုက်အဝန်းအတွက် လှုပ်ရှားဆောင်ရွက်နေကြသည့် အရပ်ဘက်အဖွဲ့အစည်းများ စုံလင်စွာပါဝင်ရမည်ဖြစ်ပါ သည်

(ဂ) ပါဝင်မည့်နည်းလမ်း

အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် ပြည်သူလူထု၏အကျိုးစီးပွားအတွက် ဆောင်ရွက်ပေးကြသော အဖွဲ့အစည်းများဖြစ်ကြပြီး ပြည်သူလူထုတို့၏ လိုလားချက်များ၊ လိုအပ်ချက်များကို နိုင်ငံတော်အနေနှင့် အလွယ်တကူသိရှိနိုင်စေရန် ကူညီဆောင်ရွက်ပေးကြသော ကြားခံအဖွဲ့အစည်းများလည်း ဖြစ်ကြပါသည်။ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းစနိုင်ငံများတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် ပြည်သူများအတွက်သာမက အစိုးရ၏မူဝါဒများချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများတွင်လည်း အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေပါသည်။ နိုင်ငံရေးကဏ္ဍတွင် ဦးဆောင်နေသူများအား အထောက်အကူပြုပေးခြင်း၊ တာဝန်ခံမှုရှိစေရန် စောင့်ကြည့်ထိန်းညှိပေးခြင်းတို့ဖြင့် ဒီမိုကရေစီအလေ့အထများ ပိုမိုဖွံ့ဖြိုးလာစေရန် အထောက်အကူပြုပေးကြပါသည်။ ထို့ပြင် နိုင်ငံတော်တွင် ဒီမိုကရေစီယဉ်ကျေးမှု ပိုမိုထွန်းကားလာစေရန်လည်း အထောက်အကူပြုပေးနိုင်ပါသည်။ ထို့ကြောင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများသည်-

(၁) မိမိတို့ဒေသအလိုက် (သို့မဟုတ်) အကြောင်းအရာအလိုက် ဆွေးနွေးညှိနှိုင်းရန်အတွက် ကိုယ်စားပြု၍ပါဝင်ခြင်း (Represntative Participation)

(၂) တိုင်ပင်ညှိနှိုင်းသော အခန်းကဏ္ဍမှပါဝင်ခြင်း (Consulative Participation)

(၃) ကိုယ်တိုင်ဆွေးနွေးဘက်အဖြစ်ပါဝင်ခြင်း (Direct Participation) စသည့်နည်းလမ်းများဖြင့် ပါဝင်မည်ဖြစ်ပါသည်။

## ၃။ ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်၏ လုပ်ပိုင်ခွင့်များ

(၁) ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်သည် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ တင်ပြလာသော မူဝါဒအကြံပြုချက်စာတမ်းများကိုစုစည်းပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် တင်ပြအကြံပြု ဆွေးနွေးသွားမည်။

(၂) ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်သည် ပြည်နယ်နှင့်တိုင်းဒေသကြီးမှ မူဝါဒဆိုင်ရာ အဆိုပြုချက်များ (Policy Options) တင်ပြလာပြီး ကော်မတီမှ စုစည်း၊ စိစစ်ထားသည့် Policy Option paper များကို အတည်ပြုရယူရသည့်နေရာဖြစ်သည်။

(၃) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစု ပင်လုံ၏ အဆင့်အတိုင်းတွင် မိမိတို့၏မူဝါဒများကို တင်ပြဆွေးနွေးကာ ဆုံးဖြတ်ချက်ချသည့်အဆင့်အထိ ပါဝင်သွာပါမည်။

(၄) အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် ဖိုရမ်ကျင်းပရန် ရည်ရွယ်ချက်ဖြင့် ကြိုတင်ပြင်ဆင်မှုများ၊ လေ့လာမှုများပြုလုပ်ရာတွင် မည်သည့်အဖွဲ့အစည်းမှ ထိန်းချုပ်ထားသော နယ်မြေ နေရာကိုမဆို လွတ်လပ်စွာသွားလာခွင့်ရှိပါသည်။

(၅) ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ၊ ငြိမ်းချမ်းရေးဖိုရမ်သသည် ငြိမ်းချမ်းရေးအတွက် လိုအပ်သည့် အခြား နည်းလမ်းများကိုလည်း တင်ပြဆွေးနွေး ဆုံးဖြတ်ချက်ရယူနိုင်သည့် နေရာဖြစ်သည်။

(၆) ကော်မတီများ၏ တာဝန်လွှဲပြောင်းမှုများကို ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်တွင်သာ လွှဲပြောင်းခြင်းပြုရမည်။

(၇) ToR များကို ပြင်ဆင်၊ ဖြည့်စွက်လိုပါက ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်တွင်သာ ပြင်ဆင်နိုင်သည်။

## ၄။ ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ် ကျင်းပမည့်ပုံစံ

အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် ပြည်သူလူထုမှတင်ပြလာသည့် လိုအပ်ချက်များကို အကြောင်းအရာအလိုက် အဆင့်ဆင့် ဆွေးနွေးသွားကြမည်။ ထိုသို့ဆွေးနွေးရာတွင် အောက်တွင်ဖော်ပြထားသည့် အဖွဲ့အစည်းများသည် မိမိတို့ ထိစပ်လုပ်ကိုင်နေသည့် လူထု၏ သဘောထားများအားလုံးပါဝင်စေရန် ဆွေးနွေးသွားကြမည်။

(က) ဒေသအလိုက်၊ အသက်အရွယ်အလိုက်၊ ကျား/မ အလိုက်၊ အလုပ်အကိုင်အလိုက် စုဖွဲ့ထားသည့် အဖွဲ့အစည်းများ (လူငယ်၊ အမျိုးသမီး၊ တောင်သူလယ်သမား၊ အလုပ်သမား၊ မသန်စွမ်းသူများ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများ စသည်)

(ခ) အကြောင်းအရာကဏ္ဍအလိုက် စုဖွဲ့ထားသည့်အဖွဲ့အစည်းများ (ပညာရေး၊ ကျန်းမာရေး စသည့်)

(ဂ) ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် အရပ်ဘက်ငြိမ်းချမ်းရေးဖိုရမ်များကို သက်ဆိုင်ရာကော်မတီများမှ လွတ်လပ်စွာ ကျင်းပ နိုင်သည်။

(ဃ) ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ၊ ငြိမ်းချမ်းရေးဖိုရမ်ကျင်းပရေးအတွက် ကော်မတီကို တာဝန် အပ်နှင်းရမည်။

(င) ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်ကျင်းပရာတွင် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ကိုယ်စားလှယ် (၃၅) ဦးစီဖြင့် ကျင်းပရမည်။ အမျိုးသမီးများ အနည်းဆုံး (၃၀) ရာခိုင်နှုန်း ပါဝင်ရမည်။ မသန်စွမ်းသူများအနည်းဆုံး (၂) ရာခိုင်နှုန်းပါဝင်ရမည်။ လူငယ်များပါဝင်မှုကိုအထူးအလေးထားရမည်။

(စ) ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်သို့ တက်ရောက်လာသော ကိုယ်စားလှယ်များသည် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များကို ကိုယ်စားပြုနိုင်သူများဖြစ်ရမည်။

(ဆ) ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်ကျင်းပရာတွင် အောက်ပါအတိုင်းဖွဲ့စည်းကျင်းပရမည်။

- သဘာပတိများ
- အကျိုးဆောင်များ
- နည်းပညာပံ့ပိုးကူညီသူများ
- ကိုယ်စားလှယ်များ
- ပဋိပက္ခဖြေရှင်းရေးအဖွဲ့

**ဆုံးဖြတ်ချက်ချသောပုံစံ (Voting System)**

ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ် တက်ရောက်လာကြသည့် ပြည်နယ်နှင့်တိုင်းဒေသကြီး ကိုယ်စားပြု ကိုယ်စားလှယ်အားလုံး၏ ၇၀ ရာခိုင်နှုန်းနှင့်အထိက် သဘောတူညီများဖြင့် ဆုံးဖြတ်ချက်ချရမည်။ သို့သော် သဘောမတူသည့် (၃၀ ရာခိုင်နှုန်း)ထဲတွင် ပြည်နယ် (သို့မဟုတ်) တိုင်းဒေသကြီး တစ်ခုလုံးမပါဝင်နေပါက သဘောမတူသည့်အချက်ကို သီးသန့်ပြန်လည်ဆွေးနွေးရမည်။

**၅။ လုပ်ငန်းစဉ်အဆင့်ဆင့် (ပြည်ထောင်စုအဆင့်ဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်ကော်မတီ)**

(၁) ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အည်းများ ငြိမ်းချမ်းရေးဖိုရမ်ကို ၆ လတစ်ကြိမ် ကော်မတီမှ ဦးဆောင်ကျင်းပသွားမည်။ ဆောင်ရွက်မည့်နေ့ရက်နှင့်နေရာကို ကော်မတီမှ ဆုံးဖြတ်ရမည်။

(၂) ကော်မတီသည် ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်များပြုလုပ်သွားကာ တစ်နိုင်ငံလုံးမှ ကဏ္ဍများအလိုက် မူဝါဒစာတမ်းများကို စုစည်းရမည်။

(၃) မူဝါဒအကြံပြုချက်များကို ပြည်ထောင်စုအဆင့်နည်းပညာအဖွဲ့မှ မူဝါဒဆိုင်စာတမ်းများ (Policy Papers) အဖြစ် စုစည်းစိစစ်ရမည်။ လိုအပ်ပါက ပညာရှင်များကိုခေါ်ယူပြီး အကူအညီရယူနိုင်သည်။

(၄) ထိုမူဝါဒစာတမ်းများအားအကြောင်းအရာအလိုက်ပြုလုပ်သည့်(ပြည်ထောင်စုအဆင့်)အရပ်ဘက်အဖွဲ့အစည်းဖိုရမ်များတွင် တင်ပြဆွေးနွေးကြရမည်။ ယင်းဖိုရမ်များတွင် စာတမ်းတင်နိုင်ခြင်းမရှိသော ပြည်နယ်နှင့်တိုင်းဒေသကြီး ကိုယ်စားပြုကိုယ်စားလှယ်များကလည်း ဝင်ရောက်ဆွေးနွေးမှုများ ပြုလုပ်နိုင်ပါသည်။

(၅) အထက်ပါ ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်များမှရရှိလာသော အကြောင်းအရာအလိုက် မူဝါဒဆိုင်ရာ အဆိုပြုချက်များ (Policy Options) ကို ဒုတိယအကြိမ် ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးမတိုင်မီ ကိုယ်စားပြု တက်ရောက်ဆွေးနွေးခွင့်ရရန် ကော်မတီမှ တိုက်တွန်းကြိုးပမ်းသွားမည်။ အကယ်၍ UPDJC ၏ ToR အတိုင်းသာ ကျင်းပရမည်ဆိုပါက ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးကို လွတ်လပ်စွာ ရွေးချယ်ခွင့်ပေးရမည်။

(၆) မူဝါဒဆိုင်ရာ အဆိုပြုချက် (Policy Papers) များကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှလက်မခံပါက အခြားနည်းလမ်းဖြင့် စည်းရုံးလှုံ့ဆော် (Advocacy) သွားမည်။

(၇) ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်နှင့်စပ်လျဉ်းသော ဘဏ္ဍာရေးကိစ္စနှင့် အစီရင်ခံစာများကို ပြည်ထောင်စုကော်မတီမှတာဝန်ယူရမည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အရပ်ဘက်လူမှုအဖွဲ့အစည်းဖိုရမ်အတွက် သက်ဆိုင်ရာ ပြည်နယ်တိုင်းဒေသကြီးကော်မတီမှ တာဝန်ယူရမည်။ အစီရင်ခံစာများကို သက်ဆိုင်ရာကော်မတီများမှ သက်ဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းဖိုရမ်များတွင် အစီရင်ခံတင်ပြသွားရမည်။

## ၆။ လုပ်ငန်းစဉ်ဆောင်ရွက်မည့် အချိန်ဇယား

ကော်မတီမှ ရေးဆွဲသွားရမည်။

# နောက်ဆက်တွဲ ၇

## UPDJCမှ ပြင်ဆင်ရေးဆွဲ အတည်ပြုထားသည့် အရပ်ဘက်လူ့အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်လုပ်ငန်းလမ်းညွှန်

### အကြောင်းအရာလိုက်ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (အရပ်ဘက်လူ့အဖွဲ့အစည်းများဖိုရမ်) လုပ်ငန်းလမ်းညွှန်

**အဓိပ္ပာယ်ဖွင့်ဆိုချက်**

၁။ အကြောင်းအရာအလိုက်ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုသည်မှာ အရပ်ဘက်လူ့အဖွဲ့အစည်းများက ကျင်းပသော UPDJC မှ အသိအမှတ်ပြုသည့် နိုင်ငံရေးဆွေးနွေးပွဲများ ဖြစ်သည်။ လူဦးရေ (၅၀၀) ထက် မပိုသော ကိုယ်စားလှယ် များတက်ရောက်သည့် အရပ်ဘက်အဖွဲ့အစည်းများဖိုရမ်ကိုသာ အကြောင်းအရာအလိုက် ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲအဖြစ် သတ်မှတ်သည်။

**အကြောင်းအရာအလိုက်ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (အရပ်ဘက်လူ့အဖွဲ့အစည်းများဖိုရမ်) တွင် ဆွေးနွေးမည့်အကြောင်းအရာများ**

၂ (က) လူမှုရေး

(၁) ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ

(ခ) စီးပွားရေး

(၁) ဖက်ဒရယ်စနစ်ဆိုင်ရာ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ

(ဂ) မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒကိစ္စရပ်များ

(၁) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ

**ပါဝင်မည့်အဖွဲ့အစည်းများ**

၃။ အကြောင်းအရာအလိုက်ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေနွေးပွဲ (အရပ်ဘက်အဖွဲ့အစည်းများဖိုရမ်) တွင် ပါဝင်ကြမည့် အရပ်ဘက်လူ့အဖွဲ့အည်းများဆိုသည်မှာ နိုင်ငံတော်အစိုးရအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အသည်းများနှင့် တရားဝင်နိုင်ငံရေးပါတီများနှင့် ပြည်ပအစိုးရနှင့် ၎င်းဩဇာခံအဖွဲ့အစည်းတစ်ခုခု၏ ဖွဲ့စည်းထိန်းချုပ်မှုအောက်တွင် မရှိသော၊ မိမိတို့၏သဘောဆန္ဒနှင့် ရည်မှန်းချက်အရ လာရောက်စုစည်းထားကြသည့် လွတ်လပ်သော အဖွဲ့အစည်းများနှင့် အစုအဖွဲ့များကို ဆိုလိုသည်။

၄။ အရပ်ဘက်လူ့အဖွဲ့အစည်းများဖိုရမ်တွင် ပါဝင်ဆွေးနွေးရန် မြန်မာနိုင်ငံအတွင်းရှိ "အရပ်သားအခြေပြု အဖွဲ့အစည်းများ ဖြစ်ကြခြင်း၊ အကြမ်းဖက်မှုမပြုခြင်း (သို့မဟုတ်) အကြမ်းဖက်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လှုံ့ဆော်မှု

မပြုခြင်း၊ မိမိတို့အစုအဖွဲ့၏အယူအဆ၊ သဘောတရားများကိုသာ လွှမ်းမိုးပျံ့နှံ့စေရန် ဆောင်ရွက်ခြင်းမဟုတ်ဘဲ ဗဟုဝါဒ (Pluralism) နှင့် စုံလင်ကွဲပြားမှုများ (Diversity) ကို လက်ခံနိုင်ကြသည့် အဖွဲ့အစည်းများဖြစ်ကြခြင်း" စသောလက္ခဏာရပ်များကိုဆောင်သည့် အဖွဲ့အစည်းများဖြစ်ကြရမည်။ ယင်းအဖွဲ့အစည်းများတွင် ပထဝီနေရာဒေသကို အခြေပြုသည့် အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ ဦးစားပေးအကြောင်းအရာတစ်ခုချင်းစီအပေါ် အခြေပြုသည့် အရပ်ဘက်အဖွဲ့အစည်းများ စသော လူမှုအသိုက်အဝန်းအတွက် လှုပ်ရှားဆောင်ရွက်နေကြသည့် မြန်မာ့အရပ်ဘက်လူ့အဖွဲ့အစည်းများ စုံလင်စွာပါဝင်မည်ဖြစ်သည်။

## တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅။ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) မှ ချမှတ်ပေးထားသည့် အခြေခံလမ်းညွှန်မှုများနှင့်အညီ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီ (တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် နေပြည်တော်ကောင်စီနယ်မြေ)၏ ကြီးကြပ်မှုဖြင့် အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (အရပ်ဘက်လူ့အဖွဲ့အစည်းများဖိုရမ်)များကို ကျင်းပရမည်။

၆။ သတ်မှတ်ထားသော အကြောင်းအရာများကိုသာ ဆွေးနွေးပြီး သဘောထားစုစည်းချက်များကို ရယူရမည်။

## ကျင်းပပုံ ကျင်းပနည်း

၇။ အရပ်ဘက်လူ့အဖွဲ့အစည်းများအနေဖြင့် အရပ်ဘက်လူ့အဖွဲ့အစည်းများဖိုရမ် ကျင်းပနိုင်ရေးအတွက် ကျင်းပမည့်နည်းလမ်းများ၊ စီမံခန့်ခွဲမှုအဆင့်ဆင့်ပုံစံ စသည်တို့ကို ဖွဲ့စည်းဆောင်ရွက်ရမည်။

၈။ အောက်ပါအချက်များအား UPDJC က သတ်မှတ်မည်-

(က) သက်ဆိုင်ရာအကြောင်းအရာအလိုက် ခေါင်းစဉ်နှင့် ခေါင်းစဉ်ခွဲများ၊ သတ်မှတ်ပေးခြင်း ကဏ္ဍတွင်-

လူမှုရေး

(၁) ပြန်လည်နေရာချထားရေး ပြန်လည်ထူထောင်ရေးနှင့် လူမှုဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ

(ကက)
(ခခ)
(ဂဂ)

စီးပွားရေး

(၂) ဖက်ဒရယ်စနစ်ဆိုင်ရာ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ

(ကက)
(ခခ)
(ဂဂ)

မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒကိစ္စရပ်များ

(၃) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ

(ကက)
(ခခ)
(ဂဂ)

(ခ) သက်ဆိုင်ရာ အကြောင်းအရာအလိုက် ဆွေးနွေးမှုဘောင် သတ်မှတ်ပေးခြင်း။
မှတ်ချက်။ ။ အစီအစဉ်ချမှတ်ခြင်းတွင် ပါဝင်သွားမည်။

(ဂ) သက်ဆိုင်ရာအကြောင်းအရာအလိုက် ဆွေးနွေးမည့် အကြိမ်အရေအတွက် သတ်မှတ်ပေးခြင်း။
မှတ်ချက် ။ ။ အစီအစဉ်ချမှတ်ခြင်းတွင် ပါဝင်သွားမည်။

၉။ အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို စီစဉ်ကျင်းပခွင့်ရှိသည့် အစုအဖွဲ့များအနေဖြင့် ယင်းဆွေးနွေးပွဲတွင် ပါဝင်မည့်သူများ၊ အစုအဖွဲ့အများ၊ သတ်မှတ်နိုင်ရန် သက်ဆိုင်ရာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှု ကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

**သဘောထားစုစည်းခြင်း**

၁၀။ အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (အရပ်ဘက်လူ့အဖွဲ့အစည်းများ ဖိုရမ်) များ၏ သဘောထားစုသည်းချက်များကို UPDJC သို့ တင်ပြရမည်။

**ပြန်လည်တင်ပြခြင်း**

၁၁။ အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (အရပ်ဘက်လူ့အဖွဲ့အစည်းများဖိုရမ်) များ၏ သဘောထားစုသည်းချက်များကို UPDJC သို့တင်ပြရမည်။

**သက်တမ်း**

၁၂။ အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (အရပ်ဘက်လူ့အဖွဲ့အစည်းများဖိုရမ်)များ၏ သက်တမ်းသည် UPDJC က သတ်မှတ်သော သက်တမ်းအတိုင်းဖြစ်သည်။

# နောက်ဆက်တွဲ ၈

## ကယား(ကရင်နီ) အရပ်ဘက်အဖွဲ့အစည်းများ၏ထုတ်ပြန်ချက်

**ပထမအကြိမ် အရပ်ဘက်အဖွဲ့အစည်းများဖိုရမ် (နေပြည်တော်)သို့ မတက်ရောက်ခြင်းအပေါ် ပထမအကြိမ် အရပ်ဘက်အဖွဲ့အစည်းများအကြိုဖိုရမ် တက်ရောက်သော ကယား(ကရင်နီ)ပြည်နယ် အရပ်ဘက်အဖွဲ့အစည်းများ သဘောထား ထုတ်ပြန်ချက်**

ရက်စွဲ။ ။ ၂၃-၂-၂၀၁၇

၁။ အရပ်ဘက်အဖွဲ့အစည်းများဖိုရမ် ပြုလုပ်နိုင်ရေးအတွက် UPDJC က ချမှတ်သော အရပ်ဘက်အဖွဲ့အစည်းများဖိုရမ် လုပ်ငန်းလမ်းညွှန်သည် ကဏ္ဍစုံဆွေးနွေးခွင့်မပြုခြင်းနှင့် ဆွေးနွေးမှုမူဘောင်ကို ကန့်သတ်ထားသောကြောင့် ဗဟိုချုပ်ကိုင်မှုများသည်ဟု သုံးသပ်သည်။

၂။ ကယား(ကရင်နီ)ပြည်နယ်တွင် တိုင်းရင်းသားလက်နက်ကိုင်က NCA လက်မှတ်မထိုးနိုင်သေးခြင်းကြောင့် လက်ရှိသွားနေသော ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အားလုံးပါဝင်မှု မရှိနေခြင်းအပေါ် စိုးရိမ်သည်။

၃။ အမျိုးသားနိုင်ငံရေးအသွင်အပြင် တည်ဆောက်ရေးတွင် အားလုံးပါဝင်နိုင်ရေးအတွက် ပြည်နယ်တွင်းနှင့် ကယား(ကရင်နီ)ပြည်နယ်စပ်အခြေစိုက် အရပ်ဘက်အဖွဲ့အစည်းများ ထပ်မံစုစည်းဖော်ဆောင်ရန် အချိန်ကာလလိုအပ်ချက် ရှိနေသေးသည်။

၄။ ပြည်နယ်အတွင်းကိုယ်စားပြုမှုဆိုသည်က ဖော်ဆောင်ရန် အဆင်သင့်မဖြစ်သေးခြင်းတို့ကြောင့် နေပြည်တော်တွင် ပြုလုပ်မည့် ပထမအကြိမ်အရပ်ဘက်အဖွဲ့အစည်းများဖိုရမ်ကို မတက်ရောက်နိုင်ခြင်းဖြစ်သည်။

၅။ UPDJC က ချမှတ်သော လုပ်ငန်းလမ်းညွှန်ကို ပြန်လည်စိစစ်ပြင်ဆင်ပေးရန်နှင့် ကဏ္ဍစုံဆွေးနွေးခွင့်ပြု၍ အရပ်ဘက်အဖွဲ့အစည်းများ၏ တင်ပြချက်များကို ကိုယ်စားပြုတင်သွင်းနိုင်သည့် တိကျခိုင်မာသောလမ်းကြောင်းတစ်ခု ဖော်ဆောင်ပေးရန် တောင်းဆိုသည်။

ပထမအကြိမ်အရပ်ဘက်အဖွဲ့အစည်းများ အကြိုဖိုရမ်
ကယား(ကရင်နီ) အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ်များ

ဆက်သွယ်ရန်
မီးမီး - ၀၉ ၇၉၈ ၈၇၁ ၉၉၃

# နောက်ဆက်တွဲ ၉


## ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်ကော်မတီစာရင်း

| ကိုယ်စားပြုသူတည်ရှိရာနေရာ | ကိုယ်စားပြုသည့်အတိုင်းအတာ | အမည် | မိမိကိုယ်စားပြုအဖွဲ့ |
|---|---|---|---|
| ကချင် | ပြည်နယ် | ဒေါ်ဆောင်ဝင်း | ကချင်အမျိုးသမီးများကွန်ရက် |
| | | ဦးနော်ထွဲ | Humanity Institute |
| ကရင် | ပြည်နယ် | ဦးစောကျော်ဇွာ | ကရင်ပြည်နယ် အရပ်ဘက်လူမှုအဖွဲ့အစည်းကွန်ရက် (KSCN) |
| | | နော်တကောထူး | ကရင်ပြည်နယ် အရပ်ဘက်လူမှုအဖွဲ့အစည်းကွန်ရက် (KSCN) |
| ချင်း | ချင်းအရပ်ဘက်အဖွဲ့အစည်း | ဦးကျင်ခန်းလျန် | အရုဏ်ဦး လူမှုဖွံ့ဖြိုးရေးအသင်း |
| | | မိုင်စုစုလှိုင် | ချင်း CSO ဖိုရမ်ကော်မတီ |
| မွန် | ပြည်နယ် | ဦးနိုင်အောင်မွန် | မွန်ဒေသမြေယာအသုံးချသူများကွန်ရက် |
| | | ဒေါ်ခိုင်ခိုင်လဲ့မြင့် | မွန်ပြည်နယ်လုံးဆိုင်ရာ လူငယ်ကွန်ယက်/မွန်ပြည်နယ်လုံးဆိုင်ရာ လူထုအခြေပြုအစုအဖွဲ့ |
| ရခိုင် | ပြည်နယ် | ဦးခိုင်ပြည်သိန်း | People For People (PFP) |
| | | ဦးစိုးနိုင်ထွန်း | ရခိုင်ပြည်နယ်အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးကော်မတီ |
| ရှမ်း(မြောက်) | ပြည်နယ် | နန်းနုစံပယ်ဖြူ | ရှမ်းမြောက်တောင်သူလယ်သမားဖွံ့ဖြိုးရေးအသင်း |
| ရှမ်း(ရှေ့) | | ဦးစစ်ခိုင်ထွန်း | သုတဒါန အသိပညာ ဖွံ့ဖြိုးရေးအဖွဲ့အစည်း |
| ရန်ကုန် | တိုင်း | ဒေါ်ဉမ္မာ | အလင်းစေတမန် |
| | | ဦးမိုးသွေး | မျိုးဆက်လှိုင်း |
| မန္တလေး | တိုင်း | ဦးစိုးငွေ | ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း |
| | | ဦးအောင်မှိုင်းဆန်း | ငြိမ်းချမ်းရေးလိုလားသူများ ကွန်ရက် (မန္တလေး) |
| မကွေး | တိုင်း | ဦးဝင်းမြင့်ထွေး | စေတုတ္တရာ ဖွံ့ဖြိုးရေးအဖွဲ့ |
| | | ဦးငွေဝင်းအောင် | ပညာဒီပအသင်း ဗုဒ္ဓဘာသာယဉ်ကျေးမှု အင်္ဂလိပ်စာ ကွန်ပြူတာသင်တန်း အခမဲ့ သင်တန်းဆရာတာဝန်ခံ |
| စစ်ကိုင်း | တိုင်း | ဒေါ်ငိုင်းငိုင်း | ကူကီးအမျိုးသမီးဆိုင်ရာ လူ့အခွင့်အရေးအစည်းအရုံး |
| | | ဦးကျော်မိုးလှိုင် | ချင်းတွင်း အင်စတီကျု |
| ပဲခူး | တိုင်း | ဦးဇင်မျိုးအောင် | Bago Youth Centre |
| | | ဦးကျော်ဆန်း | နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့ (ပြည်ခရိုင်) |
| တနင်္သာရီ | တိုင်း | ဒေါ်ရီရီထွေး | ထားဝယ်ခရိုင်တောင်သူလယ်သမား သမဂ္ဂ |
| | | ဦးမိုးသူအောင် | ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း |
| ဧရာဝတီ | တိုင်း | ဦးစိုးလှိုင်ဦး | ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း |
| | | ဦးဇော်ထိုက် | ငြိမ်းချမ်းရေးနှင့် လူမှုဝန်းကျင်သစ်ဖော်ဆောင်ရေးအဖွဲ့ (PBNS) |
| CSFoP | ကွန်ယက် | ဦးကျော်ဝွန်း | အရပ်ဘက်လူ့အဖွဲ့အစည်း ငြိမ်းချမ်းရေးဖိုရမ်(CSFoP) |
| LS | ကွန်ယက် | ဦးရဲလွင်စိုး | မြန်မာနိုင်ငံလုံးဆိုင်ရာ ပြည်သူ့အလုပ်သမားများ သွေးစည်းညီညွတ်ရေးအဖွဲ့ချုပ် |
| YCOWA | ကွန်ယက် | ဦးကျော်ဇင် | ရောင်ခြည်ဦးအလုပ်သမားများအသင်း |
| SMTF | ကွန်ယက် | ဦးမြတ်သူဝင်း | ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) |
| လူရည်ချွန် | ကွန်ယက် | ဒေါ်သီတာဦး | လူရည်ချွန် ( ၁၉၆၄-၈၈) |
| AGIPP | ကွန်ယက် | ဘန်ဆိုင်းဘူ | ငြိမ်းချမ်းရေးအတွက် ကျား-မ တန်းတူရေး မဟာမိတ်အဖွဲ့ |
| WLB | ကွန်ယက် | မယ်စုစုဆွေ | အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) |

**ဒေတာကောက်ယူသည့်နေ့- ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်။**

# နောက်ဆက်တွဲ ၁၀

## အရပ်ဘက်လူ့အဖွဲ့အစည်းများ CSOs ငြိမ်းချမ်းရေးဆွေးနွေးပွဲဆိုင်ရာ ပြည်ထောင်စုအဆင့်ကော်မတီနှင့် ဆပ်ကော်မတီများ (UCCPF)



# နောက်ဆက်တွဲ ၁၁

## ၂၀၁၈ ခုနှစ် ဧပြီလ ၆ ရက်နေ့ (သောကြာနေ့တွင်) တင်သွင်းခဲ့သော CSFoP ၏ အိတ်ဖွင့်ပေးစာ အနှစ်ချုပ်ဖော်ပြချက်

CSFoP အဖွဲ့ဝင်များသည် အဓိကနယ်ပယ် ၄ ခုနှင့်စပ်လျဉ်းသည့် အကြံပြုချက်များကို ရေးသားခဲ့ပါသည်။ ထိုအဓိကနယ်ပယ် ၄ ခုမှာ- (၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ)၊ (၂) စစ်တပ်များ (၃) အရပ်ဘက်အပစ်အခတ်ရပ်စဲရေးစောင့်ကြည့်လေ့လာခြင်းနှင့် အများပြည်သူကာကွယ်ခြင်း၊ (၄) လုံခြုံရေးဆိုင်ရာ ကြားဖြတ်စီမံများချမှတ်ခြင်း စသည်တို့ဖြစ်ကြသည်။ ဤအဖွင့်စာကို (၁) နိုင်ငံတော်တိုင်ပင်ခံအစိုးရရုံး-ဒေါ်အောင်ဆန်းစုကြည်၊ (၂) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်-ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ (၃) လက်မှတ်ထိုးထားသော EAOs (PPST ဥက္ကဋ္ဌ-ဗိုလ်ချုပ်စောမူတူးစေးပိုး) နှင့် (၄) နိုင်ငံရေးဆွေးနွေးညှိနှိုင်းမှုတွင် တာဝန်ပေးအပ်ထားခြင်းခံရသော လက်မှတ်မထိုးရသေးသော အသင်းခေါင်းဆောင်များတို့ကို ပေးပို့ခဲ့လေသည်။

### ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစု ပင်လုံညီလာခံ)

၁။ NCA သဘောတူညီချက်အရ EAOs များသည် အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲစကားဝိုင်းကို ကျင်းပပြုလုပ်သင့်သည်။ အစိုးရဌာနဆိုင်ရာများကလည်း UPDJC နှင့် ချုပ်ဆိုထားသော သဘောတူညီချက်အရ EAOs နိုင်ငံရေးဆွေးနွေးပွဲကို ပံ့ပိုးပေးသင့်သည်။

၂။ UPDJC တွင် ချမှတ်ထားသောမူဘောင်ကို ပြန်လည်သုံးသပ်သင့်သည်။

၃။ CSOs များကို ပင်မ CSO ငြိမ်းချမ်းရေးဖိုရမ်များတွင် နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စများကို ဆွေးနွေးခွင့်ပြုသင့်သည်။ စစ်တပ်၊ အစိုးရနှင့် EAOs များသည် ဘုံသဘောတူညီချက်ကို ချမှတ်သင့်သည်။

၄။ အစိုးနှင့်စစ်တပ်သည် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ဆုံးဖြတ်ချက်ချရာ၌ ဗဟိုအုပ်ချုပ်လုပ်ကိုင်သည့် စနစ်ကိုလျှော့ချသင့်ပါသည်။ တိုင်းအစိုးရ၊ ပြည်နယ်အစိုးရ၊ ဒေသန္တရအစိုးရများကိုလည်း လုပ်ပိုင်ခွင့်အာဏာများ ပိုမိုပေးသင့်သည်။

၅။ NCA ချမှတ်ထားသော ရည်ရွယ်ချက်တွင် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းမှုတည်ဆောက်ရေး ပါဝင်လာစေရန် NCA ကို ပြန်လည်သုံးသပ်သင့်သည်။

၆။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်သူလူထု၊ ဒေသခံရပ်ရွာလူထုတို့ ဦးဆောင် အကောင်အထည်ဖော်သင့်သည်။

၇။ CSO ငြိမ်းချမ်းရေးဖိုရမ်တွင်ပါဝင်သော ကိုယ်စားလှယ်များသည် UCCPF သို့ မူဝါဒ (မူကြမ်း) တင်သွင်းသောသူများသာ မဖြစ်သင့်ပါ။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုပြည်သူလူထု၊ဒေသခံရပ်ရွာလူထုတို့ဦးဆောင် အကောင်အထည်ဖော်သင့်သည်။

၈။ ရွေးကောက်တင်မြှောက်ခြင်းမခံရသော နိုင်ငံရေးပါတီများလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်နိုင်အောင် ခွင့်ပြုသင့်သည်။

### စစ်တပ်ဆိုင်ရာကိစ္စများ

၁။ နှစ်ဖက်စလုံးသည် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကိုရောက်ရှိရန် ညှိနှိုင်းဆွေးနွေးမှုနည်းလမ်းတစ်ခုအပေါ်တွင် အလေးထားရမည်။

၂။ အပစ်အခတ်ရပ်စဲရေးကို ချိတ်ဆက်ပူးပေါင်းပြီးသော ဆုံးဖြတ်ချက်ချသင့်သည်။ ပါတီများက NCA တွင် ဖော်ပြထားချက်များကို ချိတ်ဆက်ပူးပေါင်းပြီးသော ကြေညာသင့်သည်။ EAOs နှင့် အစိုးရသည် နှစ်ဦးနှစ်ဖက်အပစ်အခတ်ရပ်စဲရေးကို ဦးတည်သင့်သည်။

၃။ လက်မှတ်ထိုးထားသော EAOs များသည် နယ်နိမိတ်ဧရိယာပြင်ပသို့ သွားလာသောအခါတွင် NCA အတိုင်း လိုက်နာကျင့်သုံးသင့်သည်။

**အရပ်ဘက်အပစ်အခတ်ရပ်စဲရေးစောင့်ကြည့်လေ့လာခြင်းနှင့် အများပြည်သူကာကွယ်ခြင်း၊**

၁။ အစိုးရသည် ပြည်နယ်အစိုးရနှင့် ဒေသန္တရအစိုးရကို လုပ်ပိုင်ခွင့်အာဏာ ပိုလွှဲပေးသင့်သည်။

၂။ JMC အဆင့်တိုင်းကို NCA သဘောတူညီချက်အတိုင်း လိုက်နာကျင့်သုံးသင့်သည် (ပြည်ထောင်စု၊ ပြည်နယ်၊ ဒေသ)

၃။ JMC အဆင့်တိုင်း အထူးသဖြင့် ဒေသန္တရအစိုးရနှင့် ပြည်နယ်အစိုးရ ပူးပေါင်းပါဝင်မှု ပိုများလာအောင် လုပ်သင့်သည်။

၄။ လက်မှတ်ထိုးထားသော EAOs များသည် သူတို့ဧရိယာအတွင်းတွင်ရှိသော ဒေသနှင့်ပြည်နယ်နှင့်ဆိုင်သော JMC ကို ပိုမိုကောင်းမွန်အောင် လုပ်သင့်သည်။ JMC အရ သူတို့ဧရိယာအတွင်း ဒေသနှင့်ဆိုင်သော JMCs များကိုလည်း တိုးချဲ့သင့်သည်။

၅။ လက်မှတ်မထိုးထားသေးသော EAOs များသည် သူတို့ဧရိယာအတွင်း ဒေသလုံခြုံရေးကို တိုးမြှင့်သင့်သည်။

၆။ လက်မှတ်မထိုးရသေးသော EAOs များသည် အစိုးရ၊ CSOs၊ EAOs တို့နှင့်အတူ ပြည်နယ်နှင့်ဒေသအဆင့် စောင့်ကြည့်ရေးအသင်းများကို ဖွဲ့သင့်သည်။

၇။ ရပ်ရွာအဆင့် စောင့်ကြည့်လေ့လာရေးအဖွဲ့များသည် JMC မရှိသော ဧရိယာတွင် ငြိမ်းချမ်းရေးကို အထောက်အပံ့ပေးသောအဖွဲ့များအနေဖြင့် ဆောင်ရွက်သင့်သည်။

၈။ အစိုးရနှင့်တပ်မတော်ကလည်း ငြိမ်းချမ်းရေးကို အထောက်အပံ့ပေးသောအဖွဲ့များကို အသိအမှတ်ပြုသင့်သည်။ အဖွဲ့အားလုံးသည် NCA ကို မဖြစ်မနေ သဘောတူရမည်။

**ကြားဖြတ်လုံခြုံရေး အစီအမံချမှတ်ခြင်း**

၁။ ဒေသအဖွဲ့များကို ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပက်သက်ပြီး အကြောင်းကြားနိုင်ရန် ယန္တရားတစ်ခုကို တည်ထောင်သင့်သည်။

၂။ မြေသိမ်းဆည်းခံရခြင်း ပြဿနာများကိုလည်း ဖြေရှင်းသင့်သည်။ ဒေသအစုအဖွဲ့များကနေ ပေါ်ပေါက်လာနိုင်သော ဆိုးကျိုးသက်ရောက်မှုကိုလျှော့ချရန် ဖြေရှင်းချင်းတစ်ခုကို မဖြစ်မနေရှာရမည်။

၃။ ရင်းနှီးမြှုပ်နှံမှု ဥပဒေသည် ပြည်သူများ၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရမည်။

၄။ ဒေသဖွံ့ဖြိုးရေးအတွက် ပြည်နယ်အစိုးရနှင့် လူမှုအဖွဲ့အစည်းများသည် အတူတကွ ပူးပေါင်းလုပ်ဆောင်သင့်သည်။

၅။ အမျိုးသားအဆင့် ဆွေးနွေးစကားဝိုင်း အဆုံးမသတ်ခင် အစိုးရသည် စက်ယန္တယားကြီးများဖြင့် သဘာဝသယံဇာတ အလွန်အကျွံထုတ်နေခြင်းကို ပိတ်ပင်တားဆီးရန် ဥပဒေတစ်ခုကို ရေးဆွဲပြဋ္ဌာန်းသင့်သည်။

# နောက်ဆက်တွဲ ၁၂

## ရည်ညွှန်းကိုးကားစာတမ်းများ


AFP. "Thousands Protest China-Backed Mega-Dam in Myanmar." Channel News Asia, 2019.

Batcheler, Richard. "State and Region Governments in Myanmar." Yangon: The Asia Foundation, 2018.

Behera, Anshuman. 'Insurgency, Drugs and Small Arms in Myanmar.' Strategic Analysis 41, no. 1 (2017): 34-48.

Brooten, Lisa. "Burmese Media in Transition." International Journal of Communication; Vol 10 (2016) (01/06/2016).

___. "Political Violence and Journalism in a Multiethnic State: A Case Study of Burma (Myanmar)." Journal of Communication Inquiry 30, no. 4 (2006/10/01 2006): 354-73.

Buchanan, John. "Militias in Myanmar." The Asia Foundation, 2016.

Cheesman, Nick. "Introduction: Interpreting Communal Violence in Myanmar." Journal of Contemporary Asia 47, no. 3 (2017/05/27 2017): 335-52.

_____. Opposing the Rule of Law: How Myanmar's Courts Make Law and Order. Cambridge, UK: Cambridge University Press, 2015.

Fink, Christina "Dangerous Speech, Anti-Muslim Violence, and Facebook in Myanmar." Journal of International Affairs 71, no. 1.5 (2018): 43-52.

Green, Penny, Thomas MacManus, and Alicia de la Cour Venning. "Countdown to Annihilation: Genocide in Myanmar." London: International State Crime Initiative, 2015.

Griffiths, Michael Paul. "Modern Welfare and Traditions of Reciprocity: Parahita Organizations and Emergent Ecologies of Redistribution in Rural Myanmar", University of Hull, 2018.

Hogan, Libby. "Slow Genocide": Myanmar's Invisible War on the Kachin Christian Minority." The Guardian, May 14 2018.

Human Rights Council. "Situation of Human Rights in Myanmar": United Nations General Assembly, 2017.

International Crisis Group (ICG). "Myanmar's Peace Process: Getting to a Political Dialogue." In Briefing no. 149, 2016.

Irena Grizelj, Michael Lidauer, Seint Seint Tun. "Civil Society Strengthening in Myanmar: Good Practice and Lessons Learned." Christian Aid, 2018.

Jones, Lee. "The Political Economy of Myanmar's Transition." Journal of Contemporary Asia 44, no. 1 (2014/01/02 2014): 144-70.

Kachin News Group. "Myanmar Army Releases All 15 Detainees Including a Kbc Member."Burma News International, https://www.bnionline.net/en/news/myanmar-army-releases-all-15- detainees-including-kbc-member.

Kingsbury, Damien. 'Political Transition in Myanmar: Prospects and Problems.' Asian Politics & Policy 6, no. 3 (2014): 351-73.

Kipgen, Nehginpao. "The Continuing Challenges of Myanmar's Peace Process: A Federal Army and Secession Are the Two Most Contentious Issues for Myanmar's Ethnic Groups." the Diplomat, 2017.

Lahtaw, Ja Nan, Nang Raw Zahkung, and Nang Shan Lahpai. "Civil Society Contributions to Myanmar's Peace Process." Yangon: swisspeace, 2014.

Lanjouw, Steven, Choo Phuah, and La Phan. "The Art of Networking: A Study of Civil Society Networks in Myanmar." Yangon: Christian Aid Myanmar, 2016.

Lidauer, Michael, Saw Chit, Thet Tun, La San Aung, and Seint Seint Tun. "Unlocking Civil Society and Peace in Myanmar: Opportunities, Obstacles and Undercurrents." Yangon: Paung Sie Facility, 2018.

Meehan, Patrick. 'Fortifying or Fragmenting the State? The Political Economy of the Opium/Heroin Trade in Shan State, Myanmar, 1988-2013.' Critical Asian Studies 47, no. 2 (2015): 253-82.

Michael Lidauer, Saw Chit Thet Tun, La San Aung, and Seint Seint Tun. "Unlocking Civil Society and Peace in Myanmar: Opportunities, Obstacles and Undercurrents." In Discussion Paper. Yangon: Paung Sie Facility, 2018.

Mon, Ye. "Controversy, Progress at the Third Panglong Conference." Frontier, July 16 2018.

Moo, Hsa. "The Salween Peace Park: A Radical, Grassroots Alternative to Development in Karen State." The Irrawaddy, January 13 2017.

"Myanmar Peace Conference Reaches More Agreements for Future Union." The Mainichi, July 17 2018.

Myint, Zin Mar. "Peace Journalism and Framing in the Northern Rakhine State of Myanmar." Kansas State University, 2017.

Naw, Stella. "Is Unesco Overreaching in Myanmar?" Asia Times, http://www.atimes.com/article/unesco-overreaching-myanmar/.

Nilsson, Desir'e. "Anchoring the Peace: Civil Society Actors in Peace Accords and Durable Peace." International Interactions: Empirical and Theoretical Research in International Relations 38, no. 2 (2012): 243-66.

Paffenholz, Thania. "Civil Society and Peacebuilding". In Civil Society and Peacebuilding: A Critical Assessment

edited by Thania Paffenholz, 43-64. Boulder, CO: Lynne Rienner Publishers, 2010.

_____. Civil Society and Peacebuilding: A Critical Assessment. Boulder, CO: Lynne Rienner Publishers, 2010.

Paffenholz, Thania, and Luc Reychler. Aid for Peace. A Guide to Planning and Assessment for Conflict Zones. Boulder, CO: Lynne Rienner, 2006.
Petrie, Charles, and Ashley South. "Mapping of Myanmar Peacebuilding Civil Society." In Supporting Myanmar's Evolving Peace Processes: What Roles for Civil Society and the EU? Brussels on 7 March 2013: Civil Society Dialogue Network (CSDN) 2013.

Ross, Nick. "Civil Society's Role in Monitoring and Verifying Peace Agreements: Seven Lessons from International Experiences." Geneva: Inclusive Peace & Transition Initiative (The Graduate Institute of International and Development Studies), 2017.

Schober, Juliane. Modern Buddhist Conjunctures in Myanmar: Cultural Narratives, Colonial Legacies, and Civil Society. Hawaii University of Hawaii Press, 2011.

Skylar, Lindsay. "The Chinese Mega-Dam in Myanmar That Is Hampering the Peace Process." ASEAN Today, April 29 2019.

South, Ashley. Ethnic Politics in Buma: States of Conflict. 2008.

South, Ashley, and Marie Lall, eds. Citizenship in Myanmar: Ways of Being in and from Burma. Singapore: ISEAS-Yusof Ishak Institute, 2017.

Spurk, Christoph. "Media and Peacebuilding - Concepts, Actors and Challenges." In KOFF Working Paper No.1/2002. Berne: Swisspeace, 2002.

___. "Understanding Civil Society." In Civil Society and Peacebuilding. A Critical Assessment., edited by Thania Paffenholz, 3-27. Boulder: Lynne Rienner, 2010.

Steinberg, David. Burma, the State of Myanmar Washington, D.C.: Georgetown University Press, 2001.

Times, Asia. "Salween Peace Park, a Desperate Bid to Counter Mega-Dams." Asia Times, January 20 2019.

Wanis-St. John, Anthony, and Darren Kew. "Civil Society and Peace Negotiations: Confronting Exclusion." International Negotiation 13, no. 1 (2008): 11-36.

Weng, Lawi. "Tatmadaw Detains 15 Kachin Aid Workers near Laiza." The Irrawaddy, https://www.irrawaddy.com/news/burma/tatmadaw-detains-15-kachin-aid-workers-near-laiza.html.

